


www.burmeseclassic.com
အင်ပါယာစာပေ
မောင်လှမျိုး
ချင်းချောင်းခြ
သမုဒ္ဒယနွေတစ်ရာ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုနိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မောင်လှမျိုး(ချင်းချောင်းခြံ)

# သမုဒယ နေ့တစ်ရာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၁၅၂၇၁၂၁၁ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၁၄၄၁၁၂၁၁ ] တို့အရ
ဦးနိုင်မျိုးထွန်း [ အင်ပါယာစာပေ ]
တိုက်/၂၁၊ အခန်း/၁၁၊ စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို
ဦးကျင်ရင် [ ရွှေခြသေ့်ပုံနှိပ်တိုက် ]
အမှတ်/၂၂၅၊ အခန်း/၂၊ ၃၁လမ်း၊ ရန်ကုန်၌ ပုံနှိပ်ကာ
၂၀၁၂ခု၊ ဇန်နဝါရီလတွင် တတိယအကြိမ်အဖြစ် အုပ်ရေ/၅၀၀ ကို
တန်ဖိုး/၁၀၀ ကျပ်ဖြင့်ဖြန့်ချိပါသည်။

၈၉၅.၈၃
လှမျိုး၊ မောင် (ချင်းချောင်းခြံ)
သမုဒယနွေတစ်ရာ/
မောင်လှမျိုး (ချင်းချောင်းခြံ) -ရန်ကုန်။
အင်ပါယာစာပေ၊ ၂၀၁၂။
၂၃၉ - စာ၊ ၁၁.၉ x ၁၇.၅ စင်တီ။
(၁) သမုဒယနွေတစ်ရာ

# နွေတစ်ရာ

တစ်သက်တာ အတွက်
မျက်နှာဝှက်လို့ ချစ်သက်ဝင်

သံယောဇဉ် တစ်မျှင်ကြိုးကို
စိုးမိုးစေချင်။

ဝေဒနာရှင်
မကြေညာချင် ရင်မှာမော . . . ။

မျောလွင့်စဉ် ရေလွှာကြောမှာ
ပြောခွင့်မထင် နေသာခဲ့ပါသလား။

ဖြေသာအောင် တယုတယနမ်းချင်ရဲ့
မနေသာအောင် အနုအလှတွေ နွမ်းခဲ့ပေါ့
(ဒါကြောင့်မို့ကွယ်)

အခုဘဝလမ်းမှာတော့

အမုဒယတွေ နွေတစ်ရာတော . . . ။



www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်းတွေ ပြန်မတွေးချင်ဘူး နွယ်မိုး။ ပြန်မရေးချင်ဘူး။ တွေးလိုက်တိုင်း မျက်ရည်ကျတယ်။ ရေးလိုက်တိုင်း စာရွက်တွေပေါ်ကို မောင့်မျက်ရည်တွေ ခ,တယ်။

သည့်မျက်ရည်တွေ သည့်သောကတွေကို နွယ်မိုးတော့ မြင်မှာ မဟုတ်ဘူး။ သိမှာလည်း မဟုတ်ဘူး။ မမြင်လည်း မမြင်စေချင်ဘူး။ မသိလည်း မသိစေချင်ဘူးကွယ်။

နွယ်မိုးကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာ နွယ်မိုးအသိ။ မောင့်ကို နွယ်မိုး ဘယ်လောက်ချစ်တယ်ဆိုတာ မောင်အသိ။ ဒါပေမဲ့ အချစ်ရယ် . . . အသိတွေအားလုံး နောက်ကျခဲ့ပြီပဲ။

မောင့်နှလုံးသည်းခြေက ကွဲကြေသွားတဲ့ မှန်တစ်ချပ်လိုပါပဲ။ ဘယ်လိုမှ ပြန်ဆက်လို့ မရတော့ဘူး။ တွဲယှက်ကြမယ့်လက်နှစ်ဖက်ထဲ ကံဇာတ်ဆရာက ဆူးပန်း ဆူးခက်တွေ ကြဲချခဲ့ပြီ။ သည်ဆူးတွေကို ကျိုးကြေအောင် မာန်သွင်း အံတင်းလိုက်ချိန် လောကထဲမှာ မောင်တစ်ယောက်တည်း။

တစ်ယောက်တည်း မလျှောက်ရဲလို့တော့ မဟုတ်ပါဘူးကွယ်။ နှစ်ယောက်တွဲ လျှောက်ရမယ့်လမ်းမှာ မောင်တစ်ယောက်တည်း လျှောက်ဖို့ခက်တယ်။ အရာရာကို ရဲရဲရင်ဆိုင်ဖို့ ညာဘက်လက်မောင်းကို အားတင်းထားချိန်မှာ ချစ်သူရဲ့ ပါးဖောင်းဖောင်းလေး မောင်ရဲ့ ဘယ်ဘက်လက်မောင်းဘေးမှာ ရှိစေချင်တယ်လေ။

နွယ်မိုးရယ် . . . ။





ဖြစ်လေရာ ဘဝတိုင်း ဆူးခက်ရိုင်းတွေကို ရိုက်ချိုးနိုင်တဲ့ ကိုယ်ဖြစ်ရပါလို၏လို့ ဆုတောင်းမိတယ်။

ဆုတောင်းတယ်ဆိုတာ ဝေဒနာကို ပြေရာပြေကြောင်း ဖောက်ထုတ်ခြင်း တစ်ခုပဲလို့ သိထားပေမယ့် ဆုတောင်းမိဆဲပါ နွယ်မိုးရယ်။ ရင်ထဲက သစ္စာဟာ ဆူးဒဏ်ကို ခံနိုင်စွမ်းပေမယ့် ကြာတော့လည်း သစ္စာတရားမှာ သွေးစက်တွေရယ်၊ မျက်ရည်တွေရယ်၊ နာကျင်မှုတွေရယ် ပေကျံနေရပြီပေါ့။ မဝေဖန်ချင်တာ တော့ အမှန်ပါ။

သစ္စာတရားဟာ . . . ဥဩငှက်လို့ ဆိုပါတော့။
နွေကိုရောက်မှ တွန်သံချိုမှာပေါ့လေ။
သစ္စာတရားဟာ . . . ဖားသူငယ်လို့ ဆိုပါတော့။
မိုးရွာကျမှ အော်မြည်ရမယ်လေ။
သစ္စာတရားဟာ . . . နှင်းခဲပွင့်လို့ ဆိုပါတော့။
ဆောင်းကိုရောက်မှ ဝေ့ဝဲရမယ်လေ။

ဒါပေမဲ့လည်း နွယ်မိုးရယ် . . . မောင်တို့ နှစ်ယောက် ရင်ဆိုင်တဲ့ သစ္စာတရားကို ဆူးခက်တွေကြားက နွယ်မိုးတစ်ယောက်တည်း ယူဆောင်သွားခဲ့ လေပြီကော။ ဘယ်နေရာကို ယူသွားတာလဲ အချစ်ရယ်။

လွမ်းတာဆွေးတာ သတိရတာထက် အဆများစွာပိုပြီး ခံစားရတယ် နွယ်မိုး။ လွမ်းရုံသက်သက် ဆိုရင်တောင် မောင့်ရင်ထဲက အလွမ်းဟာ ယူဇနာများစွာရှည်တဲ့ အလွမ်း။ ဆွေးရုံသက်



www.burmeseclassic.com

www.burmeseclassic.com



သက် ဆိုရင်လည်း အနန္တများစွာ ကြာရှည်တဲ့ အဆွေး။ သတိရရုံ သက်သက်ဆိုရင်လည်း အသင်္ချေမက ရှည်ကြာလှတဲ့ သတိတရပါ နွယ်မိုးရယ်။

ဘယ်လို ဝေဒနာမျိုးကို မောင်ခံစားနေရတယ်ဆိုတာ ဖွင့်အံမပြနိုင်အောင်ပါပဲ အချစ်ရယ်။ စိတ္တဇညတွေ၊ အိပ်မရညတွေဟာ မောင့်ဘဝရဲ့ အိပ်မက်ရှည်ဝေဒနာတွေပါကွယ်။

မျှော်လင့်ချက်နဲ့ အသက်ရှင်ကြသူတွေထဲမှာ မောင်မပါဘူး နွယ်မိုး။ မောင့်ဘဝ မျှော်လင့်ချက်ဆိုတာ ရှိမှ မရှိတော့ဘဲ။ အလွမ်းတွေ အဆွေးတွေ သောကတွေ မျက်ရည်တွေနဲ့အတူ အထီးကျန်ကမ္ဘာထဲမှာ မောင်တစ်ယောက်တည်းပါ။

နွယ်မိုး ဘယ်မှာလဲဟင် . . .။

သွားတဲ့ခရီးလမ်းကို သိပေမယ့် ရှိတဲ့အရပ်ဒေသကို မသိရလေတော့ မောင်ဘယ်လို နေရမှာလဲ အချစ်ရယ်။ ဘယ်ဘဝရောက်ရောက် တစ်ဘဝထဲမှာ အတူနေချင်ပေမဲ့ လောကထဲမှာ သောကတွေနဲ့ မောင်တစ်ယောက်တည်း။

ဒါပေမဲ့လည်းကွယ် . . . မောင့်နှလုံး အသည်းထဲမှာ နွယ်မိုး အမြဲတမ်း ရှိနေတာမို့ ကိုယ့်ကိုယ်ကို အထီးကျန်လို့တောင် မထင်ချင်ပါဘူး။

ဘာပဲဖြစ်ဖြစ်ပေါ့ အချစ်ရယ် . . .။ ချစ်သူအကြောင်းကို ပြန်ပြောင်းတွေးတော လွမ်းမောကြတိုင်း အချို့က ရယ်မောပျော်ရွှင်စွာ ရင်ဖွင့်ကြတယ်။ အချို့က ကြေကွဲ ဆို့နင့်စွာ ဖွင့်ပြောကြတယ်။





မောင် ဘယ်လိုပြောရမလဲ နွယ်မိုးရယ် . . .။ ဘယ်လို ရေးပြရမလဲ။

ဒီအကြောင်းတွေကို ပြန်မတွေးချင်ဘူး၊ ပြန်မရေးချင်ဘူး။ ရေးမိသမျှ ရင်ထဲက . . . သမုဒယတွေ၊ နွေ . . .။

* * *



www.burmeseclassic.com

www.burmeseclassic.com



. . . အဲဒီလမ်းထိပ်မှာ
(ထည်ဝါတဲ့ အိမ်ကြီးတစ်အိမ်)
စည်းစိမ်ရှင်အကြိုက်
တိုက်ကြီး တစ်တိုက်ရှိတယ်။
အဲဒီ
တိုက်အိမ်ကြီးရဲ့ ဘယ်ဘက်နံဘေး
အုတ်ခုံလေးဟာ . . . (အခုတော့)
ဆွေးတေးတေးပေါ့။
အဲဒီ
အုတ်ခုံရဲ့အောက်
မြောင်းနှုတ်ခမ်းမှာ
မျက်ရည်ပေါက်တချို့
စိမ့်လို့နေမယ် ထင်ရဲ့။
အခုတော့လေ . . .
တိုက်အိမ်ကြီးက အလှကင်းမဲ့
အုတ်ခုံလေးရဲ့ ဘဝချို့ယွင်း
သီချင်းပိုင်ရှင်
သူ့သခင်ဟာ . . .
ဘယ်လွင်ပြင်မှာ ငိုနေရှာသလဲ။ ။



# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

မာစီဒီးကားဟု သိသည်။ အနက်ရောင် နောက်ဆုံးပေါ် ကား။

သူနှင့်အောင်ဝင်း ရပ်နေကြသော သစ်ပုပ်ပင်ကြီး၏ ခပ်လှမ်းလှမ်းတွင် ကားရပ်သည်။ ကားရပ်သည်နှင့် အောင်ဝင်းက "လာပြီ. . . . လာပြီ" ဟု ပြော၏။ ကား၏အနောက်တံခါးကို တူရူ ကြည့်မိသည်။

တံခါးပွင့်လာ၏။ ပန်းဖြူနုရောင် ခြေဖမိုးလေးကို အရင်တွေ့သည်။ ခေတ်အမီဆုံး ဖိနပ်နှင့် အလိုက်ဖက်ဆုံးသော ခြေဖမိုးဟု ကြည့်ရင်း တွေး၏။

ခြေနှစ်ဖက်စလုံး မြက်ခင်းစိမ်းပေါ်သို့ ဖွဖွကျသည်။ လှသော ခြေခုံတစ်စုံပေါ်တွင် ရွှေခြေချင်းတစ်စုံကို ဝင်းပစွာ တွေ့ပြန်၏။

"လှတယ်မို့လား ခိုင်ထွန်း"ဟု အောင်ဝင်း မေး၏။ တုံ့ပြန် အဖြေစကားကို ချက်ချင်း မပြောမိ။



www.burmeseclassic.com

www.burmeseclassic.com



ကားထွက်သွားသည်ကို သိသည်။ တရွေ့ရွေ့ လှမ်းလျှောက်လာနေသော ခြေလှမ်းရှင်၏ မျက်နှာကို ကြည့်ရင်း . . .

"အလှဆုံးသူစာရင်းမှာ ထိပ်ဆုံးက ပါမယ့်သူပဲ" ဟု အောင်ဝင်းကို သူပြောသည်။ အောင်ဝင်းသည် ကျေနပ်စွာ ပြုံးနေ၏။ မျက်လွှာချထားသဖြင့် မျက်တောင်ကော့တွေကိုသာ မြင်ရသည်။ မျက်ဝန်းချင်း ဆုံခွင့်မရ။ သို့သော် . . . အလှမျက်ဝန်းရှင်၊ အလှမျက်နှာထားရှင်၊ အပြစ်ကင်းစင်သော အလှဘုရင်မဟု ကြည့်မြင်မိကတည်းက သူ သတ်မှတ်သည်။

"အောင်ဝင်း"

အောင်ဝင်းက မျက်လုံးဝင့်လျက် "ဘာလဲ"ဟု မေး၏။

"မှိုလိုပေါက်နေတဲ့ မင်းရဲ့ ရည်းစားတွေထဲမှာ ရီရီလွင်က အလှဆုံးလို့ မင်းပြောဖူးတယ်"

"အင်းလေ၊ အဲဒါ ဘာဖြစ်သလဲ"

"အခုတော့ ရီရီလွင်ထက်ကော၊ ကံ့ကော်တောရဲ့ အလှရှင်တွေထက်ကော အမည်မသိသေးတဲ့ အဲဒီအမျိုးသမီးက အဆပေါင်းများစွာ ပိုလှတယ်။ ရှင်းရှင်းပြောရရင် မင်း ထားခဲ့ဖူးတဲ့ ရည်းစားတွေ၊ ရီရီလွင် အပါအဝင်ပေါ့ကွာ၊ အားလုံးထက် အဲဒီအမျိုးသမီးက အစစအရာရာမှာ သာလွန်နေလိမ့်မယ်လို့ ငါ ထင်တယ်။ ရည်းစားတွေ အားလုံးထဲက အိမ်ထောင်ဖက်အဖြစ် ရွေးမယ်ဆိုရင် သူ့ကိုပဲ ရွေးသင့်တယ်"

အောင်ဝင်းက ပြုံးရင်း . . .





"အိမ်ထောင်ဖက်အဖြစ် ရွေးဖို့ နေနေသာသာ စကားတောင် တစ်ခါမှ မပြောဖူးဘူး၊ အခုလိုက်ပြောရအောင်၊ လာ . . . ဟိုမှာ အတော်တောင် လှမ်းသွားပြီ"

ဝေးဝေးရောက်သွားသော လှသောကျောပြင်လေးကို ငေးရင်း . . .

"စကားတော့ လိုက်မပြောစေချင်ဘူး၊ အနှောင့်အယှက်ပေးသလို ဖြစ်နေမယ်၊ တခြားနည်းကို စဉ်းစားပါဦး"

"ဘာမှ မဖြစ်ပါဘူးကွာ၊ လာစမ်းပါ"

ခြေလှမ်းမှန်မှန်နှင့် လျှောက်နေသူ၏ နောက်သို့ ခြေလှမ်းမြန်တွေနှင့် လိုက်ကြ၏။ လက်တစ်ကမ်းအကွာသို့ ရောက်သောအခါ အားနာစိတ်တွေဝင်သည်။ အဓိပတိလမ်းမ ဝဲယာတစ်လျှောက် ရှယ်တူ ကျောင်းသားတွေ၊ ကျောင်းသူတွေ ဟိုတစ်စု သည်တစ်စု။ မြင့်ဦးနှင့် သန်းထိုက်တို့ကို ဟိုဒီ ရှာကြည့်သည်။ မတွေ့။

"ဒီမှာ . . ."

အောင်ဝင်း၏ ခေါ်သံကြောင့် ညင်သာစွာ လှည့်ကြည့်သည်။ အောင်ဝင်း မည်သို့ နေမည်မသိ။ သူ့ရင်တွေ ခုန်နေသည်။

အသိမိတ်ဆွေ မဟုတ်မှန်း သိသဖြင့် ရှေ့ကို ပြန်လှည့်သွား၏။ အောင်ဝင်းက ခြေလှမ်းကို မြန်လိုက်သည်။ ယှဉ်လျက်အနေအထား။ အောင်ဝင်း၏ လက်တစ်ကမ်းမျှနောက်တွင် သူ ကျန်ခဲ့သည်။

"စကားနည်းနည်းလောက် ပြောခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဝင်း၏ စကားသံကို မကြားဟန်ပြုထားသည်။ မှုမပျက်သော၊ ညင်သာသော ခြေလှမ်းနုတွေကို ကြည့်လျက် အားနာနေလေ၏။

"အလှဆုံးသူတစ်ယောက်ရဲ့ နာမည်လေးကို သိခွင့်ပေးပါလား"

ခြေလှမ်းကို တုန့်ခနဲ ရပ်လိုက်သဖြင့် ရင်တွင် ဒိန်းခနဲဖြစ်သည်။ အောင်ဝင်း၏ မျက်နှာထား ပြုံးစစ။ သူပါ ရောယောင် ရပ်လိုက်မိသည်။ မည်သည့်ဘက်သို့ မျက်နှာမူရမှန်းမသိ။

"စိတ်မဆိုးနဲ့နော်၊ အနှောင့်အယှက် ပေးသလို ဖြစ်သွားရင် ခွင့်လွှတ်ပါ"

အောင်ဝင်း၏ စကားအဆုံး အောင်ဝင်းကို စိမ်းစိမ်းကြည့်သည်။ ထိုအကြည့်က သူ့ဘက်သို့ တစ်ချက်ဝေ့လာသေး၏။

"တက္ကသိုလ်ကျောင်းသားတစ်ယောက်ရဲ့ အဆင့်အတန်းဟာ သိပ်မနိမ့်ဘူးလို့ ကျွန်မထင်တယ်၊ ကိုယ့်ကိုယ်ကို အဆင့်အတန်းရှိတဲ့ ကျောင်းသားလို့ ယူဆရင် ဒီအပြုအမူဟာ နောက်ဆုံး အပြုအမူ ဖြစ်ပါစေ၊ ပြီးတော့ ရှင့်လိုမြာပွေတဲ့ လူတစ်ယောက်နဲ့ ထိုက်တန်တဲ့ မိန်းကလေးတွေကိုသာ ဒါမျိုးပြုမူပါ၊ နာမည် သိချင်ရင်တော့ မှတ်ထား၊ ကျွန်မနာမည် နွယ်မိုးတဲ့၊ ကျောင်းထွက်ချင်တယ်ဆိုရင်တော့ ဆက်ပြီး အနှောင့်အယှက်ပေး၊ ဒါပဲ"

"ဗျာ . . . "ဟူသော အသံကိုသာ အောင်ဝင်းနှုတ်မှ ကြားရသည်။ သူမက သူ့ကို တစ်ချက်ဝေ့ကြည့်သည်။ ပြီးနောက်





ခြေလှမ်းတွေ ညင်သာစွာ ရွေ့လှမ်း၏။ အစိမ်းနုရောင် ဇာအင်္ကျီလေးကို ငေးကြည့်မိသည်။ အောင်ဝင်းကိုယ်စား တောင်းပန်စကားတွေ ရင်မှာ ပြောမိ၏။

အောင်ဝင်းက ဇက်ကိုပုလျက် သူ့ကို ရယ်ပြသည်။ သူ ပြန်ပြုံးသည်။ အားနာနွမ်းနယ်နေသော အပြုံး။

"မလွယ်ဘူးကွ၊ ငါပွေတာတောင် သူက သိနေတယ်၊ သူ့ကို စကားလိုက်ပြောမိတာ ရီရီလွင်သာ သိလို့ကတော့ မဟာပြဿနာပဲ"

"သိလိမ့်မယ် မထင်ပါဘူး၊ သူ့ကိစ္စနဲ့သူ ရှုပ်နေတဲ့သူက ကျောင်းထဲကို လာချိန်ရှိပါ့မလား၊ အလှပြင်မယ်၊ သူ့စက်ချုပ်ဆိုင်မှာ စက်ချုပ်မယ်၊ စိုက်စိုက်လာမယ့် မင်းကို မျှော်လိုက်ရတာလုပ်မယ်၊ ဒါပါပဲ သူ့အလုပ်က"

စာကြည့်တိုက်ရှေ့ အုတ်ခုံအနီးသို့ ရောက်လာကြ၏။

"မြင့်ဦးတို့ကို ဒီနေရာက စောင့်ရအောင်'ဟု သူပြောသည်။ အောင်ဝင်း ခေါင်းညိတ်သည်။

"မင်းတို့အုပ်စု ဒီနှစ်ဆယ်တန်းကို အောင်အောင် ဖြေစမ်းခိုင်ထွန်းရာ၊ အထူးသဖြင့် မင်းနဲ့ မြင့်ဦးက စာအတော်ဆုံး၊ ကဗျာရူးစာရူးတွေ လုပ်မနေကြပါနဲ့ဦးကွာ၊ တက္ကသိုလ်ရောက်မှ လုပ်ကြစမ်းပါ၊ ငါဖြင့် ဆယ်တန်းသာ အောင်ရတယ်၊ ဒီမှာ ယောင်ချာချာ၊ အသိမိတ်ဆွေဆိုလို့ တစ်ယောက်စ နှစ်ယောက်စ"

မျက်နှာကို ရှုံ့မဲ့လျက်ပြောသည်။ ရှုံ့မဲ့နေသော အောင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာကို ကြည့်ရင်း သူသက်ပြင်းချ၏။

"ခက်တယ်ကွာ၊ ဆယ်တန်းရောက်မှပဲ စာမေးပွဲ ကျဖူးတော့တယ်၊ တစ်ခါတစ်ခါ ပြန်တောင် ဖြေချင်စိတ် မရှိဘူး၊ ကဗျာတွေ စာတွေ ရေးနေဖွဲ့နေရရင် အရာရာပြည့်စုံနေသလိုပဲ၊ ဘဝရဲ့ အဓိက ရည်ရွယ်ချက်မှာ ကဗျာဆရာ၊ စာရေးဆရာ ဖြစ်အောင် ကြိုးစားဖို့ ငါ ဆုံးဖြတ်ထားပြီးပြီ အောင်ဝင်း"

လေပြည်တစ်ချက် သွေ့သည်။ တောင်ပိန္နဲရွက်တွေ ကြွေ၏။ ကံ့ကော်ရနံ့ သင်းသင်းသန့်သန့် ရ၏။ မိမိနှင့် မသက်ဆိုင်သေးသော ရနံ့တွေဟု ကိုယ့်ကိုယ်ကို တွေး၏။

"ဘာပဲဖြစ်ဖြစ် ဆယ်တန်းကိုတော့ အောင်အောင်ဖြေကွာ၊ ခေတ်ပညာတတ်တော့ မင်းအတွက် ပိုကောင်းတာပေါ့"

သူခေါင်းညိတ်သည်။

သူနှင့် မြင့်ဦး၊ သန်းထိုက်၊ တင်မောင်နိုင်တို့က တစ်ရပ်ကွက်တည်း၊ ငယ်စဉ်ကတည်းက ကျောင်းနေဖက်တွေ ဖြစ်ကြသည်။

အောင်ဝင်းကို ဆယ်တန်းရောက်သည့်နှစ်ကမှ သိကြခင်ကြသည်။ အားလုံးထက် အောင်ဝင်းက ဆယ်တန်းကို အရင်ဦးဆုံး အောင်မြင်သည်။ အောင်ဝင်းက အလုံမှာ နေသည်။ သူတို့ရပ်ကွက်နှင့် နာရီဝက်ခန့် လမ်းလျှောက်သွားရသော ခရီးဟာ အကွာအဝေး။ မိဘက ကြွယ်ဝသူ၊ စာတော်သူ၊ ရည်းစားများသူဟု တော်တော်များများ သိထား ကြားထားကြလေ၏။ ထိုသို့ နာမည်





ထွက်နေသည်ကိုပင် အောင်ဝင်း ဂုဏ်ယူ၏။

ယခု အောင်ဝင်းက ရန်ကုန်တက္ကသိုလ်တွင် ပထမနှစ်သချ်ာ။ မြင်ဖူး တွေ့ဖူးသည်မှာ သိပ်မကြာသေးသော မိန်းမလှတစ်ယောက် တက္ကသိုလ်ထဲတွင် တွေ့ထားကြောင်း ပြောပြီး ရှိရှိလွင်ထက် ပိုလှ မလှ ဆုံးဖြတ်ပေးကြရန် သူတို့အုပ်စုကို တက္ကသိုလ်ထဲသို့ ချိန်းလေ၏။ သူနှင့် အောင်ဝင်းတို့ နှစ်ယောက်ကို ထားခဲ့ပြီး မြင့်ဦး၊ သန်းထိုက်နှင့် တင်မောင်နိုင်တို့က အလျင် ဝင်သွားကြလေ၏။

"မြင့်ဦးတို့ ဘယ်တွေများ သွားနေကြသလဲ မသိဘူး"ဟု အောင်ဝင်း ပြောသည်။ လက်ခုပ်သံကြားသဖြင့် ဘွဲ့နှင်းသဘင်ခန်းမဘက်သို့ ငဲ့ကြည့်လိုက်သည်။ လက်ပြ ရယ်မောလာကြသော မြင့်ဦးတို့ကို တွေ့၏။

ကျောင်းသူတစ်စုက သူတို့ကို လှမ်းကြည့်နေသည်။ သန်းထိုက်က ခြေဟန်လက်ဟန်နှင့် နောက်ပြောင်လေ၏။ အဓိပတိ လမ်းမပေါ်တွင် မြင့်ဦးတို့၏ ရယ်မောသံတွေ ညံဝေနေသည်။ စိုးစဉ်းမျှ မသက်ဆိုင်သေးသော နေရာဌာနဖြစ်နေကြောင်းကို သိသဖြင့် သူ့အဖို့ မပျော်ပိုက်။

• ကျူရှင်တက်မလို့ဟု ပြောပြီး အိမ်ကို မုသားသုံးမိခဲ့သဖြင့်လည်း၊စိတ်တွင် မရွှင်လန်းချေ။ ဆယ်တန်းကို အလွန်အောင်ချင်သည်။ တက္ကသိုလ်ကျောင်းသား ဖြစ်ချင်သည်။ ကဗျာတွေလည်း ဖွဲ့နွဲ့ချင်သည်။ ကံကြမ္မာ၏ မျက်နှာ သူ့ဘက်သို့ လှည့်မလာသေးဟု



www.burmeseclassic.com

www.burmeseclassic.com



တွေး၏။

မြင့်ဦးက သူ့ပခုံးကို လာဖက်သည်။ သူ ပြုံးပြ၏။ ချစ်သူငယ်ချင်းတွေကို မြင်တိုင်း၊ တွေ့တိုင်း ပေးဆက်နေကျ ကြည်နူးအပြုံး။

* * *

"ကျူရှင်ပြန်တာ နောက်ကျလိုက်တာ"ဟု အမေပြောသည်။

"မြင့်ဦးအိမ်မှာ စကားပြောတာ ကြာသွားတယ်အမေ"ဟု သူ ပြန်ပြောသည်။

အမေခေါင်းညိတ်၏။

"ရေချိုးတော့၊ အမေ ထမင်းပွဲ ပြင်ထားလိုက်မယ်" ဟုပြောရင်း အမေ အိမ်နောက်သို့ ဝင်သွားသည်။

ရေချိုး ထမင်းစားပြီးနောက် သူ စာကျက်သည်။ စာကျက်ရင်း ကဗျာတွေ ရေးမိသေးသည်။ နေ့လယ်က လျှောက်သွားရတာ လမ်းများလွန်းသဖြင့် မျက်လုံးတွေ စင်းလာသည်။ စောစောအိပ်ရာဝင်၏။

* * *





အိမ်တံခါးကို ဖွင့်သည်။

ခြေခုံ ဖြူနုလေးနှင့် လိုက်ဖက်လွန်းသော ရွှေခြေချင်းလေးတစ်စုံကို ငုံ့ကြည့်မိသဖြင့်သာ နွယ်မိုးဖြစ်ကြောင်း သူ သိလိုက်၏။ မျက်နှာကိုတော့ မော့မကြည့်ရဲ။

"ခိုင်ထွန်းဆိုတာ ရှင်လား"

သူ ခေါင်းညိတ်သည်။ အောင်ဝင်း၏ အပြုအမူကို အောင်ဝင်းကိုယ်စား တောင်းပန်စကားတွေ ပြောချင်သော်လည်း နှုတ်ဟရန်ပင် မဝံ့ရဲခဲ့ချေ။ အပြစ်ကို ကိုယ်တိုင် မကျူးလွန်သော်လည်း အပြစ်ရှိသူဟု ကိုယ့်ကိုယ်ကို ထင်မြင်နေမိသဖြင့် ကာယကံရှင် နွယ်မိုးကို အားနာခဲ့ရလေသည်။

"တက္ကသိုလ်ကျောင်းသား မဟုတ်ဘဲ ကျောင်းထဲကို ဘာဖြစ်လို့ လာရတာလဲ"

အကြည့်ဆုံသည်။ တောင်းပန်ကြည့်တွေဟု ကိုယ့်ကိုယ်ကို သိ၏။

"ပြောလေ"

"အောင်ဝင်း ခေါ်လို့"ဟု ပြောချင်၏။

"ဘာလုပ်ဖို့ ခေါ်တာလဲ"ဟု မေးလျှင် အဖြေခက်မည်စိုးသဖြင့် မပြောဖြစ်။

"တက္ကသိုလ်ကျောင်းကို မရောက်ဖူးလို့ အောင်ဝင်းနဲ့ လိုက်လာတာပါ"

နွယ်မိုး ပြုံးသည်။ မဲ့ပြုံး။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက်ကို လိုက်နှောင့်ယှက်ဖို့ အဖော် လုပ်လာတယ်လို့ ဖြေစမ်းပါ"

အနေခက်ရသည်။ "အိမ်ထဲကို ဝင်ပါဦး၊ ထိုင်ပါဦး"တွေ ပြောချင်သည်။ မဝင်မှန်း မထိုင်မှန်း သိ၏။

"ရှင့်မှာ ညီမတွေ၊ အစ်မတွေ တစ်ယောက်တလေမှ မရှိ ဘူးလား"

"ညီမတစ်ယောက် ရှိပါတယ်"ဟု သူပြောသည်။

"ရှင်သာ စာနာစိတ်၊ ညှာတာစိတ်ရှိတဲ့ လူတစ်ယောက် ဆိုရင် အောင်ဝင်းဆိုတဲ့ မျက်နှာများတဲ့လူ၊ ပွေတဲ့ တေတဲ့လူကို ကျွန်မရှေ့မှာ ရှင် ဆွဲထိုးသင့်တယ်၊ သိလား"

နွယ်မိုးက ငိုသံနှင့် ပြောသည်။ စာနာရင်နင့်ရလေ၏။

နေ့လယ်ခင်းက နွယ်မိုး၏ အကြည့်ကို သူသတိရသည်။ ကြွေရှင် မိန်းကလေးတစ်ဦး၏ ဒေါသမကင်းသော အကြည့်ဟု သူသိသည်။ အောင်ဝင်းသာ အနားတွင် မရှိတော့ပါက တောင်းပန် စကားတွေ သူပြောမိခဲ့ပေမည်။

တစ်သက်နှင့်တစ်ကိုယ် ဤသို့သော အပြုအမူမျိုးကို တစ်ခါတစ်ရံမျှ မပြုမူဖူးခဲ့။ အောင်ဝင်းမှ လွဲ၍ ကျန်သူငယ်ချင်းတွေ အားလုံး သူနှင့် တစ်ကိုယ်တည်း တစ်စိတ်တည်း။

ကိုယ့်ဘက်က အမှန်တကယ် မှန်ကန်သည်ဆိုလျှင် ဘယ်လိုလူစားမျိုးဖြစ်ဖြစ် သူ ရင်ဆိုင်ရဲသည်။ လူငယ်ဘာဝ ဂစ်တာ တဒေါင်ဒေါင်နှင့် ဟေးလားဟားလား နေထိုင်တတ်ကြသည်ကား





အမှန်။

မိန်းကလေးတွေကို မြင်တိုင်း ကြွေမြှုပ်ပြားစေလောက် အောင် သူတို့သူငယ်ချင်းတွေ မပြုမူခဲ့။ မနောက်ပြောင်ခဲ့ကြ။

အောင်ဝင်း၏ အပြုအမူသည် တော်တန်ရုံ မိန်းကလေး အဖို့ မဖြစ်စလောက်သော်လည်း နွယ်မိုးကဲ့သို့သော မိန်းကလေး အဖို့ အလွန်ပင် ဒေါသဖြစ်စရာ၊ ဝမ်းနည်းစရာဟု သူ ထင်သည်။ နွယ်မိုးသည် ကြွေရှင် မိန်းမလှတစ်ဦး။

"အောင်ဝင်းကိုယ်စား ကျွန်တော်တောင်းပန်ပါတယ် နွယ်မိုး"

"ရှင့်ရဲ့ တောင်းပန်စကားကို ကြားချင်လို့ လာတာ မဟုတ် ဘူး၊ ကျွန်မကို သွေးတိုးစမ်းတဲ့ ရှင့်သူငယ်ချင်း အောင်ဝင်းကို ကျွန်မရှေ့မှာ ရှင် ဆွဲထိုးပြရမယ်၊ ဒါပဲ"

"ဗျာ . . ."

"ဘာလဲ၊ ရှင် သတ္တိမရှိဘူးလား"

"မဖြစ်နိုင်ဘူးထင်တယ် နွယ်မိုး"

"ဩော် . . . ရှင်က ကြောက်တတ် ရွံ့တတ်တဲ့ ယောကျ်ား တစ်ယောက်ကိုး"

"ကျွန်တော့်ဘဝမှာ ကြောက်ရွံ့တယ်ဆိုတာ မရှိဘူး နွယ်မိုး"

လေသံမာသွားမှန်း ကိုယ့်ကိုယ်ကို သိသည်။

"ဒါဆို ကျွန်မခိုင်းတာကို လုပ်ပေါ့" သူခေါင်းရမ်းသည်။

www.burmeseclassic.com



"နွယ်မိုးဘက်က ရပ်တည်ပြီး အောင်ဝင်းကို ကျွန်တော်ထိုးလိုက်ကြိတ်လိုက်ပြီဆိုပါတော့၊ နွယ်မိုးနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲဆိုတဲ့ မေးခွန်းမျိုး အောင်ဝင်း ကျွန်တော့်ကို မေးရင် ကျွန်တော်ဘယ်လို ဖြေရမလဲ"

"ကြိုက်သလို ဖြေပေါ့"

"ကြိုက်သလို ဖြေလို့ မဖြစ်ဘူး၊ ကျွန်တော့်ကို တခြားသူငယ်ချင်းတွေပါ အထင်လွဲကုန်လိမ့်မယ်"

"ဘာ . . . ဘာပြောတယ် ကိုခိုင်ထွန်း၊ ရှင် . . . ရှင်ကရှင့်သူငယ်ချင်းတွေလောက် ကျွန်မအပေါ် အလေးအနက် မထားဘူးပေါ့၊ ဟုတ်လား . . . ဟင်"

နွယ်မိုး မျက်ရည်တွေ ဝဲလာသည်။

"ရှင့်ကို ကျွန်မ မုန်းတယ်၊ သိပ်မုန်းတယ်"

ဒေါသသံ၊ ငိုသံတွေနှင့်ပြောပြီး အိမ်တံခါးဝမှ ပြေးထွက်သွားသည်။ နွယ်မိုး နားလည်အောင် သူ ရှင်းပြချင်၏။

"နွယ်မိုး . . . နွယ်မိုး"

နွယ်မိုး မုန်းမှာကို သူစိုးသည်။

"နွယ်မိုး"

နွယ်မိုးဟု နှုတ်မှ ထွက်သွားမှန်း ကိုယ့်ကိုယ်ကို သိသည်။ ကျိန်းစပ်နေသော မျက်လုံးတွေကို ဖြည်းညင်းစွာ ဖွင့်သည်။ ရယ်မောနေသော မြင့်ဦးကို တွေ့၏။

* * *





"ခွေးကောင် . . . ကျောင်းပိတ်ရက်ဆိုပြီး စွတ်အိပ်မနေနဲ့၊ ဘယ်နှစ်နာရီထိုးပြီလဲ ကြည့်၊ ရှစ်နာရီ ထိုးပြီးပြီ၊ ထ . . . ရေချိုး၊ သန်းထိုက်တို့အိမ်မှာ ဂစ်တာသွားတီးရအောင်၊ ညကကော စာကျက်ရဲ့လား"

သူ ခေါင်းညိတ်သည်။

"စာကျက်ပြီး အိပ်ရာဝင်ရင် တချို့က စာတွေကို ယောင်ပြီး အိပ်မက်ထဲမှာ အော်တယ်၊ မင်းက ဘာအကြောင်းတွေ တွေးပြီး အိပ်လို့လဲ၊ ယောင်တဲ့ နာမည်က ဘာလဲ၊ အဲ . . . နွယ်မိုးတဲ့၊ ဟား ဟား . . . ဟား ဟား"

သူပါ ရော၍ ရယ်လေသည်။ ဘာကြောင့် သည်အိပ်မက်မျိုး၊ မက်ပါလိမ့်ဟု ကိုယ့်ကိုယ်ကို တွေးသည်။ တွေးရင်း ပြုံးမိ၏။

အောင်ဝင်းသာ သိလျှင် သူ့ကို ဖနောင့်နှင့် ပေါက်လိမ့်မည် ထင်သည်။ အိပ်မက်ဟူသော အရာကို သိခဲ့ရသည်မှစ၍ ထိုအိပ်မက်ထဲသို့ ဘဝ၏ ပထမဆုံး ဝင်ရောက်လာသော မိန်းကလေးမှာ နွယ်မိုးဟု သူသတ်မှတ်မိ၏။

သူမက်သော အိပ်မက်အကြောင်းကို မြင့်ဦးကိုတော့ ပြောပြချင်သည်။ ထိုအိပ်မက်၏ အဓိပ္ပာယ် ပဟေဋ္ဌိ အတိတ်နိမိတ်တွေကိုတော့ မည်မည်ရရ သူ မသိ။ ရင်တွေ ခုန်လွန်းသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မြင့်ဦး ပြောပြသဖြင့် သန်းထိုက်နှင့် တင်မောင်နိုင်တို့ ရယ်ပြုံးကြ၏။ သူလည်း ရှက်စိတ်ဖြင့် ရောနှော၍ ရယ်လေ၏။

"ခိုင်ထွန်း အိပ်မက်က နိမိတ်များလား မသိဘူး"ဟု သန်းထိုက်ပြော၏။

"ဘာဖြစ်လို့လဲ"ဟု သူ မေးသည်။

"တင်မောင်နိုင် ပြောပြလိုက်ကွာ"

"မြင့်ဦးကော မသိသေးဘူးထင်တယ်"ဟု တင်မောင်နိုင် ပြောသည်။

မြင့်ဦးက . . .

"ဘာကို ပြောတာလဲ"

"အောင်ဝင်း ကိစ္စ"

သူက . . .

"အောင်ဝင်း ဘာဖြစ်လို့လဲ"

တင်မောင်နိုင် ပြုံးသည်။ ပြီး . . .





"မင်း ဝမ်းသာကြည်နူးသွားအောင် အောင်ဝင်း ရှောင်ပေးသွားတယ်"

"ငါက ဘာကို ဝမ်းသာရမှာလဲ"

"နွယ်မိုးဆိုတဲ့ ကောင်မလေးကို အောင်ဝင်းအဖို့ နိုးစပ်စရာအကြောင်း မရှိတော့ဘူးလေ၊ မင်းကလည်း နွယ်မိုးကို စွဲလမ်းစပြုနေပြီဆိုတော့ ကျေနပ်စရာပေါ့"

"တင်မောင်နိုင် . . . မင်းစကားကလည်း အိပ်မက်,မက်တိုင်း စွဲလမ်းရမှာလားကွ၊ စွဲလမ်းလို့ မက်တာ မဟုတ်ဘူး၊ သူ့ဘာသာ မက်ချင်လို့ မက်တာ၊ မှတ်ထား"

ရှက်ရှက်နှင့် သူ ပြောလိုက်သည်။

"ကဲပါကွာ၊ အောင်ဝင်း ဘာဖြစ်လဲဆိုတာသာ ပြောစမ်းပါ"

မြင့်ဦးစကားအဆုံး တင်မောင်နိုင် ပြုံးစစဖြင့် . . .

"အောင်ဝင်း နွယ်မိုးကို ကြိုက်လို့ မရတော့ဘူး၊ ခိုင်ထွန်းအတွက် ရှောင်ပေးသွားပြီ"

ပြောပြီး ရယ်လေသည်။

"အတည်ပြောတော့ကွာ တင်မောင်နိုင်"ဟု မြင့်ဦး ပြောသည်။ မျက်နှာပိုးသတ်လျက် . . .

"ရီရီလွင်ကို အောင်ဝင်း ခိုးပြေးသွားပြီ"

"ဟာကွာ ပေါက်ကရ"ဟု သူပြောသည်။ ဆက်၍ . . .

"သူ့ရည်းစားတွေထဲမှာ ရီရီလွင်က အလှဆုံးပဲ့သာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဝင်းပြောတာ၊ အချစ်ဆုံးလို့ တစ်ခါမှ မပြောဖူးဘူး၊ အပျော်သက်သက်၊ ပြီးတော့ မနေ့ နေ့လယ်ကတင် ဟို . . . နွယ်မိုးကို စကားလိုက်ပြောသေးတဲ့ ဥစ္စာ၊ မဖြစ်နိုင်ဘူး ခိုးပြေးတာ"

"မဖြစ်နိုင်ဘူး လုပ်မနေနဲ့၊ ရီရီလွင်ကဖြင့် အောင်ဝင်းအိမ်ကို ညကတည်းက ရောက်နေတာ၊ မယုံရင် သွားကြည့်၊ ချိန်းတွေ့ကြတာလေ၊ အိမ်အပြန်နောက်ကျလို့ မပြန်ရဲဘူးဆိုတာနဲ့ ဟိုကောင်က တစ်ခါတည်း ခိုးသွားတာ၊ ခိုးသွားတယ်ဆိုတာထက် ခေါ်သွားတယ်ဆိုပါတော့ကွာ၊ သူ့အိမ်ကို . . ."

တင်မောင်နိုင် တကယ်ပြောနေမှန်း သူသိသည်။ မြင့်ဦးက ဂစ်တာကို ကြိုးညှိရင်း . . .

"မင်းတို့နှစ်ယောက် ဘယ်လိုလုပ်သိသလဲ"

"ငါနဲ့ တင်မောင်နိုင်နဲ့ မနက်စောစောက အလုံကိုသွားကြတာ၊ လက်ဖက်ရည်ဆိုင် ထိုင်ဖို့ ဒီကောင့်ကို ဝင်ခေါ်တာ၊ ရီရီလွင်နဲ့အတူ မျက်နှာသစ်တော်မူနေလေရဲ့၊ ငါတို့ကိုတောင် အောင်ဝင်းအမေက ပြုံးပြသေးတယ်၊ မဲ့ပြုံး"

သူက . . .

မောင်ငြိမ်းချမ်း၏ သီချင်းစာအုပ်ကို စိုက်ကြည့်ရင်း . . .

"ဒီကောင့်အိမ်က မဆူဘူးလား"

"ဆူလို့ရမလားကွ၊ ကန်စွန်းရွက်စည်းကြီး အိမ်ပေါ်တင်လာတာမှ မဟုတ်ဘဲ"

သန်းထိုက်စကားကြောင့် ပြုံးပွဲဖွဲ့မိကြသည်။





"ကဲကွာ၊ ဂစ်တာတီးပြီး မောင်ငြိမ်းချမ်းသီချင်းတွေ ဆိုရအောင်"ဟု မြင့်ဦးပြောသည်။

"မတီးချင်သေးဘူးကွာ၊ စကားပဲ ဆက်ပြောရအောင်၊ အဘူးသဖြင့် ခိုင်ထွန်းနဲ့ ပြောကြရအောင်"

"ငါနဲ့ မင်းနဲ့ ထွေထွေထူးထူး ပြောစရာစကား ဘာရှိလို့လဲ"ဟု တင်မောင်နိုင်ကို သူပြောသည်။ သူမှလွဲ၍ အားလုံး ရယ်ကြသည်။

"အောင်ဝင်းစကားလိုက်ပြောတဲ့ နွယ်မိုးကို မင်းက အိပ်မက်ထဲမှာ ပြန်တွေ့တယ်ဆိုတော့ မင်းရဲ့ မသိစိတ်က စွဲလမ်းနေပြီလားဆိုတဲ့ အကြောင်းကို လေးလေးနက်နက် ဆွေးနွေးမလို့"

"ဘာမှ ဆွေးနွေးစရာ မလိုဘူး သူငယ်ချင်း၊ အဖြေက ရှင်းရှင်းလေး၊ အောင်ဝင်းလို သူဌေးသားက နွယ်မိုးလို မိန်းကလေးမျိုးကို ရည်မှန်းတာ ကိစ္စမရှိဘူး ဖြစ်နိုင်တယ်၊

ငါလိုကောင်မျိုးက နွယ်မိုးလို မိန်းကလေးကို ရည်မှန်းဖို့ နေနေသာသာ စိတ်တောင်မကူးရဲဘူး၊ နွယ်မိုးကို ကြည့်ရတာ ဣန္ဒြေတော့ ရှိပါရဲ့၊ ဒါပေမဲ့ မာနက အပြည့်၊

လှတယ်၊ မာနကြီးမယ်၊ သူဌေးသမီး၊ မင်း ပါးစပ်အညောင်းခံပြီး ဆွေးနွေးမေးမြန်းစရာတောင် မလိုဘူး၊ စွဲလမ်းစိတ်ကြောင့်သာ အိပ်မက်မက်တာမှန်ရင် ညစဉ် အိပ်မက်တိုင်းမှာ ငါ ဆယ်တန်းအောင်ပြီးနေတာ ကြာပြီ"

"ဒါဆို မင်း နွယ်မိုးကို လုံးဝစွဲလမ်းစိတ် မရှိဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်သည်။ သန်းထိုက်က . . .

"ပါးစပ်က ပြောလေကွာ"

"မစွဲလမ်းဘူးကွာ၊ မစွဲလမ်းဘူး . . . ကဲ"

"ကျိန်းသေတယ်နော်"ဟု မြင့်ဦးကပါ ဝင်နောက်သည်။ မြင့်ဦးကို သူ လှမ်းထိုး၏။ ပြုံးလျက်။

သန်းထိုက်က . . .

"မင်း မစွဲလမ်းဘူးဆိုတာ ကျိန်းသေရင် ငါ စွဲလမ်းလိုက်မယ်လေ"

"ဒါကတော့ မင်းသဘောပေါ့၊ ငါနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ဘယ်မှာနေတယ်ဆိုတာတောင် မသိဘူး၊ နာမည်တောင် သူ့ ပါးစပ်က ထုတ်ပြောလို့ သိရတာ၊ မနေ့ကမှ"

"ဘယ်မှာ နေတယ်ဆိုတာ မင်း တကယ် မသိဘူး . . . ၊ ဟုတ်လား"

"မင်းရော သိလို့လား"

"( . . . . )မှာ"ဟု မြင့်ဦး ပြောသည်။

"ထီးတန်းလမ်းနဲ့ ( . . . . )လမ်းက ဘယ်လောက်များ ဝေးလို့လဲ၊ အဲဒီလမ်းမှာ ငါ မသိတဲ့လူ မရှိဘူး"

"အေး . . . မင်းလိုပဲ ငါတို့လည်း အစက မသိဘူး၊ အောင်ဝင်းတောင် ဒီအနီးအနားမှာ နေတယ်ဆိုတာပဲ သိတာ၊ သူ့ကို လာကြိုတဲ့ ကားနံပါတ်ကို မြင်ဖူးတယ်ထင်လို့ ငါ မနေ့က မှတ်ထားတာ၊ နောက်တော့မှ စဉ်းစားမိတယ်၊ ( . . . . )လမ်းက





တိုက်အပြာကြီးထဲ ဝင်ဝင်သွားတဲ့ကား၊ အဲဒီအိမ်ကြီးက နွယ်မိုးတို့ တိုက်ပဲ၊ မှတ်ထား"

သန်းထိုက်၏ စကားတွေကို အယုံခက်စွာ ဖြစ်နေရ၏။ သူကိုယ်၌ကလည်း ထိုတိုက်အပြာကြီးကို ခရီးသွားဟန်လွှဲသာ မြင်တွေ့ခဲ့ဖူးသည်။ သာမန်ထက်လွန်စွာ ခမ်းနားသော အိမ်ဝင်းကျယ်။ ပန်းပင်တွေ၊ သစ်ပင်တွေနှင့် ပြည့်နှက်နေသော အိမ်ဝင်းဟု တွေးကြည့်မှသာ ပြန်မြင်ယောင်၏။

ကား တစ်စီး နှစ်စီးမက ဝင်သွားထွက်သွားသည်ကိုတော့ မြင်ဖူးသည်။ အရောင်အဆင်း အမျိုးအစားကို ရေရေရာရာ မမှတ်မိ။

"ငါ သူ့ကို ဒီအနီးအနားမှာ တစ်ခါမှ မမြင်ဖူးဘူး"

တင်မောင်နိုင်က မျက်လုံးကို တမင်ပြူးလျက် . . .

"ဘာလဲ . . . မင်းမြင်ဖူးအောင် လမ်းသလားပြရမှာလား"

မြင့်ဦးက . . .

မင်းတို့ ငါတို့လို ခြေညောင်းခံပြီး လမ်းလျှောက်မယ့်သူတွေမှ မဟုတ်ဘဲ၊ ကားနဲ့သွား ကားနဲ့ပြန်၊ ကားပေါ်မှာ အချိန်တိုင်း ရှိနေသူတွေကို လမ်းပေါ်က ငါတို့က ဘယ်လိုလုပ် ကြည့်နိုင်မြင်နိုင်မှာလဲ၊ ဒါကြောင့် ငါတို့ မမြင်ဖူးတာ နေမှာ၊ မင်းတို့ ငါတို့ကိုတော့ မြင်ဖူး တွေ့ဖူးနေမလားတော့ မသိဘူး"

မြင့်ဦး၏ စကားကို သူ ခေါင်းညိတ်၍ နားထောင်သည်။ တမ်းနားလမ်းဘက်မှ သင်္ဘောဥသြသံကြားရ၏။ တစ်ချက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသံတွေ ဆူညံစွာ ကြားသည်။

မြစ်ပြင်ကို ဖြတ်လာသော လေပြည်တွေ သွဲ့သည်။ သန်းထိုက်၏ ကုပ်ထောက်နေသော ဆံပင်က လေတွင် ဝှေ့သွား၏။

ဂစ်တာတီးဖို့ ပြင်ဆင်ကြသည်။

ထီးတန်းလမ်းမပေါ်တွင် လမ်းသွား လမ်းလာတွေ ကြဲကြဲ ရှိ၏။ တချို့ သူတို့ကို လှည့်ကြည့်သွားကြသည်။ မြင့်ဦးက ဂစ်တာ သံကို အစပြု၏။

ဘာကြောင့်မှန်း မသိ။

သည်နေ့ ရင်တွင် ဂစ်တာတီးချင်စိတ်တွေ မရှိ။

* * *



အခန်း(၃)

"ကျွိ"

ကားဘရိတ်အုပ်သံကို ကြားရသည်။ ပြေးလာသော အရှိန်ကိုသတ်လိုက်သော်လည်း မရ။ အနက်ရောင် မာစီဒီးကား၏ ရှေ့အဖုံးပေါ်တွင် သူ မှောက်လျက်ဖြစ်သွားရ၏။ မျက်လုံးတွေပင် ပြာသွားသည် ထင်၏။ မြင့်ဦးနှင့် သန်းထိုက်တို့ မျက်လုံးပြူးသွား သည်ကို သူ တွေ့သည်။

ကားမောင်းသူကို ပြုံးပြရင်း ကိုယ်ကို မတ်သည်။ ကား မောင်းသူရှိရာ တံခါးဝသို့ သွားပြီး . . .

"စိတ်မရှိပါနဲ့နော်၊ ကျွန်တော်တို့ အမောတကောနဲ့ ပြေး လာကြလို့ပါ"

ကားမောင်းသူ ဦးလေးကြီးကလည်း ပြုံးရွှင်စွာ ခေါင်း ညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါဘူးကွာ၊ ဦးလေးကလည်း အရှိန်မြှင့်ပြီး မောင်းထွက်လာလို့ပါ"

ပြောပြီး ကားစက်နှိုးသည်။

ကားနောက်ခန်းသို့ အကြည့်ရောက်၏။ ရင်တွေခုန်သွားသည်။ အမောတွေ ပြေစေသော ရင်အခုန်ဟု ကိုယ့်ကိုယ်ကို သိလိုက်၏။

လှသော မျက်ဝန်းတစ်စုံနှင့် အကြည့်ဆုံသည်။ ကားရွေ့စပြုသည်။ ဘာကြောင့်မှန်းမသိ။ "နွယ်မိုး"ဟု အသံမဲ့စွာ ခေါ်လိုက် မိသည်။ ပြုံးခြင်း၊ ရယ်ခြင်းကင်း သူ၏လှသော အကြည့်ကို တဒင်္ဂ မြင်ခွင့်ရလိုက်သည်။ သို့သော် ထာဝရဟု စွဲမှတ်မိ၏။

ကားသွားရာသို့ လည်ပြန် ကြည့်မိပြန်သည်။ ကားက အောက်ကြည့်မြင်တိုင်လမ်းမဘက်သို့အကွေ့ နွယ်မိုး၏ သမင်လည်ပြန်အကြည့်ကို မြင်ခွင့်ရရှိလိုက်ပြန်၏။ မောပန်းနေသော ရင်အစုံသည် ရင်ခုန်ခြင်းကြောင့် ချမ်းမြေ့သွားရသည်။ မြင့်ဦးနှင့် သန်းထိုက်ကို ဘူ ပြုံးပြလိုက်သည်။ မလုံမလဲ သူ၏ ရင်ဖွင့်အပြုံး။

"အဲဒီကားနဲ့ အသေတိုက်မိရင်တောင် မင်း သေပျော်မယ် ထင်တယ်"ဟု သန်းထိုက် ပြောသည်။

တုံ့ပြန်စကား မပြောဘဲ ပြုံးမြဲ ပြုံးနေ၏။

မြင့်ဦးက . . .

"ငါတို့ ရန်ဖြစ်ပြီး ပြေးလာကြတယ်ဆိုတာ နွယ်မိုး သိသွားမယ် ထင်တယ်"

"ဘယ်လိုလုပ် သိမှာလဲ"ဟု သူ ပြောသည်။

"မင်း နှာခေါင်းမှာ သွေးတွေ၊ ပြီးတော့ မင်း လက်ဖနောင့်မှာ . . ."

မြင့်ဦးစကားကြောင့် နှာခေါင်းကို လက်ခုံနှင့် သုတ်လိုက်သည်။

နီရဲနေသော သွေးတွေကို တွေ့၏။ မဲကြီးမျက်နှာကို မြင်ယောင်သည်။ ဒေါသတွေ ကြွတက်လာ၏။

တစ်ပြိုင်တည်း၌ နွယ်မိုးမျက်နှာကို မြင်ယောင်မိသည်။ နှလုံးအသည်းတွင် ဒေါသဟူသည် တစိုးတစိမျှ မရှိတော့ချေ။ တစ်ကိုယ်တည်း အတွေးထဲမှာ ကြည်နူး၏။

* * *

ညီမလေးက ညာဘက်လက်ကို ပတ်တီးတွေနှင့် စည်းပေးသည်။ အမေက နှာခေါင်းကို ဂွမ်းစနှင့် တို့ပေး၏။ အဖေက သူ့ကို စိုက်ကြည့်သည်။ အကြည့်မဆုံအောင် နေရလေ၏။

"သား"

အဖေ့ခေါ်သံကို ကြားသဖြင့် အမေ့ကို အားကိုးတကြီးဖြင့် ကြည့်သည်။ အမေပြုံးလေ၏။

"သား . . . ခိုင်ထွန်း"







www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . အဖေ"

အဖေ မဲ့ပြုံး ပြုံး၏။

"မင်း စာရေးဆရာ လုပ်မယ်ဆို၊ ကဗျာဆရာ စာရေးဆရာ လုပ်မယ့်သူက စာပေဗဟုသုတကို အမြဲတမ်း လေ့လာရမယ်ကွ၊ အခုတော့ မင်းဟာက ရန်တွေဖြစ်လိုက်၊ ဂစ်တာတီးလိုက်၊ စာကျက်ချိန်ကျတော့ စာမကျက်ဘဲ ကဗျာ ခိုးရေးလိုက်၊ မင်းရဲ့ အပြုအမူ အနေအထိုင်က ကဗျာမဆန်ဘူးကွ၊ လမ်းသရဲဆန်နေတယ်"

"ကဗျာရေးမယ်၊ စာရေးမယ်ဆိုပြီး နူးနူးညံ့ညံ့ မနေချင်ဘူး၊ ဘဝတွေ ကုန်စုံအောင် လေ့လာနေချင်တယ်၊ ကုန်ကုန်ပြောရရင် လမ်းသရဲဆိုတဲ့ သူတွေရဲ့ အကြောင်းကိုတောင် ကိုယ်ထိလက်ရောက် စူးစမ်းချင်တယ်"

"စာကတော့ မအားလို့ မဖတ်ဖြစ်တာပါ၊ ဟိုနေ့ကတောင် စာဝက်ဘာ ဆိုတဲ့ စာအုပ်တစ်အုပ် မြင့်ဦးဆီက ယူလာသေးတယ်"

အဖေက တဟားဟား ရယ်သည်။

"အေး . . . ကြည့်သေးတာပေါ့ကွာ၊ ကဗျာသမား စာသမား ဖြစ်မလား၊ လမ်းသရဲကြီးပဲ ဖြစ်မလားဆိုတာ၊ ဒီနေ့ မင်း ရန်ဖြစ်လာပေမဲ့ အဖေ မရိုက်တော့ဘူး၊ အသက်ပဲ (၁၈)နှစ်ပြည့်ပြီးပြီ၊ ရိုက်နှက်ပြီး မဆုံးမတော့ဘူး၊ ကိုယ့်ကိုယ်ကိုပဲ ဆုံးမတော့၊ ဟုတ်လား"

သူ ခေါင်းညိတ်သည်။ အမေက သူ့ပခုံးကို နှိပ်နယ်ရင်း





"ညီမလေးတောင် ဆယ်တန်းရောက်ပြီနော် သား . . .၊ စာမေးပွဲအောင်ဖို့လည်း ကြိုးစားဦး၊ စာတော်လျက်နဲ့ အပျော်အပါး ဖက်လို့ ကျခဲ့ပြီးပြီ၊ တစ်နှစ်"

"ဟုတ်ကဲ့ပါ"ဟု သူ ပြောသည်။ ညီမလေး ဖြူဖြူက . . .

"ကိုကို ထမင်းစားတော့မလား"ဟု မေးသည်။

"အေး . . . စားတော့မယ်"

"အဖေတို့ အမေတို့ စားပြီးပြီလား၊ ညီမလေးရော"

"အဖေရော အမေရော စားပြီးပြီ၊ ညီမလေးတော့ မစားရသေးဘူး၊ ကိုကိုနဲ့ ထမင်း အတူစားရင်း ကိုကို့ကို အင်္ဂလိပ်စာ မေးမလို့"

"ကောင်းပါပြီ"ဟု သူပြော၏။ အဖေက စာအုပ်တစ်အုပ်ကို ဖတ်စပြုနေသည်။ အမေ ရေချိုးဖို့ ပြင်နေ၏။

* * *

*စာကျက်ချိန်လည်း*
*စာအုပ်ထဲမှာ၊*
*အိပ်ရာဝင်လည်း*
*အိပ်မက်ထဲမှာ၊*
*သူလာ စိုးမိုး၊ ဘယ်လိုမျိုးလဲ*
*နှောင်ကြိုးတွယ်ငင် ရစ်ပြီထင်။*

ဂစ်တာတွေ ဘယ်လောက်တီးတီး ဘယ်တွေကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားသွား စာကျက်ချိန်ကို ပုံမှန်ထားသည်။ ကျက်မှတ်သည့် အခါတိုင်းတွင်လည်း စိတ်ဝင်တစား။

ယခုမူ သူ့စာကျက်ချိန်ကို အိပ်မက်တွေကို ပိုင်စိုးနိုင်သူ တစ်ယောက် ရှိခဲ့လေပြီဟု သူသိ၏။ အောင်ဝင်းကို သတိရသည်။ အောင်ဝင်းသာ တက္ကသိုလ်ကျောင်းထဲသို့ သူ့ကိုမခေါ်ဖြစ်ပါက နွယ်မိုးကို သူ မြင်ဖူးလိမ့်မည် မထင်။

အခြားနေရာ တစ်ခုခုမှာ အခြားနည်းလမ်း တစ်ခုခုဖြင့် မြင်ဖူးတွေ့ဖူးသည်ထားဦး၊ ယခုကဲ့သို့ အတွေးထဲတွင် အချိန်ကာလတိုင်း စိုးမိုးနေစရာ အကြောင်းမရှိ။

ရင်တွင်းရှိ လက်ရှိဝေဒနာကို သူငယ်ချင်းတွေ စာနာနားလည်လိမ့်မည် ထင်သည်။ ကဗျာဆရာများစွာ၏ ကဗျာတွေကို ဖတ်ရင်း ကဗျာကိုသာ ချစ်တတ်ခဲ့သည်။ ကဗျာဖတ်ရင်း၊ ကဗျာဖွဲ့ရင်းသာ ရင်ခုန်ခဲ့ဖူးသည်။ လှသော၊ ချောသော၊ တပ်မက်စရာကောင်းသော မိန်းမလှတွေကို မြင်တိုင်း ရင်ခုန်စရာ၊ စွဲလမ်းစရာဟု ဘယ်တုန်းကမှ မသိမှတ်ခဲ့။

နွယ်မိုး၏ လှသော ခြေအစုံနှင့် ညင်သာခြေလှမ်းတွေ မျက်လုံးထဲက မထွက်။ အိပ်မက်ထဲကအကြည့် အိပ်မက်ထဲက စကားတွေကို ပြင်ပတွင် အမှန်တကယ် ကြည့်မြင်ကြားသိခဲ့သည်ဟု ထင်ချင်၏။ ကားပေါ်မှ ငုံ့အကြည့် လှည့်အကြည့်တွေသည် နှလုံးသည်းခြေတွင် ရာသက်ပန်တည်သော ထာဝရကဗျာ။

ကျောင်းစာတွေ၏ စာမျက်နှာတွင် နွယ်မိုးကို မြင်သည်။





ပြုံးမယောင် မုန်းမယောင် မျက်နှာထား။

အသိနှင့် အတွေးစိတ်ကို ပြန်ထိန်းသည်။ မရ။

ဖြစ်နိုင်မဖြစ်နိုင်တွေကို ကြိုတွေးသောအခါ ရင်မောရ၏။

အဖေနှင့် အမေက သာမန် ရုံးဝန်ထမ်း၊ သူကလည်း သာမန်ထက် ဘာမျှမပိုသောလူ။ စွဲလမ်းမိပြီဟု ကိုယ့်ကိုယ်ကို ဝန်ခံမိသည်နှင့်အမျှ ရင်မှာနွမ်းလျစွာ ခံစားရသည်။

ချစ်စကား ကြိုက်စကားကို အတွေးနှင့်ပြောကြည့်သည်။ တင်းလွန်းသော နွယ်မိုး၏ မျက်နှာထားကြောင့် အတွေးနှင့်ပင် ပြောမထွက်။ ပြောဖို့ မဝံ့။

မြင်တွေ့ရုံဖြင့် တစ်ဘဝလုံးကို ကြည်နူးစွာ ဖြည့်ဆည်းမည်ဟု ဆုံးဖြတ်သည်။ စက္ကန့်မလပ် မြင်တွေ့ချင်သော ဆန္ဒကြောင့် နီးကပ်စွာ နေလိုစိတ် ဖြစ်တည်ရပြန်သည်။ လောကနှင့် ထိစတွေ့စ အရွယ်မို့ စိတ်ကစားတာများလားဟု ကိုယ့်ကိုယ်ကို စမ်းစစ်၏။ မဟုတ်။

ခံစားရသမျှ မြင့်ဦးကို ရင်ဖွင့်မိသည်။

"အိမ်မက်မက်တယ်ဆိုတဲ့ နေ့ကတည်းက ဟိုကောင်တွေ မင်းကို မေးသားပဲ၊ စွဲလမ်းနေလို့လားဆိုတာ၊ မင်းက မစွဲလမ်းဘူးတဲ့၊ ရဲရဲဝံ့ဝံ့ကို ငြင်းတာ၊ အခု မငြင်းတော့ဘူးပေါ့"

ပြုံး၍မေးသော မြင့်ဦး စကားကို ချက်ချင်း မတုံ့ပြန်မိ။ မလုံမလဲစိတ်ကြောင့် အနေခက်သည်။

"မင်းပဲ စဉ်းစားကြည့် မြင့်ဦး၊ အောင်ဝင်း နှစ်သက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြံ့ခွယ်သူကို ငါ အိပ်မက်ထဲမှာတွေ့မြင် စကားပြောရတယ် ဆိုကတည်းက ငါ ရှက်ဖို့ကောင်းသွားပြီ၊ အောင်ဝင်း စကားလိုက်ပြောပြီး ည အိပ်မက်,မက်တယ်။ နောက်တစ်နေ့မှာ စွဲလမ်းမိပြီလို့ ငါ ပြောရင် ငါ့လောက် ကြာကူလီဆန်တာ ဒီလောကမှာ ရှိတော့မယ် မထင်ဘူး၊ ဒါကြောင့် ငြင်းခဲ့တာ၊ ပြီးတော့ အောင်ဝင်းကို အားနာတယ်"

ထီးတန်းကျောင်းကို ရောက်လာသည်။ (. . . .)လမ်းအတိုင်း ထိပ်ဘက်သို့ လျှောက်လာသည်။ နွယ်မိုး၏ အိမ်ဝင်းအပေါက်ကို လှမ်းမြင်၏။

"မင်းရှေ့မှာမို့ ပြောတာမဟုတ်ဘူး ခိုင်ထွန်း၊ အောင်ဝင်းအကြောင်းကို မင်းလည်းအသိ၊ လှတဲ့သူတွေ့ရင် စကားလိုက်ပြောစမြဲ၊ ရရင်အမြတ်၊ မရရင် အရင်းဆိုတာ သူ့ထုံးစံ၊

ပြီးတော့ ဒီကောင် ရီရီလွင်နဲ့ ရသွားပြီပဲ၊ ဘာမှ အားနာစရာ မလိုဘူး၊ နွယ်မိုးအပေါ် မင်းတကယ် နှစ်နှစ်ကာကာ ချစ်နေပြီဆိုတာ ငါ သိတယ် . . .၊ အရာရာအတွက် မင်းကြိုးစားပေါ့ သူငယ်ချင်းရာ မင်းဘေးနားမှာ ငါ အမြဲတမ်းရှိမယ်"

သူ ခေါင်းညိတ်သည်။ နွယ်မိုး၏ အိမ်ဝင်းတံခါးဝသို့ ရောက်လာ၏။ အထဲသို့ လှမ်းကြည့်မိသည်။ မားမတ်သော အပြာရောင် တိုက်အိမ်ကို တွေ့သည်။ နှစ်ထပ်တိုက်။

ဆင်ဝင်အောက်တွင် ရပ်ထားသော မာစီဒီးကားနှစ်စီးကို မသဲမကွဲ တွေ့ခဲ့ရ၏။ ပန်းပင်တွေ၊ သစ်ပင်တွေနှင့် စိမ်းစိုနေသော





အိမ်ဝင်းကျယ် ဖြစ်သော်လည်း နွယ်မိုးကို မတွေ့မမြင်လိုက်ရသဖြင့် ချောက်ကပ်နေသည်ထင်၏။ အိမ်ဝင်းတံခါးဝ အနီးတွင် ပန်းပင်တွေ ရေလောင်းနေသော ဒရိုင်ဘာဦးလေးကြီးကို တွေ့သည်။ သူ့ကို မျက်ခုံးပင့်၍ နှုတ်ဆက်သည်။ သူ ပြန်ပြုံးပြ၏။ နွယ်မိုးကို မြင်ချင်သည်။

* * *

ပထမတစ်ရက်က အိမ်ဝင်းရှေ့မှ ဖြတ်လျှောက်သွားသည်။ ဒုတိယနေ့တွင် လမ်းထိပ်မှာ ရပ်ကြည့်နေသည်ကို ကားပေါ်မှ တွေ့၏။ မမြင်ချင်ယောင် ဆောင်ဖြစ်ခဲ့သေးသည်။ မနေ့က ဦးချစ်လက်ဖက်ရည်ဆိုင်မှာ သူ့ကို လှမ်းတွေ့သည်။ တစ်ယောက်တည်း။ သူငယ်ချင်းတွေကို ပြလိုက်သေး၏။

"ကိုယ်ပြောတာ သူပေါ့ကွ၊ မင်းတို့ပြောပြထားလို့ သိရတဲ့ အောင်ဝင်းဆိုတဲ့ကောင်နဲ့ အဖော်ပါလာတဲ့ ကောင်လေးလေ၊ ကိုယ့်အိမ်နားကပဲ ထင်တယ်၊ ရန်ဖြစ်တဲ့နေရာတော့ အကျော်အမော်ပဲ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတောင် သွေးသံရဲရဲနဲ့ ပြေးလွှား လာလိုက်တာ ကိုယ့်ကားနဲ့ ဝင်တိုးသွားမိသေးတယ်၊ သူနဲ့ရန်ဖြစ်တာ မဲကြီးဆိုလား၊ ကျွဲကြီးဆိုလားပဲ"

သူငယ်ချင်းတွေက သူ့ကိုလှမ်းကြည့်သည်။

"လူချောပဲ၊ ပုံစံကတော့ ဂျစ်တစ်တစ်"ဟု ထွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"နွယ်မိုးတစ်ယောက် ဒုတိယနှစ်ရောက်မှပဲ ကိုယ်ရုံ တော်ရတော့မယ် ထင်တယ်"

ခင်မာဝင်း၏ စကားကြောင့် နွယ်မိုး ခေါင်းယမ်းသည်။

'ကိုယ်ရုံတော်ပဲ ဖြစ်မလား၊ ကိုယ့်အတွက် ချဉ်ဖတ်ပဲ ဖြစ်မလား မပြောတတ်ဘူး၊ အောင်ဝင်းလို ညဉ်မျိုး မရှိတာတော့ ကျိန်းသေတယ်"

သူကြည့်နေသည်ကို သိသဖြင့် နွယ်မိုး လှမ်းကြည့်သည်။ မျက်နှာလွှဲသွား၏။ မကြည့်မမြင် သတိမထားသည့်ပုံ။

သည်နေ့ . . .

"အိမ်က ကားနဲ့ သွားရလာရတာ ပျင်းတယ်၊ ဘတ်စ်ကားနဲ့ သွားကြည့်ချင်တယ်"

ဟု နွယ်မိုး ဖေ့ဖေ့ကို ပြောသည်။

အန်တီမြကႆ . . .

"မသွားရဘူး"ဟု ပြောသေး၏။

"တစ်ခါတလေ သွားတာ ဘာဖြစ်လဲ" ဟု ပြောပြီး ဖွတ်ထွက်ခဲ့သည်။

ထင်သည့်အတိုင်း လမ်းထိပ်မှာ သူ့ကို တွေ့သည်။ မျက်နှာထားကို တမင် တင်းပစ်လိုပ်၏။

ဘတ်စ်ကားပေါ်တက်တော့ သူပါ လိုက်တက်သည်။ ကားခ ဘယ်လောက်လဲဟု လက်မှတ်ရောင်းကို မေးသည်။





"ဆယ်ပြား"ဟု ပြော၏။ အကြွေဆယ်ပြားစေ့ကို မနည်းရှာရသည်။

ကားပေါ်မှာ အကြည့်ဆုံ၏။ မျက်နှာလွှဲထားသော သူ့ကို ကြည့်၍ မျက်နှာထား တင်းထားသည့်ကြားက နွယ်မိုး ရယ်မိသည်။

ကားပေါ်မှ ဆင်းသည်။ သူ လိုက်ဆင်း၏။ ကျောင်းဝင်းထဲသို့ ဝင်သည်အထိ သူ လိုက်လာသည်ကို သိသည်။ မသိမသာ လှည့်ကြည့်မိသည်။ ဓာတ်တိုင်တစ်တိုင် အကွာအဝေးတွင် တွေ့၏။

အာစီရှေ့တွင် ထွေးထွေးတို့နှင့် တွေ့သည်။ သူနောက်က လိုက်လာကြောင်း ပြောမည်ပြင်လိုက်သည်။ အရိပ်အယောင် မတွေ့ရတော့ချေ။

"ဘာလှည့်ကြည့်တာလဲ"ဟု ခင်မာဝင်းက မေး၏။

"အစောင့်အရှောက် ပါလာလို့"

"အောင်ဝင်းတော့ မဟုတ်ဘူး ထင်တယ်၊ ဒီကောင်က အိမ်ထောင်ကျသွားပြီ"

"အောင်ဝင်းရဲ့ ပခုံးပြောင်းတာဝန်ကို ထမ်းဆောင်မယ့် သူလေ"ဟု သူပြော၏။

"ဩော် . . . ဟိုချာတိတ်ကိုး"ဟု ခင်မာဝင်းပြော၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

မြင့်ဦးတို့ တဟားဟား ရယ်ကြသည်။ တင်မောင်နိုင်က အရယ်ရပ်လျက် . . .

"တစ်မိုင် အကွာလောက်က လိုက်ရောပေါ့ကွာ၊ ဓာတ်တိုင်တစ်တိုင်အကွာဆိုတော့ သိပ်ရဲတင်းရာကျတယ်"

တင်မောင်နိုင်၏ အရွှမ်းဖောက်စကားကြောင့် ကိုယ်တိုင်မရယ်မိအောင် သူထိန်း၏။ မြင့်ဦးက ဂစ်တာကို နံရံတွင် ထောင်သည်။ သီချင်းစာအုပ်တွေကို စီရင်း . . .

"စာကျက်ကြဦးနော်၊ စာမေးပွဲ နီးနေပြီ၊ အချစ်ကြောင့် အရာရာ တိုးတက်ပါစေနော် ခိုင်ထွန်း"

"အင်းပါကွာ"

အောင်ဝင်း ဆိုတဲ့ကောင်ကတော့ တက္ကသိုလ် တက်ခွင့်ရပါလျက်နဲ့ အိမ်ထောင်ကျလို့ ကျောင်းမတက်ချင်တော့ဘူး၊ စီးပွားရေးပဲ လုပ်တော့မယ်တဲ့၊ အဲဒါ ကိုယ့်အညွှန့် ကိုယ်ချိုးတယ်လို့ခေါ်တယ်"

မြင့်ဦး၏ စကားကို တလေးတစား နားထောင်သည်။



နွယ်မိုးမျက်နှာကို မြင်၏။ ကျောင်းတက်ချိန်၊ စာကျက်ချိန်တွေကို ပိုင်စိုးနေပြီဟု သူသိသည်။

သန်းထိုက်၏အမေက ဈေးဝယ်ထွက်ဖို့ ပြင်သည်။

"အိမ်စောင့်ရစ်ကြဦး"ဟု ပြုံး၍ ပြော၏။ သူ"ဟုတ်ကဲ့" ဟု ပြောလိုက်သည်။

သန်းထိုက်၏ အမေ အိမ်ရှေ့လမ်းမသို့ ရောက်သည်နှင့် သန်းထိုက်က . . .

"မင်း တက္ကသိုလ်တဲသွားတာ ငါတို့ကိုတောင် မပြောဘူး၊ တစ်ကိုယ်ကောင်းဆန်ပြီး တစ်ယောက်တည်း သွားတယ်"

"မင်းတို့ကို ခေါ်ရမှာ အားနာလို့ပါ၊ ပြီးတော့ လျှောက်ပြန် သံပေး ကိစ္စမျိုးဆိုတော့ ငါ အပင်ပန်းခံနိုင်သလောက် မင်းတို့ ပင်ပန်းမှာ စိုးတယ်၊ ဒါကြောင့်ပါ"

"အခြေအနေထူးရင်လည်း ပြောပေါ့ကွာ၊ အကူအညီလိုလည်းပြော၊ တစ်ခုတော့ရှိတယ် . . . ဒီကိစ္စမျိုးက တစ်ယောက်တည်းသွား၊ တစ်ယောက်တည်း လိုက်တာပဲ ကောင်းတယ်၊ အဖော်ပါရင် ပေးလားဟားလား ဖြစ်သွားတတ်တာမျိုး"

ဟု မြင့်ဦးကပြောသည်။ ထိုစကားကြောင့် မြင့်ဦးကို သူကျေးဇူးတင်စွာ ကြည့်၏။ တင်မောင်နိုင်က . . .

"တစ်ခု စဉ်းစားမိတယ်"

"ဘာလဲ"

"ကျောင်းပိတ်ရက်နဲ့ ညဘက်တွေမှာ ဂစ်တာတီးတဲ့ နေရာ



www.burmeseclassic.com

ဆိုလို့ ဒီကောင်တွေ အိမ်ပဲရှိတယ်”

သန်းထိုက်ကို လက်ညှိုးထိုးပြီး ပြောသည်။ လက်ညှိုးကို ပြန်ရုပ်ပြီး . . .

“အဲဒီတော့ နွယ်မိုးတို့ အိမ်နားက မြောင်းအုတ်ခုံမှာ ညဘက် ဂစ်တာသွားတီးရင် မကောင်းဘူးလား”

“အေး ဟုတ်တယ်” ဟူသော အသံတွေ ပြိုင်တူ ထွက်၏။ သူ့ရင်တွေ ခုန်သွားသည်။ တတ်နိုင်လျှင် . . . သူတစ်ပါးတွေ၊ အဆိုတော်တွေ သီဆိုသော သီချင်းသံနှင့် နွယ်မိုးကို သူ မဖျော်ဖြေချင်။ ကိုယ်တိုင်ရေးဖွဲ့ထားသော ကဗျာသီချင်းတွေကိုသာ ရင်ဖွင့်သီကျူးချင်သည်။

နွယ်မိုးမျက်နှာကို အတွေးနှင့်ကြည့်၍ ကဗျာတွေ ဖွဲ့ချင်သည်။ သီချင်းတွေ ရေးချင်သည်။ ရေးဖွဲ့ပြီးသမျှ နှလုံးအသည်း၏ သင်္ကေတနှင့် ရွှေနားတော်သွင်းချင်သည်။ ပြုံး၍ နားဆင်နေသော နွယ်မိုး . . . မျက်လုံးလေးစင်းလျက် နားစွင့်နေသော နွယ်မိုး . . . ငေးမောကာ နားဆင်နေသော နွယ်မိုးတွေကို အတွေးထဲမှာ အပြည့် မြင်သည်။ ရင်ခုန်လွမ်းမော၏။

* * *

တက္ကသိုလ် ဓမ္မာရုံအရောက်တွင် “လုပ်ကြပါဦး”ဟူသော အသံကို နွယ်မိုး၏ နှုတ်မှ ကြားလိုက်ရသလို ရှိ၏။ ရှေ့သို့ အသေ





အချာ ကြည့်မိသည်။ လူနှစ်ယောက် ပြေးလာသည်ကို တွေ့၏။ တစ်ဟုန်ထိုး။

နှစ်ယောက်အနက် အခြားတစ်ယောက်၏လက်ထဲတွင် ရွှေရောင် အရာဝတ္ထုတစ်ခုကို တွေ့လိုက်သည်။ ရွှေဆွဲကြိုးဟု ယူဆရ၏။ နွယ်မိုး၏ ဆွဲကြိုး။

လွယ်အိတ်ကို စလွယ်သိုင်းလိုက်သည်။ ထိုသူနှစ်ယောက် သူ့အနီးသို့ ရောက်သောအခါ ခြေထောက်နှစ်ချောင်းကို ဘေးသို့ လျင်မြန်စွာ ဆန့်တန်းလိုက်၏။ နှစ်ယောက်စလုံး လဲသွားသည်မှန်း သိသည်။ ဆွဲကြိုးကို ဆုပ်ကိုင်ထားသူ၏ ဆံပင်ကို နောက်မှ လှန်ဆွဲလိုက်သည်။ ထိုသူ၏ လည်ပင်းကို သူ့ညာဘက် လက်ဝါးစောင်းနှင့် ခုတ်လိုက်၏။

“အု”ဟူသော အသံသာ ထွက်၏။ လမ်းပေါ်သို့ လွင့်သွားသော ဆွဲကြိုးလေးကို သူကောက်ကိုင်လိုက်သည်။ ကျန်တစ်ဦးကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်သောအခါ အနီးအပါးမှာပင် မရှိတော့ချေ။ အနီးတွင် ကျန်ရစ်ခဲ့သော အလစ်သမားကိုသာ ခြေထောက်နှင့် ထပ်ပြီး ကန်မည်ပြုသည်။

ကမန်းကတန်း ထ၍ပြေးလေ၏။ ဆက်လိုက်မည် စဉ်းစားသော်လည်း မလိုက်ဖြစ်။

ညောင်ပင်ငယ် တစ်ပင်၏ အောက်တွင် စိုးရိမ်တကြီး မျက်နှာထားနှင့် နွယ်မိုးကို သူတွေ့၏။ ရင်တွေ ခုန်လာပြန်သည်။ နွယ်မိုး သူ့ဆီသို့ လှမ်းလာနေမှန်း သူသိသည်။ လှမ်းလာနေရာသို့



www.burmeseclassic.com

www.burmeseclassic.com



သူလည်း လျှောက်သွား၏။

အနားသို့ ရောက်သောအခါ သူ့ကို နွယ်မိုး ပြုံးပြ၏။ ရင်ခုန်သံကို ပိုမြန်စေသော အပြုံး။

လက်ထဲမှ ရွှေဆွဲကြိုးအပြတ်ကလေးကို ပေးလိုက်သည်။ နွယ်မိုးက လှမ်းယူရင်း . . .

"ကျေးဇူးပဲနော်"

ဟုပြော၏။ လက်တွေအေးစက်နေမည်မှန်း ကိုယ့်ကိုယ်ကို သိသည်။

နွယ်မိုးလက်ထဲသို့ ဆွဲကြိုးလေးရောက်သွားသောအခါ . . .

"သွား . . . သွား . . . လိုက်ပါဦးမယ်"

တုန်ယင်နေသော ခြေထောက်တွေကို အားယူ၍ လှမ်း ထွက်သည်။

အရာရာကို ကြောက်လန့်ခြင်း မရှိခဲ့ဘဲ နွယ်မိုး၏ ရှေ့တွင် ဘာကို ကြောက်နေသလဲဟု ကိုယ့်ကိုယ်ကို တွေးသည်။ အဖြေမရ။

" ဒီမှာ "

ခေါ်သံနှင့်အတူ ခြေသံကြားသဖြင့် သူတန့်လိုက်၏။ ညင်သာစွာ ခေါင်းလှည့်သည်။ အကြင်နာမျက်နှာကို မြင်၏။ မြင် သည့်တိုင် ရဲရဲ ကြည့်ဖို့ မဝံ့။

"မင်း . . . ကျောင်းမတက်ဘူးလား"

နူးညံ့ ငြိမ်းညောင်းသော အသံ။





သူ ခေါင်းခါသည်။

"ဆယ်တန်းနဲ့ တူတယ်၊ ဟုတ်လား"

ခေါင်းညိတ်၏။

"စောစောက ထိုတာကြိတ်တာ တစ်ခုခုများ ဖြစ်သွားသေးလား"

"မဖြစ် . . . မဖြစ်ပါဘူး၊ ဘာမှ"

"ကျေးဇူးသိပ်တင်တယ်နော်၊ တကယ်ပြောတာပါ၊ အိမ်က လိုက်ပို့မယ် ပြောရက်နဲ့ တစ်ယောက်တည်း ဇွတ်ထွက်ခဲ့တာ၊ သိများသိရင်တော့ မဟာ ပြဿနာပဲ"

နွယ်မိုးကို စကားတွေ ပြောချင်သည်။ ရင်နှင့်အပြည့်။

ရင်တွင်းစကားတွေကို မည်သို့ ပြောရမည်မသိသဖြင့် မှန်းကျပ်ရလေသည်။ အပြစ်ကင်းစင်သော ဝင်းပမျက်နှာကိုသာ မရဲတရဲ ငေးကြည့်နေမိ၏။

ထိုစဉ် ကားတစ်စီးထိုးရပ်သည်။ နွယ်မိုးအိမ်မှကားဟု သူ ချက်ချင်းသိလိုက်သည်။ နွယ်မိုး မျက်နှာထားတင်းသွားသည်။

"မိနွယ် . . . ဘာလုပ်နေတာလဲ"

မျက်နှာထားတင်းလွန်းသော အမျိုးသမီးကြီးတစ်ဦး၏ စကားသံ။

"သူငယ်ချင်းနဲ့ စကားပြောနေတာ"ဟု နွယ်မိုး ပြောသည်။ အံ့သြရလေ၏။

သူ့ကို ထိုအမျိုးသမီးကြီးက စေ့စေ့ကြည့်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အကြည့်မျိုးကိုတော့ သူရင်ဆိုင်ရဲ၏။ ရဲတင်းစွာ ပြန်ကြည့်လိုက်၏။

သူ့ထံမှ အကြည့်လွှဲပြီး . . .

"ကျောင်းမတက်ဘူးလား"

"တက်မှာပေါ့"

"ကျောင်းထဲ ဝင်ပါတော့လား"

နွယ်မိုး သူ့ကို တစ်ချက်ကြည့်သည်။ ပြီးတော့ လမ်းကို ဖြတ်ကူးသွား၏။ ကားက ဖြည်းညင်းစွာ မောင်းထွက်သည်။ ကားမောင်းသူ ဦးလေးကြီးက သူ့ကို ငဲ့မကြည့်။ ကျောင်းဝင်းထဲသို့ ဝင်သွားသော နွယ်မိုး၏ ကျောပြင်လေးကို မြင်နေရသေးသည်။ အပြေးလိုက်ချင်သော ခြေလှမ်းတွေကို ဖိနှိပ်ရ၏။ ဘာကြောင့်မှန်း မသိ၊ နွယ်မိုးကို သူသနားသွားသည်။

* * *



အခန်း(၅)

"မန္တလေးက ပြောင်းလာတာ နှစ်နှစ်ကျော်ပြီ၊ မင်းနဲ့ တွေ့ခဲ့တဲ့ အမျိုးသမီးကြီးက နွယ်မိုးရဲ့ အဒေါ်၊ သူ့အဖေရဲ့ အစ်မပေါ့၊ အမေကတော့ မရှိတာလား၊ ဘာလား မသိဘူး၊ နွယ်မိုးရဲ့အထက်မှာ အစ်မတစ်ယောက်ရှိတယ်၊ ဘွဲ့ရပြီးပြီ၊ မာနကတော့ ပြိုင်သူရှုံးမယ်၊ နွယ်မိုးက ဒုတိယနှစ် (အီး)မေဂျာ၊ တစ်မိသားစုလုံးမှာ နွယ်မိုးက တစ်ဘာသာပဲ၊ ရှိသင့်တဲ့မာနထက် ပိုတဲ့ မာန သူ့မှာမရှိဘူး၊ လူကို လူလို ဆက်ဆံတတ်တယ်၊ ပတ်ဝန်းကျင်နဲ့ စိမ်းစိမ်းမနေဘူး . . .၊ ကျန်လူတွေကတော့ ဘဝင်လေဟပ်တွေ၊ အဆိုးဆုံးကတော့ သူ့အဒေါ်ပဲ၊ အဆင့်အတန်းစကား၊ ဂုဏ်စကား၊ ငွေစကားတွေ ပြောပြောပဲတဲ့၊

နွယ်မိုးနဲ့ ပတ်သက်သမျှ ငါစုံစမ်းလို့ရတာ ဒါ အကုန်ပဲ"

မြင့်ဦး ပြောသည်။

"စုံသလောက်တော့ ရှိပါရဲ့၊ ဒါပေမဲ့ အရေးအကြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



အချက်တစ်ချက် ကျန်ခဲ့တယ်၊ မေ့နေတာများလား"

သူ့စကားကြောင့် မြင့်ဦး မျက်မှောင်ကြုတ်သည်။

"ဘာကျန်ခဲ့လို့လဲ"

သူပြုံးသည်။

"ရည်းစားရှိ မရှိ"

"ဟာကွာ၊ မင်းတယ်ညံ့တာပဲ ခိုင်ထွန်း၊ တွေးကြည့်ရုံနဲ့ သိသင့်တဲ့ကိစ္စ၊ လွတ်လပ်မှု အပြည့်မရှိတဲ့ မိန်းကလေးတစ်ယောက် အဖို့ ဘယ်လိုလုပ် ရည်းစားထားနိုင်မှာလဲ၊ အိမ်က ကားနဲ့ လိုက်ပို့ တာမကြိုက်လို့ တစ်ယောက်တည်း ကျောင်းလာတာကိုတောင် ထက်ကြပ်မကွာ နောက်ကလိုက်ကြည့်တာ မင်းကိုယ်တွေ့၊ ပြီးတော့ နွယ်မိုးကိုယ်တိုင်ကလည်း တော်ရုံတန်ရုံ လူကို ချစ်သူရည်းစားအဖြစ် လက်ခံမယ့် မိန်းကလေးမျိုး ဟုတ်မယ် မထင်ဘူး"

သူ သက်ပြင်းချသည်။

"ငါ နွယ်မိုးကို ချစ်တယ်ကွာ၊ ဘဝ အခြေခံချင်း ကွာခြား တာကို တွေးမိပြန်တော့ ချစ်ရမှာ အားနာတယ်၊

ဒါပေမဲ့ သိပ်ချစ်တယ်လို့ လေးလေးနက်နက် ပြောမယ် ငါ့စကားကို သူကြားနေကျ ကြုံနေကျ ရည်းစားစကားတွေနဲ့ ရော နှောပြီး မြင်သွားမှာ စိုးရိမ်တယ်၊ ငါ သူ့ကို ချစ်တာ တစ်သက်တာ အတွက်ပဲ၊ ပြောရင် ယုံချင်မှ ယုံမယ်"

နောက်က တကောက်ကောက် လိုက်နေသည်ကို နွယ်မိုး သိလိမ့်မည် ထင်၏။ လမ်းထိပ်လမ်းဆုံ၊ ကျောင်းပရဝုဏ်အတွင်း





ကျောင်းဝင်း၏ ပြင်ပတွေမှာ သူ့ကို နွယ်မိုး တွေ့ပေလိမ့်မည်။

ကျောင်းပို့ချိန်၊ ကျောင်းကြိုချိန်တွေမှာ ကားနောက်ခန်း တွင် နွယ်မိုးအပြင် အခြားတစ်ယောက်ယောက်က ပါလာစမြဲ။ သူ့အဒေါ် ပါလာသည်က များသည်။ ရံခါတွင် အမျိုးသမီးတစ်ယောက် ကို တွေ့ရလေ၏။ နွယ်မိုးနှင့် ရုပ်ချင်း ဆင်ဆင်တူသည်။ နွယ်မိုး အစ်မဟု ခန့်မှန်း၏။ မျက်နှာထားမှာ နွယ်မိုးထက် အဆများစွာ တင်းလွန်းသည်။

ကားပေါ်ကဆင်းတိုင်း၊ ကားပေါ်ကိုတက်တိုင်း သို့မဟုတ် သူနှင့် မလှမ်းမကမ်းမှ ကားမောင်းသွားသည့် အခါတိုင်းတွင် နွယ် မိုးကို သူ လက်ပြနှုတ်ဆက်ချင်သည်။ သို့သော် . . . ပြုံးပြဖို့ပင် အခွင့်မရ။

"စာမေးပွဲတွေလည်း နီးနေပြီ"ဟု သူ ညည်း၏။

"နီးတော့ ဘာဖြစ်လဲ၊ ပိုတောင်ကောင်းသေး၊ မြန်မြန်ဖြေ၊ မြန်မြန်အောင် ပြီးရော"

သူ သက်ပြင်းချသည်။

မနေ့က အတန်းပိုင် ဆရာမက သူ့ကို အတန်းသားတွေ ရှေ့မှာ မတ်တပ်ရပ်စေပြီး . . .

"မောင်ခိုင်ထွန်းရဲ့ အမှတ်စာရင်းတွေကို ဆရာမ အားမရ ဘူး၊ အောင်မှတ်သာသာ အမှတ်တွေမို့ ဂရုစိုက် ကြိုးစားစေချင် တယ်ကွယ်"ဟု ပြောလေ၏။

သန်းထိုက် မျက်နှာကို ကြည့်ရင်း မနေ့က အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



သတိရပြန်သည်။

မနေ့က သူ့ကို ထိုင်ခိုင်းအပြီး ဆရာမက သန်းထိုက်ကို မတ်တပ်ရပ်စေပြန်၏။ ရယ်ဖြဲဖြဲနှင့် သန်းထိုက် မတ်တပ်ရပ်သည်။ သန်းထိုက်မျက်နှာကို ကြည့်လျက် အတန်းထဲက ကျောင်းသားတွေ ပြုံးစေ့စေ့ဖြစ်ကုန်ကြသည်။ မတ်တပ်ရပ်လျက်က သန်းထိုက် သူ့ကို ငဲ့ကြည့် ပြုံးပြသေး၏။ မျက်နှာထားတည်ရန် တံတောင်နှင့် ထိ၍ သူ ပြောသည်။

သန်းထိုက်ကို စာမေးသောအခါ၊ ဒဏ်ပေးသောအခါတိုင်း ရယ်မောစရာ တစ်ခုခုနှင့် ကြုံစမြဲ။ ထို့ကြောင့် အတန်းသားတွေက ကြိုတင်၍ ပြုံးနေကြခြင်း ဖြစ်၏။ ဆရာမက သန်းထိုက်ကို တူရူ ကြည့်သည်။ သန်းထိုက် မျက်နှာထားတည်လိုက်သည်ကို သူ သိ၏။ ထိုသို့ တည်လိုက်ခြင်းပင်လျှင် ရယ်စရာ ပြုံးစရာ။

"မောင်ခိုင်ထွန်းထက်စာရင် မောင်သန်းထိုက်။ မင်းက အခြေအနေ ပိုဆိုးတယ်၊ မောင်ခိုင်ထွန်းက ဘာသာစုံ အောင်တယ် အမှတ်နည်းရုံပဲ၊ မင်းက လစဉ် လတိုင်း အင်္ဂလိပ်စာက အမှတ် နှစ်ဆယ် မကျော်ဘူး၊ ဘယ်လို ဖြစ်တာလဲ"

သန်းထိုက် ခေါင်းကုတ်သည်။ ညာဘက်ခုံတန်း အလယ် လောက်တွင် ထိုင်နေသော မြင့်ဦးနှင့် တင်မောင်နိုင်က သူ့ကို ပြုံးပြကြ၏။

"ဒါက ဒီလို ရှိပါတယ်"ဟု သန်းထိုက်က စကားပျိုးသည်။ ကျောင်းသူတွေထံမှ ရယ်သံအချို့ ကြားရ၏။





"ဘယ်လိုရှိတာလဲ၊ ပြောပါဦး"

"ကိုလိုနီခေတ်တုန်းက မျက်နှာဖြူ အင်္ဂလိပ်တွေက ကျွန်တော်တို့ မြန်မာဘာသာ၊ မြန်မာစကားကို ကျွန်ဘာသာ ကျွန် စကားလို သဘောထားခဲ့ကြတယ်၊ အဲဒါကို ကျွန်တော်က မခံနိုင် လို့ အခု သူတို့ဘာသာ သူတို့စကားကို ကျွန်ဘာသာ၊ ကျွန်စကား လို့ သဘောထားပြီး လုံးဝ လှည့်မကြည့်ဘူး၊ အဲဒါကြောင့် . . ."

စာသင်ခန်း တစ်ခန်းလုံး ရယ်မောသံတွေ လျှံသွားသည်။ ဆရာမကပါ ရော၍ ပြုံး၏။ ပြုံးလျက် . . .

"သြော် . . . လက်စသတ်တော့ စာသင်ခန်းထဲမှာ သခင်ကြီးတစ်ယောက် ရှိနေခဲ့တာကိုး"ဟု ပြောသည်။

ရယ်သံတွေဆုံးသွားမှ ဘယ်ဘာသာအပေါ် မည်သို့ပင် သဘောထားထား လေ့လာဖို့ လိုအပ်ကြောင်း၊ သိထား တတ် ထားရမှာ ဖြစ်ကြောင်း၊ တပည့်အားလုံး အောင်မြင်တတ်ကျွမ်းသူ တွေသာ ဖြစ်စေလိုကြောင်း . . . ဆုံးမစကားပြောသည်။

"ဘာပြုံးတာလဲ"

"မနေ့က အတန်းထဲမှာ မင်းပြောတဲ့ စကားကို သတိပြန် ရလို့"

သန်းထိုက် တဟားဟား ရယ်လေ၏။

"ရယ်စရာ ပြောမိတာပါကွာ၊ ပြီးတော့ . . . ငါကိုယ်တိုင် ကလည်း တကယ်ကို ကျက်လို့ မှတ်လို့မရတာ၊ အင်္ဂလိပ်စာကို"

မြင့်ဦး မျက်နှာမဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲ ဗိုက်ထဲ ဝင်တော့မယ့် အချိန်ကျမှ ဟိုစာမရတာနဲ့ ဒီစာ မရတာနဲ့ မလွယ်ဘူး၊ မင်းတို့နှစ်ယောက် ဘယ်လိုလုပ်ကြမလဲ၊ ခက်တယ်ကွာ၊ ကျူရှင်လည်း ယူရက်နဲ့"

မြင့်ဦးက စိုးရိမ်စကားဆိုသည်။

တုံ့ပြန်စကား မပြောမိ။

အခါမလပ် စွဲလမ်းစိတ်တွေ ရင်မှာဖြစ်သည်။ မစွဲလမ်းသင့်သော ကာလဟု သိနေလျက် အမေ့ခက်သည်။

အတွေးအာရုံ အမြင်အာရုံ စိတ်ကူးအာရုံတွေထဲတွင် နွယ်မိုးကို ဖျောက်မရ။ မြင်ယောင်သည့်အခါ တမ်းတသည့်အခါတိုင်း နွယ်မိုးမျက်နှာသည် ကဗျာတွေဖြစ်ခဲ့၏။ ချစ်သူ့မျက်လုံး၊ ချစ်သူ့အပြုံးသည် အလင်္ကာပန်းကုံးတွေ ဖြစ်နေလေသည်။

* * *

ခပ်ဝေးဝေးသို့ ကားရောက်သွားသောအခါ သစ်ပုပ်ပင်ကြီးအကွယ်မှ သူထွက်ခဲ့သည်။ နွယ်မိုးက သူ့ရှေ့ ခပ်လှမ်းလှမ်း . . .၊

သူလိုက်ပါလာသည်ကို နွယ်မိုး သိလိမ့်မည် ထင်သည်၊ အခါတိုင်း ဓာတ်တိုင်တစ်တိုင် အကွာမှ သူလိုက်ပါလေ့ရှိ၏၊ သည်နေ့ အရဲကိုးဖို့ သူဆုံးဖြတ်သည်။

အပါးသို့ ရောက်လုလုတွင် ရင်ခုန်၏။ ခြေလှမ်းကို နှေးလိုက်မိပြန်သည်။ တစ်စုံတစ်ယောက် သို့တည်းမဟုတ် အခြားသူ





တွေ သူ့ကို ကြည့်နေမလား တွေးထိတ်၏။ ခက်ထန်စွာ တုံ့ပြန်မှာကိုလည်း စိုးသည်။

ဝန်းကျင်ကို သတိပြုကြည့်မိသည်။ ရယ်မောနေသော ကျောင်းသားတွေ၊ အုပ်စုဖွဲ့၍ ထိုင်နေသူတွေ၊ သွားလာနေသော ကျောင်းသား, ကျောင်းသူတွေကို တွေ့၏။ လေပြည် တစ်ချက်သွေ့သည်။ ကံ့ကော်ရနံ့ဟု သိ၏။ အသက်ကို တစ်ဝ ရှိုက်သည်။ ခြေလှမ်းကို မြန်လိုက်သည်။ နွယ်မိုးနှင့် ယှဉ်လျက် အနေအထား။ အသက်ရှူကျပ်သည်သို့ ခံစားရလေသည်။

"ဩော် . . ."

အပြုံးတစ်ပွင့်ဖြင့် နွယ်မိုး နှုတ်ဆက်သည်။ မရဲတရဲ သူပြန်ပြုံး၏။

"နွယ်မိုး . . . တစ်ယောက်တည်းလား" အသံတုန်သွားမှန်းကိုယ့်ကိုယ်ကို သိသည်။

"တစ်ယောက်တည်းပဲ ဆိုပါတော့၊ တစ်အောင့်ကြာမှ သူငယ်ချင်းတွေ ရောက်မှာ၊ မင်းကော . . . ဘယ်က လှည့်လာလဲ၊ ကျောင်းမတက်ဘူးလား"

"တစ်လလောက်နေရင် စာမေးပွဲ ဖြေရတော့မှာမို့ ကျောင်းမတက်တော့ဘူး၊ ဟိုဒီလျှောက်သွားနေတာ"

"စာတွေကျက်ပြီးရောပေါ့"

သူ ခေါင်းယမ်းသည်။

"ကျက်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ၊ အခက်အခဲ ရှိလို့လား၊ နွယ်မိုး ဘာကူညီရမလဲ"

"ကိစ္စမရှိပါဘူး၊ ရပါတယ်၊ စာကျက်လို့မရတာ တစ်ခုခုကြောင့်ပဲ ဆိုပါတော့"

အကြည့်ဆုံသည်။ စက္ကန့်များစွာထက် ကြာမြင့်သော အကြည့်။

"မင်းနာမည် ဘယ်သူ"

"ခိုင်ထွန်း"

'မင်းကိုကြည့်ရတာ လမ်းသရဲတစ်ယောက်လိုပဲနော်"

ခြေလှမ်းရပ်မတတ် ဖြစ်စေသော စကား။

"တခြားသူတွေက ကျွန်တော်ကို လမ်းသရဲလို့ပြောရင် ကျွန်တော် သိပ်စိတ်ဆိုးတတ်တယ်"

"ဆောရီးနော်၊ နွယ်မိုးက တူတယ်လို့ ပြောတာပါ၊ လမ်းသရဲမဟုတ်မှန်း သိပါတယ်၊ စိတ်မဆိုးနဲ့နော်"

"ဟုတ်ကဲ့"

"အိမ်ဝင်းထောင့် မြောင်းအုတ်ခုံပေါ်မှာ ည ည ဂစ်တာလာတီးတာ မင်းတို့အုပ်စုလား"

သူ့သီချင်းသံကို ကြားမှာပဲဟု တွေးလျက် ရင်တွင်ကြည်နူးသည်။ ကြည်နူးစိတ်နှင့် ခေါင်းညိတ်လိုက်၏။

"ညဥ့်မနက်စေနဲ့ပေါ့၊ ပတ်ဝန်းကျင်က ပြောစရာ ဖြစ်မယ်၊ အထူးသဖြင့် ဂစ်တာကိုင်သူမှန်သမျှ လူကြီးတွေက လမ်းသရဲ





လို့ ယူဆနေတာ"

ထိုစကားကြောင့် ရင်တွင် ပီတိဖြစ်သည်။ ထိုစဉ် . . . အာစီထဲမှ နွယ်မိုး၏ သူငယ်ချင်းနှစ်ယောက် ထွက်လာသည်ကို သူတွေ့၏။

"ကျွန်တော် သွားဦးမယ်"

"ကောင်းပြီ၊ စာမေးပွဲဖြေနိုင်ပါစေလို့ ဆုတောင်းပေးတယ်နော်"

"ကျေးဇူးပဲ" ဟုပြောပြီး လှည့်ထွက်ခဲ့သည်။ ရင်ခုန်သံတွေကို အပျော်ဂီတဟု ခံစားရ၏။ ခြေလှမ်းတွေ ပေါ့ပါးသွားလေသည်။

* * *

*အို . . . အသည်း ဓားနဲ့ခွဲလို့ထား*
*ငွေလမင်း အသည်းလေးကိုယူပြီး ပျော်မလား*
*ငါ့အသည်း ငြိမ်းချမ်းရေးအတွက်သာ လှူထား*
*တစ်ကမ္ဘာလုံး ငြိမ်းချမ်းမှုတရားကို လိုလား . . .*

သန်းထိုက်က မျက်နှာကို တမင်ရှုံ့သည်။ သီချင်းဆိုရင်းက သန်းထိုက်မျက်နှာကို ကြည့်ပြီး သူရယ်ချင်၏။ ရယ်ချင်စိတ်ကို ထိန်းပြီး သီချင်းကို ဆက်ဆိုသည်။

*ဗီယက်နမ်ပြည်သူများ*



www.burmeseclassic.com

www.burmeseclassic.com



လယ်ထွန်ချိန် မထွန်အား

ဗီယက်နမ်ပြည်သူများ

စာသင်ချိန် မသင်အား၊

အား. . .

သန်းထိုက်က နားနှစ်ဖက်ကို စုံပိတ်သည်။ မြင့်ဦးက ဂစ်တာတီးရင်း ပြုံး၏။ သူက ဂစ်တာတီးနေရင်း သန်းထိုက်ကို တံတောင်နှင့် တွက်၏။

အို . . . သေနတ်နဲ့ ဓားတွေကို ကိုင်ထား

ဗီယက်ကောင်း အသည်းနှလုံးတွေ တင်းမာနေပလား

ဗီယက်နမ်ပြည်သူများ

လယ်ထွန်ချိန် လယ်ထွန်သွား

စာသင်ချိန် စာသင်သွား

ငါ့အသည်းမှာ တကယ်လိုလား

အား . . .

သီချင်းဆုံးသည်နှင့် ဂစ်တာအတီးကို ရပ်ပစ်လိုက်သည်။ မြင့်ဦးက ခဏကြာမှရပ်၏။

"သန်းထိုက်၊ မင်း မနှောင့်ယှက်နဲ့ကွာ၊ မင်း ဆိုချင်ဆို ရော့ . . ."

ဂစ်တာကို လှမ်းပေးလိုက်သည်။ သန်းထိုက်က လက်ကာရင်း . . .

"မင်းကို နှောင့်ယှက်တာ မဟုတ်ဘူး၊ မင်းဆိုတဲ့ သီချင်း





ကိုလည်း မင်းပြန်စမ်းစစ်ကြည့်ပါဦး၊ ဒါ နွယ်မိုးရဲ့ အိမ်ရှေ့ ဗီယက်နမ် စစ်တလင်း မဟုတ်ဘူး"

သူနှစ်သက်သော သီချင်း။ သိဒ္ဓတ္ထလှိုင် ရေးဖွဲ့ပြီး မောင်ငြိမ်းချမ်း သီကျူးသော ငြိမ်းချမ်းရေးတရား သီချင်း။ အဓိပ္ပာယ် အပြည့်အဝဖြင့် နွယ်မိုးကြားအောင် သီဆိုခြင်းဖြစ်၏။ ဒါကို သန်းထိုက် မသိ။

"တစ်ကမ္ဘာလုံးမှာ ငြိမ်းချမ်းရေးဟာ သိပ်အရေးကြီးတယ် ဆိုတာ မင်း မသိဘူးလား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ . . .၊ ကမ္ဘာသူ ကမ္ဘာသားတွေကိုတောင် ငြိမ်းချမ်းစေချင်တာ၊ ကိုယ့်ချစ်သူရဲ့ဘဝလည်း ငြိမ်းချမ်းစေချင်တာ ပေါ့ကွ၊ ဒါကြောင့် ဒီသီချင်းကိုဆိုတာ . . . မှတ်ထား"

"နွယ်မိုး ငြိမ်းချမ်းရင် ငါ ငြိမ်းချမ်းတယ်၊ ဗီယက်နမ်ပြည်သူတွေ ငြိမ်းချမ်းရင် ငါ ငြိမ်းချမ်းတယ် ဒါပဲ"

မြင့်ဦးက "မှန်တယ်"ဟု ထောက်ခံလေ၏။

"ငါကတော့ နောက်ပိုး ပိုးတဲ့ နေရာမှာ ဒီသီချင်းဆိုတာ ကြောင်တယ်လို့ ထင်တာပဲ"ဟု သန်းထိုက် ပြောပြန်၏။

"မင်းက ကမ္ဘာလောကကြီးနဲ့ ကင်းကွာပြီး ချစ်သူ မျက်နှာကိုသာ ကွင်းကွင်းကွက်ကွက်မြင်မယ့် တစ်ကိုယ်ကောင်းသမား"ဟု သူ ပြောလိုက်သည်။

မြင့်ဦး ရယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နွယ်မိုး၏ အိမ်ပြတင်းဝသို့ မျှော်ကြည့်မိသည်။ ညရောင်ခြည်အကြား မှုန်ပြပြ မှောင်ရီဝိုးတဝါး။

"ဆယ်နာရီထိုးပြီ၊ ပြန်ကြစို့ ခိုင်ထွန်း၊ စာကျက်ရဦးမယ်၊ မင်းနွယ်မိုးလည်း အိပ်ပျော်နေရောပေါ့"

မြင့်ဦးကို ခေါင်းညိတ်ပြ၏။ သန်းထိုက်က သူ့ထံမှ ဂစ်တာကို လှမ်းယူ၏။ အုတ်ခုံပေါ်မှ ခုန်ဆင်းလိုက်၏။ ကမ်းနားလမ်းဘက်မှ လေပြည်စိမ့်စိမ့်သွေ့သည်။ ပြည့်ပြည့်ဝဝ မချမ်းမြေ့။

* * *



အခန်း(၆)

စာမေးပွဲဖြေပြီးသည်မှာ လေးငါးခြောက်ရက်။

စာမေးပွဲ ဖြေနေစဉ်၊ စာကျက်နေစဉ်တွေမှာ နွယ်မိုးကို သတိရခဲ့သည့်ကာလတိုင်း၌ အလွမ်းအားတွေ မပြေပျောက်ခဲ့ချေ။

ရင်တွင်းမှစကားကို စာဖြင့်ရေးထား၏။ နွယ်မိုး ဖတ်စေချင်သည်။

မှတ်တမ်းစာအုပ်လေးထဲတွင် စာခေါက်လေးကို ညှပ်ထားသည်။ ထိုမှတ်တမ်းစာအုပ်လေးထဲမှာလည်း စတင် တွေ့မြင်သည့်နေ့မှ လက်ရှိကာလအထိ ခံစားရသမျှကိုရင်ဖွင့် ရေးသားထားသည်။ ကဗျာအချို့လည်း ပါဝင်၏။

နွယ်မိုး လှမ်းလာသည်ကို မြင်၏။ ရင်အခုန်မှန်စေရန် အသက်ကို တစ်ဝ ရှူမိသည်။ ဂျပ်ဆင် အဆောင်အအုံ၏ နောက်ခံဖြင့် နွယ်မိုး လွန်စွာလှပသည်။ သူ့ကိုမြင်သည်နှင့် နွယ်မိုး ပြုံးပြ၏၊ ရင်ငြိမ်းစေသော အပြုံး။

"ဘယ်နှယ့်လဲ၊ စာမေးပွဲဖြေနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းယမ်းသည်။

နွယ်မိုး မျက်ခုံးတွန့်၏။

"မဖြေနိုင်ဘူး . . . ဟုတ်လား"

သူ ခေါင်းညိတ်သည်။

"နွယ်မိုးကို လွမ်းနေလို့" ဟု ဖြေချင်သည်။ နှုတ်မှမထွက်။

"နွယ်မိုးသာ ကူညီလို့ရရင် သိပ်ကောင်းမှာပဲ"

ပြုံးသည်။ ကျေးဇူးတင်သော အပြုံး။

"အောင်ချင်တာတော့ ရှုံးမတတ်ဘဲ၊ ဒါပေမဲ့ စာကျက်ချင်စိတ် မရှိဘူး၊ အခုတလော ပိုဆိုးတယ်၊ ကျွန်တော့် ကံလို့ထားလိုက်ပါတော့"

"သူငယ်ချင်းတွေနဲ့ ဒီနားမှာ ချိန်းထားတယ်"ဟု ပြောပြီး ရေတမာပင် တစ်ပင်၏ အနီးတွင် နွယ်မိုးရပ်သည်။ သူပါ ခြေလှမ်း တုံ့၏။

"ကျွန်တော် နွယ်မိုးကို ဒီစာအုပ်လေး ပေးချင်တယ်"

စာအုပ်ကို တင်းကျပ်စွာ ကိုင်ထားသော်လည်း လက်တွေ တုန်နေသည်။ တစ်ကိုယ်လုံးလည်း ထူပူနေသည်မှန်း ကိုယ့်ကိုယ်ကို သိ၏။

"ဘာစာအုပ်လဲ၊ ရည်းစားစာများလား"

အဖြေရခက်စေသော အမေးစကား။

"ဟုတ်တယ်လို့ ပြောလိုက်ရင် မယူမှာ စိုးတယ်၊ ဒါပေမဲ့ ယူပါလို့ အနူးအညွတ် ကျွန်တော် တောင်းပန်ပါတယ်"





လှပစွာ ပြုံးသည်။

"မေးမယ်နော်၊ စိတ်မဆိုးနဲ့"

"အောင်ဝင်းဆိုတဲ့လူက နီးစပ်ခွင့်မရလို့ သူ့တာဝန်ကို မင်းက ဆက်ယူတာလား"

ကြေကွဲစွာ ခံစားလိုက်ရသည်။ အဖြေစကားကို ချက်ချင်း မတုံ့ပြန်မိ။

လက်ထဲမှ စာအုပ်ငယ်ကို ငုံ့ကြည့်ရင်း . . .

"နွယ်မိုးအနေနဲ့ ဒီလိုမေးလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ နွယ်မိုးမေးသလို မဟုတ်ဘူးလို့ပဲ ရိုးရိုးသားသား ဖြေပါရစေ၊

အောင်ဝင်းနဲ့ အဖော်လိုက်ခဲ့တဲ့နေ့ကမှ နွယ်မိုးကို ကျွန်တော် မြင်ဖူးတာပါ။ မြင်မြင်ချင်းလည်း သံယောဇဉ်ဖြစ်မိတယ်၊ ဘာကြောင့်မှန်းမသိဘူး သံယောဇဉ်ဖြစ်မိလို့လည်း မမြင်ရင် မနေတတ်တော့ဘူး၊

အမှန်အတိုင်း ပြောရရင် . . .

နွယ်မိုးကို ကျွန်တော် အိပ်မက်တောင် မက်ဖူးတယ်၊ လွမ်းတယ်လို့ ခေါ်မလား မသိဘူး၊ ကျွန်တော် နွယ်မိုးကိုချစ်တယ်"

ခေါင်းငုံ့သွားသည်။

အရှက်မျက်နှာကိုကြည့်ရင်း အားနာမိသည်။ ခက်ထန်စွာ ပြန်မှာကိုလည်း စိုးသည်။

ဖြူနုသော လည်တိုင်တွင် ရွှေဆွဲကြိုးလေးကိုတွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



သည်ထောင်အင်္ကျီလက်ပြတ်လေးနှင့် ဝင်းဝါသောအသားအရည်
အလွန်ပင် လိုက်ဖက်သည်။

ချိတ်ထဘီကို ခြေမျက်စိ၏ အထက်နားအထိ ဝတ်ဆင်
သည်။ ခြေခုံဖြူနုနုလေးနှင့် တင့်တယ်သော ရွှေခြေချင်း တစ်စုံကို
အမှတ်ရစွာ ငုံ့ကြည့်မိသည်။

"ဒီစာအုပ်ကို ယူပါနော် . . . နွယ်မိုး"

ခေါင်းကိုငုံ့ထားလျက် . . .

"မင်းရဲ့သဘောထားကို သိရပြီပဲ၊ ဖတ်စရာမလိုတော့ပါ
ဘူး"

"လိုတယ် နွယ်မိုး၊ နှုတ်တစ်ရာ စာတစ်လုံးတဲ့၊ ရင်ထဲက
စကားတွေကို ကျွန်တော် ပါးစပ်က ပြည့်ပြည့်စုံစုံ မပြောတတ်ဘူး။

ဒီစာအုပ်လေးထဲမှာ ရင်ထဲကရှိသမျှတွေ ရေးထား
တယ်၊ ဒါတောင် တချို့နေရာတွေမှာ ရင်ထဲက ဝေဒနာ အတိုင်း
အဆကို အရှိအတိုင်း ဖော်ပြဖို့ ဝေါဟာရတွေ လိုနေသေးတယ်၊
တောင်းပန်ပါတယ် နွယ်မိုးရယ် . . . ကူညီတဲ့ အနေနဲ့လက်ခံပါ"

ငုံ့လျက် ခေါင်းယမ်းသည်။

သူ သက်ပြင်းချ၏။

"ယူပါ နွယ်မိုးရယ်၊ ကျွန်တော် အတင်းအကျပ် မပေးချင်
ဘူး၊ နွယ်မိုး ကြွေကို ထိခိုက်မှာ စိုးတယ်၊ နော် . . ."

ဖယောင်းလက်သွယ်ကို ညင်သာစွာကိုင်သည်။ စာအုပ်
ငယ်ကို လက်ထဲသို့ မရဲတရဲထည့်၏။ မရုန်းဖယ်သဖြင့် ကြည်နူး





သည်။

"မမြင်ကွယ်ရာကို ရောက်မှ ဒီစာအုပ်ကို နွယ်မိုး ကြိုက်
သလိုလုပ်ပါ၊ ကျွန်တော့်ရှေ့မှာတော့ လွှင့်မပစ်ပါနဲ့နော်၊
ကျွန်တော် သွားတော့မယ်"

နွယ်မိုး ခေါင်းညိတ်သည်။

"ကျွန်တော် အမြဲတမ်း မျှော်လင့်နေပါ့မယ်"

ပြောပြီး လှည့်ထွက်ခဲ့သည်။ ခပ်လှမ်းလှမ်းအရောက်တွင်
လှည့်ကြည့်မိသည်။ နွယ်မိုး ခေါင်းငုံ့ထားဆဲရှိ၏။

ကြင်နာကြည့်ဖြင့် နှုတ်ဆက်လိုက်သည်။ ခြေလှမ်းတွေ
ကြည်နူးနေမှန်း ကိုယ့်ကိုယ်ကို သိ၏။

အသည်းထောင့်ကြား၊ သိမ်းဆည်းထားသော
စကားတစ်ဆစ်၊ မဖွင့်လှစ်ဘဲ
ချစ်အားငယ်ငယ်၊ ပြောမလွယ်၍
လွမ်းမျိုးတစ်ရာ ပြည့်လုပြီ။

ဟူသော ကဗျာဆရာ အေးငွေ၏ ကဗျာလေးကို သတိ
ရသည်။ တိတ်တခိုး၏ ဖွင့်အံ့ခြင်းကို စိတ်ဆိုးမှာလား နွယ်မိုး။

* * *

ပိတောက်ပန်းတွေ ဝေ၏။

စိတ်ကူးဖြင့် ပန်ဆင်ထားသော ပိတောက်ပန်း ခက်တွေ၊
နွယ်မိုး၏ ကေသာပေါ်မှာ ဝေဆာပျော်ပိုက်နေလေ၏။

သင်္ကြန်အကြိုနေ့ကတည်းက နွယ်မိုးကို မျှော်စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ အရိပ်မျှမတွေ့။ စိတ္တဇနေ့တွေ၊ အိပ်မရ ညတွေ များလွန်းနေကြောင်း နှစ်ကိုယ်တွေ့၍ ပြောချင်သည်။ ပြောခွင့် မကြုံသေး။

"မနက်ဖြန် နှစ်ဆန်းတစ်ရက်၊ ဒီနေ့မှ နွယ်မိုးကို ရေလောင်းခွင့် မရရင် ငါတော့ ဖီလင်ပဲ"

အုတ်ခုံပေါ်သို့ ခုန်တက်ရင်း သူ ပြောသည်။ သန်းထိုက်က ရေပုံးထဲမှ ရေကို လက်ထဲမှ ရေဖလားဖြင့် ကမန်းကတန်း ခပ်သည်။ . . . . လမ်းအတိုင်း ဆင်းလျှောက်လာသော မိန်းကလေးသုံးယောက်ထံသို့ အပြေးသွားပြီး ရေလောင်း၏။ တင်မောင်နိုင်ကလည်း ရေတစ်ခွက်ခပ်ပြီး နောက်က လိုက်သွားသည်။

"မနက်စောစောက နွယ်မိုး အပြင်ထွက်သွားတာ ငါမြင်တယ်၊ သူ့အစ်မကော သူ့အဒေါ်ရော ပါတယ်၊ ငါ့ကိုတောင် နွယ်မိုး ဝေ့ခနဲကြည့်သေးတယ်"ဟု မြင့်ဦးပြောသည်။

"ကားနဲ့ သွားတာလား"

"မဟုတ်ဘူး၊ ခြေကျင်သွားတာ၊ ဥပုသ်သွားစောင့်တာလား မသိဘူး၊ သူ့အဒေါ်လက်မှာ ပုတီးပတ်ထားတယ်"

သန်းထိုက်နှင့် တင်မောင်နိုင် အုတ်ခုံ ရှိရာသို့ ပြန်လာသည်။ သန်းထိုက်က ရေပုံးထဲကရေတွေ ကိုယ်ပေါ်သို့လောင်းချရင်း. . .

"ခိုင်ထွန်း ချမ်းတယ်ကွာ၊ အရက်သောက်ရအောင်"

မြင့်ဦးက သန်းထိုက်ကို ငဲ့ကြည့်သည်။

"နေဝင်သွားလို့မှ နွယ်မိုးကို ရေလောင်းခွင့် မရခဲ့ရင်





စိတ်အညစ်ပြေအောင် သောက်မယ်၊ ကံကောင်းလို့ ရေလောင်းခွင့်ရရင်တော့ လုံးဝမသောက်ဘူး၊ မင်းဘာသာ သောက်ချင်သောက်"

"တော်တော်တရားမျှတတဲ့ စကားပဲ" ဟု သန်းထိုက်ပြောသည်။ သူ ရယ်လေ၏။

သန်းထိုက်က သူ့ကို အသေအချာ စိုက်ကြည့်သည်။ ပြီး. . .

"သိကြားမင်းက ဒီနေ့တက်မှာနော်"

"အင်းလေ၊ ဒီနေ့ အတက်နေ့ပဲ"

"တယ်လီဖုန်းရှိရင် ကောင်းမယ်"

မျက်နှာတည်နှင့် ပြောနေသဖြင့် တစ်ခုခု အရွှန်းဖောက်တော့မည်ကို သိသည်။ သိလျက်. . .

"ဘာလုပ်ဖို့လဲ"

"သိကြားမင်း ရန်ကုန်မှာ တည်းမယ်ထင်တယ်၊ သူ့ဆီကို ဖုန်းဆက်မလို့ . . .၊ မနက်ဖြန် ညကျမှ ပြန်တက်ပါဆိုတဲ့အကြောင်း . . .

နို့မို့ရင် စောစောပြန်တက်ရကောင်းလားဆိုပြီး ကျိန်ဆဲနေမယ့် အကောင်တစ်ကောင် ရှိနေတယ်လေ"

မြင့်ဦးက တဟားဟားရယ်၏။ သန်းထိုက်၏ဘယ်ဘက်သက်မောင်းရင်းကို သူထိုးသည်။ ဖွဖွ။

တင်မောင်နိုင်က ပြုံးလျက် ရေပုံးထဲကို ရေဖြည့်နေသည်။ ခပ်လှမ်းလှမ်းမှ ကလေးငယ်တွေ၊ ရွယ်တူ မိန်းကလေးတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေ၏ ရယ်သံတွေ ကြားရသည်။ ဖြတ်မောင်းသွားသော ရေပက်ခံ ဂျစ်ကားတစ်စီးကို သူလက်ပြ၏။ ကားပေါ်မှ ဘောင်းဘီရှည်ဝတ်ထားသူတွေကို ငေးကြည့်ရင်း မြင့်ဦးက . . .

"ငါတို့ခေတ်လူငယ်တွေ ပရက်စလေတို့၊ ကလစ်ရစ်ချက်တို့လို ဝတ်စားလာကြပြန်ပြီနော်၊ သန်းထိုက်ကို ကြည့် . . .၊ သူ ဝတ်ထားတာ ပရက်စလေဝတ်တဲ့ အကျီပုံစံ"

မြင့်ဦး စကားကြောင့် သန်းထိုက်က လက်သီးကိုဆုတ်၍ သီချင်းဆိုဟန်ပြုသည်။

"အင်း . . . အဲဒါကမှ တကယ်တူတာ။ အူနေတဲ့ပုံစံလေ"

တစ်အုပ်စုလုံး ဝါးခနဲ ရယ်မောမိကြ၏။ သူတော်တော်နှင့် အရယ်မရပ်။ ရယ်မောနေကြစဉ် . . .

"ဟာ"

သက်ရှိ သက်မဲ့ အရာဝတ္ထုအားလုံး ကမ္ဘာလောက၏ ပြင်ပသို့ လွင့်ပျံသွားသည်ဟု ခံစားရသည်။ ပွင့်ဝေနေသော ပိတောက်တွေ ဦးငုံ့သွား၏။

"ဟို . . . ဟိုမှာ နွယ်မိုး"

သူမျက်နှာမူရာသို့ သူငယ်ချင်းတွေ ငဲ့ကြည့်ကြသည်။ ညင်သာလှမ်းလျှောက်လာသော ခြေလှမ်းရှင် နွယ်မိုးကို တွေ့သည်။ နံဘေးမှ သူ့အစ်မတစ်ယောက်တည်း။ သန်းထိုက်လက်ထဲမှ ရေဖလားကို သူ လှမ်းယူသည်။ ရေအပြည့်ခပ်၏။ မြင့်ဦးနှင့် အကြည့်ဆုံသည်။





"မင်း တစ်ယောက်တည်းပဲသွား၊ ငါတို့ပါရင် မသင့်တော်ဘူး၊ သွားရဲတယ်မို့လား . . . တစ်ယောက်တည်း"

"ကြောက်တတ်ရင်တောင် ကြောက်နေလို့မှ မဖြစ်တော့ဘဲ"ဟု ပြောပြီး သူ ထွက်ခွာခဲ့သည်။

အိမ်ခြံဝင်းအနီးတွင် နွယ်မိုးနှင့်ဆုံသည်။ နွယ်မိုး သူ့ကို ကြည့်သည်။ ရင်းနှီးမှုတွေ အပြုံးအရယ်တွေကို ဖုံးကွယ်ထားမှန်း သိစေသော အကြည့်။

"ရေလောင်းမယ်နော်"

ပြောပြီး နွယ်မိုး၏ပခုံးထက်မှ တစ်စိမ့်စိမ့် လောင်းရ၏။ ရေတွေ လျှင်မြန်စွာ ကုန်သွားမည်ကို စိုးမိသည်။ နွယ်မိုး၏ အစ်မက သူ့ကိုကြည့်သည်။ စူးရှမာနအကြည့်။

ရေကုန်လုလုတွင် ခြံဝင်းတံခါးဝသို့ ရောက်လာသည်။

နွယ်မိုး၏ အစ်မက တံခါးဝဆီသို့ အရင်ရောက်၏။ နွယ်မိုးနှင့် ခပ်လှမ်းလှမ်း။

ရေကုန်သွားသောအခါ ရေဖလားကို ပြန်ရုပ်လျက်. . .

"နွယ်မိုး အတာရေလို အေးပါစေနော်"

ဟုသူပြောသောအခါ ဦးငုံ့လျက် နွယ်မိုး ခေါင်းညိတ်၏။ လှမ်းချင်လှမ်းချင် ခြေလှမ်းတွေနှင့် သူလှမ်းထွက်ခဲ့သည်။ နှုတ်ဆက်စကားပင် မပြောသင့်သော အချိန်အခါဟု သူနားလည်သည်။

နွယ်မိုး၏ အစ်မ သူ့ကို ကြည့်နေလိမ့်မည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘင်ပြာတွင် တိမ်လိပ်တွေ ဟိုတစ်စု သည်တစ်စု။

* * *

## အခန်း(၇)

ထွေးထွေး၏အိမ်တွင် စာလာကျက်နေသည်မှာ လေးငါးရက်။ ခိုင်ထွန်း ဘယ်လိုလုပ် သိသည်ကို မတွေးတတ်ချေ။

ထွေးထွေး၏ တိုက်အိမ်ပေါ်မှနေ၍ ခိုင်ထွန်းကို နွယ်မိုးလှမ်းမြင်နေရသည်။ ကုက္ကိုပင်အောက်တွင် တစ်ယောက်တည်း။ ထွေးထွေးနှင့် စာကြည့်စားပွဲတွင် အတူထိုင်ပြီး စာကျက်နေရသော်လည်း စိတ်မဖြောင့်။ ဘာကြောင့်မှန်းမသိ ခြံဝင်းဝသို့ ခဏခဏ ကြည့်မိသည်။

"မင်း ချာတိတ် ရောက်နေပြီနဲ့ တူတယ်"

ဟုထွေးထွေးပြောသည်။ ပြုံးလျက် နွယ်မိုး ခေါင်းညိတ်သည်။

အပြင်တွင် မိုးဖွဲဖွဲ ကျလာသည်။

"သနားပါတယ် ကိုယ်ခေါ်လိုက်ရမလား၊ အိမ်ထဲကိုလာဖို့ . . ."





"မခေါ်ပါနဲ့ကွာ၊ မင်းမိဘတွေ ကိုယ့်ကို တစ်မျိုးထင်နေပါ့မယ်၊ ဘာဖြစ်လို့များ ဒုက္ခခံနေရတာလဲ မသိဘူး"

"ရပ်စောင့်နေလို့ စကားပြောခွင့်ရမှာမှ မဟုတ်တာ။ အိမ်က လိုက်ပို့ လိုက်ကြိုနေတာ သူအသိ . . ."

မိုးက ပြင်းပြင်းရွာလာသည်။ ထွေးထွေးက မှန်ပြတင်းကိုပိတ်၏။ ပြီးနောက် နွယ်မိုး၏ နံဘေးတွင် လာထိုင်ရင်း . . .

"မိုးရွာနေတာတောင် မပြန်သေးဘူး"

"မင်းချာတိတ်ကတော့ လူဇော်ပဲ"

နွယ်မိုး သက်ပြင်းချသည်။ ကျက်မှတ်နေသော စာအုပ်ကိုပိတ်လိုက်၏။

"နွယ်မိုး"

"ဘာလဲ ထွေးထွေး"

"မင်း အဲဒီ ချာတိတ်အပေါ်မှာ ဘယ်လိုသဘောထားလဲ၊ မင်းကိုကြည့်ရတာ သံယောဇဉ်မကင်းနိုင်တဲ့ပုံ"

"ဘယ်လို သဘောထားရမယ်ဆိုတာ မပြောတတ်ပါဘူးကွာ၊ ကိုယ့်အသိုင်းအဝိုင်းအကြောင်းကို မင်းလည်း အသိပဲ . . .

ဆုံးဖြတ်ချက် ပြတ်သားမှ ခိုင်မြဲမယ့်ကိစ္စမျိုး၊ ကိုယ်သူ့ကို မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိတာအမှန်ပဲ၊ ဘာကြောင့်လဲတော့ မသိဘူး၊ သူ့ကို ကိုယ်အထင်ကြီးတယ်။ ပြီးတော့ သူ့မျက်နှာလေးကို မြင်ရရင် အလိုလိုနေရင်း သနားစိတ်ဝင်တယ်'

ပြောရင်း ပြတင်းပေါက်ဘက်သို့ ငဲ့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိမ်ကို လာလာနေတဲ့ ဟိုရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဆိုတဲ့ ငနဲ ဇော်မင်းထင် ထက်တော့ မင်းချာတိတ်က အစစ သာတယ်၊ ဂုဏ်မနေက လွဲရင်ပေါ့ . . .၊

မင်းချာတိတ်က မဟုတ်မခံ၊ ဘာမထီပုံစံ၊ ယောက်ျား ပီသတာတော့ အမှန်ပဲ၊ လမ်းသရဲလေးလို နေတာတော့ ဆိုးတယ်"

"အင်းနော် . . . အကြောင်းမသိတဲ့ သူဆိုရင် ရမ်းကား တတ်တဲ့ လူတစ်ယောက်လို့ အထင်ခံရမှာပဲ၊

ကိုယ့်ဆွဲကြိုး အဖြတ်ခံရတဲ့နေ့က သူ့ကို အန်တီမြ မြင်ဖူးလိုက်တယ်၊ သူ့ကြောင့် ဆွဲကြိုးပြန်ရတာကို ကိုယ်ပြောတော့ အန်တီမြ မျက်နှာထားက မယုံတစ်ဝက် ယုံတစ်ဝက်"

ထွေးထွေးက စားပွဲပေါ်မှ နာရီကိုကြည့်သည်။

"မင်းအိမ်က ကားလာတော့မယ်ထင်တယ်၊ ဆယ့်တစ်နာရီ ထိုးပြီ"

နွယ်မိုးက စာအုပ်တွေကိုစီရီရင်း . . .

"မိုးကသည်းလိုက်တာ . . ." ဟု ညည်းပြော ပြော၏။

ကားဟွန်းသံကို ကြားသည်။ ထွေးထွေးက နွယ်မိုးနှင့် ပြိုင်တူရပ်၏။ အောက်ထပ်ကို ဆင်းခဲ့ကြသည်။

"ခြံဝအထိ လိုက်ပို့မယ်လေ" ဟု ထွေးထွေးပြောသည်။

"ရတယ် ကိုယ့်မှာ ထီးပါတယ်"ဟု ပြောပြီး ထီးဖွင့်သည်။

ကားအနီးသို့ ရောက်သောအခါ နွယ်မိုး၏ အစ်မ အေးအေးမြတ်က ကားတံခါးကို ဖွင့်ပေး၏။ ကားအတွင်းသို့





ဝင်လုလုတွင် ခပ်လှမ်းလှမ်းရှိ ကုက္ကိုပင်သို့ အကြည့်ရောက်သည်။ မိုးရေတွေ စိုရွှဲနေသော ခိုင်ထွန်းကို တွေ့၏။ အမည်မသိ ဝေဒနာ ရင်မှာ ဖြစ်သည်။

အကြည့်ကိုလွှဲပြီး ထီးပိတ်လိုက်သည်။ ကားထဲသို့ ရောက်သောအခါ တစ်ချက်ငဲ့ကြည့်မိပြန်၏။

အပါး၌ နွယ်မိုး၏အစ်မ အေးအေးမြတ်သာ မရှိလျှင် ခိုင်ထွန်းအား ထီးသွားပေးမိပေမည်။ အရင်းခံ သနားစိတ်ကြောင့် ခိုင်ထွန်းကို ချစ်မိပြီဖြစ်ကြောင်း ရုတ်ချည်း ဆုံးဖြတ်လိုက်၏။ နှလုံး အသည်း၏ မမှားသော ဆုံးဖြတ်ချက်ဟု နွယ်မိုး ယုံကြည်သည်။

ကားက ရွေ့စပြုသည်။ မိုးက သည်းသည်းရွာ၏။ လေ ပြင်းသော မိုး . . .။

* * *

ချာတိတ် . . .။

ချာတိတ်လို့ ခေါ်တာ စိတ်မဆိုးဘူးလို့ နွယ်မိုးထင် တယ်။

ချာတိတ်က နွယ်မိုးထက် အသက်နည်းနည်းငယ် မယ်လို့ ယူဆတယ်လေ။

သူငယ်ချင်းတွေကလည်း ခိုင်ထွန်းကို ချာတိတ် လို့ပဲ ခေါ်ကြတယ်။ ကလေးလေးနဲ့ တူတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



**စကားပြောချင်တယ်။ ရင်ဖွင့်တိုင်ပင်ချင်တယ်။**
**မနက်ဖြန် စောင့်နေနော်။**

**(နွယ်မိုး)**

စာကိုပြန်ခေါက်ပြီး မြင့်ဦးက သူ့ကိုပေးသည်။ တော်လှန်ကဗျာစာအုပ်ထဲသို့ ညင်သာစွာ ညှပ်လိုက်၏။ ညီမလေး ဖြူဖြူခိုင်က သူရေးဖွဲ့ထားသော ကဗျာတွေကို ခပ်လှမ်းလှမ်းမှာ ထိုင်ဖတ်နေသည်။

အဖေနှင့်အမေက ရုံးသွားသဖြင့် အိမ်တွင်မရှိ။

"ရင်ဖွင့်တိုင်ပင်စရာဆိုတာ ဘာများလဲ မသိဘူး"

မြင့်ဦးက ထီးတန်းလမ်းဘက်သို့ ငေးကြည့်ရင်း . . .

"ငါလည်း မတွေးတတ်ဘူး၊ သူ့မှာ အခက်အခဲတစ်ခုခုတော့ ရှိနေမယ့်ပုံ" ဟု ပြောသည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ နွယ်မိုးကို ငါသိပ်ချစ်တယ်၊ တစ်ခါမှ မချစ်ဖူးလို့ သိပ်ချစ်တယ်လို့ ပြောတာမဟုတ်ဘူး၊ ရင်ထဲမှာ မရှိမဖြစ်ချစ်တာ"

မြင့်ဦးက သူ့ကိုကြည့်လျက် ပြုံးသည်။

"ငါ ယုံပါတယ်ကွာ၊ ငါတို့ သူငယ်ချင်း လေးယောက်ထဲမှာ မင်းက အရင်ဦးဆုံး အချစ်စိတ်ဝင်တယ်ဆိုပေမယ့် လက်တည့်စမ်းတဲ့ သဘောမျိုး မဟုတ်ဘူးဆိုတာ ငါ နားလည်ထားတယ်၊ တစ်ခုတော့ ရှိတယ်ကွာ၊ နွယ်မိုးသာ မင်းကို ချစ်တယ်လို့ တုံ့ပြန်လိုက်ရင် အရာရာမှာ ကြိုးစားဖို့ နဂိုက ထက်ပိုပြီး လိုအပ်လာမယ်၊





ဘာကြောင့်လဲဆိုတာ မင်းသိမှာပါ"

သူ ခေါင်းဆတ်ဆတ်ညိတ်သည်။

မြင့်ဦးက သူ့လက်ထဲမှ တော်လှန်ကဗျာ စာအုပ်၏ မျက်နှာဖုံးကို ကြည့်သည်။ တက်ကြွလေးနက်လွန်းသော မျက်နှာဖုံး။

"မင်းရေးတဲ့ ကဗျာတွေ မဂ္ဂဇင်းတွေကို မပို့သေးဘူးလား"

"မပို့ရသေးဘူး၊ ပို့တော့ပို့မယ်၊ အတွေးအခေါ် အားနည်းနေသေးတယ် ထင်လို့ ပြီးတော့ . . . ရေးလိုက်ဖွဲ့လိုက်တိုင်း အချစ်ကဗျာတွေ အလွမ်းကဗျာတွေချည်း"

"ဒါကတော့ ငယ်သေးတာကိုး၊ ရင့်ကျက်ကြီးပြင်းလာတဲ့ အခါကျတော့ ရင့်ကျက်တဲ့ အတွေးအခေါ်တွေ ဖြစ်လာမှာပေါ့၊ စာတော့ များများဖတ်ကွာ၊ ငါလည်း မင်းအတွက် လိုအပ်မယ်ထင်တဲ့ စာအုပ်တွေ ကူရှာပေးမယ်"

"ကျေးဇူးပဲကွာ၊ ငါလည်း စာအုပ်ကောင်းတွေ ရှာဖတ်ချင်တယ်၊ အဲဒီတော်လှန်ကဗျာ စာအုပ်ဆိုရင် ပါသမျှကဗျာတွေ အားလုံးကြက်သီးထရလောက်အောင် ကောင်းတယ်၊ အဲဒီလို ကဗျာတွေ ရေးချင်တယ်၊ ဒါပေမဲ့ မရေးတတ်သေးဘူး"

ထိုစဉ် သူတို့စကားပြောနေရာသို့ ညီမလေး ရောက်လာသည်။ လက်ထဲမှ ကဗျာစာအုပ်လေးကို ဖွင့်ပြလျက် . . .

"ကိုကို"

"ဒီကဗျာက ဘယ်သူ့ကို ရေးထားတာလဲ ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ကဗျာကို ငုံ့ကြည့်မိ၏။ ပြီးနောက် သူ ပြုံးသည်။ မြင့်ဦး ကပါ ရောပြုံးပြီး . . .

"အဲဒါ သူ့ရည်းစားကို ရေးထားတာပေါ့"ဟု ပြောလေ၏။

"မဟုတ်က ဟုတ်ကတွေ ပြောရှေ့မယ်"

ပြောပြီး ညီမလေးလက်ထဲမှ စာအုပ်ကို သူ လှမ်းယူသည်။ နွယ်မိုးအတွက် ရေးဖွဲ့ထားသော ကဗျာလေးကို ငုံ့ကြည့်မိ၏။

**စဉ်အမြဲစိုး**
**ရင်ထဲတိုးဝှေ့**
**တစ်နေ့တစ်နေ့ တရွေ့ရွေ့တက်**
**အနေခက်တယ်**
**မခွဲရက်ဖူးသီလား . . . မိုး။**
**ရှိုးတိုးရိပ်တိတ်**
**သောကစိတ်တွေ**
**ကျိတ်မှိတ်ခံစား**
**နာယူထားမယ်**
**မတားနဲ့ကွယ် . . . ချစ်တယ် မိုး။**

* * *

ဖေဖွေ့နာမည်က ဦးမျိုးတင့် . . .၊ မေမေ့နာမည်က ဒေါ်မြင့်မြင့်နွယ်။ ဖေဖေက မန္တလေးသား၊ သူဌေးသား၊ မေမေက





ဘုတလင်သူ ဆင်းရဲတယ်၊ "ပိုးကုန်း"ဆိုတဲ့ ရွာတစ်ရွာမှာ နေတယ်။

မေမေနဲ့ အကြောင်းပါတော့ ဖေဖွေ့ အသိုင်းအဝိုင်းက နည်းနည်းမှ သဘောမတူဘူး၊ ဖေဖွေ့ မိဘတွေက ဖေဖေတို့ကို ခွဲချင်ပေမယ့် ဖေဖွေ့ကိုချစ်လို့ မခွဲခဲ့ကြဘူး။ မန္တလေးမှာပဲ အတူနေကြတယ်။

သြော် . . . ကြွားရဦးမယ်၊ မေမေက သိပ်ချောတာ . . . သိလား။ ဖေဖေက မေမေ့ကိုသိပ်ချစ်တာ။ မေမေကလည်း ဒီအတိုင်းပဲ။ ဒါပေမဲ့ ဘယ်လောက်ပဲ ချစ်ချစ်၊ ကံမကောင်းရင် တွဲကြ ကွာကြတာပဲလေ။ နွယ်မိုးကို မွေးပြီးပြီးချင်း ဖေဖေနဲ့မေမေ ကွဲခဲ့ကြတယ်။ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ အန်တီမြကြောင့်။

အန်တီမြက ဖဲကစားတယ်၊ ဖေဖွေ့မိဘတွေ ဆုံးပါးပြီးတဲ့နောက် တစ်အိမ်လုံး သူ့လက်သူ့ခြေ၊ အန်တီမြကို ဖေဖေက ကြောက်ရတယ်။ အစ်မ ဖဲကစားတာတောင် မတားဝံ့ မပြောဝံ့။

တစ်နေ့တော့ . . . အန်တီမြနဲ့ ကစားဖော် ကစားဖက် လူကြီးတစ်ယောက်က မေမေ့ကို ရှိသဲ့သဲ့လုပ်တယ်။ ဒါကို အခွင့်ကောင်း ယူပြီး အန်တီမြက မေမေ့ကို မှိုချိုး မှျစ်ချိုး ပြောပါရော၊ အနေအထိုင် ဆင်ခြင်ဖို့အကြောင်း၊ မဖောက်ပြန်ဖို့ အကြောင်း။ ငေါ့စားကြည့်။

မေမေ ဘယ်လောက် ဒေါသဖြစ်မယ်ဆိုတာ။ မေမေက မဟုတ်မခံ . . .။ ဆင်းရဲတဲ့ဘဝကလာပေမဲ့ မာနကြီးတယ်။ စကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင် အကြောမခံဘူး။

မေမေနဲ့ အန်တီမြနဲ့ စကားများကြတယ်ဆိုပါတော့။ အိမ်မှာ ဖေဖေမရှိတုန်းအချိန်ဆိုတော့ အန်တီမြအတွက် အကွက်ပဲ။

မေမေ့ကို အိမ်ပေါ်က နှင်ချတယ်။ မေမေကလည်း မမအေး လက်ကိုဆွဲ၊ နွယ်မိုးကို ပွေ့ချီပြီး ဆင်းဖို့ ပြင်တယ်။ တစ်ခုအံ့ဩဖို့ကောင်းတာက သိတတ်စ အရွယ်ရောက်နေပြီဖြစ်တဲ့ မမအေးက မေမေ့လက်ထဲက ရုန်းပြီး အန်တီမြဆီကို ပြေးသတဲ့လေ။

မမအေးကို ခေါ်လို့မရတော့ မေမေ ငိုပါရော၊ နွယ်မိုးက လသားအရွယ်ဆိုတော့ ဒါတွေ ဘယ်သိမလဲ။ ဒါပေမဲ့ အဲဒီတုန်းက နွယ်မိုးကလည်း ငိုလိုက်တာမှ အရမ်းပဲတဲ့။

အန်တီမြက မေမေ့လက်ထဲမှာ ငိုနေတဲ့ နွယ်မိုးကိုပါ လုတယ်။ မဟော်သဓာဇာတ်တော်ကို ဖတ်ဖူးမှာပေါ့။ မိခင်အရင်းနဲ့ မိခင် မဟုတ်တဲ့သူ၊ ရင်သွေးကို အပြိုင်လုရင် ဘယ်သူနိုင်မလဲ၊ မိခင်မဟုတ်တဲ့သူက အားနဲ့မာန်နဲ့ လုမှာပေါ့။

ဒါကြောင့် အန်တီမြလက်ထဲ နွယ်မိုး ရောက်သွားတယ်။ မေမေ ငိုလိုက်တာမှအရမ်းပဲ။ ကလေးတွေကို ခေါ်မသွားဖို့ အကြောင်း၊ ခေါ်သွားရင် ဆင်းရဲမွဲတေမယ်ဆိုတဲ့အကြောင်း အန်တီမြ ပြောတယ်၊ နောက်ဆုံး မေမေ လက်လျှော့လိုက်ရတယ် ဆိုပါတော့။ ကလေးတွေကို ဆင်းရဲမှာ စိုးရိမ်တာကိုး။

မေမေ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားတယ်။ ဖေဖေ ပြန်လာတဲ့အချိန်ကျတော့ မေမေအိမ်မှာ မရှိတော့ဘူး။





အန်တီမြကို ဖေဖေက မေးတော့ လက်ဝတ်လက်စားတွေ ယူပြီး အိမ်ပေါ်က ဆင်းသွားတယ်တဲ့။ အိမ်ထောင်ရေးကို ဖောက်ပြန်သွားသယောင် ပြောတော့တာပေါ့။ ဖေဖေက မယုံတဝက် ယုံတစ်ဝက်။

ဒရိုင်ဘာ ဦးသာလွန်းက ဒီအဖြစ်အပျက်တွေကိုသိလျက်ကြားလျက်နဲ့ ဖေဖေ့ကို မပြောဝံ့ခဲ့ဘူး။ အခုအချိန်အထိပဲ ဆိုပါတော့. . .

မန္တလေးကနေ ရန်ကုန် ပြောင်းခါနီးကျမှ နွယ်မိုးက ဦးသာလွန်းကို မရမက မေးကြည့်တာ။ တခြားဘယ်သူ့ကိုမှ မေးလို့ မရဘဲ ဦးသာလွန်းက နွယ်မိုးကို သနားလို့ ပြောပြတာ။

အန်တီမြနားကိုပြန်မရောက်အောင် တောင်းပန်လိုက်တာမှအရမ်း။ မေမေ ရန်ကုန်မှာ ရှိတယ်ဆိုတာ နွယ်မိုး သိထားတယ်။ နေရာအတိအကျတော့ မသိဘူး။ ဒါ မေမေ့ဓာတ်ပုံ၊ နွယ်မိုး သိမ်းထားတာကြာပြီ။

ငယ်ငယ်ကတည်းက မေမေ့အကြောင်းကို မေးရင် အန်တီမြက ရိုက်တယ်။ သိတတ်တဲ့အရွယ် ရောက်လာတော့ အရိုက်လည်း မခံတော့ဘူး၊ သူ ဆုံးမတာလည်း မခံဘူး။ ရေစက်လို့ ပြောရမလားဘဲ၊ အလိုလိုနေရင်း အန်တီမြကို နွယ်မိုး မုန်းနေခဲ့တယ်။

အခုဆို ပိုဆိုးတာပေါ့။ သူအဖြူဆို နွယ်မိုးက အမည်း။ မမအေးကတော့ အန်တီမြရဲ့လူ၊ ဒုတိယ အန်တီမြလို့ ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မတတ်ဘဲ၊ ဂုဏ်တွေ ဓနတွေ မက်မောတဲ့ နေရာမှာ အန်တီမြနဲ့ တူဝရိုးလို့ မပြောရဘူး၊ တစ်ပုံစံတည်း။

* * *

နွယ်မိုး၏ မိခင်ဒေါ်မြင့်မြင့်နွယ်၏ ဓာတ်ပုံကို သူကြည့် သည်။

ဟောင်းနွမ်းနေသော်လည်း ဆေးသားက မယွင်းပျက်။

“နွယ်မိုးရဲ့အမေကို ချာတိတ် ကူရှာပေးပါ့မယ်”

ချာတိတ်ဟူသော နာမ်စားကို အသုံးပြုလိုက်မိသဖြင့် ရင်တွင် လှပ်ခနဲ ဖြစ်၏။

သိသဖြင့် နွယ်မိုး ပြုံးသည်။

ချစ်ခင်နှစ်သက်စရာ ရတနာအပြုံး။

“မေမေ့ကိုမြင်ရင် နွယ်မိုး မှတ်မိမှာ မဟုတ်ဘူး၊ မေမေ လည်း နွယ်မိုးကို ဘယ်မှတ်မိပါ့မလဲလေ၊ နွယ်မိုး သိပ်တွေ့ချင် တာတော့ အမှန်ပဲ”

အင်းယားရေပြင်သို့ လေပြည်သွေ့၏။ လှိုင်းစစငွေ ကမ်းစပ်သို့ ရွေ့လာသည်။

ဗေဒါအုပ်တစ်အုပ်ပေါ်တွင် လိပ်ပြာလေးနှစ်ကောင် နား၏။

ဗေဒါသည် လေဆောင်ရာသို့ တစ်ရွေ့ရွေ့။

“သြော် . . . နွယ်မိုး”





“ပြောလေ”

“နွယ်မိုး ချာတိတ်ကို ချစ်တယ်လို့ မပြောရသေးဘူး”

သူ့စကားကြောင့် နွယ်မိုး ဟက်ဟက်ပက်ပက် ရယ်လေ သည်။ အင်းလျားလေပြည်ကြောင့် လှသောကေသာတွေတလွင့်လွင့်။

“ချစ်တယ်လို့ ပြောမယ် ထင်လို့လား”

“ချာတိတ်က နွယ်မိုးကို တကယ်ချစ်တာပဲ၊ တကယ် ချစ်တဲ့သူကို တကယ့်အချစ်နဲ့ပဲ တုံ့ပြန်သင့်တယ်လေ၊ မျှော်လင့် ချက်ကြီးနဲ့ ပြောတာပါ”

“သြော် . . . ချာတိတ်ရယ် . . . နွယ်မိုး မိသားစုအကြောင်း ကိုတိတိကျကျ ဖွင့်ပြောမိတာဆိုလို့ မင်းတစ်ယောက်တည်းကိုပါ၊ ဖွင့်ပြောမိတယ် ဆိုကတည်းက မင်းအပေါ် ယုံကြည်အားကိုး လို့ပေါ့၊ ယုံကြည်အားကိုးတယ်ဆိုတဲ့ စကားဟာ တစ်ဘဝလုံး အတွက် မရည်စူးဘဲ ဘယ်လိုလုပ် ပြောမိမှာတဲ့လဲ၊ နော် . . .”

“ဒါဆို . . . ချစ်တယ်ပေါ့နော်”

“ပါးစပ်က ပြောမှ ယုံကြည်စိတ်ချတော့မှာလား”

“ဒီလိုလည်း မဟုတ်ပါဘူး၊ ရင်ထဲက အတိမ်အနက်ကို နှလုံးသားက ကြည့်မြင်နိုင်ပေမယ့် နားကလည်း ကြားချင်သေး တယ်လေ၊ စောင်းတစ်လက်မှာ သာယာတဲ့ အသံလေးတွေ ရှိတယ် ဆိုတာ သိလျက်နဲ့ နားက ကြားချင်လွန်းတော့ စောင်းကြိုးလေးတွေ ပြီး တီးခပ်စေချင်တဲ့ သဘောပါ”

“ပြောလို့ ဖြစ်မယ် မထင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ချစ်တယ်ဆိုတဲ့ စကားဟာ လူတိုင်းပြောနေကျစကား မျိုး . . . နွယ်မိုးပြောလို့ဖြစ်မှာမဟုတ်ဘူး၊ အဲဒီထက် လေးနက်တဲ့ ဝေါဟာရကိုသာ နွယ်မိုး ပြောချင်တာ"

ရင်တွင် ကြည်နူးဝမ်းသာရသည်။ သူ့ကို နွယ်မိုး စေ့စေ့ ကြည့်သည်။ စင်ယော်တောင်ပံ မျက်ခုံးနှင့် ရွှန်းလဲ့သောမျက်ဝန်း စုံကို သူငေးကြည့်သည်။ ထိုမျက်ဝန်းမှာ မျက်ရည်တွေဝဲ သယောင် ထင်၏။ တုန်ရင်နေသော နှုတ်ခမ်းပါးကို သူ ငေး ကြည့်၏။

"မောင့်ကို နွယ်မိုး မြတ်နိုးတယ် . . ."

လှိုက်လှဲစွာ ကြည်နူးဝမ်းသာရ၏။

အင်းလျားကန်၏ တစ်ဖက်ကမ်းသို့ လမ်းလျှောက် ကျွမ်းပစ်လိုက်ချင်သည်။

သို့တည်းမဟုတ် ထိုင်ရာမှထလျက် အင်းလျားလ တစ်လျှောက် ခုန်ပေါက်ပြေးလွှားလိုက်ချင်သည်။

အနီးအပါးတွင် တစ်ပါးသူတွေ ရှိနေသဖြင့် ပျော်ရွှင် ကို ကျိတ်မှိတ် ချုပ်တီးလိုက်ရ၏။

"ဟာ . . . ဝမ်းသာလိုက်တာ နွယ်မိုးရယ်၊ ဘာလု မှန်းတောင် မသိဘူး"

ထိုစကားကြောင့် ချစ်သူ ပြုံးပြန်သည်။

ပုလဲသီတန်း ငွေရောင်လွှမ်းသော အပြုံး။





စတင်တွေ့မြင်ရသည်နေ့။ ထိုနေ့၏ အဖြစ်အပျက်။ ရင်တွင်းခံစားချက်။ နောက်တစ်နေ့မနက် မြင်မက်ခဲ့သော အိပ်မက်။

နာရီတွေ နေ့တွေ ရက်တွေ လတွေကို မှတ်မှတ်ရရ ရေးမှတ်၏။ ဝေဒနာကဗျာက စာမျက်နှာ၏ နေရာတွေတိုင်းမှာ ဖလစ်လပ်။ ထိုစာအုပ်ငယ်နှင့် အတူ . . .။

မြင်မြင်ချင်းချစ်မိကြောင်း၊ ချစ်မိသည့်နေ့မှစ၍ မမြင် လျှင် မနေနိုင်တော့ကြောင်း။ အဆင့်အတန်းချင်း မတူညီသည်ကို သိမြင်သော်လည်း "ချစ်တယ်" ဟူသော စကားတစ်ခွန်းကို ပြော ခွင့် ပြုစေလိုကြောင်း။ ပြောမိသည်နှင့်အမျှ ကြီးမားလှသော တုံ့ပြန်စေချင်သည့် ဆန္ဒတွေနှင့် မျှော်လင့်မိကြောင်း။ ခက်ထန် သော အမုန်းတွေနှင့် တုံ့ပြန်ခဲ့လျှင်တောင် ရာသက်ပန် ထာဝရ ဘွဲ့မြဲ ချစ်ခင်နေမှာ ဖြစ်ကြောင်းတွေ ရေးသားထားသည့် စာတစ် စောင်ကို စာအုပ်ထဲတွင်ထည့်၍ ပေးခဲ့သည်။

ထိုစာအုပ်ငယ်ကို နွယ်မိုးက လွယ်အိတ်ထဲမှထုတ်၏။

"ဒီစာအုပ်ကို နွယ်မိုး ပြန်မပေးတော့ဘူးနော်၊ မောင် ကိုယ့်စား သိမ်းထားမယ်၊ ဂန္ထဝင်မြောက်ချစ်သူ၏ မှတ်တမ်းစာအုပ် ပေါ့ . . . ဟုတ်လား"

သူ ခေါင်းညိတ်သည်။

"မောင်က ကဗျာရေး စာရေး သိပ်တော်တာပဲ၊ ကဗျာ ဆရာ လုပ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ကဗျာဆရာလုပ်ရင် နွယ်မိုးက သဘောတူမှာ တဲ့လား"

"မောင်ရယ် ခပ်တည်တည်နဲ့ လာမမေးစမ်းပါနဲ့၊ နွယ်မိုးက မောင်ကဗျာရေးတာ မကြိုက်ဘူးဆိုရင်လည်း မောင်က ရေးမှာမို့လား။ ဒီမယ်မောင်၊ ကဗျာတစ်ပုဒ်ကို တော်ရုံတန်ရုံ ဝါသနာမျိုးနဲ့ ကိုယ်တိုင်ရေးဖွဲ့ဖို့ ခက်တယ်။ မောင်ရေးဖွဲ့ပုံတွေက ကဗျာဆရာ လုပ်မယ့် လူတစ်ယောက်ရဲ့ အရေးအဖွဲ့မျိုး"

အကြည့်ဆုံသဖြင့် သူရယ်လေသည်။

"ရေးပါ၊ ကဗျာပဲရေးရေး၊ စာပဲရေးရေး၊ နွယ်မိုးအားပေးပါတယ်၊ အဓိပ္ပာယ်မဲ့တဲ့ အလုပ်နဲ့ သစ္စာမဲ့တဲ့ အလုပ်ကိုတော့ မောင် လုံးဝမလုပ်နဲ့ ဟုတ်ပြီလား"

"စိတ်ချ နွယ်မိုး၊ မောင် . . ."

စကားတန့်သည်။

မောင်ဟု သုံးနှုန်းမိသော ကိုယ့်ကိုယ်ကို သဘောကျ၏။

"မောင် နွယ်မိုးကို တစ်သက်လုံး ချစ်နေမယ်၊ ဘယ်သူတားတား ဘယ်သူဖျက်ဖျက် အခက်အခဲတွေကို ကျော်လွှားပြီး အသက်ပေးပြီး ချစ်မယ်၊ ယုံ . . ."

အင်အားအပြည့်နှင့် ပြောမိသည်။

အတွေးထဲ၌ တောအထပ်ထပ် တောင်အသွယ်သွယ်တွေကို တွေ့၏။ လှိုင်းလတွေ သတ္တိတွေ သစ္စာတရားတွေနှင့် ကျော်ဖြတ်ပစ်လိုက်သည်။ အရာအားလုံး၏ ဟိုဘက်စွန်းမှာ အကြင်နာ





သက်ဖယောင်းသွယ်ကို တွေ့သည်။

နှလုံးအသည်းဖြင့် လှိုက်လှဲစွာ ထွေးပိုက်လိုက်လေသည်။ ကြားခံဖြပ်သား စိုးစဉ်းမျှမရှိ။

**ဘယ်သူတားတား၊ ဘယ်သူဖျက်ဖျက်**
**ဘယ်သူတွေ . . .**
**ဘယ်လိုထင်ထင်၊ ဘယ်လိုမြင်မြင်**
**သည်ရင်ခွင်မှာ**
**သံယောဇဉ်တိုး၊ ချစ်မယ် . . . မိုး။**

* * *



www.burmeseclassic.com

www.burmeseclassic.com



ညတွေ ဖြစ်ခဲ့လေ၏။

"မောင်သက်က ပြောတယ် . . .၊ သားကို တက္ကသိုလ်ကျောင်းထဲမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်တဲ့၊ ဟုတ်လား"

အမေ့စကားကြောင့် အငြင်းခက်ရ၏။ ဦးသက်၏ သူငယ်ချင်း ပါမောက္ခတွေ တက္ကသိုလ်ကျောင်းထဲမှာရှိသည်ကို သတိရသည်။ ဦးသက် ဘယ်တုန်းကလာ၍ ဘယ်နေရာက လှမ်းတွေ့သွားသည်မသိ၊ ဦးသက်က အမေ့မောင်အရင်း။ ဒေါက်တာသက်တင်။

"ပြောလေ ဘာရယ်နေတာလဲ"

ရှက်ရှက်နှင့်သာ ရယ်နေမိသည်။ အမေ့ကို ညာပြောချင်၏။ ဘယ်လိုညာပြောရမှန်း မသိ။

"မောင်သက်က ပြောသွားသေးတယ်၊ ကောင်မလေးက သူဌေးသမီးတဲ့၊ ဘာပဲဖြစ်ဖြစ် သား ငယ်ပါသေးတယ်၊ အရာရာကို စဉ်းစဉ်းစားစားလုပ်၊ အမေတို့ အဖေတို့က သာမန်ရိုးစာရေး။ သားကလည်း သာမန်လူသားတစ်ယောက်။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တဲ့ လူချင်းဆိုပေမဲ့ ဂုဏ်မနေချင်း ပြိုင်ဆိုင်နေကြတဲ့ ခေတ်ကြီးမှာ ကိုယ့်ထက်မြင့်တာကို မမှန်းချင်ပါနဲ့သားရယ်၊ သား စိတ်ဆင်းရဲရလိမ့်မယ်။ အမေတို့က ဂုဏ်မနေ မရှိပေမဲ့ ဘယ်သူ့ကိုမှ အောက်ကျမခံချင်ဘူး၊ ကိုယ့်သိက္ခာနဲ့ ကိုယ့်အဆင့်နဲ့ပဲနေချင်တယ် . . ." ဘာမျှ ပြန်မပြောမိ။ အမေ့စကားသံကို နား



အခန်း(၈)

ချစ်သူဟူသော ဝေါဟာရကို ကိုယ်တိုင် ပိုင်ဆိုင်ရပြီဟု ကိုယ့်ကိုယ်ကို သိသည်။ ထိုအခါ ရင်တွင်အမည်မဖော်တတ် အောင်ပင် တစ်ခုခုကို ခံစားရသည်သို့ဖြစ်၏။

ထားရှိခဲ့သော ဘဝ၏ ရည်ရွယ်ချက်တွေထဲတွင် ချစ်သူ နှင့် မကွဲမကွာ နေလိုခြင်းသည်လည်း အလိုအလျောက် ပါဝင်လာ ရသည်။ ချစ်သူနှင့် ပျော်မောရသော ကာလ၊ ချစ်သူနှင့် မတွေ့မမြင် ရသောကာလ၊ ကြည်နူးမှု လစ်ဟာမှုတွေကို သိသာစွာ ခံစားရသည်။

ချစ်သူ၏ ဓာတ်ပုံတွေ၊ ချစ်သူ၏ အသံမဲ့ စာခေါက်လေး တွေကို ကဗျာစာအုပ်တွေထဲမှာ ညင်သာစွာ ထည့်ညှပ်သည်။ ချစ်သူ၏ စာကိုဖတ်လျက် ချစ်သူ၏ အပြုံးရုပ်လွှာကို ငေးမောကြည့်လျက် ကဗျာတွေ ဖွဲ့နွဲ့မိသည်။ ကဗျာတွေ ဖွဲ့နွဲ့စဉ်တိုင်း ချစ်သူ၏ အလင်း မျက်နှာကို မြင်၏။ သာမန် အိပ်မပျော်သော ညများတွင် ကဗျာ ရေးသည်။ ရံခါတွင် ဂစ်တာတီးသည်။ ချစ်သူ ရင်တွင် တည်သော ကာလမှစ၍ အိပ်မပျော်သော သာမန်ညတွေသည် လွမ်းမောဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရင်း အိမ်အပြင်ကိုသာ ငေးကြည့်နေမိသည်။ အမေ့စကား သံတွေ နှလုံးသည်းခြေထဲမှာ ပဲ့တင်ထပ်နေ၏။

နွယ်မိုး မျက်နှာကိုမြင်သည်။

"ကိုကို"

ညီမလေးက တံမြက်စည်းလှည်းရင်း သူ့ကိုခေါ်သည်။

"ကိုကို့ ရည်းစားနာမည်က နွယ်မိုး ဆို. . . ဟုတ်လား"

"အာ . . . ဒီကောင်မလေး"

ဖြူဖြူခိုင်၏ လက်မောင်းကို သူခပ်ဖွဖွ လှမ်းရိုက်လိုက် သည်။ ပြီးမှ . . . အမေ့ထံသို့အကြည့်ရောက်၏။ မရယ်မပြုံးဘဲ အမေ သူ့ကို ငေးကြည့်နေသည်ကို မြင်သည်။

အမည်မဲ့ဝေဒနာကို ရင်မှာ ခံစားလိုက်ရသည်။ အမေ့ကို ဘယ်လိုပြုံးပြရမည် မသိ။

* * *



အခန်း(၉)

အဖေ အိပ်ပျော်သွားသည်မှာ တစ်နာရီလောက်ကြာပြီ။ အမေက ညဦးပိုင်းကတည်းက အိပ်ရာဝင်သည်။ ညီမလေး သည်း အိပ်ပျော်သွားပြီ ထင်၏။

အိမ်ရှေ့တံခါးကို ခြေသံဖွဖွဖြင့် လှမ်းသည်။ လက်ထဲမှ ဂစ်တာကို မြဲမြံစွာ ဆုပ်ကိုင်လျက် တံခါးချက်ကို ဖွင့်သည်။ အိမ် အပြင်ရောက်သည်နှင့် တံခါးကို ညင်သာစွာ ပြန်ပိတ်သည်။

မြင့်ဦးနှင့် သန်းထိုက်က သူ ကမ်းပေးသော ဂီတာကို လှမ်းယူသည်။ ထီးတန်းလမ်းထိပ်တွင် တင်မောင်နိုင် ရပ်စောင့် နေသည်ကို လှမ်းမြင်၏။ တင်မောင်နိုင်လက်ထဲတွင်လည်း ဂစ်တာ တစ်လက်။

လမ်းထဲမှ အထွက်တွင် သန်းထိုက်၏ အိမ်ကို ငုံ့ကြည့်မိ သည်။ မီးတွေမှောင်နေ၏။ မြင့်ဦး၊ သန်းထိုက်နှင့် တင်မောင်နိုင် တို့၏ အိမ်မှာ ထီးတန်းလမ်းမပေါ်တွင် မလှမ်းမကမ်း တည်ရှိကြ သည်။ သူ့နေအိမ်က ထီးတန်း(၁)လမ်း၊ ထီးတန်း(၁)လမ်းမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် သန်းထိုက်၏ အိမ်ကို တွေ့ရစမြဲ။

"ကြာလိုက်တာ ခိုင်ထွန်းရာ၊ ဟိုမှာ နွယ်မိုးတို့ တိုက်တောင် မီးပိတ်သွားပြီ"ဟု တင်မောင်နိုင် (. . . .)လမ်းဘက်ကို ကြည့်ရင်းပြော၏။

"နွယ်မိုး မအိပ်သေးဘူးထင်တယ်" ဟု သူပြော၏။

သန်းထိုက်က . . .

"ဘယ်အိပ်ဦးမှာလဲ၊ ငှက်ဆိုးထိုးသံမှ မကြားရသေးတာ" ဟု သူပြောသည်။

"ခွေးကောင် . . . ငါ့အသံက ငှက်ဆိုးထိုးသံ၊ မင်းအသံက ငှက်ဆိုးမ လင်ပျောက်သံ"

နွယ်မိုး၏ အိမ်ခြံဝင်းထောင့်သို့ ရောက်သည်။ အုတ်ခုံပေါ်မှ ဖုန်တွေကို ပါးစပ်ဖြင့် မှုတ်ထုတ်ကြ၏။ ပြီးနောက် အုတ်ခုံပေါ်တွင် ညီညာစွာ ထိုင်လိုက်ကြသည်။ တင်မောင်နိုင်က သူ့ကို ဂစ်တာ လှမ်းပေးသည်။ သူနှင့်အတူ မြင့်ဦးက ဂစ်တာတွေကို ကြိုးညှိ၏။

ဆိပ်ကမ်းဘက်မှ ဥသြဆွဲသံ သဲ့သဲ့ကြားရသည်။ ကမ်းနားလမ်းဘက်မှ ရွေ့လျားလာသော လေပြည်ကြောင့် ရင်သိမ့်၏။

"ကဲ . . . ငှက်ဆိုးမ လင်ပျောက်သံနဲ့ဆို" ဟု သန်းထိုက်ကို သူ ပြောသည်။ သန်းထိုက်က မဲ့ရွဲ့စွာ . . .

"ခိုင်ထွန်း . . . အပိုတွေ မပြောနဲ့၊ နွယ်မိုးက ငါ့ရည်းစားမဟုတ်ဘူး၊ ကိုယ့်ရည်းစားအိမ်ရှေ့မှာ ကိုယ့်ဘာသာဆို၊ ငါ ဆိုလိုက်လို့ ငါ့သီချင်းသံကို နွယ်မိုးကြားပြီး မင်းအပေါ်မှာ နွယ်မိုး ဖောက်





ပြန်သွားနိုင်တယ်"

မြင့်ဦးနှင့် တင်မောင်နိုင် တဟားဟား ရယ်မောလေသည်။ သူပါရော၍ ရယ်၏။ ရယ်မောသံတွေအားလုံး ညနံ့ရဲ့သို့ ထိရှသွားသည်ထင်၏။ အရယ်ရပ်လျက် . . .

"ဘာသီချင်း ဆိုရင် ကောင်းမလဲ"

"မောင်ငြိမ်းချမ်းဆိုတဲ့ သီချင်းတွေကလွဲရင် ကြိုက်တာကိုဆို" ရယ်မိကြပြန်သည်။ အခုတလော မောင်ငြိမ်းချမ်း၏ သီချင်းတွေကိုသာ သူဆို၏။ ဤသည်ကို သိလျက် သန်းထိုက် တမင်ပြောခြင်းဖြစ်သည်။

"ဒါဆို စိုးပိုင်သီချင်းပဲ ဆိုတော့မယ်" ဟု သူ အရွှမ်းဖောက်သည်။

"ဘာသီချင်း"

"အငိုမျက်လုံး အပြုံးမျက်နှာ"

သန်းထိုက်က ဂစ်တာကို စတီးသည်။ နွယ်မိုး ပြတင်းဝသို့ သူ ခေါင်းငဲ့၏။ အမှောင်သန်းနေသဖြင့် ထင်လင်းစွာ မမြင်ရ။ မလင်းတလင်း လရောင် ကြယ်ရောင်တွေအောက်တွင် ချစ်သူ၏ ပြတင်းဝက မှုန်ရီဝိုးတဝါး။

"ငါ ရင်လေးတယ် ခိုင်ထွန်း"

သီချင်းဆိုဖို့ ပါးစပ်ပြင်လိုက်တော့မှ သန်းထိုက်အသံထွက်လာပြန်သည်။ ဂစ်တာကိုသာ ဆက်တီးနေရ၏။

"မင်း ဆိုလိုက်သမျှ စိုးပိုင်(ခ) မောင်ငြိမ်းချမ်းရဲ့ သီချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေချည်းပဲ၊ ငါတွေးကြည့်တယ်၊ မင်း စိုးပိုင်သီချင်းတွေ နွယ်မိုး ကြားအောင် အသံကုန်ဟစ်၊ နွယ်မိုးက မင်းရဲ့အသံကို မျက်လုံး လေးစင်းပြီး နားထောင်နေရင်းနဲ့ စိုးပိုင်မျက်နှာကို မျက်လုံးထဲမှာ မြင်ယောင်နေရင်တော့ ဒုက္ခ"

အသံမဲ့ ဆဲရေးမိသည်။

"သန်းထိုက် မင်းပါးစပ် ငြိမ်ငြိမ်နေတော့ကွာ"ဟု တင်မောင်နိုင်ပြောသည်။ "ကဲ . . . စမယ်"ဟု သူ့ကို မြင့်ဦးက ပြောသည်။ အတွေးစိတ်ဖြင့် နွယ်မိုးကို အပါးသို့ ခေါ်လိုက်သည်။

*သည်မြေ နေနဲ့ လကမ္ဘာ အချစ်ရေ၊ မောင့်ဘဝ နွေကဗျာ*

*မေမရှိတဲ့ ခဏ အလှမပါ၊ အငိုမျက်လုံး အပြုံးမျက်နှာ*

*မျက်ရည် စမ်းရေအလား၊ ရီဝေမျက်လုံးကပြာ*

*ကိုယ်ချစ်လို့ ချစ်တဲ့ အကြောင်းရာ၊ ရင်ဖွင့်ပြီး ပြောပြ မည်သာ*

*အချစ်ရေ သိပြီလား ကိုယ်မညာ*

အနားတွင် ချစ်သူ ရှိနေသည်ဟုလည်းကောင်း၊ လေပြည်တိုက်သံ၊ ရွက်ခြင်းခတ်သံတွေကို ချစ်သူ၏ လက်ခုပ်သံတွေဟုလည်းကောင်း ထင်မှတ်ချင်သည်။

*ချစ်လို့ ချစ်တယ်ပြောတော့ စိတ်မဆိုးနဲ့နော်*

*ကိုယ့်ရဲ့ဘဝကို ညှာတာပါ*

*အများထက်ကဲလို့ အထင်အမြင်တမျိုးလွဲရင်*

*အချစ်စစ်သမားမို့ မငြိုငြင်ရာ . . .*





*ကိုယ်လေ တကယ်ချစ်တော့ ရဲရဲဝံ့ဝံ့*

*အခြေအနေပေါ် အဖြေရှာ၊ မင်းအတွက် အသည်း မလိမ်ညာ*

နွယ်မိုး၏ အိမ်ဝင်းတံခါးဝတွင် လှူရိပ်တွေ့သည်။ ဝင်းတံခါးသော့ကို ဖွင့်နေသံဟု သိ၏။ သီချင်းကို ဆက်ဆိုသည်။

*ရီဝေမျက်လုံးကပြာ*

*ကိုယ်ချစ် . . .*

"ဟော့ ဟော့ ဒီမှာ"

အမျိုးသမီးကြီးတစ်ယောက်၏ ခေါ်သံ။ ဂစ်တာကို အတီးရပ်လျက် အသံလာရာဘက်သို့ ကြည့်မိသည်။ ဝင်းတံခါး၏ အပြင်ဘက်တွင် လူရိပ်ကို တွေ့၏။

အုတ်ခုံရှိရာသို့ တရွေ့ရွေ့လှမ်းလာနေကြသည်။ အနားသို့ ရောက်မှ နွယ်မိုး၏ အဒေါ်ဟု သိ၏။ အပါးတွင် နွယ်မိုး၏ ခင်၊ နွယ်မိုး၏အစ်မနှင့် ဒရိုင်ဘာ ဦးလေးကြီး ဦးသာလွန်းကိုလည်း တွေ့သည်။ အုတ်ခုံလေးကို နှမြောတသစွာ စွန့်ခွာလိုက်ကြ၏။

* * *

ညီမလေး ဖြူဖြူခိုင်က အင်္ဂလိပ်စာ ဂုဏ်ထူးနှင့် အောင်သည်။ မြင့်ဦးက သမိုင်းနှင့်သိပ္ပံ ဘာသာတွဲနှစ်ခု ဂုဏ်ထူးရသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်နိုင်က ရိုးရိုးအောင်သည်။ သူနှင့် သန်းထိုက် စာမေးပွဲ ကျသည်။ အဖေက အပြစ်တင်စကားတွေ ပြော၏။ အမေက အားပေးစကားပြောသေး၏။

"ငါကတော့ ဘယ်နှစ်ဝါပဲဆိုဆို ဆက်ဖြေဦးမှာပဲ" ဟု သန်းထိုက်ပြောသည်။ မြင့်ဦးနှင့် တင်မောင်နိုင်တို့လည်း သူ့ကို စာမေးပွဲ ပြန်ဖြေခိုင်း၏။ "မောင်က ဉာဏ်ကောင်းတယ်၊ အောင် ချင်စိတ်ရှိတယ်၊ ဒါပေမဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စား" နွယ်မိုး၏ အပြစ် တင် ကရုဏာစကား။ "ဒီနှစ် သေသေချာချာ ဂရုတစိုက်ပြန်ဖြေ လိုအပ်သမျှ နွယ်မိုး ကူညီမယ်၊ မောင် အရာရာမှာ မပြည့်စုံရင် နေပါ စေ၊ ပညာဉာဏ်နဲ့ ပြည့်စုံရင် နွယ်မိုး ကျေနပ်ပြီ၊ ဥစ္စာမဲ့တဲ့ လူတစ် ယောက်လို့ ဝေဖန်တာထက် ပညာမဲ့တဲ့ လူတစ်ယောက်လို့ မောင့် ကို လူတွေ ဝေဖန်ကြမှာ နွယ်မိုး မလိုလားဘူး၊ မောင် နွယ်မိုးကို သိပ်ချစ်တယ်ဆိုရင် ဆယ်တန်းကို ဒီနှစ် အောင်အောင် ပြန်ဖြေ"

"ဖြေလည်း ဖြေချင်တယ်၊ အောင်လည်း အောင်ချင်တယ် ဒါပေမဲ့ လောလောဆယ် ဘာလုပ်ရမှန်း မသိဘူး၊ စိတ်ညစ်တယ်"

သူ့ကို နွယ်မိုး စိုက်ကြည့်သည်။

သူပြန်ကြည့်၏။

"စိတ်ညစ်စရာ ဘာရှိသလဲ ပြော၊ ဘာလိုအပ်သလဲ မောင့်ဘဝမှာ လောလောဆယ် စာမေးပွဲအောင်ဖို့အပြင် တခြား ဘာမှ မလိုအပ်သေးဘူးလို့ နွယ်မိုး ထင်တယ်၊ ကျောင်းမှန်မှန် တက်၊ စာကြိုးစား၊ ဒါပဲလေ . . . လိုအပ်တာ၊ မိသားစု စီးပွားရေး





တွေ ဘာတွေ မောင် မပူပင်ရသေးပါဘူး၊ ဘာစိတ်ညစ်စရာ ရှိလဲ ... "

"မောင် စိတ်ညစ်တာက . . ."

စကားတန့်သည်။ အင်းယားရေပြင်ကို ခပ်ငေးငေး ကြည့်ရင်း စကားကို လေးပင်စွာပြောသည်။

"စိတ်ညစ်တာက နွယ်မိုးနဲ့ မောင့် အတွက်"

"ဘယ်လို . . . နွယ်မိုးနဲ့ မောင့်အတွက် ဟုတ်လား"

ခေါင်းညိတ်သည်။ ပင့်သက်ရှိုက်ရ၏။

"ဟုတ်တယ် နွယ်မိုး၊ မောင် နွယ်မိုးနဲ့ ဝေးရ ခွဲရမှာ တွေး ပြီး ကြောက်တယ်၊ ဘယ်လို နည်းနဲ့ပဲဖြစ်ဖြစ် မောင့်ကို နွယ်မိုး အသိုင်းအဝိုင်းက သဘောတူ ကြည်ဖြူကြမှာမှ မဟုတ်ဘဲ၊ အချိန် တိုင်း အဲဒါပဲ တွေးမိတယ်၊ တွေးမိတိုင်း စိတ်ညစ်တယ်"

နွယ်မိုး သက်ပြင်းချသည်။

တမင်ချသော သက်ပြင်း။

"မောင့်စကားက နွယ်မိုးကို အထင်သေးတဲ့ စကားပဲ၊ နွယ်မိုး ပြောမယ်မောင်၊ အခုပြောမယ့်စကားက တစ်သက်လုံး အတွက် တစ်ခါတည်း ပြောမယ့်စကား၊ ဘယ်သူတွေ ဘယ်လိုပဲ ... ဘယ်လို အခြေအနေမျိုးနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ နွယ်မိုး မောင် ... လက်တွဲမယ်၊ ဘာမှတွေးပြီး စိတ်ညစ်မနေနဲ့၊ ဟုတ်လား"

ရင်တွင် ကြည်နူးသည်။ ချစ်သူမျက်နှာကို ယုံကြည်ကိုး ... ငေးကြည့်မိ၏။ နွယ်မိုးက ပြုံးလျက် ပြန်ကြည့်သည်။ ...



www.burmeseclassic.com

www.burmeseclassic.com



သက် တစ်ဘဝ ထာဝရတည်သော အပြုံးကြည့်။

"မောင် စိတ်မညစ်ရတော့ဘူးပေါ့နော်"

"စိတ်ညစ်တယ်ဆိုတာ ပျော့ညံ့သူတွေရဲ့ စကားပါ မောင် ဘယ်သူပဲဖြစ်ဖြစ် ပြဿနာတစ်ခုကို ရင်ဆိုင်ရပြီ၊ ဒါမှမဟုတ် ရင် ဆိုင်ဖို့ ကြုံတွေ့မိပြီဆိုရင် စိတ်ညစ်ချင်ကြတာချည်းပဲ၊ စိတ်ညစ် မယ့်အစား ဖြေရှင်းဖို့ နည်းလမ်းကို တွေးကြံတာ ပိုမကောင်းဘူး လား၊ နွယ်မိုး ချစ်တဲ့မောင့်ကို ပျော့ညံ့တဲ့သူတစ်ယောက် မဖြစ် စေချင်ဘူး၊ တကယ်တမ်းလည်း မောင်က ပျော့ညံ့သူ မဟုတ်ပါဘူး ယောကျ်ားပဲ"

နွယ်မိုး၏ အားပေးစကားတွေကြောင့် ရင်အနွမ်းဖြေ ပြေသည်။

"နွယ်မိုးတို့ မိသားစုတော့ မောင့်ကို အတော် မျက်မုန်းကျိုး နေမှာပဲ" ဟု သူပြောသည်။

"ဒါတွေ ထည့်ပြောမနေပါနဲ့၊ ချစ်သောမျက်စိနဲ့ ကြည့်ရင် ချစ်စရာပဲ ဖြစ်မှာပေါ့၊ နွယ်မိုး ထင်တယ်၊ အိမ်ကလူတွေ နွယ်မိုးနဲ့ မောင့်အကြောင်းကို တစ်နေရာရာက သိုးသိုးသဲ့သဲ့ ကြားထားလို့ မယ်၊ တိတိကျကျ မသိသေးလို့သာ နွယ်မိုးကို ဘာမှ မမေးမမြန်း သေးတာ၊ အခုလောက်ဆိုရင် မောင်တို့ တစ်အုပ်စုလုံးအကြောင်း အန်တီမြ စုံစမ်းပြီးလောက်ပြီ"

တင်းမာသူတွေ၏ မျက်နှာထားကို မြင်ယောင်သည်။ ဒေ ဂုဏ်မောက် မျက်နှာထား၊ ဘဝဂုဏ်မောက် မျက်နှာထားတွေ





တွေးထဲမှာ ဖိနှင်းပစ်လိုက်သည်။ ချစ်သူကိုပင် အားနာချင်၏။

* * *

အခန်း(၁၀)

အသက်ရှူကျပ်နေသည်မှန်းသိသည်။ (. . . .)လမ်း ရှိ ညောင်ပင်၏ အရိပ်အောက်သို့ တွဲခေါ်ခဲ့ကြသည်။

သန်းထိုက်က ဗလာစာအုပ်နှင့် ယပ်ခပ်သည်။ လမ်းသွား သော သုံးလေးယောက် ရပ်ကြည့်နေကြသည်။ တင်မောင်နိုင် ဦးက ခြေသလုံးတွေ ပေါင်တွင်းကြောတွေကို နှိပ်နယ်ကြ၏။

သူက . . . "အဒေါ် ညောင်ပင်ကို မှီထိုင်လိုက်၊ မှီထိုင် ပါ" ဟု ပြောပြီး ဦးခေါင်းကို ညာလက်ဖြင့် ပိုက်လျက်ဖေးမ၏။

"အဒေါ် . . . အဒေါ်ကြီး"

သန်းထိုက်က ယပ်ခပ်ရင်း ခေါ်သံပြု၏။ ခေါ်သံကြောင့် မျက်လုံးပွင့်လာသည်။ ပိန်လှီလှသော အသားအရေ နေလောင် သော အသားရောင်၊ ကျိုးတိုးကျဲတဲ ဆံပင်၊ နုံချာနွမ်းညစ်သော အရောင် အဝတ်အစား၊ ပခုံးထက်မှ ပြုတ်ကျလုလု လွယ်အိတ်

www.burmeseclassic.com



လေး တစ်လုံးကို ငေးကြည့်မိသည်။

"အဒေါ် . . . သတိရလား အဲဒေါ်"

ခေါင်းကို ဖြည်းညင်းစွာ ညိတ်သည်။ အသက်ကို ပြင်းပြ[illegible] ရှူနေသည်။ အနိမ့်အမြင့် မြန်လွန်းသော ရင်ဘတ်ကိုကြည့်လျ[illegible] သူပါ ရော၍ အသက်ရှူကျပ်လာ၏။ မျက်နှာနှင့် ကိုယ်ခန္ဓာတ[illegible] လုံး ချွေးတွေ ရွှဲရွှဲစိုနေလေသည်။ နေက ပူပြင်းလွန်း၏။

"အဒေါ် ဘယ်သွားမလဲ၊ ကျွန်တော်တို့ ဘယ်ကို လိုက်[illegible] ရမလဲ၊ ဆေးရုံကို ပို့ပေးရမလား"

ခေါင်းကို ယမ်း၍ လက်ဝါးခါပြ၏။

"အဒေါ် နေကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ [illegible] တတ်တာ တစ်ခုပဲ၊ နေပူလွန်းအားကြီးတော့ အမောဆို့ပြီး သ[illegible] လစ်သွားတာပါ၊ အဒေါ်က နှလုံးရောဂါသည်"

"ဩော် ဖြစ်မှဖြစ်ရလေ၊ အဖော်လေး ဘာလေးနဲ့ [illegible] လာပေါ့ အဒေါ်ရယ်၊ ဆွေမျိုးသားချင်း မရှိဘူးလား၊ သားသမီး[illegible] ဘာတွေကော"

သူ့အမေးစကား ဆုံးသည်နှင့် အဒေါ်ကြီး၏မျက်ဝန်း[illegible] မျက်ရည်တွေ ဝေ့သည်။

"အဒေါ်က တစ်ကောက်ကြွက်ပါကွယ်၊ အဒေါ့်[illegible] လေးတွေ ဒီအနားပတ်ဝန်းကျင်မှာ ရှိတယ်ကြားလို့ ကြည့်ရှု[illegible] လာခဲ့တာ၊ မတွေ့ပါဘူး၊ ဝေးခဲ့ကြတာ အနှစ်နှစ်ဆယ်ကျော်လေ[illegible] ရှိပြီထင်တယ်"





မြင့်ဦးက သူ့ကို ကြည့်သည်။ သူ့ရင်ထဲ လှပ်ခနဲ ဖြစ်၏။

"အဒေါ် . . . အဒေါ်နာမည် ဒေါ်မြင့်နွယ်များလား၊ [illegible]နွေလေးကလေ"

ညောင်ပင်ကို မှီထားရာမှ ကိုယ်ကို ခွာသည်။

"သား . . . သားလေးက အဒေါ့်ကို သိနေတယ် ဟုတ်လား"

သူ့အင်္ကျီအိပ်ထဲမှ ဓာတ်ပုံဟောင်း တစ်ပုံကို ထုတ်သည်။ [illegible]ပုံကို ငေးကြည့်လျက် "ဟင် . . . ဒါ အဒေါ့်ဓာတ်ပုံ"ဟု ပြော၏။ [illegible]အံ့တသြ။

"ဟုတ်ပါတယ် အဒေါ်၊ ဒါအဒေါ့်ဓာတ်ပုံပါ၊ အဒေါ့်ရဲ့ [illegible]မီးအငယ် နွယ်မိုးနဲ့ ကျွန်တော် သိပ်ရင်းနှီးပါတယ်"

"သူငယ်ချင်းတွေ" ဟု သန်းထိုက် စကားထောက်၏။

"နွယ်မိုးက ကျွန်တော့်ကို အကူအညီတောင်းထားတယ်၊ [illegible]အမေ ဒေါ်မြင့်မြင့်နွယ်ကို ရှာဖို့၊ ဓာတ်ပုံလေး ပေးထားတာ [illegible]ောင် အတော်ကြာပြီ၊ အဒေါ် ရန်ကုန်မှာ ရှိနေတယ်ဆိုတာတော့ [illegible]ွယ်မိုး သိထားတယ်၊ သူကိုယ်တိုင် ရှာဖို့ဖွေဖို့တော့ မဖြစ်ဘူး၊ [illegible]တလေးဖြစ်နေတာက တစ်ကြောင်း၊ သူ့အိမ်က လွတ်လပ်မှု [illegible]မပေးတာကတစ်ကြောင်းကြောင့် ကျွန်တော် ရှာပေးဖို့ ကတိ [illegible]ထားတာ"

မျက်ရည်တွေကြားမှ ပြုံးသည်။ အေးငြိမ်းစရာ မိမာတာ [illegible] အပြုံး။

"အဒေါ့်သမီးလေးတွေကို အဒေါ်တွေ့ချင်လိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လိုက်ပို့ပေးရမလား၊ ဒီနားလေးတွင်"

နွယ်မိုးတို့အိမ်ဘက် လက်ညှိုးညွှန်လျက် . . .

"ဟိုမှာတွေ့လား အဒေါ်၊ အုတ်ခုံ၊ အုတ်ခုံရဲ့ ဒီဘက် ခြံဝင်း၊ အဲဒါ နွယ်မိုးတို့အိမ်ပဲ၊ တိုက်အိမ်အပြာကြီးလေ၊ ခြံ တည့်တည့်က ကြည့်မှ မြင်ရမှာ၊ ဒီကကြည့်ရင်တော့ ခြံဝင်းအစပ်ပဲ မြင်ရတယ်၊ လိုက်ပို့ပေးရမလား"

ခေါင်းကို ညင်သာစွာ ယမ်းသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ လိုက်ပို့မနေနဲ့တော့၊ အဒေါ် မသေခင်မှာ သမီးလေးတွေ ဘယ်မှာနေတယ်ဆိုတာ သိခွင့်ရလို့ ကျေနပ်လှပါပြီ၊ သားတို့ကို သိပ်ကျေးဇူးတင်တာပဲကွယ်"

သူ့လက်မောင်းကို ကိုင်လျက် မတ်တပ်ရပ်ဖို့ ပြင်သည်။

အနီးအနားတွင် ရပ်ကြည့်ငေးကြည့်နေသူတွေ မရှိတော့။

"အဒေါ် လမ်းလျှောက်နိုင်ပါ့မလား ကျွန်တော်တို့ လိုက်ပို့ပေးပါရစေ"

သန်းထိုက်၏လက်ကိုပါ ကိုင်ဆွဲပြီး မတ်တပ်ရပ်သည်။

"နေပါစေကွယ်၊ အဒေါ် ပြန်နိုင်ပါတယ်"

ကားလမ်းဘက်သို့ တွဲလျှောက်ရင်း . . .

"အဒေါ်က ဘယ်မှာနေတာလဲဟင်၊ နေရာပြောပြခဲ့ပါ လား၊ နွယ်မိုးကို ကျွန်တော် အသိပေးချင်လို့"

သူ့ကို စေ့စေ့ကြည့်သည်။ နွယ်မိုးနှင့် ဆင်ဆင်တူသော မျက်ခုံးအတွန့်ကို တွေ့၏။





"အဒေါ် ဘယ်မှာနေတယ်ဆိုတာကို မသိချင်ပါနဲ့ သား ရယ်၊ အဒေါ့်နောက်ကို နောက်ယောင်ခံဖို့လည်း မကြိုးစားကြပါနဲ့၊ အဒေါ်တောင်းပန်နေတာပါ။ အထူးသဖြင့် အဒေါ့်သမီးလေးတွေကို အဒေါ်ဘယ်မှာ နေတယ်ဆိုတာ မသိစေချင်ဘူး၊ အဒေါ့်ကို သနားရင် အဒေါ့်စကားကို နားထောင်ပါကွယ်"

သူ သက်ပြင်းချသည်။ အစိမ်းရောင် ကဗျာစာအုပ်လေး တစ်အုပ်ကို လွယ်အိတ်ထဲမှ ထုတ်လိုက်၏။ မောင်ပန်းမွေး၏ "တစ်ခုသော ပန်းဥယျာဉ်" ကဗျာစာအုပ်။

ထိုစာအုပ်ထဲမှ နွယ်မိုး ၏ ဓာတ်ပုံတွေအနက် တစ်ပုံကို ထုတ်ယူလိုက်သည်။ ဓာတ်ပုံ၏ ကျောဘက်ရှိ "မောင့်ရဲ့ နွယ်မိုး" ဟူသော နွယ်မိုး၏ လက်ရေး စာကြောင်းအနက် "မောင့်ရဲ့"ကို ဘောင်တိန်မင်ဖြင့် ထူထူခြစ်လိုက်သည်။ "နွယ်မိုး" ဟူသော စာမည်သာ ကျန်ရှိ၏။

"ဒါ အဒေါ့်သမီးအငယ် နွယ်မိုးရဲ့ဓာတ်ပုံ၊ သူ့အစ်မ အေးအေးမြတ်ရဲ့ပုံတော့ မရှိဘူး . . .၊ အဒေါ်လိုချင်မယ်ထင်လို့ ကျွန်တော် ပေးတာ"

တုန်ယင်သော လက်ချောင်းတွေနှင့် လှမ်းယူသည်။ ဓာတ်ပုံကို မမှိတ်မသုန် ကြည့်၏။

"သမီး . . . သမီးလေး၊ အမေ့သမီးလေး၊ ကျေးဇူးတင် လိုက်တာ သားရယ်၊ သားနာမည် ဘယ်သူလဲဟင်"

"ခိုင်ထွန်းလို့ ခေါ်ပါတယ် အဒေါ်၊ သူတို့က ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ"

ကြေကွဲကြည်နူးစွာ ခေါင်းညိတ်လေ၏။ ပီတိတွေ ဝ

နည်းခြင်းတွေ ရောပြွန်းနေသော အပြုံးကို ပြုံးနေသည်။ ခါတ

ကို လွယ်အိတ်နွမ်းလေးထဲသို့ တယုတယ ထည့်၏။

နေပူကျဲကျဲအောက်ရှိ အေးမြသော ဒြပ်ဝတ္ထုတစ်ခု

နီးကပ်စွာ မြင်တွေ့နေရသည်ဟု ခံစားရ၏။ မိခင်တစ်ယောက်

ဝေဒနာ၊ မိခင်တစ်ယောက်၏ အနစ်နာကို စာနာမိသဖြင့် ရင်

ရသည်။ ထပ်တူခံစားရလေ၏။

ကားလမ်းတစ်ဖက်သို့ ကူးသည်။ ကားမှတ်တိုင်တွ

ဘတ်စ်ကားတစ်စီး ရပ်ထားသည်ကို တွေ့၏။

"အဲဒီကားပေါ် အဒေါ်ကို တွဲတင်ပေးပါ"

ကားပေါ်သို့ သူပါ ရော၍တက်သည်။ လက်မှတ်ရောင်း

အနောက်ဘက်တွင်သာရှိသေး၏။ လက်မှတ်ဝယ်ဖို့ သူပိုက်

ထုတ်သည်။

"သား . . . ဆင်းတော့လေ"

နှင်ထုတ်နေသော မျက်ဝန်းက မျက်ရည်တွေ ဝဲနေ

"ကျွန်တော် လိုက်ပို့ပါရစေ အဒေါ်ရယ်"

မြင့်ဦးတို့က ကားအောက်မှနေ၍ သူ့ကို မော့ကြည့်

ကြသည်။ ကားစက်နှိုးသံ ကြားရသည်။

"ဆင်းပါတော့ သားရယ်၊ အဒေါ်တောင်းပန်နေတာ

သားဘာသာ ဖွတ်လိုက်လာလို့ ရတယ်ဆိုတာ အဒေါ် သိပါတ





ဘဝကို မြှုပ်နှံထားတဲ့ လူတစ်ယောက်ကို အစဖော်ဖို့ မကြိုးစားပါနဲ့တော့ကွယ်၊ နုံချာတဲ့ အဒေါ့်ဘဝကို ဘယ်သူမှ မသိမမြင်စေချင်ဘူး၊ အဒေါ့်ကို နားလည်ပေးပါ သားရယ်၊ အဒေါ့်ကို သနားပါ"

ဘာကြောင့်မှန်းမသိ၊ သူမျက်ရည်တွေ ဝဲလာသည်။ ကားဘီးစရွေ့သည်။ ဒေါ်မြင့်မြင့်နွယ်က သူ့ကို မျက်ရည်တွေနှင့် ကြည့်သည်။ တောင်းပန်ကြည့်၊ သနားကြည့်ဖြင့် သူပြန်ကြည့်သည်။ အကြည့်ကို လွှဲ၍ ကားပေါ်မှ ခုန်ဆင်းလိုက်၏။ ငိုချင်စိတ်ကို မနည်း မျိုသိပ်ရလေသည်။

* * *

အဖြစ်အပျက် အလုံးစုံကို မထွေးထွေးမှတစ်ဆင့် နွယ်မိုးထံသို့ သူစာရေးသည်။ နွယ်မိုးက စာကို ချက်ချင်းဖတ်ပြီး စာပြန်မရေးတော့ကြောင်း၊ သုံးလေးရက်ကြာလျှင် ဦးချစ်ဆိုင်မှ စောင့်နေစေလိုကြောင်း၊ မိခင်ဖြစ်သူကို ကိုယ်တိုင် မတွေ့လိုက်ရသဖြင့် လွန်စွာ ဝမ်းနည်းကြောင်းတွေကို မထွေးထွေးနှင့် စကားပါးသည်။

"နွယ်မိုးတို့ အိမ်တွင်းရေးက စိတ်ရှုပ်စရာ၊ ငါတော့ နွယ်မိုးနဲ့ သူ့အမေကို သိပ်သနားတယ်၊ အန်တီမြဆိုတဲ့ ဟိုမိန်းမကြီးနဲ့ ကျန်လူတွေကိုတော့ မုန်းမှမုန်း" ဟု မြင့်ဦးပြောသည်။

"ဘယ်နေရာ ဘယ်ကိစ္စမျိုးမှာပဲဖြစ်ဖြစ် ယုတ်မာကောက်



www.burmeseclassic.com

www.burmeseclassic.com



တူစ်တဲ့သူက ရွှံ့မုန်းစရာ၊ ရိုးသား သန့်ရှင်းတဲ့သူက သနားစရာ၊ ဒါပေမဲ့ တကယ်တမ်းကျ ကောက်ကျစ်တဲ့ သူကတော့ ဒီအတိုင်းပဲ၊ ရိုးသားသန့်ရှင်းတဲ့သူက နာစရာရှိ အရင်နာရတယ်” ဟု တင်မောင်နိုင် ပြောသည်။

“မင်းတော့ မသိဘူး ခိုင်ထွန်း၊ ငါတော့ နွယ်မိုးနဲ့ ဒရိုင်ဘာကြီး ဦးသာလွန်းကလွဲရင် ကျန်တဲ့သူတွေကို အစိမ်းလိုက် မျိုချလိုက်ချင်တယ်၊

နေရင်းထိုင်ရင် ဘဝင်မြင့်တာတို့၊ မာနထောင်ချင်တာတို့၊ မတူမတန်သလို လုပ်တာတို့လောက် အမြင်ကပ်တာ မရှိဘူး၊ တကယ်” ဟု သန်းထိုက်က မျက်နှာတည်ဖြင့် ပြောသည်။

ကားတစ်စီးက (. . . .)လမ်းအတိုင်း အရှိန်ပြင်းစွာ မောင်းလာ၏။ လမ်းဘေးသို့ တိုးကပ်ပေးလိုက်ကြသည်။ နွယ်မိုးတို့ အိမ်သို့ ဝင်ထွက်နေကျကား။

နွယ်မိုးတို့၏ အိမ်ဝင်းတံခါးသို့ အရှိန်ပြင်းစွာ ကွေ့ဝင်လိုက်သည်။ အဘိုးအိုတစ်ယောက်ကို ပွတ်တိုက်မိသွားသည်။ သူတို့အုပ်စု မြင်လိုက်သဖြင့် အပြေးသွားကြသည်။ အဘိုးအိုက လမ်းဘေးတွင် လဲနေရာမှ အားယူ၍ ထနေသည်။ ပွတ်တိုက်သွားသောကားက ခြံတံခါးအဖွင့်ကို စောင့်နေ၏။

အဘိုးအိုကို သူတို့ ဖေးမလိုက်ကြသည်။ တံတောင်ဆစ်နှင့် ခြေသလုံးတွေမှာ ပွန်းပဲ့ရာတွေကို မြင်သည်။ သွေးစစ။ ဦးသာလွန်းက ခြံတံခါးဖွင့်ပေးနေသည်ကို လှမ်းတွေ့၏။ ကားက





ခြံဝင်းအတွင်း ညင်သာစွာ မောင်းဝင်သည်။ ကားဆီသို့ သူအပြေးသွား၏။ တင်မောင်နိုင်လည်း လိုက်ပါလာလေသည်။

“ဒီမှာ”

ကားမောင်းသူမှာ အသက်နှစ်ဆယ့်ငါးနှစ် ဝန်းကျင်အမျိုးသားတစ်ဦး။ သူ့ခေါ်သံကြောင့် ကားကို တံ့ခနဲရပ်သည်။ မကြည်လင်သော အကြည့်မျိုးဖြင့် သူ့ကိုကြည့်၏။

“ခင်ဗျားက နည်းနည်းပါးပါးတောင် ဆင်းမကြည့်တော့ဘူးလား၊ ဟိုမှာ အဘိုးကြီးတစ်ယောက် ခင်ဗျားကားနဲ့ ပွတ်မိသွားတယ်”

ဦးသာလွန်းက ခပ်လှမ်းလှမ်းမှ ခေါင်းထောင်၍ ကြည့်နေသည်။

“ပွတ်မိသွာရုံပဲ၊ ဘာမှမှ မဖြစ်ဘဲ”

ကားတံခါးအနီးသို့ သူ တိုးကပ်သည်။

“လဲကျသွားတာ ခင်ဗျား မမြင်ဘူးလား၊ အဘိုးကြီးဗျ၊ ခင်ဗျားအဖေထက်တောင် ကြီးဦးမယ်”

တိုက်ထဲမှ ပြေးထွက်လာသော ခြေသံတွေကို ကြားသည်။ တင်မောင်နိုင်က လုံချည်ကို ပြင်ဝတ်၏။ အဘိုးအိုကို တွဲလျက် မြင့်ဦးနှင့် သန်းထိုက်တို့က ခြံဝင်းအရှေ့သို့ ရောက်လာကြသည်။

“မင်းနဲ့ ဘာဆိုင်လို့လဲ”

“ဘာဗျ”



www.burmeseclassic.com

www.burmeseclassic.com



သူ ကားတံခါးကို ဆွဲဖွင့်လိုက်သည်။ ထိုသူ၏ ရင်ဘတ်ကိုဆောင့်ဆွဲပြီး . . .

"ကဲကွာ"

ခွပ်ခနဲ မြည်သံနှင့်အတူ ကားထဲသို့ ခေါင်းစိုက်သွား၏။ နွယ်မိုး၏ ဖခင်နှင့် နွယ်မိုး၏ အဒေါ်တို့ ရောက်လာကြသည်။

ဦးသာလွန်းက ပြေးလာပြီး သူ့ကို ဆွဲသည်။ နွယ်မိုး၏ ဖခင်နှင့် အဒေါ်က သူတို့ဧည့်သည်ကို ဆွဲသည်။ မြင့်ဦးနှင့် သန်းထိုက်က အဘိုးအိုကို ထားခဲ့ပြီး ခြံဝသို့ ပြေးလာကြသည်။ ဦးသာလွန်းက သူတို့အားလုံးကို တောင်းပန်စကားတွေ ပြောနေကြသည်။

"ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲ" ဟု နွယ်မိုး၏ အဒေါ်က အသံစူးစူးနှင့် မေးသည်။

"ကားနဲ့ တိုက်သွားလို့" ဟု တင်မောင်နိုင်ပြောသည်။ တံတောင်ဆစ်ကို လက်ဖြင့်ဖိထားသော အဘိုးအိုကို နွယ်မိုး၏ အဒေါ်က ကြည့်ပြီး . . .

"အဲဒါကို ပါးစပ်နဲ့ ပြောပါလား၊ ဘာဖြစ်လို့ လက်ပါတာလဲ"

ဦးသာလွန်း ဆွဲထားသည့်ကြားက သူ ရုန်းသည်။ လမ်းသွားလမ်းလာ လူကြီးနှစ်ယောက်ကလည်း မြင့်ဦးနှင့် သန်းထိုက်ကို ဆွဲထားကြ၏။

"လူလို နားလည်တဲ့လူမှ ပါးစပ်နဲ့ ပြောလို့ရတာ၊ ဟော့ကောင် . . . မင်း လူမဟုတ်ဘူးမို့လား"

သူ ဒေါသကြီးတတ်မှန်းသိသဖြင့် တင်မောင်နိုင်ကပါ





သူ့ကို ဆွဲထားသည်။

ဦးသာလွန်းက တတွတ်တွတ် တောင်းပန်နေလေသည်။ မြင့်ဦးကလည်း ကိုင်ထားသူတွေလက်မှ ရုန်းကန်လျက် . . .

"အဲဒီကောင် ဘယ်ကကောင်လဲ၊ ဘာလဲ မာစီဒီး လာကြွားတာလား၊ ခွဲစမ်း . . . အဲဒီကောင် ကားကိုခွဲ"

ထိုစဉ် အဘိုးအိုက တံတောင်ဆစ်လေးကို ပွတ်လျက် သူတို့နားသို့ ရောက်လာသည်။

"လူလေးတို့ တော်ကြပါတော့ကွယ်၊ တော်ကြပါတော့၊ အဘ ကျေနပ်ပါတယ်၊ လူလေးတို့လည်း ကျေနပ်လိုက်ပါတော့"

အဘိုးအို၏စကားကြောင့် သူ ငြိမ်ပစ်လိုက်သည်။ ကားမောင်းသည့်ကောင်ကို မကျေနပ်စွာ စိုက်ကြည့်၏။ နွယ်မိုး၏ အဒေါ်က အဘိုးအိုထံသွားပြီး . . .

"ဒီက တံတောင်ဆစ် ပွန်းသွားတယ်နဲ့တူတယ်၊ ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်သည်။

"ဆေးဖိုး ဘယ်လောက်ယူမလဲ"

သူ့စိတ်ထဲတွင် ထောင်းခနဲဖြစ်သွား၏။ အဘိုးအို၏ တအံ့တသြ မျက်လုံးတွေကို သူ သနားမိလေသည်။

ထို့ကြောင့် . . .

"ဆေးဖိုးပေးမယ့်ငွေကို ခင်ဗျားတို့ အသုဘမှာ သုံးဖို့ သိမ်းထားလိုက်ပါ၊ ဆေးရုံကို ကျွန်တော်တို့ပဲ ခေါ်သွားလိုက်ပါမယ်"

သူ့စကားကြောင့် အနီးရှိ လူတွေအားလုံး ရယ်မောကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ နွယ်မိုး၏ ဖခင်မျက်နှာ၊ အဒေါ်မျက်နှာတွေ နီရဲသွား လေ၏။

အိမ်ရှေ့ ဆင်ဝင်အောက်၌ နွယ်မိုးကို လှမ်း၍တွေ့ လိုက်ရသည်။

* * *

နွယ်မိုးက လက်ဖက်ရည် နွေးနွေးကို သောက်သည်။ ပြီး ရေနွေးကြမ်းငုံ့နေသော မြင့်ဦးဘက်သို့ လှည့်ပြီး . . .

"ကိုမြင့်ဦးက ဘာမေဂျာ လျှောက်ထားလဲ"

"ဥပဒေ"ဟု အင်္ဂလိပ်ဘာသာစကားဖြင့် မြင့်ဦးကပြော သည်။

"ကိုမြင့်ဦးသာ ဥပဒေဝန်ထမ်းဖြစ်ရင် သူရဲ့ဒေါသတကြီး အမှုတွေကို အလကားလိုက်ပေးရမှာ ကျိန်းသေတယ်"

သူပြုံး၏။ နွယ်မိုး၏ သူငယ်ချင်း ခင်မာဝင်းက . . .

"ရန်တွေ ခဏခဏ ဖြစ်မနေကြပါနဲ့တော့၊ ကလေးတွေမှ မဟုတ်ကြတော့တာ၊ တို့ကြားတယ်၊ ခိုင်ထွန်းတို့ အုပ်စုက ရန် ဖြစ်တဲ့နေရာမှာ အကျော်အမော်ပဲ"

ခင်မာဝင်းနှင့် မထွေးထွေးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။ သူက လက်ဖက်ရည်တွေကို အကုန်မော့ သောက်သည်။ ပန်းကန်ပြန်အချတွင် နွယ်မိုးက နှုတ်ခမ်းသုတ်ရန်





လက်ကိုင်ပုဝါ ကမ်းပေး၏။ သူလက်ကာသဖြင့် ပြန်ယူသွားသည်။

စကားရပ်ပြီး မြင့်ဦးက ရေနွေးငုံ့သည်။

"ပြောရဦးမယ်၊ ကိုမြင့်ဦးတို့လို နေတတ်ထိုင်တတ်တဲ့ လူငယ်မျိုးတွေကို လူကြီးတော်တော်များများက လမ်းသရဲလို့ သမုတ်ကြတယ်နော်၊ အပြင်ပန်းကြည့်ပြီး ဝေဖန်တာမျိုး" ဟု ခင်မာဝင်း ပြောသည်။

"ကိုမြင့်ဦးတို့ တစ်အုပ်စုလုံးကို အန်တီမြကတော့ တော် တော် မျက်မုန်းကျိုးသွားပြီ"

နွယ်မိုးက သူ့ကိုကြည့်လျက် ပြော၏။

"ဟိုတစ်နေ့က ဇော်မင်းထင်ကို မောင် ဆွဲထိုးတဲ့ ကိစ္စနဲ့ ပတ်သတ်ပြီး နွယ်မိုးကို အန်တီမြ အမိန့်ထုတ်တယ်"

"ဘာ အမိန့်ထုတ်တာလဲ" ဟု သူ မေးသည်။

"ရပ်ကွက်ချင်းနီးကပ်ပေမယ့် ဘယ်လိုနည်းနဲ့မှ မောင်နဲ့ မပတ်သတ်ဖို့၊ ပတ်သတ်ဆက်နွယ်တဲ့နေ့ အိမ်က ဆင်းရမယ်တဲ့၊ မောင်က သိပ်မိုက်ရိုင်းတာပဲတဲ့၊ နွယ်မိုး ဘာမှ ပြန်မပြောပါဘူး၊ မှုံပြုံး ပြုံးလိုက်တာကိုတော့ သူတွေ့သွားတယ်"

"စိတ်မကောင်းဘူး နွယ်မိုးရယ်၊ မောင့်ကြောင့် အဆူ အပြောခံရတာ"

"ကိစ္စမရှိပါဘူး၊ မိဘက ဆူတာ ပြောတာမှ မဟုတ်ဘဲ၊ သူက အဒေါ် . . .၊ အနေသာကြီး။ မမအေးသာ သူ့စကားကို နားထောင်မယ်၊ သူ့အမိန့်ကို နာခံမယ်၊ နွယ်မိုးကတော့ ကိုယ့်ဝါဒ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကိုယ်၊ ဖေဖေ့ အဆုံးအမကလွဲရင် ကျန်တာကို အသိအမှတ်မပြုဘူး၊ မေမေရှိရင်တော့ မေမေ့အဆုံးအမကိုလည်း နားထောင်မှာပေါ့”

မိခင်ကို တမ်းတလိုက်သော စကားကြောင့် စိတ်မကောင်းဖြစ်ရသည်။

“မေမေ့ကို တွေ့ချင်လိုက်တာ၊ နွယ်မိုး သိပ်ကံဆိုးတာပဲ၊ မွေးမိခင်ကိုတောင် မမြင်မတွေ့ဘူးတဲ့ဘဝ၊ မောင်ကမှ မေမေကို တွေ့ဖူးလိုက်သေးတယ်နော်၊ မေမေ့ကို နွယ်မိုးရဲ့ ဓာတ်ပုံ ပေးလိုက်တာ မောင့်ကို သိပ်ကျေးဇူးတင်တာပဲ သိလား”

ဝမ်းနည်းသံနှင့် ပြောသော ချစ်သူစကားကို စာနာ နားစွန့်မိသည်။ အသည်းနှလုံးတွင် မချမ်းမြေ့။ သူ . . . အင်္ကျီအိတ်ထဲမှ တစ်ဆယ်ကျပ်တန် တစ်ရွက်ထုတ်သည်။ နွယ်မိုးက ဆွဲယူလိုက်ရင်း . . .

“အမယ် မောင်က လက်ဖက်ရည်ဖိုး ပေးမလို့ မဟုတ်လား၊ ဝင်ငွေတွေ ဘယ်လောက်များ ပေါနေလို့လဲ၊ နေပါစေ၊ လောလောဆယ် နွယ်မိုးက သူဌေးသမီး နွယ်မိုး ပေးမယ်နော်”

ပြုံးလျက်ပြောသည်။ သူ ခေါင်းခါ၏။

“မောင့်မှာလည်း မုန့်ဖိုး ပဲဖိုးတော့ ရှိပါတယ် နွယ်မိုးရယ်၊ တစ်ခါတလေ မောင်ပေးပါ့မယ်၊ သူဌေးသမီးဆိုပြီး ဘဝင်မမြင့်နဲ့၊ မောင်နဲ့ရရင် အဲဒီရာထူးက အလိုလိုနေရင်း ပြုတ်ကျသွားမှာ”

သူ့စကားကြောင့် အားလုံးရယ်ကြသည်။ နွယ်မိုးက . . .





“မောင်နဲ့ရရင် သူဌေးသမီးက သူဌေးဇနီး မဖြစ်ဘူးလို့ ပြောနိုင်မလား၊ လူဆိုတာ အညွန့်နဲ့ အတက်နဲ့၊ ကိုယ့်ကိုယ်ကို နှိမ်ချနဲ့နော် မောင်၊ နွယ်မိုး မကြိုက်ဘူး”

သူစကားတန့်သည်။ နွယ်မိုးက သူ့ကို မျက်စောင်းထိုး၏။ ယုယမက်မောဖွယ်ရာ အကြင်နာ မျက်စောင်း။

နွယ်မိုးက လက်ဖက်ရည်ဖိုး ရှင်းပေးပြီး သူ့ပိုက်ဆံကို ပြန်ပေးသည်။ သူက ငြင်းသဖြင့် အင်္ကျီအိတ်ထဲသို့ အတင်းထိုးထည့်သည်။ ခင်မာဝင်းနှင့် ထွေးထွေးတို့ ကြည့်ပြီးပြုံး၏။

“တစ်အောင့်နေရင် ပြန်ကြရအောင်၊ ကလပ်စ်မရှိတော့ဘူး” ဟု ခင်မာဝင်း ပြောသည်။ “ကောင်းပြီလေ” ဟု နွယ်မိုး ပြော၏။

ထိုစဉ် . . .

“ဟင် . . . မမအေး”

သူတို့ထိုင်နေသော စားပွဲခုံသို့ လှမ်းလာနေသော မအေးအေးမြတ်ကို တွေ့သည်။ နွယ်မိုး သူ့ကိုကြည့်၏။ အကြည့်ဆုံသော်လည်း ရင်မခုန်မိ။

အနားသို့ရောက်လာသော မအေးအေးမြတ်က သူ့ကို ကျောစွာ ကြည့်သည်။ ပြန်မကြည့်ဖြစ်အောင် တမင်ထိန်း၏။

“ဒီမှာ”

ခါးထောက်လျက် ခေါ်သည်။

မကြည့်ချင်သော်လည်း ကြည့်ရမည့် အခြေမို့ မော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

မြင့်ဦးက မိုးပေါ်သို့ မော့ကြည့်နေ၏။

"နင် ငါ့ညီမနဲ့ လုံးဝမပတ်သက်ပါနဲ့၊ ကိုယ့်အဆင့်အတန်းကို ကိုယ်ပြန်ကြည့်"

သူထိုင်ရာမှ ဝုန်းခနဲထသည်။

မြင့်ဦးက သူ့လက်နှစ်ဖက်ကို ဖိထား၏။ မြင့်ဦးက မဲ့ပြုံးပြုံးလျက် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြသည်။

အသားတွေ တစ်ဆတ်ဆတ် တုန်လာသည်။

ထွေးထွေးနှင့် ခင်မာဝင်းတို့ မျက်စိမျက်နှာပျက်နေကြ၏။ မြင့်ဦးက သူ့လက်နှစ်ဖက်ကို ပို၍ဖိထား၏။

"နွယ် . . . လာပြန်မယ် ကားပေါ်မှာ ဖေဖေပါတယ်"

နွယ်မိုးလက်ကိုဆွဲ၍ လှည့်ထွက်သွားသည်။ နွယ်မိုးက သူ့ကို တစ်ချက်လှည့်ကြည့်သည်။ စိုးရွံ့အားနာသော အကြည့်။

"ထိုင်ပါ ခိုင်ထွန်းရာ၊ အဆင့်အတန်းဆိုတာကို အမူအရာနဲ့ ပြတတ်အောင် ကြိုးစားစမ်းပါ"

ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဒေါသနှင့် သောကတွေ ယှဉ်လျက်ခံစားရ၏။ လှည့်မကြည့်တော့သော်လည်း အေးအေးမြတ် မျက်နှာကို ရှုံ့မှုန်းစွာမြင်နေသည်။ တက်တစ်ချက်ခေါက်မိသည့်တိုင် ဒေါသတွေ မပြေပျောက်။

* * *



## အခန်း(၁၁)

"တောက်"

အန်တီမြ၏ တက်ခေါက်သံက တစ်ခန်းလုံး ဟိန်းသွားသည်။ မောင့်ကို ဘာကြောင့် ဒီလောက်မုန်းနေကြတာလဲ၊ နွယ်မိုး တွေးသည်။ အော်ဟစ်မေးမြန်းလိုက်ချင်သည်။ မမေးဖြစ်၊ မိမိနှင့် တဇာတ မမျှတိုင်း အမုန်းပွားနေသည်ကို နွယ်မိုး မနှစ်မြို့။ နေမှု အဆင့်အတန်းချင်း ကွာဟမှုတစ်ခုတည်းကြောင့် ချိုးနှိမ် တီးနေသည်ဟု နွယ်မိုး ထင်သည်။

"ညည်းက ငါ့ကို လူမထင်တော့ဘူးလား မိနွယ်"

ဒေါသတကြီး မေးသည်။ ခြေလက်တွေက တဆတ်ဆတ်။ မင်ပြုကျင့်သော အမူအရာမှန်း သိနေကျ။ မမြင်ချင်ယောင် ကြားချင်ယောင်ပြုလျက် အပေါ်ထပ်သို့ တက်ဖို့ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ပြောလေ၊ ငါ့ကို ခွေးလုပ်နေတာလား"

မမအေးက နွယ်မိုးကို ရှေ့မှဖြတ်လျှောက်လျက် အပေါ်ထပ်သို့ တက်သွားသည်။ နွယ်မိုးကို တစ်ချက်မှ ငဲ့မကြည့်။

"ညည်း ခွေးဇာတ်ခင်းတော့မလို့လား" ဟု အန်တီမြ လှမ်းမေးသည်။ "အန်တီမြ ဘာကို ဆိုလိုတာလဲ" ဟု နွယ်မိုး ပြန်ပြောသည်။

"ကလေကချေတွေနဲ့ လုံးဝ မပတ်သက်ပါနဲ့လို့ ငါ ပြောထားတာ မလိုက်နာတဲ့အပြင် လက်ဖက်ရည်ဆိုင်မှာ အတူထိုင်နေတယ်ဆိုတော့ ငါ့ကို ခွေးလုပ်တာပေါ့၊ နင်ခွေးဇာတ်ခင်းတာပေါ့"

"အန်တီမြစကားတွေက တစ်ဖက်သားကို သိပ်ချိုးနှိမ်ရာကျတယ်၊ သိပ်စော်ကားလွန်းတယ်၊ မမအေးလည်း အတူတူပဲ၊ ဂုဏ်ရှိတယ်၊ ဓနရှိတယ်ဆိုပြီး အောက်ခြေလွတ်နေကြတယ်၊ လူ့လောကမှာနေပြီး လူအချင်းချင်း လူလို မဆက်ဆံတတ်ဘူး၊ အဲဒီလို မဆက်ဆံတတ်တာကိုက အန်တီမြ ပြောတဲ့ ဇာတ်ကို ခင်းနေတာနဲ့ တူတာ"

"ဘာပြောတယ်၊ ညည်းဘာပြောတယ်"

အန်တီမြ ထိုင်ရာမှ ဝုန်းခနဲ ရပ်သည်။

နွယ်မိုးက လေ့ကား တစ်ထစ်တက်ရင်း . . .

"နွယ်မိုး ဘာမှ မပြောချင်ပါဘူး၊ ပြောဖြစ်ခဲ့ရင်လည်း အန်တီမြတို့ နားလည်ကြမှာ မဟုတ်ဘူး၊ အမြင်ချင်းမှ မတူဘဲ ဟုတ်တယ်မို့လား"





ကျောခိုင်းပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

ဒေါသတကြီး အော်ဟစ်လျက် အန်တီမြ ကျန်ရစ်ခဲ့သည်။

* * *

လူမှန်း သိစကတည်းက နွယ်မိုးဘဝတွင် တစ်ခုခုလိုအပ်သည်ဟု ကိုယ့်ကိုယ်ကို သိ၏။ ဖေဖေက လိုလေသေးမရှိထား၏။ လိုအပ်သမျှ နှုတ်က ဖွင့်ဟရသည် မရှိခဲ့။

ဖေဖေပေးသမျှ ကျွေးသမျှ ဆင်ယင်သမျှတွေ မည်မျှပင် ပြည့်စုံစေကာမူ တစ်ဝက်သာရရှိသည်ဟု ခံစားရ၏။ အရွယ်ရောက်လာသည်နှင့်အမျှ ဖခင်၏ အပါးတွင် မိခင်ကို အစားထိုးကြည့်မိသည်။ မိခင်ဘယ်မှာလဲဟု တွေးတတ်မေးတတ်လာသည်။ မေးသည့်အခါတိုင်း ဖေဖေ့မျက်နှာ ညှိုး၏။ မမေးဖို့ မမြန်းဖို့ အန်တီမြက ရိုက်နှက်တားမြစ်၏။ ရိုက်နှက်နေသည့်အခါတိုင်းတွင် နွယ်မိုး မျက်ရည်မကျ။ အံတင်းလျက်ခံသည်။ ပြီးမှ . . . တစ်ကိုယ်တည်း တစ်ယောက်တည်း အခန်းထဲမှာ ကြိတ်ငိုပစ်လိုက်၏။

ရိုက်နှက်ခံရသည့် ဒဏ်ရာကို နာစရာဟု မထင်မှတ်။ ရင်ထဲက တောင်းတသော မိခင်မေတ္တာကို မရရှိခဲ့ရသည့်ဘဝဟု တွေးမိသဖြင့် ထိုဘဝကို နာကျင်ရ၏။

စီးပွားရေးကိစ္စတွေ ရန်ကုန်မှာ ရှိသဖြင့် မန္တလေးမှ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကြ၏။ ထိုအချိန်အထိ မိသားစု အသိုင်းအဝိုင်းထဲတွင်သာ ကျင်လည်နေရသဖြင့် ကိုယ့်ကိုယ်ကို မွန်းကျပ်နေသူ အထီးကျန်နေသူဟု ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ရသောအခါ အပေါင်းအသင်းတွေ မိတ်ဆွေတွေကို တွေ့သည်။ ထိုအထဲမှ ခင်မင်သူ၊ အခင်မင်ဆုံးဟု ခွဲခြားပေါင်းသင်းခဲ့သည်။

ထို့အပြင် ရင်းနှီးလိုသယောင်၊ ခင်မင်လိုသယောင်ဖြင့် လာရောက် ရစ်ဝဲကြသူတွေကို တွေ့သည်။ မျက်နှာထားတင်းဖို့ လိုအပ်သူကို မျက်နှာထားတင်းတင်း၊ ခြေင်စွာ ပြောဖို့လိုအပ်သူကို ခြေင်ပြေပြစ်စွာ ပြောဆို ငြင်းပယ်ခဲ့ရ၏။ မာနမင်းသမီးဟု သညာတပ်သူလည်း ရှိသည်။ ပကာသန မိဖုရားဟု အမည်ပေးသူလည်း ရှိသည်။ ယဉ်ကျေးသိမ်မွေ့သူ ဣန္ဒြေကြီးသူဟု အမည်တွင်စေသူတွေလည်း ရှိ၏။ သို့သော် မည်သည့်စကားကိုမျှ မတုန်လှုပ်ခဲ့။

သို့နှင့် မောင့်ကို တွေ့သည်။ မောင့်ကို မြင်မြင်ချင်း ရင်တွင် အမည်မဖော်တတ်စွာ ခံစားရသည်။ ပျောက်ဆုံးနေသော မောင်ငယ်၊ ကွေကွင်းနေရသော သူငယ်ချင်းနှင့် ဆုံတွေ့လိုက်ရသည်သို့ ထင်မြင်မိ၏။ မောင့်ကို ချစ်သည်ဟု ဆုံးဖြတ်လိုက်ခြင်းသည် အထီးကျန်ဘဝအတွက် အဖော်ရှာခြင်း မဟုတ်။ ချစ်ခြင်းမေတ္တာနှင့် ကင်းရှင်းစွာ နေထိုင်ခဲ့သူမို့ ရှုးမူးစွာ တွယ်တာခဲ့ခြင်း မဟုတ်။ မသိစိတ်၊ အသိစိတ်ကပင်လျှင် ဘဝ၏ ထာဝရ ရဲရင့်ရင်ဆိုင်ဖော်ဟု မောင့်ကို ယုံကြည်စွာ သတ်မှတ်လိုက်သဖြင့် တစ်သက်တာအတွက် ရည်စူး၍ မြတ်နိုးစွာ ချစ်ခဲ့မိခြင်းဖြစ်သည်။

ထိုကဲ့သို့ ချစ်မိခြင်းကို အပြစ်ဟု မည်သည့်အခါမျှ မယူဆ၊ ယူဆမည့်သူ ရှိလျှင်လည်း မည်သည့်အခါမှ စေ့စပ်ရှင်းလင်း





မပြချင်ပေ။ အချစ်ကို မကြာခဏ မွေးဖွားဖန်တီးတတ်သူ မဟုတ်သဖြင့် ချစ်ဖို့ရာ ခဲယဉ်းသည့် နှလုံးအသည်းကြားက အလိုအလျောက် ပေါက်ဖွားလာသော မိမိအချစ်ကို ခိုင်မာ စိတ်ချစွာ ချွင်းချက်မရှိ ယုံကြည်လေ၏။

* * *

"ရှင် . . ."

တွယ်ရာမဲ့ဟု ကိုယ့်ကိုယ်ကို ခံစားလိုက်ရ၏။ ဖေဖေ မျက်နှာလွှဲသွားသည်။ အန်တီမြက နွယ်မိုးကို စိုက်ကြည့်သည်။ မအေးက ခေါင်းငုံ့ထားသည်။

ဒေသည်အဒေါ်ကြီးက . . .

"ဒီနေ့ နေ့လယ် သင်္ကြိုဟ်မှာ၊ သူမဆုံးခင်က သူ့ကလေးနှစ်ယောက် ဒီမှာရှိတယ်လို့ ပြောသွားလို့ တွေ့ချင်မလားဆိုပြီး ညွန်မ လာခေါ်တာပါ၊ ခွင့်ပြုပါဦး"

အဒေါ်ကြီး ထိုင်ရာမှ ထသည်။

"သမီး မေမေ့ကို သွားတွေ့မယ်"

ဖေဖေ့ကို ကြည့်လျက် နွယ်မိုး ပြောသည်။ ဒေသည်အဒေါ်ကြီးက တစ်ချက် ငဲ့ကြည့်သည်။ ပြီး . . . အိမ်တံခါးဝသို့ ညည်းညင်းစွာ လှမ်းထွက်သွားသည်။

"မသွားရဘူး၊ ဘယ်သူမှ မသွားရဘူး၊ ဒါပဲ" ဟု အန်တီမြ



www.burmeseclassic.com

www.burmeseclassic.com



ပြော၏။ အန်တီမြကို နွယ်မိုး စူးရဲစွာ ကြည့်သည်။

ပြီး အပေါ်ထပ်သို့ ပြေးတက်၏။ အခန်းထဲမှ ငွေကြိုးတ သားရေအိတ်ကလေးကို ယူသည်။ ဆံပင်ကို တစ်ချက်နှစ်ချ ဖြီး၏။ အခန်းအပြင်သို့ ထွက်ပြီး အခန်းတံခါးကို ဝုန်းခနဲ တွ ပိတ်လိုက်သည်။

လှေကားအတိုင်း အပြေးဆင်းသည်။ လှေကားရ ရောက်သည်နှင့် ဖိနပ်စီးပြီး မည်သူ့မျက်နှာကိုမှ မကြည့်ဘဲ အိ တံခါးဝသို့ သွား၏။

"မိနွယ်"

အန်တီမြ၏ ခေါ်သံကို မကြားယောင်ပြုသည်။ ပွင့် သော သံတံခါးကို ဘေးသို့ တစ်ချက်တွန်း၏။ အိမ်အပြင်သို့ လှ အထွက် . . .

"သမီး"

ဆို့နင့်စွာ ခေါ်သော ဖေဖေ့အသံ။ နွယ်မိုး ဆတ် လှည့်ကြည့်သည်။ ဖေဖေ ထိုင်ရာမှ ထလာ၏။ တံခါးဝသို့ ရော လာသည်။

"မသွားပါနဲ့တော့ သမီးရယ် . . ."

"မသွားပါနဲ့ . . . ဟုတ်လား ဖေဖေ၊ အဲဒီစကား ဖေဖေ တကယ် ပြောရက်သလား၊

သမီးဘက်က ခံစား စဉ်းစားကြည့်ပါဦး၊ အမေဆို ဖြူသလား၊ မည်းသလား မသိရတဲ့အပြင် အခု အမေ့နောက်





ခရီးကိုတောင် မသွားရဘူးဆိုတော့ သမီးဘဝ လူနဲ့မှ တူသေးရဲ့ လား ဖေဖေ၊ သမီး လူတစ်ယောက်မှ ဟုတ်သေးရဲ့လား"

ဖေဖေ ဦးခေါင်းကို ညင်သာစွာ ခါယမ်းသည်။

"မဖြစ်ဘူး သမီး၊ သမီး သွားလို့ မသင့်တော်ဘူး၊ သမီး မေမေက လူနေရပ်ကွက်ထဲမှာ နေတာမဟုတ်ဘူး၊ သုသာန်ထဲမှာ၊ သမီးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာ စိုးလို့"

"ဟင်း . . . ဟင်း ဖေဖေတောင် ရှက်တတ်နေပြီကိုး၊ သမီး အံ့သြတယ်၊ သိပ်အံ့သြတယ်"

အခုသေတာ ဖေဖေ့ မိန်းမပါ၊ သမီးတို့ရဲ့ အမေပါ၊ ဘယ် နေရာမှာ နေနေ ဘယ်နေရာမှာ သေသေ အမေက အမေပဲ၊ မယားက မယားပဲ၊

သုသာန်ထဲမှာ နေရအောင်၊ သုသာန်ထဲမှာ သေရအောင် ဘယ်သူလုပ်တာလဲ၊ ဖေဖေ မသိဘူးလား၊ ဖေဖေ မသိချင်ယောင် ဆောင်နေတာလား၊ ဒါမှမဟုတ် ဖေဖေ ကြောက်နေတာလား၊ သမီးကို ပြောစမ်းပါ ဖေဖေရယ်၊ သမီးကို ပြောစမ်းပါ"

ငိုချင်စိတ်ကို ကြိတ်မှိတ်၍ ထိန်းထား၏။ ငိုချင်စိတ်၊ ဝမ်းနည်းစိတ်ထက် ဒေါသစိတ်က အနန္တ။

"မိနွယ် စကားကို ဆင်ခြင်ပြော၊ ညည်းအမေ အခုလို ခွေးလို ဝက်လို သေရတာ ခြေမငြိမ်လို့ သိလား၊ သူ့ထိုက် သူ့ကံ ခံရတာ"

"အန်တီမြ ဘာမှ ဝင်မပြောပါနဲ့၊ မေမေ့ကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာလိုက်တယ်ဆိုတာ နွယ်မိုး သိတယ်၊ ဖေဖေသာ မသိတာ၊ ဖေဖေသာ ပြောသမျှ ကြားသမျှကို ယုံနေတာ၊

ကိုယ့်ဇနီးမယားဟာ ဘယ်လို စိတ်ဓာတ်၊ ဘယ်လို မာန ရှိတယ်ဆိုတာကိုတောင် ဖေဖေ မသိတာ အရမ်းအံ့ဩတယ်"

"သမီး . . . သမီး ဘာတွေ ပြောနေတာလဲဟင်"

"မသိလို့ မေးနေတာလား၊ ဖေဖေ တကယ် မသိရင် သမီး ပြောပြမယ်၊ မပြောခင် ဖေဖေ့ကို မေးဦးမယ်၊ မေမေနဲ့ ဖေဖေ ဘာကြောင့်ကွဲခဲ့ကြတာလဲ . . . ပြော"

ဖေဖေ ခေတ္တ တွေသွားပြီး . . .

"သမီး မေမေက အိမ်ထောင်ရေး ဖောက်ပြန်လို့" ဟု ပြောသည်။

"ဖေဖေကိုယ်တိုင် မြင်တာလား၊ ဖေဖေကိုယ်တိုင် သိတာလား၊ ဒါမှမဟုတ် သူတစ်ပါး ပြောတာကို ဖေဖေ ယုံလိုက်တာလား"

"ဘယ် . . . ဘယ်လို"

အန်တီမြကို ဖေဖေ ကြည့်သည်။

"ဟုတ်တယ် ဖေဖေ၊ အန်တီမြက မေမေ့ကို သက်သက်မဲ့ အကြောင်းရှာပြီး နှင်ချတာ"

အန်တီမြ အံကြိတ်သည်ကို နွယ်မိုး တွေ့သည်။

"သူ့အလွန်မဖြစ်အောင် မေမေ့ကို သားပုပ်လေလွင့် ပြောတာ"

"ဒါ . . . ဒါတွေကို သ . . . မီး ဘယ်လိုလုပ်သိလဲဟင်"





ဖေဖေက တုန်လှုပ်စွာ မေးသည်။ မည်သို့ဖြေရမည်ဟု ရုတ်ချည်း မသိ။

"သမီး မေမေနဲ့ လွန်ခဲ့တဲ့ တစ်လလောက်က တွေ့ပြီးပြီ"

ဦးသာလွန်းအတွက် ငဲ့ညှာ၍ ပြောလိုက်ရသော မုသား တား။ အန်တီမြ ထိုင်ရာမှ ထလာသည်။ မမအေးက မျက်လုံး အဝိုင်းသား။

"အေး ဟုတ်တယ်၊ ညည်းတို့အမေ မြင့်မြင့်နွယ်နဲ့ ငါ့ မောင်က အဆင့်အတန်းချင်း မတူလို့ ငါ တမင်ခွဲခဲ့တာ၊ ကဲ . . . အဲဒါ ဘာဖြစ်လဲ"

"ရင်နာရုံအပြင် ဘာမှမဖြစ်ပါဘူး" ဟု နွယ်မိုး ပြန်ပြော၏။

"အေး အခုလည်း ညည်းဘယ်မှ မသွားရဘူး၊ အဲဒါ ငါ့အမိန့်ပဲ၊ သွားချင်ရင် အပြီးသွား"

"သွားမယ်"

ဆတ်ခနဲ လှည့်ထွက်သည်။

"သမီး"

ဖေဖေက နွယ်မိုးလက်ကို ဆွဲထားသည်။ နွယ်မိုး မျက် န်းတွင် မျက်ရည်တွေ ဝေ့တက်၏။ ပါးပြင်ပေါ်သို့ စီးကျမလာ အောင် အံကို တင်းတင်းကြိတ်၍ ထိန်း၏။ ဒေါသကြောင့် မျက် န်းမှ မျက်ရည်တွေက ပါးပြင်ပေါ်သို့ စီးမကျ။

ဖေဖေဆွဲထားသော လက်ကို ရုန်းမရ၍ အနီးရှိ ပြတင်း ပေါက်မှန်တံခါးအား ကျန်လက်ဝါးဖြင့် အားကုန်ရိုက်ခွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း"

"ချလွမ်း"

"သမီး . . . သမီး"

မှန်ကွဲစတွေ လွင့်ထွက်သည်။ လက်တွင် မှန်ကွဲစတွေ သွေးစက်တွေကို တွေ့နေသည့်တိုင် နာကျင်သည်ဟု မခံစားရ အနိတီမြကိုသာ နွယ်မိုး တူရူကြည့်သည်။

ကြည့်ရင်း အသားတွေ တဆတ်ဆတ် တုန်လာသည်။ ဖေဖေက နွယ်မိုးကို တင်းကျပ်စွာ သိုင်းဖက်ထားသည်။ နွယ်မိုး၏ အစ်မ အေးအေးမြတ်က အပါးသို့ ပြေးလာ၏။ တစ်ခဏအတွင်း နွယ်မိုး ငြိမ်ကျသွားလေသည်။

"သမီး . . . သမီး"

ထိုသို့ ငြိမ်ကျသွားသည့်တိုင် နွယ်မိုး၏ ဒေါသမျက်လုံး တွေက အနိတီမြထံမှ စဉ်းငယ်မျှပင် မရွှေ့။ ကားရေဆေးနေသော ဦးသာလွန်းက အိမ်အတွင်းသို့ စိုးရိမ်တကြီးဖြင့် ပြေးဝင်လာလေ၏။

* * *



အခန်း(၁၂)

နွယ်မိုး နေမကောင်းဖြစ်နေကြောင်း ခင်မာဝင်း ပြောသဖြင့် သူ စိုးရိမ်၏။

မြင့်ဦးနှင့် တင်မောင်နိုင်က ဂစ်တာတီးနေကျ အုတ်ခုံပေါ်တွင် ကျန်ရစ်ခဲ့သည်။ ဝန်းကျင်အခြေအနေကို အသေအချာ ကြည့်ဖို့ သူမှာ၏။ သန်းထိုက်က အိမ်ရှေ့တံခါးဝက ဝင်လျှင် အန္တရာယ်ပိုကြီးကြောင်း ပြောသဖြင့် နောက်ဖေးလမ်းကြားမှ သူတို့နှစ်ယောက် ဝင်ခဲ့ကြသည်။ အချိန်မှာ ည ကိုးနာရီကျော် ကျော်လောက်သာ ရှိဦးမည် ထင်သည်။ နွယ်မိုးတို့ အိမ်နောက်ဘက် သို့ ရောက်လုလုတွင် ခွေးဟောင်သံ ကြားရသည်။ ထို့ကြောင့် သန်းထိုက်က . . .

"ခိုင်ထွန်း လေးဖက်ထောက် . . . လေးဖက်ထောက်"

"ဘာဖြစ်လို့ ထောက်ရမှာလဲ"

"ခွေးဟောင်နေတာ မကြားဘူးလား၊ လေးဖက်ထောက်ပြီး သွားတော့ ခွေးက သူ့အပေါင်းအသင်းတွေလို့ ထင်ပြီး မဟောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးပေါ့ကွ"

"ဟာကွာ . . . မထောက်ချင်ဘူး၊ ဒီလောက်ညစ်ပတ်နေတာ"

"မထောက်လည်း နေကွာ၊ မှောင်တော့ မှောင်နေတာပဲ"

နွယ်မိုးတို့ အိမ်နောက်တည့်တည့်သို့ ရောက်လာကြ၏။ အိမ်ဝင်းတစ်ခုလုံး မှောင်မည်းနေလေပြီ။ မြင့်ဦး၏ သီချင်းဆိုသံကို သဲ့သဲ့မျှ ကြားရသည်။

"ခိုင်ထွန်း . . . ဒါ အိမ်သာနဲ့ တူတယ်"

"ဟုတ်လိမ့်မယ်"

ပြောရင်း နွယ်မိုး၏ အခန်းရှိရာဘက်သို့ မှန်းဆကြည့်သည်။ မှောင်မိုက်လွန်းနေသဖြင့် မှန်းဆရခက်၏။ အိမ်ဝင်းကို သံဆူးကြိုးကြီးများနှင့် ကာရံထားသည်။ သံဆူးကြိုးတစ်လျှောက် စည်းရိုးဝါးပင်တွေ၊ ပုဏ္ဏာရိက်ပင်တွေကို နီးကပ်စွာမြင်သည်။ တစ်အိမ်သားလုံး အိပ်နေပြီ ထင်၏။

"ခိုင်ထွန်း"

သန်းထိုက်က လေသံဖြင့် တီးတိုးခေါ်သည်။

"ဘာလဲ"

"ငါ့ညာဘက်ခြေထောက် အေးခနဲ ဖြစ်သွားတယ်"

"အဲဒါ ဘာဖြစ်သလဲ၊ ရွှံ့ဗွက်တွေနေမှာပေါ့"

"ဟုတ်ပဲ့မလားကွ၊ ငါ သိပ် မသင်္ကာဘူး"

"မသင်္ကာလည်း ငုံကြည့်ကွာ"





"မီးခြစ်မှ မပါဘဲ၊ ဘယ်လိုလုပ် ငုံကြည့်မလဲ"

"ဒါဆိုလည်း မကြည့်နဲ့၊ ဒီအတိုင်းပဲ နေလိုက်တော့၊ အိမ်ပြန်ရောက်တော့မှ ရေဆေး"

"ငါ မအောင့်နိုင်တော့ဘူးကွာ၊ လက်နဲ့ စမ်းကြည့်ရင် ကောင်းမလား"

"ဟာကွာ . . . မင်းကလည်း"

တားချိန်မရလိုက်။ သန်းထိုက်က ဘယ်လက်ဖြင့် ခြေထောက်ကို ကိုင်ကြည့်လေသည်။

"ငါ့လက် အေးသွားတယ်ကွာ"

"အေးမှာပေါ့ကွ၊ ရွှံ့ဗွက်ပဲ"

"မဟုတ်ဘူးနော်၊ ဆောင်းတွင်းမှာ အေးတာဆိုလို့ ဒင်းပဲရှိတယ်၊ ငါ နမ်းကြည့်ချင်တယ်ကွာ"

"သန်းထိုက် မင်း မညစ်ပတ်နဲ့ကွာ"

ပြောပြောဆိုဆို သန်းထိုက်က လက်ကို နမ်းကြည့်သည်။

"ထွီ"

"ဘာဖြစ်တာလဲ"

"ခိုင်ထွန်း၊ ငါထင်တဲ့အတိုင်းပဲ၊ ချေးချေးတွေ"

သန်းထိုက်အဖြစ်ကြောင့် သူရယ်ချင်မိသည်။ ရယ်ချင်စိတ်ကို မနည်းထိန်းရ၏။

"သန်းထိုက် . . . မင်းလက်ကြီးနဲ့ ငါ့ကို မထိနဲ့နော်၊ ငါ ပြောသားပဲ၊ ဒီအတိုင်း နေပါလို့"



www.burmeseclassic.com

www.burmeseclassic.com



သန်းထိုက်က ဝါးရွက်တွေ၊ ပုဏ္ဏရိက်ရွက်တွေနှင့် လက်ကို သုတ်သည်။ အနံ့က တထောင်းထောင်း။

"နွယ်မိုးက ထွက်လာပါ့မလား"ဟု သန်းထိုက်ပြောသည်။

"မသိဘူး၊ ထွက်လာလို ထွက်လာဦးပဲ၊ ဒီလိုပုံစံမျိုးနဲ့ လာမယ်လို့ ငါမှ ပြောမထားတာ" ဟု သူပြောသည်။

"ချောက်"

အနီးရှိ အိမ်သာမီး လင်းလာသည်။ သန်းထိုက်က . . .

"ဟော . . . မီးဖွင့်ပြီ"

အိမ်နောက်ဖေးခန်းလည်း မီးလင်းလာသည်ကို တွေ့ရ၏။ တံခါးဖွင့်ပြီး အိမ်သာရှိရာသို့ လှမ်းလာနေသော လူရိပ်တစ်ခုကို တွေ့သည်။

နွယ်မိုးဖြစ်ပါစေဟု သူဆုတောင်း၏။ ဆုတောင်းမပြည့်။

"နွယ်မိုး အဒေါ်ကြီးကွ၊ ငြိမ်ငြိမ်နေ ငြိမ်ငြိမ်နေ"

သန်းထိုက်၏ သတိပေးသံကြောင့် အသက်ကိုပင် မှန်မှန် မရှူရဲ။ အိမ်သာ တံခါးဖွင့်သံ တံခါးပိတ်သံတွေကို ကြား၏။

"ပြန်တော့မယ်ကွာ" ဟု သူတီးတိုးပြောသည်။ "ခဏနေဦး၊ အခုနေသွားရင် ခြေသံတွေ ကြားကုန်မယ်"ဟု သန်းထိုက်က လေသံဖြင့် ပြောသည်။

". . . . . . . . ."

အိမ်သာထဲမှ အသံဗလံတွေကြောင့် နှာခေါင်းကို မလွတ်တမ်း ပိတ်ထားရသည်။





သန်းထိုက်က သူ့အနားကပ်လျက် . . .

"မီးကုန် ယမ်းကုန် ကြနေပြီ"

"ပြန်မယ်ကွာ . . . လာ"

"ခြေသံကို ဖွဖွနင်း" ဟု သန်းထိုက်ပြောရင်း ဝါးရွက်တွေကို လှမ်းဆွဲ၏။ လက်သုတ်ဖို့ ဖြစ်လိမ့်မည် ထင်၏။

"ဟဲ့ခွေး၊ တောက် ဒီခွေးတွေ သစ်ရွက်လည်း မချန်ဘူး" ဟူသော ဒေါ်မြမြ၏အသံကို ကြားသဖြင့် ခြေလှမ်းကို တုံ့ရသေး၏။ တစ်အောင့်ကြာမှ ခြေလှမ်းကို ညင်သာစွာ ဖွဖွနင်းလျက် လာလမ်းကို ပြန်ခဲ့ကြရသည်။ စောစောက ဟောင်သော ခွေးတွေမရှိသဖြင့် တော်သေး၏။ ကောင်းကင်ပေါ်သို့ မော့ကြည့်မိသည်။

ကြယ်ရောင် ဖျောက်ဖျောက်တွေ့၏။ လမင်းကိုလည်း ရေးရေးမျှသာ တွေ့၏။ ချစ်သူမျက်နှာ၊ အကြင်နာ လမင်း။ ဒီညအဖို့ မထွန်းလင်းဟု ရင်တွင်းမှ မြည်တွန်မိလေသည်။

* * *

မျက်ခွံတွေမို့နေသော ချစ်သူမျက်နှာကို တစိမ့်စိမ့်ကြည့်လျက် သနားမိသည်။

"စိတ်မကောင်းဖြစ်မနေပါနဲ့တော့ နွယ်မိုးရယ်၊ မောင် မိသေးသားပဲနော်"

နွယ်မိုး ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နွယ်မိုး ငိုနေမိတာ တစ်ပတ်တိတိ၊ သူတို့ ရှေ့မှာတော့ နွယ်မိုး မငိုဘူး၊ ကိုယ့်ဘာသာ အခန်းထဲမှာ ငိုတာ၊ မေမေ့ကို သနားလို့၊ အခုတောင် နွယ်မိုး ငိုချင်သေးတယ်၊ အနားမှာ မောင် ရှိနေလို့သာ"

မျက်ရည်ဝေ့ဝေ့ကို တွေ့သည်။ ချစ်သူ့ပါးပြင်ပေါ်တွင် မျက်ရည်တွေ ကင်းစေချင်သော ဆန္ဒကို ချေဖျက်လေသူတွေအား ခါးသီးစွာ နာကျင်မိ၏။

"မငိုပါနဲ့တော့ နွယ်မိုးရယ်၊ တရားနဲ့ပဲ ဖြေပေါ့၊ ဘဝက ဒီလိုပဲ ဖြစ်လာတာကိုး၊ မောင်လည်း နွယ်မိုးနဲ့ထပ်တူ ခံစားရပါတယ်၊ နွယ်မိုး မေမေ့အတွက် ကုသိုလ်ကောင်းမှုတွေကို မောင်နဲ့ အတူ ပြုကြရအောင်နော်"

ရင်ခွင်ထက်သို့ မှီရင်း . . .

"မောင့်အတွက်လည်း နွယ်မိုး စိတ်မကောင်းဘူး . . . အန်တီမြတို့ရဲ့ အထင်သေး အမြင်သေးတာ ခံရလို့"

ထိုစကားကြောင့် သူပြုံးသည်။

"ကိစ္စမရှိပါဘူး နွယ်မိုးရယ်၊ အနားမှာ နွယ်မိုး အမြဲတမ်း ရှိနေမယ်ဆိုရင် ပြီးတာပဲ၊ ဂုဏ်ရည်မတူလို့ အဆင့်အတန်းမတူလို့ ဆိုတဲ့ ခွဲခြားမှုတွေက အခုမှ ပေါ်လာတာ မဟုတ်ပါဘူး၊ နှလုံးသား အရေးအခင်းတွေအတွက် ဟိုးပဝေသဏီကတည်းက ပေါ်ခဲ့တာပါ၊ နွယ်မိုး စဉ်းစားကြည့်လေ၊ မောင်နဲ့ နွယ်မိုးက ရင်ခုန်ရုံသက်သက် အပျော်သက်သက် ချစ်ခဲ့ကြတာမှ မဟုတ်ဘဲ၊ တစ်ယောက်နဲ့ တစ်





ယောက်၊ မြတ်မြတ်နိုးနိုး တစ်သက်လုံးအတွက် ချစ်ခဲ့ကြတာ၊ မောင့်အနေနဲ့ နွယ်မိုး အသိုင်းအဝိုင်းအကြောင်းကို ခေါင်းထဲမှာ ထည့်ပြီး မစဉ်းစားချင်တော့ဘူး၊ နွယ်မိုးနဲ့ မဝေးကွာရဖို့ တစ်ခုတည်းကိုပဲ စဉ်းစားနေချင်တယ်"

အင်းလျားလေပြည် သွေ့သည်။ အနောက်ဘက်သို့ ဦးတည်နေသော နေရောင်ခြည်စစ။ နုသွယ်သော ပန်းနုလက်ချောင်းတွေကို သူ ဆုပ်ကိုင်ထားသည်။ နီကြင်ကြင် နေခြည်နုတာ၊ ချစ်သူ၏ ပါးပြင်ပေါ်ရှိ မွေးညင်းနုလေးတွေပေါ်သို့ လှပစွာ ခသည်။

အကြည့်ဆုံသောအခါ ချစ်သူက ရှက်ပြုံး၏။ နှုတ်ခမ်းပါး၏အလှကို ပိုမိုဝင့်ထည်စေသော အပြုံး။

"မောင်"

"ပြောလေ"

"နွယ်မိုး ဘဝမှာ မောင်တစ်ယောက်တည်းပဲ ရှိတော့တယ်"

"ဝမ်းသာပါတယ် အချစ်ရယ်"

"မောင် လိမ်လိမ်မာမာ နေနော်"

"စိတ်ချပါ၊ အားလုံးအတွက် လူမိုက်ဖြစ်ချင်ဖြစ်မယ်၊ ချစ်သူအတွက် အမြဲတမ်း လိမ္မာပြီးသား"

နွယ်မိုးက အင်းလျားရေပြင်ကျယ်သို့ တငေးတမော ကြည့်သည်။ ချစ်သူ ကြည့်ငေးရာသို့ အတူကြည့်၏။

"နွယ်မိုးလေ အစတုန်းက ဘာကိုမှ တွေးမကြောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးဘူး၊ အခု မောင်နဲ့ ဝေးရမှာကို တွေးကြောက်တတ်လာပြီ”

ထပ်တူညီမျှခံစားရသော စကား။

“ဘဝမှာ တစ်သက်တာလုံး တမ်းတခဲ့ရတဲ့ မိခင်မေတ္တာကို ရယူပိုင်ခွင့် မရှိခဲ့ဘူး၊ မေမေ့ရဲ့ မေတ္တာကို အသိစိတ်နဲ့ မှန်းဆ တွေးသိလာတဲ့အခါ တစ်နေ့နေ့မှာ ဆုံဆည်းတန်ကောင်းရဲ့လို့ မျှော်လင့်ခဲ့ပေမယ့် အခုတော့ လုံးဝဆုံးရှုံးခဲ့ရပြီး နောက်ထပ် ဆုံးရှုံးမှု ဆိုတာမျိုးနဲ့ ရင်ဆိုင်ရမှာကို နွယ်မိုး ကြောက်တတ်လာပြီ မောင်ရယ်”

အားပေးစကားတွေ ပြောချင်သော်လည်း မည်သို့ပြောရမည် မသိ။ လေမှာ ပျံ့ဝဲနေသော ကေသာကို ဖွဖွကိုင်ရင်း . . .

“နွယ်မိုး”

“ပြောလေ မောင်”

“နွယ်မိုးနဲ့ မောင် အသက်တွေက ဘဝကို ရင်ဆိုင်ဖို့ စောနေသေးတဲ့ အရွယ်တွေ၊ ဒီလို မရေရာလှသေးတဲ့ အရွယ် အပိုင်းအခြားမှာ တစ်သက်လုံးအတွက် လက်တွဲဖို့ အခါမကျသေး ဘူးလို့ မောင် ယူဆတယ်၊ ဒါပေမဲ့ လက်ရှိအခြေအနေထက် တင်းမာတဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ခဲ့ကြရရင် . . .”

“ဒီထက် တင်းမာတဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ခဲ့ကြရရင် အားလုံးကို ပြတ်သားဖို့ နွယ်မိုး ဆုံးဖြတ်ထားတယ် မောင်”

သစ္စာတရားကို လက်ကိုင်ထားသော ချစ်သူနှုတ်ဖျား နှလုံးသားစကား။ ပီတိသည် အင်အားအဖြစ် ကူးပြောင်း၏။





“မောင်”

“ပြောလေ နွယ်မိုး”

“မောင်လည်း စာမေးပွဲ ပြန်ဖြေနော်၊ ကဗျာတွေ စာတွေ လည်း ဆယ်တန်းအောင်ပြီးမှ ရေးစေချင်တယ်၊ ပညာတတ်ဆိုတဲ့ ဘွဲ့ပုဒ်ကို လိုချင်လွန်းလို့ မဟုတ်ပါဘူး၊ နွယ်မိုး ချစ်တဲ့ မောင့်ကို လူတော် တစ်ယောက်ဖြစ်စေချင်တယ်လေ၊ လူကောင်းတစ်ယောက် ဖြစ်စေချင်တယ်လို့တော့ ထည့်မပြောတော့ပါဘူး၊ မောင်က လူကောင်းလေးပဲ”

ယုယစွာ ထွေးပွေ့မိသည်။ အကြင်နာရင်တွေ ခုန်၏။ အင်းလျားကန်ကြီး မျက်လွှာချသည်။ ပန်းခရမ်းပြာတွေ ရှက်တတ်စွာ ပြုံး၏။

မိုးတွယ်ရာ ကသစ်ပင်ကြီး၏ အကိုင်းအဖျားက ယိမ်းနွဲ့ လှုပ်ယမ်းသည်။ ပတ်ဝန်းကျင်သည် တဒင်္ဂအတွင်း အာကာသ တင်းလင်းပြင် ဖြစ်သွား၏။

“ကျွိ . . .”

ကားဘရိတ်အုပ်သံ ပြင်းပြင်းကြောင့် အင်းလျားလမ်းဘက် သို့ ပြိုင်တူ ငဲ့ကြည့်မိသည်။ မာန်ကြီးစွာ ရပ်နေသော မာစီဒီး ကားနက်ကြီးကို တွေ့၏။ ကား၏ နောက်တံခါးပေါက် ပွင့်လာ၏။

“ဟင် . . . ဖေဖေနဲ့ အန်တီမြ”

လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိကြ၏။ ထိုင်နေရာမှ ပြိုင်တူထသည်။ နွယ်မိုးက သူ့ကို ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ မောင်နေခဲ့တော့၊ နွယ်မိုးအတွက် ဘာမှ စိတ်မပူနဲ့နော်၊ မောင့်ဘက်မှာ နွယ်မိုး အမြဲတမ်း ရှိမယ်"

သူခေါင်းညိတ်သည်။ နွယ်မိုးက တွဲထားသော လက်ကို ညင်သာစွာဖြုတ်သည်။ ဆတ်ခနဲ ကြည့်၏။ ပြတ်သားသော ခြေလှမ်းတွေဖြင့် ကားရှိရာသို့ သွားသည်။

ကား၏အပြင်ဘက်တွင် နွယ်မိုး၏ ဖခင်နှင့် ဒေါ်မြမြတို့ တင်းမာစွာ ရပ်ကြည့်နေကြသည်ကို လှမ်းမြင်သည်။ ခြေဦးကို မည်သည့်ဘက်သို့ လှည့်ရမည်မသိ။ ကားရှေ့ခန်းသို့ နွယ်မိုး ဝင်သွားသည်။ ဒေါ်မြမြနှင့် နွယ်မိုး၏ဖခင်လည်း ကားနောက်ခန်း အတွင်း ဝင်သွားကြ၏။

ဒရိုင်ဘာကြီး ဦးသာလွန်းက သူရှိရာဘက်သို့ လှမ်းကြည့်ရင်း ကားကို ညင်သာစွာ မောင်းထွက်သည်။ အင်းလျားလမ်းဆီသို့ အပြေးသွားရင်း ကားထွက်သွားရာဘက်သို့ တငေးတမော ကြည့်သည်။ ကားကို ခပ်ဝေးဝေး၌ ပြပြသာ မြင်တော့၏။ အင်းလျားလမ်းအတိုင်း ခြေလှမ်းမှန်မှန်နှင့် လျှောက်ခဲ့သည်။

"မောင့်ဘက်မှာ နွယ်မိုး အမြဲတမ်းရှိမယ်"

အနာဂတ်အတွက် ခိုင်မြဲလွန်းလှသော ချစ်သူ၏ နှလုံးသား စာချုပ်စကား၊ အရပ်ဘက်တိုင်းမှ ကြားနေရလေသည်၊ စောစောက ထိုင်ခဲ့ကြသော အကြင်နာကမ်းစပ်သို့ ငေးကြည့်မိသေး၏။

အဖော်မဲ့စွာ လျှောက်လှမ်းရင်း ရင်တွင်းမှ ကဗျာတစ်ပုဒ်





တို၊ စိတ်ကူးဖြင့် ရေရွတ်မိသည်။

အို . . . အချစ်
ငိုမနေနဲ့ ရှုန်းထွက်ခဲ့ပေါ့။
သော့သော့ကလေး
အပြေးနှင်လျက် တန်ပြန်ခဲ့ပေါ့။

နှုတ်ဆက်တော့မင်း
ရွှေခြေချင်းကို
ခြေရင်းမှာပုံ
ချစ်မာန်ဟုန်နှင့်
ရိုက်နှက်ဖျက်ချိုး ရုန်းကန်တိုးခဲ့
အရှုံးမနက် ရှိနေတယ်။

* * *

"လုံးဝ အဓိပ္ပာယ်မရှိဘူး"

အော်သံ စူးရှဟိန်းထွက်သွားသည်ဟု နွယ်မိုး ကိုယ့်ကိုယ်ကို သိသည်။ အန်တီမြက နွယ်မိုးကို ခါးထောက်လျက် ကြည့်နေသည်။ မမအေးက ဖေဖေ့ဘေးနားတွင် ထိုင်သည်။

"ဒီမယ် အန်တီမြ . . .၊ နွယ်မိုးက စက်ရုပ်မဟုတ်ဘူး၊ ရုပ်သေးရုပ် မဟုတ်ဘူး၊ ဆုံးမသွန်သင်တဲ့ အဆင့်ကကျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နွယ်မိုး ကိုယ်ရေးကိုယ်တာကို စိစဉ်စရာ မလိုဘူး’

ပြောရင်း ဆက်တီတစ်ခုပေါ်သို့ ထိုင်ချလိုက်သည်။ ငြိမ်နေသော ဖေဖေ့စကားသံကို ကြား၏။

“သမီး . . . အန်တီ့ကို ဒီလို ပြန်မအော်နဲ့လေ၊ အန်တီမြက သမီးငယ်ငယ်လေးကတည်းက ထိန်းကျောင်းလာတာ၊ သမီးရဲ့ အမေဆိုလည်း မမှားဘူး”

ဖေဖေ့ကို ကြေကွဲစွာ ကြည့်လိုက်သည်။ မဲ့ပြုံးရင်း . . .

“သမီးမှာ အမေ မရှိဘူး ဖေဖေ၊ သမီးမှာ ဖေဖေပဲ ရှိတယ်၊ ဖေဖေကလွဲပြီး ဘယ်သူ့အုပ်ချုပ်မှုမှ မခံချင်ဘူး၊

ဖေဖေကိုယ်တိုင် သမီးကို ရွံမုန်းလို့ သတ်ပစ်မယ်ဆိုရင်တောင် သမီးခံဖို့ အသင့်ပဲ၊ ဒါပေမဲ့ သမီး ရင်ထဲက မနှစ်သက်ဘဲ ဘယ်လို လူမျိုးကိုမှ လက်မထပ်ဘူး၊ အသက်ပဲ အသေခံမယ်”

“မိနွယ် . . .၊

ညည်းက ပြောလေ ကဲလေပါလား၊ ငါ ပေးစားတဲ့ လူကလွဲပြီး ညည်းဘယ်သူ့ကိုမှ မယူရဘူး၊ ဒါပဲ၊ နင် မြမြအကြောင်း ကောင်းကောင်းသိမယ်”

နွယ်မိုး အံတင်းတင်းကြိတ်သည်။

“နွယ်မိုးကလည်း အားလုံးကို ရင်ဆိုင်ဖို့ အသင့်ပဲ”

ပြောရင်း မောင့်မျက်နှာကို မြင်သည်။

“နွယ် . . . ညီမလေး၊ မင်းစကားတွေ သိပ်ခက်ထန်နေတယ်၊ ရိုင်းနေတယ်”ဟု မမအေး ပြောသည်။





မမအေးကို စူးရှစွာ ကြည့်လိုက်သည်။ နွယ်မိုးမျက်လုံးတွေ မီးဝင်းဝင်းတောက်နေပြီလားမသိ။

“ဒီမယ် မမအေး၊ ဖေဖေနဲ့ မေမေ့ကိုသာ အန်တီမြ ခွဲလို့ရမယ်၊ နွယ်မိုးနဲ့ ခိုင်ထွန်းကို ဘယ်သူမှ ခွဲလို့မရဘူး မှတ်ထား”

အန်တီမြက နွယ်မိုးဆီသို့ တစ်ဟုန်ထိုး လျှောက်လာပြီး

“ကဲဟယ် . . .”

“ဖြန်း . . .”

“အန်တီမြ နွယ်မိုးကို ပါးရိုက်တယ် ဟုတ်လား”

ထိုင်ရာမှ ဝုန်းခနဲ ထလိုက်၏။

“သမီး . . ., နွယ်မိုး၊ သမီး”

အနားသို့ ဖေဖေ ရောက်လာသည်။ နွယ်မိုးပခုံးကို ဖေဖေ ဖိကိုင်ထား၏။ မမအေးက အန်တီမြလက်ကို ဆွဲထား၏။

“မိနွယ် . . . ညည်းက ငါ့ကို ပြန်လုပ်ချင်လို့လားဟင်၊ အသက်ချင်း လဲပစ်လိုက်မယ် သိလား”

ဖေဖေက နွယ်မိုးကို လှေကားရင်းသို့ ဆွဲခေါ်သည်။ နွယ်မိုး ရုန်း၏။

“ဖေဖေ သမီးကို လွှတ်၊ သမီးကို ပါးရိုက်တာ သမီး ပြန်ရိုက်မယ်”

ဖေဖေ ခေါင်းယမ်းသည်။ နွယ်မိုးကို တင်းကျပ်စွာ ဆွဲရင်း အပေါ်ထပ်သို့ တွန်းပို့သည်။ ရုန်းရင်း ကန်ရင်းဖြင့် အပေါ်ထပ်ရှိ နွယ်မိုးအခန်းထဲ ရောက်လာသည်။ စာကြည့်စားပွဲအနီးရှိ ကုလား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တွင် နွယ်မိုး ထိုင်၏။ ဖေဖေ သက်ပြင်းချသည်။

“သမီးရယ် . . . ဖေဖေတို့ရဲ့ စေတနာကို နားလည်ပါ”

ဝေဒနာဖြစ်သော စေတနာတွေဟု ပြန်မပြောမိ။ ဖေဖေ အခန်းထဲမှ ထွက်သွားသည်။ ဖေဖေ အခန်းထဲမှ ထွက်သွားသော အခါ နွယ်မိုး အခန်းတံခါးကို ပိတ်လိုက်သည်။

ဒေါသစိတ်ကို မျက်ရည်မဖြစ်အောင် ထိန်းသည်။ မောင် မနမ်းရက်ခဲ့သည့် ပါးပြင်ကို လက်ဖြင့် ပွတ်သပ်မိသည်။ ပြုံးနေသော မောင့်ဓာတ်ပုံကို နေ့စဉ်မှတ်တမ်း စာအုပ်ကြားမှ ထုတ်ကြည့်သည်။ ဒေါသတွေကို ငြိမ်းအေးစေသော မောင်။

*　*　*



## အခန်း(၁၃)

ဇော်မင်းထင်က အငြိမ်းစားတိုင်းမင်းကြီး၏သား။ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၊ မန္တလေးဇာတိ၊ လူပုံက ကန္ဒဲ့ကယ။

နွယ်မိုးထက် အသက် သုံးလေးနှစ်ကြီးမည် ထင်သည်။ မိဘချင်း ရင်းနှီးသည်ကို အကြောင်းပြု၍ နွယ်မိုးတို့အိမ်တွင် အဝင်အထွက် ရှိသည်။ မြင်ဖူးသည်မှာ နှစ်နှစ်နီးပါး။ ထိုမျှသော ကာလအထိ နွယ်မိုးနှင့် စကားလက်ဆုံ မကျဘူးခဲ့။ ကျန်သူတွေနှင့် တရင်းတနှီး။

မောင်နှင့် သဘောမတူသည်ကို အကြောင်းပြလျက် ဇော်မင်းထင်နှင့် လက်ထပ်ရမည်ဟု နွယ်မိုးကို အန်တီမြ ပြော၏။ ခါးသီးစွာ ငြင်းပယ်ခဲ့သည်။ အန်တီမြကလည်း မဖြစ်ဖြစ်အောင် လုပ်လိမ့်မည်။

နွယ်မိုးကလည်း မရရအောင် ရုန်းထွက်မည်။ မောင့်ရင်ခွင်မှတစ်ပါး အခြားမည်သည့်ရင်ခွင်ကိုမျှ ခိုဝင်လိမ့်မည်မဟုတ်။

*　*　*



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်း မသွားစေချင်ဘူး"

မြင့်ဦးကို ကျေးဇူးတင်စွာကြည့်မိသည်။ သူ့ပခုံးကို တင်မောင်နိုင်က သိုင်းဖက်ထား၏။ သန်းထိုက်နှင့် အောင်ဝင်းက မြင့်ဦး၏ တစ်ဖက်တစ်ချက်တွင် ထိုင်နေကြ၏။

"တစ်ယောက်တည်းပဲ သွားပါ့မယ်ကွာ၊ ဒီကိစ္စမျိုးက အဆင်ပြေရင်ကောင်းရဲ့၊ အဆင်မပြေရင် ပါလာတဲ့ အဖော်အပေါင်းတွေပါ မီးခိုးကြွက်လျှောက် ပြဿနာတက်တတ်တယ်"

"တက်ပလေ့စေပေါ့ကွာ၊ မင်းတစ်ယောက်တည်းကို ငါတို့က မျက်နှာလွှဲ ခဲပစ် တစ်ယောက်တည်း လွှတ်လိုက်ရမှာလား"

မြင့်ဦးက မျက်လုံးဝိုင်းလျက် ပြောသည်။

"သူငယ်ချင်းရာ . . . မင်းတို့ စေတနာကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ငါတစ်ယောက်တည်းပဲ သွားပါရစေ၊ မင်းတို့ အကူအညီ မယူချင်လို့ ပြောတာမှ မဟုတ်ဘဲ၊ မင်းတို့ဆီက အကူအညီကို ငါ တောင်းပြီးပြီပဲ၊ မနက်ဖြန်မနက် ငါ့အဖေနဲ့ အမေကို နားလည်အောင် ရှင်းပြအကြောင်းကြားပေးရင် ငါ ကျေနပ်ပြီ"

စကားသံတွေ ခေတ္တတိတ်သည်။ မြင့်ဦးထံမှ စကားသံကို ကြားရသည်။

"သတိနဲ့တော့ သွားကွာ၊ မင်းမလိုက်နဲ့ ဆိုလို့သာ ငါတို့ မလိုက်တာ၊ ငါ့စိတ်ထဲမှာ လေးတေးတေး"

"သူငယ်ချင်းရာ . . . ငါ့အတွက် စိတ်မပူပါနဲ့၊ ငါ လူသွားသတ်တာမှ မဟုတ်ဘဲ၊ အချစ်ကို သွားခေါ်မှာ"





ရင်ခုန်စွာပြောမိသည်။ အချစ်အင်အားတွေက စွန့်စားစေချင်သော သတ္တိစွမ်းပကားတို့ကို ဖန်တီးပေးခဲ့ပြီ။ မြင့်ဦး၏ အိမ်နံရံကပ်နာရီမှ ညနေ လေးနာရီထိုးသံကြားသည်။

"နွယ်မိုးက စာထဲမှာ ဘယ်နှစ်နာရီလို့ ရေးထားတာလဲ" ဟု အောင်ဝင်းက မေးသည်။

"ည ကိုးနာရီတိတိ ဟုမ်းလမ်းခုံးတံတားပေါ်မှာ ချိန်းထားတာ"

မြင့်ဦးအိမ်နောက်သို့ ဝင်သွားသည်။ ခဏအကြာတွင် ပြန်ထွက်လာပြီး . . .

"ခိုင်ထွန်း . . . ထမင်းစားသွားပါလား"

"မစားတော့ဘူး မြင့်ဦး၊ ငါ အိမ်ပြန်ဦးမှာ"

နွယ်မိုး၏စာခေါက်လေးကို ဘောင်းဘီရှည်အနောက်အိတ်ထဲတွင် ထည့်သည်။ ထိုင်ရာမှ ထ၏။

"မြင့်ဦး . . . ညကျရင် အိပ်ပျော်မနေနဲ့ဦးနော်၊ ကိုးနာရီဆိုတော့ မင်းဆီကို ငါနဲ့ နွယ်မိုး ကိုးနာရီဆယ့်ငါးလောက် ရောက်မယ်"

"စိတ်ချ ခိုင်ထွန်း၊ မင်းတို့ မလာမချင်း ငါ အိမ်ဝင်းထဲက ထိုင်ခုံမှာပဲ ထိုင်နေမယ်၊ အဆင်ပြေပါစေ သူငယ်ချင်း"

"အိုကေ၊ အန်တီရေ . . . ကျွန်တော် ပြန်ဦးမယ်"

မြင့်ဦး၏ မိခင်ကို နှုတ်ဆက်သည်။ "အေးကွယ်" ဟူသည့် အသံကို အိမ်နောက်မှ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတို့ ငါသွားပြီ"

အားလုံးကို နှုတ်ဆက်၍ ထွက်ခဲ့၏။ ရင်ခုန်သံကား အပျော်ဂီတသံတွေဖြစ်နေသည်။ နေကလည်း ဝင်ခဲလိုက်တာဟု စိတ်ထင်သည်။ ဝေးကွာလွမ်းဆွေးရသော သောကတွေ၏ ကွန်ရက်မှ ချစ်သူနှစ်ယောက် လွတ်မြောက်တော့မည်။ နာရီပိုင်းသာ လိုတော့သဖြင့် ရင်မောရ၏။

မနက်ဖြန်ဟူသော ပန်းချီကားအတွက် အကြင်နာဆေးစက်တွေများစွာ မိုးကောင်းကင်မှ သစ်ရွက်စိမ်းစိုလေးတွေပေါ်မှာ ပန်းပွင့်လေးတွေ၏ ပွင့်ဖတ်များကြားမှာ၊ ပြီးတော့ ရင်ထဲမှာ။ ချစ်သူ နွယ်မိုးကို ခိုးဖို့ လူဆိုးတွေမဟုတ်သည့် သူငယ်ချင်းတွေနှင့် တိုင်ပင်ခဲ့ပြီးပေပြီ။ ခြေလှမ်းတိုင်းသည် ပျော်ရွှင်စွာ ရွေ့လှမ်းနေ၏။

* * *

လက်မှနာရီကို တကြည့်ကြည့်။ ကိုးနာရီတိတိအချိန်တွင် သူရပ်နေရာ တံတားဘောင်အနီးသို့ ရှယ်တူ လေးငါးယောက် ရောက်လာကြသည်။ ညမှောင်နေသဖြင့် လူသူ မသဲကွဲသော်လည်း အနီးဆုံးလူကို သူမှတ်မိလိုက်သည်။

"မဲကြီး"တို့ အုပ်စုမှန်း သူသိလိုက်၏။ မထီမဲ့မြင်ပုံစံတွေဖြင့် သူ့ကို ဝိုင်းကြည့်နေကြသည်။ အခြေအနေအရ မမြင်ချင်ယောင် မသိချင်ယောင် ဆောင်နေရ၏။ လူသွားလူလာမရှိ။ ခဏအကြာ





တွင် သူရှိရာသို့ လှမ်းလာနေသော အရိပ်တစ်ခုကို တွေ့၏။ ရင်တွေခုန်လေသည်။ ကြည့်နေရင်း အပါးသို့ ရောက်လာ၏။

"နွယ်မိုး"

"မောင် . . . မောင်ရောက်နေတာ ကြာပြီလား"

"ဆိုပါတော့ . . . သွားကြမယ် နွယ်မိုးလာ"

နွယ်မိုးလက်ကို သူတွဲသည်။ ခုံးတံတားအောက်ရှိ ရထားလမ်းအတိုင်း ဆင်းလျှောက်ဖို့ ပြင်သည်။ နွယ်မိုးလက်ထဲမှ သားရေအိတ်ကို သူလွယ်သည်။

"ဒီမှာ . . . ခဏ နေပါဦး"

မဲကြီး သူ့ပခုံးကို ပုတ်ရင်း ပြောသည်။ ဒေါသစိတ်ကို သွန်စွာလျှော့ချလိုက်လျက် . . .

"သူငယ်ချင်း . . . ကိစ္စရှိရင် နောက်မှပြောကွာ၊ ငါ အရေးတကြီး ကိစ္စရှိလို့"

မဲကြီးက လက်ကာသည်။ နာမည်နှင့်လိုက်အောင် မည်းနေသော မျက်နှာက ပြုံးဖြီးဖြီး။

"ကိုယ့်ကိစ္စက ပိုအရေးကြီးတယ်ကွ"

မဲကြီး ဘက်တော်သားတွေ အနီးသို့ တိုးကပ်လာကြ၏။

"ဘာကိစ္စလဲ"

"ဟောဒီ နွယ်မိုး ကိစ္စ"

"ဘာ"

လက်သီးကို ကျစ်ကျစ်ဆုပ်မိသည်။ နွယ်မိုးက တွဲထား



www.burmeseclassic.com

www.burmeseclassic.com



သောလက်ကို ဖြုတ်ရင်း . . .

"နင်တို့နဲ့ ငါ ဘာကိစ္စရှိလို့လဲ၊ နင်တို့ကို ငါ သိလည်းမသိဘူး၊ မြင်လည်း မမြင်ဖူးဘူး"

မဲကြီးက ခေါင်းကို တယမ်းယမ်းပြုလျက် . . .

"နွယ်မိုးက ကိုယ်တို့ကို မသိပေမယ့် ကိုယ်တို့က နွယ်မိုးကို သိနေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နွယ်မိုးရဲ့အဖေ ဦးမျိုးတင့်နဲ့ နွယ်မိုးရဲ့ အဒေါ် ဒေါ်မြမြတို့က တာဝန်ပေးထားလို့ပေါ့၊

အထူးသဖြင့် ဟောဒီက ခိုင်ထွန်းဆိုတဲ့ကောင်ကို နောက်ယောင်ခံလိုက်ကြည့်နေဖို့ပဲ၊ အခုတောင် ခိုင်ထွန်း ဒီမှာရပ်စောင့်နေတဲ့အကြောင်း သတင်းပို့ပြီးပြီ"

"ဘာ"

"ဒါကြောင့်မို့ ခဏနေဦးလို့ ကိုယ်ပြောတာပေါ့"

သူ့လက်ကို နွယ်မိုး တင်းကျပ်စွာ ဆွဲထားသည်။ ကြောက်ရွံ့တုန်လှုပ်နေသော ချစ်သူမျက်နှာကို ကြည့်လျက်ရင်နင့်ရ၏။

ထိုစဉ် ကားမီးရောင်တစ်ခုက သူတို့ထံသို့ ထိုးကျလာ၏။

"ကျွီ . . ."

ကားရပ်သံကို ကြားသည်။ ကားတံခါးဖွင့်သံတွေ၊ ခြေလှမ်းသံတွေ ကြားသည်။ ရင်တစ်ခုလုံး မီးဟုန်းဟုန်းတောက်၏။

"မဲကြီး . . . ငါတို့ကို မနှောင့်ယှက်ပါနဲ့ကွာ"

ပြောရင်း နွယ်မိုးလက်ကို ဆွဲလျက် လှမ်းထွက်၏။ မဲကြီး





က နွယ်မိုးလက်ကို ဆွဲသည်။ အနားသို့ နွယ်မိုး၏အဖေ၊ နွယ်မိုး၏အဒေါ်နှင့် နွယ်မိုး၏ အစ်မတို့ ရောက်လာ၏။

"မဲကြီး"

မဲကြီးကို လက်သီးနှင့် အားကုန် ထိုးလိုက်သည်။ မဲကြီး ...ောက်သို့ယိုင်သွားသည်။ နွယ်မိုး၏လက်ကို မလွှတ်တမ်းဆွဲပြီး ...တံတားအောက်သို့ လှေကားအတိုင်း ပြေးဆင်းသည်။

"သမီး"

နောက်မှ ခေါ်သံတွေ ခြေသံတွေက အနီးကပ်။ မဲကြီး၏ ...ောက်လိုက်တွေက သူ့ကို ဖမ်းချုပ်သည်။ သူရုန်း၏။ နွယ်မိုး၏ ...တွေ ရောက်လာကြပြီး နွယ်မိုးကို သူနှင့်အပြိုင်ဆွဲ၏။ သူ့ ...တ်က မလွှတ်။

"ဖေဖေ သမီးတို့ကို မခွဲပါနဲ့၊ သမီးတို့ကို မခွဲပါနဲ့"

ချစ်သူ၏ အော်ဟစ်သံ နားထဲတွင် ပဲ့တင်ဖိတ်လျှံသည်။ ...ကြီးက သူ့ရှေ့တွင် ရပ်ပြီး သူ့အရှိုက်ကို ထိုးသည်။

"အွတ်"

ချစ်သူ လွတ်ထွက်သွားမှာ စိုးသဖြင့် ရုန်းကန်ရုံမှတစ်ပါး ...ည်သည့် တုံ့ပြန်ခြင်းမျှ မပြု။ မဲကြီး၏လက်ထဲတွင် ဓားမြှောင် ...ချောင်းကို နီးကပ်စွာတွေ့သည်။ လူတစ်ယောက်က တုတ် ...ချောင်းဖြင့် သူ့မျက်နှာကို ရိုက်ချသည်။ ရှောင်တိမ်းခွင့် မရ။

"ခွပ်"

"အ . . .'



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ပြာဝေသွား၏။ လက်ထဲမှ နွယ်မိုး လွ
ထွက်သွားသည်ကို သိလိုက်၏။

"မောင် . . . မောင် နွယ်မိုးကို မထားခဲ့ပါနဲ့ မောင်"

ချစ်သူ၏ အော်ဟစ် ငိုကြွေးသံ တစ်စစ ဝေးကွာသွ
သည်ကို သိလိုက်သည်။ ကားတံခါးပိတ်သံ၊ ကားစက်နှိုးသံ၊ ကာ
မောင်ထွက်သွားသံတွေကို ကြားသည်။

"နွယ်မိုး"

ကျယ်လောင်စွာ အော်ဟစ်ရင်း အားမာန်အပြည့်န
ချုပ်နှောင်ထားသော လက်တွေထဲမှ ရုန်းထွက်လိုက်၏။ မဲကြ
လက်ထဲမှ ဓားမြှောင်ကို လျှပ်တစ်ပြက် လုယူလိုက်ပြီး မဲကြီး
ဝမ်းဗိုက်အတွင်းသို့ ထိုးစိုက်လိုက်သည်။

"အား . . ."

မဲကြီးခွေကျသွားသည်။ ခုံးတံတားပေါ်သို့ သူပြေးတ
သည်။ ဓားမြှောင်ကို ထိရောက်စွာကိုင်ပြီး ကျန်သူများကို ရင်ဆ
ဖို့ အသင့်ပြင်၏။ လဲကျနေသော မဲကြီးနံဘေးတွင် ဝိုင်းအုံနေကြသ
နွယ်မိုး၏ အိမ်ရှိရာဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်လာ၏။ ပြေး
နှာခေါင်းမှ သွေးစက်တွေ၊ ပါးစပ်မှ သွေးတွေကို လက်ခုံနှင့် သု
၍ မဲကြီး၏ ဓားမြှောင်ကို လက်တွင် ကိုင်ထားဆဲ။

"ခိုင်ထွန်း"

( . . . . )လမ်းထိပ်တွင် မြင့်ဦးတို့နှင့် တွေ့သည်။ တွေ့
တွေ့ချင်း ရုတ်တရက် စကားတွေ ပြောမထွက်။





"ခိုင်ထွန်း မင်း ဘာဖြစ်လာတာလဲ"

"ငါ မဲကြီးကို ဒီဓားနဲ့ ထိုးလာခဲ့တယ် မြင့်ဦး"

"ဘာ"

တုန်လှုပ်စွာ ကြည့်သော သူငယ်ချင်းတွေ၏ အကြည့်ကို
ရင်ဆိုင်ရ၏။

"ပြီး . . . ပြီးတော့ နွယ်မိုးကို ပြန်ခေါ်သွားကြပြီ"

"ဟာ"

သူငယ်ချင်းအားလုံး၏ အာမေဋိတ်သံ။

"ငါ ဘာလုပ်ရမလဲ"

ဖြစ်ပျက်ခဲ့သမျှ အလုံးစုံကို အမောတကောဖြင့် သူပြော
ပြသည်။ သူငယ်ချင်းတွေ တက်ခေါက်ကြ၏။

"လာ . . . နွယ်မိုးအိမ်ကို သွားမယ်"

သန်းထိုက်က သူ့လက်ကို ဆွဲခေါ်သည်။ အကြောင်းထူး
တော့မည် မဟုတ်မှန်းသိသော်လည်း ဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်
ကာ ခြေလှမ်းကျဲတွေနှင့် လှမ်းခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

အိမ်ဝင်းတံခါးဝတွင် ဦးသာလွန်း တစ်ယောက်တည်းကိုသာ တွေ့သည်။ သူတို့ကို တွေ့သည်နှင့် ဦးသာလွန်း အပြင်သို့ ထွက်လာ၏။

"ငှါတူ ဘာတွေဖြစ်လာပြီလဲ"

ကြိုတင်သိမြင်ထားသူ၏ အမေး။

"ဦးလေး . . . နွယ်မိုး ဘယ်မှာလဲဟင်၊ ဒီကိုပြန်ရောက်နေပြီလား" ဦးသာလွန်း ခေါင်းယမ်းသည်။ သူ့ကို ကရုဏာသက်စွာကြည့်သည်။

"မညာပါနဲ့ ဦးလေးရယ် . . . ကျွန်တော့်ကို သနားရင် အမှန်အတိုင်း ပြောပြပါ၊ အခုကျွန်တော် လူသတ်သမားဖြစ်လာပြီ ဦးလေး"

"ဘာ . . . မင်း . . . "

မြင့်ဦးက . . .

"ဟုတ်ပါတယ် ဦးလေး၊ သူ မဲကြီးဆိုတဲ့ကောင်ကို ဓားနဲ့ ထိုးလာမိတယ်" ဟု အစချီကာ ဖြစ်ပျက်သမျှတွေကို ဦးသာလွန်း





အား၊ ပြောပြ၏။

"ဖြစ်ရလေကွာ၊ ဒါကြောင့် ဆရာက ကားကို သူကိုယ်တိုင် မောင်းသွားတာကိုး၊ ယုံပါ ငှါတူရာ၊ အိမ်ကို ဘယ်သူမှ ပြန်မရောက်ကြသေးဘူး၊ သမီးလေးကို ဘယ်များ သွားပို့ကြပါလိမ့်၊ သမီးနဲ့ ငှါတူကို ဦးလေး အရမ်းသနားတယ်ကွာ၊ ဦးလေးအနေနဲ့ ဘာမှ မတတ်နိုင်လို့သာ . . . " စကားသံ တိမ်ဝင်သွားသည်။

ဦးသာလွန်း ခြံဝင်းအတွင်းသို့ ဝင်ပြီး . . .

"ဦးလေး တစ်ခုပြောပါရစေ"

"ပြောပါ ဦးလေး"

"ဘာပဲဖြစ်ဖြစ် ပြစ်မှုတစ်ခုကို ငှါတူ ကျူးလွန်ခဲ့ရပြီ၊ အဲဒီပြစ်မှုအတွက် ငှါတူ ရှောင်တာတိမ်းတာ မလုပ်ပါနဲ့ကွာ၊ တရားဥပဒေကို ရဲရဲရင်ဆိုင်ပါလို့ ဦးလေး ပြောချင်တယ်"

"စိတ်ချပါ ဦးလေးရယ်၊ ကျွန်တော် ယောကျ်ားပါ၊ လုပ်ရဲရင် ခံရဲပါတယ်၊ ဒါပေမဲ့ နွယ်မိုးနဲ့ ဝေးရတော့မယ့် အခြေအနေကို ကျွန်တော် ရင်နင့်အောင် ခံစားရတယ်"

ပြောရင်း မျက်ရည်တွေ ဝဲသည်။ မေးကျောကို တင်းထားမိ၏။ မြင့်ဦးက သူ့လက်ကို ဆုပ်ကိုင်ထားသည်။

"ငှါတူတို့ ပြန်ကြတော့နော်"

သူ ခေါင်းညိတ်သည်။

ပြီး . . . အိမ်ခြံဝင်းကို ကျောပေးလိုက်၏။ မျက်ရည်တွေ စီးကျမည်ကို မလိုလားသဖြင့် ခေါင်းမော့ထား၏။ ချစ်သူ နွယ်မိုး၏



www.burmeseclassic.com

www.burmeseclassic.com



ငိုသံ အော်သံကို ရင်နင့်စွာ ကြားယောင်နေသည်။

"မြင့်ဦး"

"ဘာလဲ ခိုင်ထွန်း"

"ငါ ဂတ်တဲကို သွားမယ်၊ မင်းတို့ နေခဲ့ကြတော့"

"ငါတို့ပါ လိုက်ခဲ့မယ်"

သူ ခေါင်းယမ်းသည်။

"လိုက်ခဲ့လို့ မဖြစ်ဘူး၊ မင်းတို့ပါ အမှုပတ်လိမ့်မယ်"

"ပတ်ပလေ့စေ"

"ငါ့စကားကို နားထောင်ကြပါကွာ၊ ပြီးတော့ ငါ့အိမ်ကို မနက်ကျမှ သွားပြောပေး၊ ပြောတဲ့အခါမှာလည်း နွယ်မိုးအတွက် ကြောင့် အခုလိုဖြစ်ရတယ်ဆိုတာ ဘယ်သူ့ကိုမှ ထည့်မပြောနဲ့ကွာ"

ပြောပြီး ခြေလှမ်းကျဲတွေနှင့် လှမ်းထွက်ခဲ့သည်။

သူငယ်ချင်းတွေကို လှည့်မကြည့်ဖြစ်အောင် စိတ်ထိန်းရ၏။ ကောင်းကင်ကို မော့ကြည့်မိသည်။

ကြယ်မစုံသော ည၊ အမှောင်မိုက်ဆုံး ည၊ ဘ၀၏ ကြေ ကွဲလွမ်းမောဖွယ် ည။

* * *

အမေ့ငိုသံတွေ အချုပ်နံရံသို့ ပဲ့တင်ထပ်သည်။ အမေ့ မျက်ရည်တွေက ရင်တွင်း မီးစတွေအတွက် လောင်စာတွေဖ





သူ ထင်သည်။ ကျူးလွန်မိသော သူ့မိုက်မှားမှုအတွက် ရင်ကွဲလုမတတ် ခံစားနေရသော အမေ့ကို ငြိမ်းအေးခြင်းတွေ ပေးချင်၏။ ရ . . .။

"မငိုပါနဲ့ အမေရယ်"

မျက်ရည်တွေ ကြားမှ အမေ သူ့ကို ကြည့်သည်။ တုန်ယင်သော အမေ့နှုတ်ခမ်းကို ကြည့်ရင်း ရင်နင့်ရသည်။

"သား . . . အမေ့သား . . . လူမိုက်၊ သားကို အမေ သူမိုက်လို့ ခေါ်ရတော့မယ်၊ မိုက်လိုက်တဲ့ သားရယ်၊ အမေရင်ကွဲပြီ အမေရင်ကွဲပြီ" သူ့မျက်လုံးအိမ်မှာ မျက်ရည်တွေဝေ့တက်လာ၏။

ရှိခိုးဦးချတိုင်း အပြစ်တွေကွယ်ပျောက်သွားမည်ဆိုလျှင် အမေ့ကို ရှိခိုး ဦးချလိုက်ချင်သည်။

"သားကို ခွင့်လွှတ်ပါလို့ သားမပြောပါဘူး အမေ၊ နောက်ကို မမိုက်တော့ပါဘူးလို့ သား ပြောပါရစေ၊ သားမိုက်အတွက် ငိုပါနဲ့တော့ အမေရယ်"

စကားတွေမှာ ငိုသံပါသွား၏။ ခဏအကြာတွင် သူ့ဦးလေး ဒေါက်တာသက်တင် ရောက်လာသည်။ အမေ့ကို တွဲခေါ်ရင်း ဦးသက်တင်က "အထွန်း . . . မင်းသူငယ်ချင်းတွေ လာတယ်" ဟု ပြော၏။

သူခေါင်းညိတ်၏။ ပြီးနောက် အချုပ်ခန်းအပြင်သို့ လှမ်းကြည့်မိသည်။ မြင့်ဦး၊ တင်မောင်နိုင်၊ သန်းထိုက်နှင့် အောင်ဝင်း တို့ကို တွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မတင်တတ်သော သူငယ်ချင်းတွေ၏ ရှေ့တ[…] အပြစ်ပေါင်းများစွာကို ဝန်ချ တောင်းပန်လိုက်ချင်သည်။ အမေ[…] ဦးသက်တင်တို့ အပြင်သို့ ရောက်လုလုတွင် မြင့်ဦးတို့ ရောက်လာ[…] ကြ၏။ သူ့ဦးလေး ဒေါက်တာသက်တင်က သူ့ပြစ်မှုအတွ[…] ရှေ့နေကြီးတစ်ဦးကို အားကိုးအားထားပြုထားကြောင်း မြင့်ဦး[…] သူ့ကို ပြောပြသည်။ မဲကြီးမှာ သေဆုံးခြင်းမရှိသော်လည်း ဒဏ်[…] ပြင်းထန်ကြောင်း ပြောသည်။

တင်မောင်နိုင်က . . .

"နွယ်မိုးကိစ္စကြောင့် မင်း အခုလို ဖြစ်ရတယ်ဆိုတာ မ[…] အမေ ရိပ်မိတယ်၊ ဒါပေမဲ့ သားသမီးချင်း ကိုယ်ချင်းစာလို့ နွယ်[…] နာမည်ကို နှုတ်မဟဘူးတဲ့၊ ဦးသက်တင်က ပြောတယ် ငါတို့[…]

သူ သက်ပြင်းချသည်။

"နွယ်မိုးကို တွေ့ကြသေးလား"

ခေါင်းကို ညင်သာစွာ ခါယမ်းကြ၏။ သန်းထိုက်[…] သူ့ကို တူရူကြည့်လျက် . . .

"တစ်နေရာကို ပို့ထားလိုက်ပြီ ထင်တယ်ကွာ"

အချုပ်ခန်း သံတိုင်တွေကို ကျစ်ကျစ်ဆုပ်မိသည်[…] အံတင်းကြိတ်ထားသည့်ကြားက မျက်ရည်တစ်စက် ဆင်းသက်[…] နွယ်မိုး မျက်နှာကို ရင်နင့်စွာ မြင်ယောင်သည်။ ငိုနေသော အ[…] မျက်နှာကို မြင်ယောင်ပြန်၏။ အမေ့ကို သနားသည်။

* * *





မဲကြီး၏ မိဘတွေက နွယ်မိုး၏ဖခင် ဦးမျိုးတင့်၏ အထောက်အပံ့ဖြင့် တရားလို အကျိုးဆောင်တစ်ဦးကို ငှားရမ်းထားကြောင်း၊ မဲကြီးမှာ သေဆုံးခြင်းမရှိကြောင်း သူကြားသိရ၏။ သူ့အနေနှင့် မိမိ ကျူးလွန်သော ပြစ်မှုအတွက် ထိုက်သင့်သော အပြစ်ဒဏ်ကိုသာ ခံယူလိုက်ချင်သည်။ သက်သာရာ သက်သာကြောင်း အတွက် မည်သည့်နည်းနှင့်မျှ မကြိုးစားစေချင်ကြောင်း သူ့ဦးလေး ဒေါက်တာသက်တင်ကို ပြောသောအခါ ဦးသက်က . . .

"ဥပဒေအကျိုးဆောင်တစ်ယောက် မင်းဘက်မှာ မရှိဘူး ဆိုရင် မင်းရင်ဆိုင်ရမယ့် အပြစ်ဒဏ်ထက် နှစ်ဆဖြစ်သွားလိမ့်မယ် သိလား အထွန်း၊ တစ်ဖက်လူက ထိတ်ထိတ်ကြဲတွေကို အမှီပြုထားတာ" ဟု ပြောသည်။

အမှုစစ်ဆေးစဉ်တိုင်းတွင် မဲကြီး၏ မိသားစုနှင့်တကွ နွယ်မိုးတို့ မိသားစုကို တွေ့သည်။ နွယ်မိုးလိုက်ပါလာသည်ကို တစ်ခါတစ်ရံမျှပင် မတွေ့။ မဲကြီး၏ အကျိုးဆောင်ရှေ့နေက ရန် ခဏခဏ ဖြစ်တတ်သော ခိုင်ထွန်း။ ဟေးလားဟားလား နေတတ်သော ခိုင်ထွန်း။ အပြောအဆို ရိုင်းပြသော ခိုင်ထွန်းဟူသော စကားအသုံးတွေကို အလေးပေး၍ တင်ပြ၏။

* * *

"ဦးမျိုးတင့်နဲ့ ဒေါ်မြမြက နွယ်မိုးအမည်ထွက်မှာကို သိပ် စိုးရိမ်နေပုံပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နွယ်မိုးကို ငါတို့က ခင်မင်နေကြလို့သာ၊ မဟုတ်ရင် အမှုမှန်ကို အထောက်အထားတွေနဲ့ ဖွင့်ပြပစ်လိုက်ချင်တယ်၊ ငါတို့မှာကြားနေ မြင်နေရတာ ကလိကလိနဲ့” ဟု သန်းထိုက်ပြော၏။ မြင့်ဦးက . . .

“ခါးက မဲကြီးကိုင်တဲ့ခါး၊ မင်းအနေနဲ့ အမှုတော့ ပေါ့မှာပါ၊ တစ်ခုတော့ရှိတယ်၊ ဘာကြောင့်ရန်ဖြစ်ကြတာလဲ ဆိုရင်ဘယ်လို ပြောမလဲ”

“ဟိုတုန်းက ရန်စလို့ ငါ ပြောမယ်”

“အင်း ဟုတ်တယ် . . .၊ အဲဒီလိုပြောရင် မဲကြီးတို့ဘက်ကလည်း ငြင်းချင်မှ ငြင်းမယ်၊ နွယ်မိုး နာမည် မထွက်တဲ့နည်းဆိုလို့ ဒီစကားတစ်ခွန်းပဲ ရှိတယ်၊ ပြီးတော့ တစ်ယောက်နဲ့ အများဆိုတာကို သေသေချာချာ ထည့်ပြောနော်”

“သူ ခေါင်းညိတ်၏။ ကာလတိုင်း၌ နွယ်မိုးကို သတိရသည်။ ချစ်သူမှတစ်ပါး ဆူးခက်များစွာတို့ကို မုန်းသည်။

စာနာညှာတာစိတ်ကြောင့် နွယ်မိုး အမည်နာမကို ထုတ်ဖော်ပြောဆိုခြင်းမရှိသော အဖေနှင့် အမေကို သူ တာဝရ ကျေးဇူးတင်မိ၏။ ဘဝသည် ပစ္စက္ခ၌ နက်မှောင်သော တောရိုင်း။ တောင်ဖြို၊ လမ်းဖောက်၊ တံတားဆောက်လိုက်သောအခါ ပြန့်ပြူးသန့်ရှင်းသော လမ်းသွယ်ကလေးတစ်ခု ဖြစ်လာနိုင်ကောင်းရဲ့ဟု တွေး၏။ အနာဂတ်ကို ကြိုမြင်နိုင်စွမ်းမရှိ။

* * *



အခန်း(၁၅)

“တရားခံ မောင်ခိုင်ထွန်းအား ပုဒ်မ (    )အရ ထောင်ဒဏ် (နှစ်)နှစ် ကျခံစေရန်”

အမေ့ငိုသံကို အရင်ဦးဆုံးကြားလိုက်ရသည်။

ကြားနာသူတွေ ထိုင်ရာမှ ထကြသည်။ တရားခွင်၏အပြင်ဘက်သို့ ရောက်ရှိသွားကြပေပြီ။ အဖေနှင့် ဦးသက်ကအမေနှင့် ညီမလေးကို တွဲခေါ်သည်။ သူငယ်ချင်းတွေက ရုံးခန်းအဝတွင် မတ်တပ်ရပ်နေကြ၏။

ဒေါ်မြမြနှင့် မအေးအေးမြတ်တို့ကို လှစ်ခနဲတွေ့လိုက်၏။ စူးရှသော သူ့အကြည့်တွေကို မအေးအေးမြတ်မြင်တွေ့သွား၏။ နှုတ်ခမ်းပေါက်မတတ် အံကြိတ်မိ၏။ တာဝန်ရှိပုလိပ်အမှုထမ်း နှစ်ဦး၏ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့၏။

“သား”

နောက်ကျောမှ အမေ့ခေါ်သံကြောင့် ရင်တွင် နင့်သည်။ ဖြစ်နိုင်လျှင် မိခင်၏ ဝမ်းဗိုက်အတွင်း ပြန်လည်ခိုဝင်နေချင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲနာကျင်မှုအပေါင်းက သူ့နှလုံးသည်းခြေကို ရိုက်နှက် ထိုးဆွနေပေပြီ။ ငိုနေသော အမေ့ရှေ့တွင် မငိုမိအောင် ထိန်းထားရ၏။ ရင်ကွဲလုမတတ် ပင်ပန်းလွန်းလှသော အဖြစ်။

“သား သွားတော့မယ် အမေ”

“သား၊ သားလေး”

ယိမ်းယိုင်သွားသော အမေ့ကို ဦးသက်နှင့် အဖေက ဖေးမသည်။ မျက်လုံးအစုံကို မှိတ်ပစ်လိုက်၏။ ညီမလေး ဖြူဖြူခိုင်ကလည်း ရှိုက်သံမဲ့စွာ ငိုနေသည်။

“အဖေနဲ့ ဦးသက် . . . သား သွားမယ်၊ ညီမလေး ကိုကို သွားမယ်နော်”

“အနန္တ ငါးပါးကို မမေ့နဲ့နော်သား” ဟု အဖေမှာသည်။

“ပစ္စုပ္ပန် မလှရင် အနာဂတ်လှရမှာပေါ့ကွာ” ဟု ဦးသက်က မေးကျောတွေ တင်းလျက်ပြောသည်။

တရားရုံးအပြင်သို့ ရောက်ခဲ့သည်။ ဥဒဟို သွားလာနေကြသော ဥပဒေဝန်ထမ်းတွေကို တွေ့သည်။ နံဘေးမှ အမှုထမ်းနှစ်ဦးနှင့်အတူ ခပ်လှမ်းလှမ်းရှိ အချုပ်ကားရှိရာသို့ ဦးတည်နေသည်။

“ခိုင်ထွန်း”

အချုပ်ကားပေါ်သို့ တက်ခါနီးတွင် မြင့်ဦးနှင့် သူငယ်ချင်းတွေ ရောက်လာကြသည်။ ကြေကွဲသော အကြည့်တွေ ဆုံဆည်း၏။

“မင်းရေးထားတဲ့ ကဗျာစာရွက်ကလေးကို ငါတို့ လာ





တောင်းတာ သူငယ်ချင်း”

အချုပ်ကျစဉ်က ရေးဖွဲ့ထားသော ကဗျာစာရွက် အနွမ်းလေး သူ့အင်္ကျီအိတ်ထဲတွင် ရှိသည်။ ရဲနှစ်ဦး၏ အကူအညီဖြင့် ထိုစာရွက်လေးကို မြင့်ဦးထံသို့ သူ ပေးလိုက်သည်။

“နွယ်မိုးအတွက် ရေးထားတဲ့ကဗျာက ရွှေခြေချင်း၊ **အတိတ်ကံ**ဆိုတဲ့ ကဗျာက အားလုံးသော လူတွေအတွက်”

ပြောပြီး သူငယ်ချင်းတွေကို သူ ပြုံးပြသည်။ မျက်ရည်တွေဖြင့် သူငယ်ချင်းတွေ သူ့ကို ကြည့်သည်။ တုံ့ပြန်ပြုံးတွေမရှိ။

အချုပ်ကားပေါ်သို့ တက်လိုက်သည်။ ကားထဲသို့ ရောက်သည်နှင့် တံခါးပိတ်သံကို ပြင်းထန်စွာ ကြားရ၏။ မည်မည်ရရ မဟုတ်သော အလင်းပေါက်ကို ကျောပေးလိုက်သည်။ အပြင်တွင် မှောင်အတိ။ ကားဘီးလိမ့်သည်ကို သိသည်။ ကုန်လွန်ခဲ့ပြီးသော နေ့ရက်များစွာတို့၏ အဖြစ်အပျက်တွေကို အတိတ်ကာလဟု လွယ်ကူစွာ သိရှိသည်။

အတိတ်၏ ကျူးလွန်ခဲ့သမျှ အကြွေး ရလဒ်ကို ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ရင်စည်း၍ ခံမည်ဟု ဆုံးဖြတ်၏။ အတိတ်၏ ဖိစီးမှု အရိပ်တိုင်းကို နာယူ ခံစားရန် အသင့်။

**အတိတ်ဘဝ၏ ကံ**

**ခံစားရသည့်ဝဋ်ကြွေး။**

**သံသရာ တဖြည်းဖြည်း လှည့်ပတ်**

**ဝတ်တစ်လှည့်၊ ပြတ်တစ်လှည့်**



www.burmeseclassic.com

www.burmeseclassic.com



ဖြူတစ်လှည့်၊ မည်းတစ်လှည့်
ရယ်တစ်လှည့်၊ ငိုတစ်လှည့်
မကွက်မယွင်း၊ မပြင်းဆန်လို
နေကညို။
အို . . .
အတိတ်ဘဝ၏ ကံ
ဘယ်လောက်ထန်ထန်
ခံသာ . . . ခံ။ ။

* * *

တစ်အိမ်လုံးက နွယ်မိုးကို ပြစ်တင်ကြသည်။ ကြိမ်းမောင်းကြသည်။ အမှန်တရားရယ်၊ သစ္စာတရားရယ်၊ မောင်ရယ်သာလျှင် နွယ်မိုးဘက်မှာ ရှိကြ၏။ ဘာပဲဖြစ်ဖြစ် နွယ်မိုးကြောင့် မောင့်ဘဝ အမည်းစက်တွေ စွန်းထင်းသွားခဲ့ပြီ။

ဝေးနေရသည့် အသိကြောင့် မျက်ရည်တွေသာ အဖော်ပြုရ၏။

"နွယ်မိုး ချစ်တဲ့သူနဲ့ ကွေကွင်းရပြီ၊ မချစ်မနှစ်သက်သူနဲ့ အတူနေရဦးမယ်ဆိုရင်တော့ နွယ်မိုး အစွမ်းကုန် မိုက်ပစ်လိုက်တော့မယ်၊ မယုံဘူးဆိုရင် ဖေဖေတို့ အန်တီမြတို့ မမအေးတို့ ကြိုက်သလို စီစဉ်လို့ရတယ်၊ နွယ်မိုး အတိုက်အခံ ငြင်းတော့မှာ





မဟုတ်ဘူး" ဟု နွယ်မိုးပြောခဲ့သည်။

အန်တီမြက တက်ခေါက်သည်။ ဖေဖေ အံတင်းကြိတ်၏။ နွယ်မိုး ဘာကိုမှ တွေးမကြောက်တော့ချေ။ မောင့်အတွက် အသက်စွန့်ဖို့ပင် ဝံ့ရဲနေပြီပဲ။

မောင့်မိဘတွေ၊ မောင့်သူငယ်ချင်းတွေ၊ နွယ်မိုးကို မုန်းချင်မုန်းနေကြလိမ့်မည် ထင်သည်။ မောင်တော့ နွယ်မိုးကို မုန်းနေလိမ့်မည် မထင်မိ။ မောင့်ကို ဆထက်ထမ်းပိုး တိုးလျက် နွယ်မိုးချစ်သည်။

အသက်ဝိညာဉ် ကင်းမဲ့သွားခဲ့လျှင်တောင် ဖြပ်မဲ့ ဝိညာဉ်လေးအဖြစ် မောင့်အနားမှာ နေချင်သည်။

ဟဒင် ဝေးသည်ဟုပဲ နွယ်မိုး ယူဆထားသည် . . . မောင်။

ဝမ်းနည်းတသ
မျက်ရည်စနဲ့
ညတိုင်းငါငို
လာမယ်ကြိုမိ
ဖြေမချိတော့
လွမ်းလှပေါ့ရှင်။
လွမ်းလွန်း လွန်းလို့ ရင်ကွဲရပြီမောင်။

"မောင်ရေ . . ."ဟု အော်ခေါ်ချင်သော ဆန္ဒတွေ ရင်ထဲမှာ ပြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့တွေ လတွေ စက္ကန့်နာရီတွေ၏ ကုန်ဆုံးခြင်းတိုင်းအား တဒင်္ဂသာ ကြာစေချင်သည်။ ကိန္နရာ၊ ကိန္နရီတို့၏ အဖြစ်သနစ်ကို အခုမှ ပိုပြီး စာနာမိလေ၏။

“အရှင်ဘုရား . . . ချစ်သူနှင့် ကွေကွင်းနေရသော သောကပင်လယ်ဝေနေရသူတို့ကို အရှင်ဘုရား၏ မေတ္တာစွမ်းအားဖြင့် ပြန်လည် ဆုံဆည်းခွင့် ပေးတော်မူပါ ဘုရား” ဟု အလွမ်းညတိုင်း ဆုတောင်းမိသည် မောင် . . .။

* * *



## အခန်း(၁၆)

ကံကိုပဲ ပုံအပ်လိုက်ပါပြီ နွယ်မိုးရယ်၊ သူ့အလိုကျ တို့ ကြရတော့မယ်၊ လောက ဇာတ်ဆရာရဲ့ အလိုကျ မောင်တို့ ကြရတော့မယ်၊ မွေးဖွားခြင်းနဲ့ သေလွန်ခြင်းကြားမှာ လူသားဖြစ်ရတဲ့ တို့နှစ်ယောက်၊ တံတိုင်းစည်းတွေ အရိုင်းမီးတွေ ချိုးဖောက် ငြိမ်းသတ်နိုင်ပါ့အလားကွယ်။

အားမငယ်ပါနဲ့ အချစ်ရယ်၊ ငိုမနေနဲ့နော် . . .။ ဘယ်သူတားတား၊ ဘယ်သူဖျက်ဖျက်၊ ဘယ်သူတွေ ဘယ်လို ထင်ထင် ဘယ်လိုမြင်မြင် ဒီရင်ခွင်မှာ သံယောဇဉ်တွေတိုးပြီး ချစ်နေကြမယ် နွယ်မိုးရယ်။

“ချစ်ကြပြီးနောက် ဝေးကြရမယ်၊ ခွဲကြရမယ်ဆိုတာတွေ ဘယ်သူက ကြိုတွေးရဲမှာလဲ၊ ဘာကိုမှ တွေးမနေပါနဲ့လား အချစ်ရယ် . . .”

ဝေးကြပြီးတဲ့နောက် တို့နှစ်ယောက်ကြားကို မလွဲမသွေ က်ရှိလာတဲ့ သောကတွေ၊ ဝေဒနာတွေ၊ ကြေကွဲခြင်းတွေ၊ ခြင်းတွေကို အင်အားအဖြစ် မွေးမြူကြပြီး မနက်ဖြန်တိုင်းရဲ့ တ် လမ်းတစ်လျှောက်မှာ အချစ်အိမ်ငယ်ကလေးကို၊ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်ဆုံဆည်းခြင်း အထိမ်းအမှတ်နဲ့ တည်ဆောက်ကြရအော
နော် . . . ။

ပျော်သလိုသာ နေပါလားကွယ်၊

အားလုံးရဲ့ အရှေ့မှာ ငိုနေမယ့်အစား၊ အားလုံးရဲ့ နော
ကွယ်မှာ တစ်ယောက်တည်း အားငယ်ငိုကြွေးနေမယ့်အစား၊ မ
တတ်တဲ့ နှလုံးသားနဲ့ အားလုံးရဲ့ရှေ့မှာ ဟားတိုက်ပြီး ရယ်မော
လိုက်ပါလား၊ ငိုနေမယ်ဆိုရင် မလိုသူတွေ ဝမ်းသာကြလိမ့်မယ်ကွ

'လွမ်းတယ် အချစ်ရယ်. . . ။ ဘယ်သူက ပိုလွမ်းသလဲ
မမေးတမ်း ပေါ့ကွယ်၊ သတိရတယ် နွယ်မိုးရယ်။ ထာဝရအတွ
တစ်ဘဝလုံး ထပ်တူပြုထားသူချင်းအတူတူ ဘယ်သူက ပို
သတိရတယ်ဆိုတာ တိုင်းတာဖို့များ လိုသေးလားဟင်။

နွေဉသြလေးတစ်ကောင်က နှုတ်ဆက်ပြေးထွက်သွ
ပြီ နွယ်မိုး၊ မိုးမင်းသားလေးတစ်ပါးက ရင်ထဲက အညစ်အ
တွေကို ဆေးကြောသန့်ရှင်းပြီးခဲ့ပြီ။ ဆောင်းမင်းသမီးလေးတစ်
ကလည်း သူ့ရဲ့ နှင်းပွင့်တေးသံတွေနဲ့ ချော့မြူထွေးသိပ်ပြီးပြီ

နွယ်မိုးရယ် . . . တမ်းတခြင်းတွေနဲ့ စောင့်မျှော်နေ
သလား။ နှလုံးသားက မေတ္တာအင်အားတွေနဲ့အတူ သံယော
ပင်လယ်ပြင်ကြီးကို ဖြတ်ပြီး အချစ်ဆီကို အရောက်လာပါ့မ

အချစ်ရယ်၊ စောင့်ကြိုနေမယ် ဆိုတဲ့အကြောင်း
စကြဝဠာကြီးကို ခေါင်းလောင်းအဖြစ်ထိုးနှက်ပြီး မိုးစက်က
တွေနဲ့ အကြောင်းကြားလိုက်စမ်းပါ။ လွမ်းဆွတ် သတိရတယ်





အကြောင်း နွေဉသြပျိုကို အပေါင်းအသင်းလုပ်ပြီး သတင်းစကား ပါးလိုက်ပါ။ အနာဂတ်လမ်းမှာ ပြန်ဆုံကြဖို့ မျှော်နေတယ် ဆိုတဲ့ အကြောင်း ဆောင်းမင်းသမီးလေးရဲ့ နှင်းပွင့်ဂီတတွေက တစ်ဆင့် ရင်ဖွင့်လက်ကမ်းလိုက်ပါ။

လွမ်းလိုက်တာ အချစ်ရယ် . . . လွန်ပါရော။ ထောင် နံရံမှာ၊ မိုးကောင်းကင်မှာ၊ စကြဝဠာ ပြတင်းဝမှာ ရေးစပ်ဖွဲ့သီထား တဲ့ နှလုံးအသည်းက ကြေကွဲခြင်း ကဗျာတွေ . . .၊ တမ်းတခြင်း အလင်္ကာတွေ ပိုင်ရှင်မဲ့ ဖြစ်နေရပြီ နွယ်မိုးရယ် . . . ။

ကျေးငှက်ကလေးတွေဟာ မောင့်ကိုကြည့်ပြီး အတင်း ပြောနေကြတယ်။ မျှော်လင့်ခြင်းတွေနဲ့ ရှင်သန်နေတဲ့အချစ်အတွက် တွေးတောမှုများစွာဟာ ရင်ထဲမှာ အင်အားတွေအဖြစ် နိုးထစပြု နေပြီလေ။ အချစ်ရယ် . . . အပြာရောင် မိုးကုပ်စက်ဝိုင်းကြီးက သနားခြင်းတွေနဲ့အတူ ကရုဏာသက်စွာနဲ့ အချစ်နဲ့ မောင့်ကို ကြည့်နေတယ်။ မောင်ကတော့ ပြန်ဆုံကြရမယ့် အနာဂတ်အရေး ကို တွေးပြီး အဝေးဆုံးအထိ မျှော်ကြည့်နေမိတယ်။ ဒါပေမဲ့လည်း အချစ်ရယ် . . . အခုအချိန်ထိ အပေါင်းလက္ခဏာတွေ ရောက် လာကြသေးဘူး၊ မောင် လွမ်းလိုက်တာ။

(အို . . . အချစ်ကမ္ဘာကြီး၊ လေဟာနယ်ထဲမှာ အဓိပ္ပာယ်မဲ့ သွင့်ပြေးနေတဲ့ အမြင့်ပျံ ပျော်ရွှင်မှုများစွာကို ငါတို့ ချစ်သူနှစ်ဦး အတွက် ပေးသနားပါ)

နွယ်မိုးရယ် . . . ကဗျာဆရာ လောင်းဖဲလိုးက မိုင်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ ကွာဝေးတဲ့ ကင်းဘရစ်မြို့ကနေ ဘော်စတွန်မြို့အထိ ခြေကျင် လမ်းလျှောက်ပြီး သူ့ချစ်သူ ဖရန့်စစ်ကို ချစ်သက်သေပြဖူးတယ်။ မောင့်ရင်ထဲက ရာသက်ပန် အချစ်ထုထည်ကို မောင် ဘယ်လိုများ သက်သေပြရပ့ါမလဲ။ မျက်ရည်တွေကိုတော့ သက်သေအဖြစ် မငှားရမ်းချင်ဘူး အချစ်ရယ် . . .။

(ပြည်)နဝဒေးရဲ့ ရတုတွေကို ရှင်နှောင်းက ဖတ်လိမ့်မယ်။ နတ်ရှင်နောင်ရဲ့ ရတုတွေကို ချစ်သူ ဓာတုကလျာက အရေးတယူ ဖတ်ခဲ့တယ်။ လှိုင်ထိပ်ခေါင်တင်ရဲ့ ဘောလယ်တွေ၊ လွမ်းချင်းတွေကိုလည်း ကနောင်မင်းသားကြီးက နှစ်သက်ဖတ်ရှုဖြစ်မှာပါ။

နွယ်မိုးရယ် . . . ဝေးကွာနေစဉ်မှာ ရင်ထဲက အလင်္ကာတွေကို နွယ်မိုးဆီ ရောက်အောင်ပို့ဖို့ ကျေးစေတမန်လေး ရှာပေးပါလား အချစ်ရယ်။ မောင်ရေးတဲ့ကဗျာ၊ ထောင်နံရံမှာ၊ မောင်ချစ်တဲ့ အကြင်နာ ဘယ်ဆီမှာလဲ။ နွယ်မိုး ဘယ်ဆီမှာလဲကွယ်။ မိုးကောင်းကင်သာ ကြေးမုံပြင်ကြီး ဖြစ်ခဲ့ရင် နွယ်မိုးရှိတဲ့ အရပ်ဟာ ကောင်းကင်ပေါ်မှာ ထင်ဟပ်နေမယ်ထင်ရဲ့။

မောင်ရောက်နေတဲ့ အရပ်ဟာ လွင်ပြင်ကျယ်ကြီး ဖြစ်ခဲ့ရင် ကဗျာဆရာ လောင်းဖဲလိုးရဲ့ စံချိန်ကို ချိုးနိုင်ပါတယ် နွယ်မိုးရယ်။

အခုတော့ . . .

ပြစ်မှုကြွေးကို ချွေးနဲ့ ပြန်ဆပ်နေကြရတဲ့ မောင့်လိုလူတွေနဲ့အတူ နံရံလေးဖက်ကြားထဲမှာ မောင်တစ်ယောက်တည်း။





အဖော်အပေါင်း ဆိုတာတော့ ရှိတာပေ့ါ နွယ်မိုးရယ် . . .။

ဒါပေမဲ့ . . .

ချစ်သူနဲ့ ဝေးကွာနေစဉ်တိုင်း နံဘေးမှာ အဖော်အပေါင်းတွေ ဘယ်လောက်ရှိရှိ၊ တစ်ယောက်တည်း ရှိနေရသူ အထီးကျန်ဆန်လွန်းသူအဖြစ် ကိုယ့်ကိုယ်ကို သတ်မှတ်ထားမိတယ်။ အဖော်တွေဟာ တော်နေကြာ သူ့နေရာ သူ့ဌာနပြန်ကြရမယ့် လူတွေချည်း။ ဘယ်အဖော်တွေ ဘယ်လိုခွဲခွဲ နွယ်မိုးနဲ့ လွဲရမှာကို မောင် အကြောက် ဆုံး။ နွယ်မိုးရယ် . . . မောင်တို့နှစ်ယောက် ဆုံဆည်းနိုင်ကောင်းပါရဲ့။

* * *

"အကျဉ်းသားအမှတ်(   ) ခိုင်ထွန်း၊ ဧည့်သည်လာတယ်"

ဧည့်သည်ဟူသော အသံကြောင့် ရင်တွင် လှိုက်လှဲစွာ ပီတိဖြစ်၏။ ဧည့်တွေ့သည့်နေရာသို့ အမောတကော သူ ပြေး၏။

"ဟာ . . . မြင့်ဦး၊ သူငယ်ချင်း"

ရင်တွင် နင့်သွားစေသော ခံစားခြင်းကို အမည်မဖော်တတ်။

"ခိုင်ထွန်း မင်းအသားတွေ မည်းသွားတယ်၊ ပြီးတော့ ဝလာတယ်"

"အမေ ပါမလာဘူးလား မြင့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦး ခေါင်းယမ်းသဖြင့် သူ့မျက်နှာ ညှိုးသည်။ အမေ့ကို သတိရသည်။ ဘေးဘီမှ စကားသံတွေ နားထဲသို့ ဝင်သည်၊ ပျော်နေသူ၊ ပြုံးနေသူ၊ ကြေကွဲနေသူတွေကို မြင်၏။ လောကနှင့် အဆက်ပြတ်သူတိုင်း ပြင်ပကို ထိတွေ့လိုက်ရသည်သို့ ခံစားရသဖြင့် ခေတ္တခဏ ပျော်ရွှင်မိကြသည်မှာ ဧကန်။

"မင်းကို တွေ့ရင် ငိုမိမှာစိုးလို့တဲ့၊ လိုက်မလာဘူး"

"အမေရယ် . . ."ဟု ရင်ထဲက ခေါ်မိသည်။

"အမေနေကောင်းရဲ့လား မြင့်ဦး၊ အဖေနဲ့ ညီမလေးရော"

"အားလုံးနေကောင်းကြပါတယ်၊ မင်းဖို့ ပေါင်မုန့်နဲ့ ငါးပိကြော်ပေးလိုက်တယ်၊ ဆေးလိပ်တစ်စည်းလည်း ငါဝယ်ခဲ့တယ်၊ မင်း ဆေးလိပ်သောက်တတ်နေပြီပဲ"

မြင့်ဦးကို ကြည့်ရင်း သူငယ်ချင်းတွေကို သတိရသည်၊ နွယ်မိုးကို သတိရသည်။ ကျောင်းစာတွေကို သတိရသည်။

"မင်းညီမလေးတောင် တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေပြီ"

"ဟုက်လား၊ မင်းတို့ကော . . ."

"ငါတို့ တစ်အုပ်စုလုံး တက္ကသိုလ်ကျောင်းသားတွေ ဖြစ်ကုန်ပြီပေါ့၊ ဒီနှစ် သန်းထိုက် အောင်တယ်လေ၊ တင်မောင်နိုင်က စစ်တက္ကသိုလ်မှာ"

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ အားလည်းကျတယ်၊ ဒီကထွက်ရင် ငါလည်း စာမေးပွဲ ပြန်ဖြေမယ်၊ တင်မောင်နိုင်တောင်





စစ်ဗိုလ်ကြီး ဖြစ်တော့မှာကိုး"

"အင်းပေါ့ . . . တို့သူငယ်ချင်းတွေ တက္ကသိုလ်နယ်မြေမှာ အတူတူကျောင်းတက်ရအောင်ကွာ၊ နော် . . . ခိုင်ထွန်း"

သူခေါင်းညိတ်သည်။ အနာဂတ်၏ အရိပ်စကားကြောင့် အတိတ်ကို သတိရလိုက်မိသေးသည်။

"သြော် . . . ခိုင်ထွန်း"

"ပြောလေ . . . မြင့်ဦး"

သူ့မျက်နှာကို ကြည့်လျက် မြင့်ဦး ပြုံးသည်။ ပြီး . . .

"နွယ်မိုး စာပေးလိုက်တယ်" ဟု ပြော၏။

"ဘာ . . . နွယ်မိုး စာ ဟုတ်လား"

"စာမလာ သတင်းမကြားတာ တစ်နှစ်ကျော်ပြီ မြင့်ဦးရာ"

ကြေကွဲစွာပြောသည်။ ဝေးလွင့်ကွာခြားနေသော ကာလအတွင်း ချစ်သူ နွယ်မိုး ဘယ်ကို ရောက်နေသည် မသိ။

"စာကို ကားပေါ်က ပစ်ချပေးသွားတာ၊ ငါ့ကိုလည်း တစ်စောင်ရေးတယ်၊ ငါ့ကို ရေးတဲ့စာထဲမှာ သူ့ကို မန္တလေးပို့ ထားတဲ့အကြောင်း၊ မင်းကို မုန်းပြီ မေ့ပြီ ဆိုတော့မှ ပြန်လာခွင့်ရတဲ့အကြောင်း၊ မင်းကို မေ့လည်း မမေ့၊ မုန်းလည်း မမုန်းဘူးဆိုတဲ့အကြောင်း၊ စာကို မင်းဆီကို မြန်မြန်ပို့ပေးပါ ဆိုတဲ့အကြောင်း၊ နောက်ပြီး သူ့အိမ်က ကားထွက်လာတာတွေ့တိုင်း သတိထားကြည့်ပေးပါတဲ့၊ အရေးအကြောင်းရှိရင် အခုလိုပဲ ကားပေါ်ကနေ စာကို ပစ်ချပေးမယ်တဲ့၊ မင်းစာထဲမှာတော့ ပြည့်ပြည့်စုံစုံ ပါမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ နောက်ပြီးတော့မှ ထောင်မှူးဆီမှာ သွားယူပေါ့” ဟု မြင့်ဦးက ပြောသည်။

“အေးကွာ . . . မင်းကို ငါ အရမ်း ကျေးဇူးတင်တယ်”

“ကျေးဇူးတင်တယ်ဆိုတဲ့ စကားက သူစိမ်းတွေကို ပြော ရမယ့် စကားပါ ခိုင်ထွန်းရာ၊ မင်းအတွက် ငါတို့ သူငယ်ချင်းတွေ အမြဲရှိတယ်၊ ဒါနဲ့ မင်းကော လွတ်ရက်နီးပြီလား”

“နီးပြီလို့ ဆိုရမှာပေါ့ကွာ၊ လျှော့ရက်နဲ့ ဘာနဲ့ သုံးလေးလ လောက်တော့ ကြာဦးမှာပေါ့”

“အဆင်ပြေအောင်တော့ နေပေါ့ကွာ၊ ငါလည်း တွေ့ခွင့် ရသမျှ လာတွေ့မှာပါ၊ ဟိုကောင်တွေတောင် လိုက်ခဲ့ကြမလို့တဲ့ နောက်မှ‌ပိုက်လို့ ပြောခဲ့တယ်၊ ငါ ပြန်မယ် ခိုင်ထွန်း၊ မင်းအမေကို ဘာမှာဦးမလဲ”

မြင့်ဦးကို အတန်ကြာ စိုက်ကြည့်ရင်း . . .

“ဘာမှ မမှာတော့ပါဘူးကွာ၊ ငါ လိမ္မာပြီဆိုတာတော့ ပြောလိုက်ပါ”

ငိုနေသော အမေ့မျက်နှာကို မြင်ယောင်သည်။ ပြုံးရွှင် နေသော အမေ့မျက်နှာကို မြင်ချင်လွန်းလှ၏။

* * *



အခန်း(၁၇)

မောင် . . .

နွယ်မိုးကို ခွင့်လွှတ်ပါမောင်ရယ်၊ မောင်နဲ့ ဘာမှ မဆိုင်တဲ့ နေရာကို နွယ်မိုးကြောင့် မောင်ရောက်ခဲ့ရတာ တွေးကြည့် တိုင်း နွယ်မိုးငိုနေရတယ် မောင်။ နွယ်မိုးမနွလေးမှာ တစ်နှစ်ခွဲ တောင် ကြာခဲ့တယ်။ နွယ်မိုး သွားချင်လို့သွားရတာ မဟုတ်ပါဘူး မောင်ရယ်။ အခြေအနေကြောင့်ပါ။

သူတို့ကြားချင်တဲ့ စကားကို ပြောလိုက်တော့မှ နွယ်မိုး ရန်ကုန်ကို ပြန်လာခွင့်ရတာ။ အခုအချိန်ထိ သေမတတ်အောင် လွမ်းနေရတယ်။ မောင်ကော နွယ်မိုးကို သတိရရဲ့လားဟင်။ နွယ်မိုးကို မမုန်းပါနဲ့ မောင်ရယ်။ နွယ်မိုး တောင်းပန်ပါတယ်။ မောင်မုန်းရင် နွယ်မိုးသေမှာ။ မောင်နဲ့(မပြောကောင်း မဆို ကောင်း) အပြီးအပိုင် ဝေးရမယ်ဆိုရင် နွယ်မိုး သေမှာ။

မောင့်ကိုပဲ နွယ်မိုး မျှော်နေတယ်။ မောင်ပြန်လာမယ့် ရက်ကို အားလုံးထက်ပိုပြီး နွယ်မိုး မျှော်နေတယ်။ နွယ်မိုး ကျောင်း မတက်ရတော့ဘူး မောင်။

မောင်ရယ် . . .

အဲဒီကပြန်လာရင် မောင်ပြန်လာမယ့်လမ်းက နွယ်မိုး



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ရပ်စောင့်နေမယ်။ အဲဒီနေ့ကစပြီး နွယ်မိုး မောင်နဲ့အတူ တူ နေမယ်နော် . . . မောင်။ မောင်က စာပြန်ကျက်၊ နွယ်မိုးက မောင့်ကို ဈေးရောင်းကျွေးမယ်၊ ဟုတ်လား။

ချစ်တဲ့ မောင်

သောကများစွာ ကင်းပါစေ

နွယ်မိုး

နွေဦးလေပြည်က ညင်းသဲ့သဲ့တိုက်ခတ်သည်။

နွယ်မိုး၏ ပထမစာရောက်လာပြီး တစ်လအကြာတွင် ဒုတိယမြောက်စာတစ်စောင်ကို မြင့်ဦးနှင့်သန်းထိုက်တို့ လာသည့် နေ့ကရသည်။ ဒုတိယမြောက်စာပါ အကြောင်းအရာသည် နှစ်ယောက်ဘဝအတွက် စိုးရိမ်စရာ။

"မောင်ရင်လေး၊ သက်ပြင်းတွေ ချလှချည်လား"

ဘဝတူ ကိုသူရ၏ အမေးစကားကြောင့် ချလုချခင် ဖြစ်နေသော သက်ပြင်းမောကို ဖြေးညင်းစွာ ရှူထုတ်မိသည်။ ကိုသူရက သူ့အနီးမှာ လာထိုင်သည်။

"ကျွန်တော် သိပ်စိတ်ညစ်နေရတယ် ကိုသူရ"

ကိုသူရက မျက်ခုံးနှစ်ဖက်ကို တွန့်လျက် သူ့ကိုကြည့်၏။

"ဘာအတွက် စိတ်ညစ်ပြန်တာလဲ"

"နွယ်မိုးဆီက စာလာတယ်"

တွန့်ထားသော မျက်ခုံးနှစ်ဖက်ကို ပြန်ဖြည်သည်။ အမူ





အရာက နားမရှင်းဟန်။

"ဒီလိုနေရာမျိုးမှာ ချစ်သူရည်းစားဆီကစာကို ဖတ်ခွင့်ရလျက်နဲ့ စိတ်ညစ်တယ်လို့ပြောတာ မောင်ရင်တစ်ယောက်တည်း ရှိသေးတယ်လို့ ကိုယ်ထင်တယ်၊ ဘာအကြောင်းတွေများ စာထဲမှာ ပါလို့လဲ။ ကိုယ်ဖတ်ကြည့်ခွင့်ရှိလား။ အကြံလေးဘာလေး ပေးနိုင်ရင်ပေးရအောင်လို့"

"ရပါတယ် ဖတ်ကြည့်လေ"

စွပ်ကျယ်အင်္ကျီဖြူ၏ ရင်ဘတ်ကြားတွင် ထည့်ထားသော စာခေါက်ကိုထုတ်၍ ကိုသူရအား ပေးလိုက်သည်။ စာရွက်ဖြူ၏ မျက်နှာပြင်တွင် ချစ်သူ၏ ရုပ်လွှာကို မြင်သည်။ စိတ်မှ ဘမင် ဖန်တီးယူ၍ မြင်ရခြင်းမဟုတ်။

မောင်

နွယ်မိုးကို ဇော်မင်းထင်နဲ့ စေ့စပ်လိုက်ကြပြီ။စေ့စပ်ခိုင်မို့ နွယ်မိုး ခေါင်းညိတ်လိုက်လျှာခဲ့တယ်မောင်။ နွယ်မိုးကို မောင် တစ်မျိုးတစ်မည် ထင်မနေနဲ့ဦးနော်။ မောင်ကလွဲလို့ နွယ်မိုး ဘယ်သူ့ကိုမှ မယူဘူး။

မောင်ရယ် . . .

မောင် ဘယ်တော့မှ ပြန်လာမှာလဲဟင်။ မောင့်ကိုသာ နွယ်မိုး မျှော်နေမယ်။ ဘယ်သူ့ရင်ခွင်ထဲကိုမှ နွယ်မိုး မဝင်ဘူး။ မောင့် ရွှေခြေချင်း ကဗျာထဲကလို နွယ်မိုး ရုန်းထွက်ခဲ့မယ်။ ရတဲ့နည်းနဲ့ ရုန်းထွက်မယ် မောင် . . .။



www.burmeseclassic.com

www.burmeseclassic.com



ကိုသူရက စာကိုပြန်ခေါက်ပြီး သူ့ကိုပေးသည်။

“မောင်ရင်တို့အတွက် အရေးကြီးတဲ့ အချိန်ကို ရောက်နေပြီပဲ”

“အဲဒါကြောင့် စိတ်ညစ်တယ်လို့ ကျွန်တော်ပြောတာပေါ့”

“စိတ်ညစ်မနေပါနဲ့ကွာ၊ ကံပေါ့၊

ကိုယ်တို့ မောင်ရင်တို့ အားလုံးဟာ ကံဇာတ်ဆရာရဲ့ အမိန့်အတိုင်း လိုက်နာနေရသူတွေချည်းပဲ”

တူရူရှိ စေတီဖြူလေးကို အကြောင်းမဲ့ ငေးကြည့်နေမိသည်။

အော်မြည်နေသော ငှက်ငယ်တစ်ကောင်၏ အသံက မည်သည့် အရပ်မျက်နှာမှ လာသည်မသိ။

“နွယ်မိုးက ဘာဖြစ်လို့ စေ့စပ်ဖို့ကို ခေါင်းညိတ်လိုက်တာလဲသိဘူး၊ ငြင်းလို့ရမယ်ဆိုရင် ငြင်းသင့်တယ်နော်၊ ကိုသူရ”

သူ့စကားကြောင့် ကိုသူရက မျက်ခွံတွေ ပိတ်သည်အထိ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ဝကျစ်သော ခန္ဓာကိုယ်ပင် ယိမ်းထိုးလုလု။ အရယ်ရပ်ပြီး။

“မောင်ရင် ညံ့သွားပြီ၊ နွယ်မိုးက မောင်ရင်ထက် တွေးဆမှုအပိုင်းက တော်သွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ရင် စဉ်းစားကြည့်၊ စေ့စပ်တယ်ဆိုတာ မင်္ဂလာဆောင်သေးတာမှ မဟုတ်တာဘဲ။

စေ့စပ်တဲ့ကိစ္စကိုတောင် နွယ်မိုးက အကြောက်အကန်





ငြင်းဆန်နေမယ်ဆိုရင် နွယ်မိုးဟာ မောင်ရင် လွတ်မယ့်ရက်ကို စောင့်မျှော်နေလို့ပဲဆိုတာ သူ့အသိုင်းအဝိုင်းက အတိအကျ တွက်တော့မှာပေါ့၊ ဒီလို မတွက်လေအောင် နွယ်မိုးက စေ့စပ်ဖို့ကို လက်ခံလိုက်တာပေါ့၊ ဒါကိုမောင်ရင် နည်းနည်းလေးမှ တွေးမကြည့်မိဘူးလား”

စကားကို ရုတ်ချည်းမတုံ့ပြန်ဘဲ ငြိမ်သက်နေ၏။ ပြီးမှ . . .

“တကယ်လို့များ ကျွန်တော် ဒီက မလွတ်ခင်မှာ အခြေအနေကို ဒီထက်တစ်ဆင့် တက်လိုက်ကြရင် ကျွန်တော်တို့ နှစ်ယောက်တော့ တကယ် ဝေးပြီဗျာ”

ဖြစ်ပျက်ခဲ့သမျှတွေကို သူ ပြောပြခဲ့ဖူးသဖြင့် ကိုသူရ သိထားသည်။ သူ့ကို ခေါင်းတညိတ်ညိတ်နှင့် ကြည့်ရင်း ကိုသူရက . . .

“ကိုယ်ပြောခဲ့ပြီးပြီပဲကွာ၊ ကံပဲလို့၊

မောင်ရင်တို့နှစ်ယောက် ကံကောင်းကြပါစေလို့ ကိုယ် အမြဲ ဆုတောင်းပါတယ်ကွာ”

စေတီဖြူလေးဆီမှ ဆည်းလည်းသံတွေ သာယာစွာ လွင့်လာသည်။ ငြိမ်းချမ်းအေးမြစွာ နာယူလိုက်ချင်၏။

အိပ်ပျက်ညတွေ များလွန်းခဲ့သည်။ အဖြစ်က ငှက်သွင် ပျံကြွမတတ်သော်ဟူသည့် အဖြစ်မျိုး။

ဤနေရာ ဤဌာနမှ နုတ်ဆက်ထွက်ခွာရန် အချိန်ကာလ အားဖြင့် များစွာ မလိုတော့။ ထိုအနည်းငယ်သော ကာလကို ခုန်ပျံကျော်လွှားနိုင်ခွင့်ရှိလျှင် ကောင်းမည်။ အချိန်နာရီတွေကို လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြန်စွာ ကုန်လွန်နိုင်စွမ်းသော တန်ခိုးရှင်တစ်ယောက် ဖြစ်ချင်မိ၏။ နှလုံးသားချင်း ချစ်ခင်နှီးစပ်သူအား ဝေးကွာသော အရပ်တွင် ခွဲခွာ၍ နေရပြားသော်လည်း ဝေးကွာသည်ဟု မမည်ပေ။

ဘုရားရှင်၏ နှုတ်မြွက်တရားကြောင့် ချစ်သူနှင့် ဝေးနေရသည်ဟု မထင်ချင်။ ဝေးသောကာလ၏ ခရီးဆုံးနေ့ကို ရောက်ချင်လှပေသည်။ ရုပ်ဝတ္ထုအားဖြင့် မမြင်ရသော်လည်း နွယ်မိုး သူ့အပါးမှာ ရှိသည်။ ချစ်သူ၏ နှုတ်ခမ်းပါးကို အမှန်တကယ် မမြင်တွေ့ရသော်လည်း ချစ်သူအသံကို အမြဲတစေ ကြားနေသည်။ ငိုသံလိုလို ရှိုက်သံလိုလို၊ ရယ်သံလိုလို။

ဉဩပျို့ ငိုစဉ်အခါ၊ မိုးမင်းသား အင်အားပြသောအခါ၊ ဆောင်းမင်းသမီး နှင်းပွင့်သည်းသောအခါ၊ အခါကာလတိုင်းကို ချစ်သူ ပိုင်ဆိုင်လေသည်။ အနာဂတ်ပန်းချီကားကို နှလုံးသားအင်အားဖြင့် ကြိုတင် ရေးဆွဲကြည့်သည်။ မမြင်နိုင်စွမ်းသော အရပ်၌၊ အနာဂတ်သည် မကြည်မလင်၊ မပီမှုန်မွှား ဝိုးတဝါး ပန်းချီ။

ပုံမပေါ်သေးသော ပန်းချီကားကို အနာဂတ်က ပိုင်ဆိုင်သည်။ ထိုပိုင်ဆိုင်ခွင့်ကို ချစ်သူနှင့်အတူ အရယူမည်။ ပီပြင်ကြည်လင်သော ပန်းချီကားကို နှစ်ယောက်အင်အား သစ္စာတရားဖြင့် ရေးဆွဲမည်။

ပန်းပွင့်လေးတွေ၊ ကျေးငှက်လေးတွေ၊ စမ်းချောင်းလေးတွေ၊ နွယ်ပင်လေးတွေ။ အဲဒါတွေရဲ့ ဟိုးရှေ့ဘက် သံယောဇဉ်မြေနေရာလေးမှာ အချစ်အိမ်လေးတစ်လုံး။ အပြုံးပွင့်လေးတွေက





တံခါးဝတွင် အမှုထမ်းသည်။

လမိုက်ညသည် ဘဝ၏ အတိတ်ဝန်းကျင်ဟု ဆိုပါစို့။ မနက်မိုးသောက် အရုဏ်ရောက်လျှင် ညသည် အတိတ်သချိုင်းထဲမှာ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကို ခံရလိမ့်မည်။ လမိုက်ည၏ မဟူရာလှောင်ချိုင့်အတွင်းမှာ သောကတွေ မီးတောက်တွေနှင့် ပင်ပမ်းနွမ်းနယ်ခဲ့သမျှ မိုးသောက်ရောင်ခြည်ဦးကို ရောက်လျှင် အရာရာကို ခွင်းဖောက်လျက် ထာဝရ ရင်ခွင်ထက်သို့ ချစ်သူ ဝင်ရောက်လာပေလိမ့်မည်။ အချိန်ကာလတွေ လျှင်မြန်စွာ ကုန်လွန်စေချင်၏။

**သောကဖွဲ့ . . . ည**<br>
**ကင်းပရန် မျှော်ကိုး။**<br>
**တစ်မိုးသောက်လျှင်**<br>
**အရောက်ပင် လာစေချင်ရဲ့၊**<br>
**ညဝန်းကျင် လွင်ပြင်ပျောက်လျှင်**<br>
**သခင်ရယ် . . .**<br>
**အကျွန့်ထံသို့**<br>
**ခွင့်ပန်ဝင်ရောက် လာလိမ့်နိုး။ ။**

* * *

ပင့်ကူအိမ်၌ ငြိတွယ်နေသော လိပ်ပြာငယ်၏ ရုန်းထွက်လွတ်မြောက်ခြင်းကို တွေးသိမိ၏။ မဲဇာတောင်ခြေ ရတုကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုခံစားတတ်ခဲ့ပြီ။ လှော်ချိုင့်တံခါးကို ဖွင့်ပေးလိုက်သဖြင့် အဖော်အပေါင်းတွေနှင့် လွတ်လပ်စွာ ပျော်ရွှင်ခွင့်ရပြီဖြစ်သော သင်းကွဲငှက် တစ်ကောင်၏ အတိုင်းအဆမဲ့ ပီတိတွေ ရင်မှာ ကူးလူး၏။

“မောင်ရင်လေး . . . ကံတရားကို ပြည့်ပြည့်ဝဝ ယုံကြည်ပါ။ ဒါပေမဲ့ ဘယ်တော့ဖြစ်ဖြစ် ကံကိုချည်း ပုံမချနဲ့”

ကိုသူရ၏ လက်ဆောင်စကား။

ကျောပေးထားသော ထောင်ဘူးဝကို သူတစ်ချက်မျှ ငဲ့မကြည့်။ အကျဉ်းထောင်ဟူသည် ယေဘုယျအားဖြင့် မိုက်မှားမှုတွေကို စုပ်ယူလိုက်သော အဆောက်အအုံ။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက၊ ထိုလောကသုံးပါး၌ ကျင်လည်ကျက်စားကြသော သက်ရှိသက်မဲ့တို့၏ မှီတွယ်ရာကို ကမ္ဘာဟု ခေါ်၏။

ယင်းကမ္ဘာကြီးအတွင်းရှိ သက်ရှိသတ္တဝါတိုင်းသည် လွတ်လပ်စွာ ရှင်သန်လှုပ်ရှားလိုကြသည်။ အသိဉာဏ်ကင်းမဲ့သော သစ်ပင်ပန်းပင်တို့ပင်လျှင် လွတ်လပ်စွာ ထိုးထွက် ဖူးပွင့်လိုကြ၏။

လွတ်လပ်ခြင်းသည် လူ(သတ္တဝါ)တို့အတွက် ချိုမြိန်ခြင်း၊ ချုပ်နှောင်ခြင်းသည် အားလုံးအတွက် ခါးသီးခြင်း။

တရားမျှတသော စည်းကမ်းဘောင်ကလနား(ဥပဒေ)ကို သူချိုးဖောက်မိခဲ့၏။ မျှတသော ဥပဒေက ထိုက်သင့်သော အပြစ်ဒဏ်တွေ သူ့ကို ပေးခဲ့သည်။ ချုပ်နှောင်ခြင်းဟု ခေါ်တွင်ချင်သော်





သည်း မခါးသီး။ မိုက်မှားမိသည်ဟု ကိုယ့်ကိုယ်ကို သိထားသည်။ အပြစ်ရှိသဖြင့် ထိုအပြစ်ဒဏ်ကို ခံစားခဲ့ရသည့်အတွက် အချိန်နာရီတွေကို နှမြောတသမိသည်မှတစ်ပါး ထူးခြားစွာ မတုန်လှုပ်မိ။

“ခိုင်ထွန်း . . . ငါတို့ ဒီမှာ”

လက်တစ်ဖက်ကို မြှောက်လျက် အော်ခေါ်နေသော မြင့်ဦးကို တွေ့သည်။ ပေါ့ပါးသောခြေလှမ်းတွေနှင့် သူ အပြေးလှမ်း၏။ လေတွင် လွင့်တက်နေသော ငှက်တောင်မွေးလေးဟု ကိုယ့်ကိုယ်ကို ထင်၏။

“မြင့်ဦး၊ သန်းထိုက်၊ အောင်ဝင်း၊ ဟာ . . . တင်မောင်နိုင်၊ ငါလွတ်ပြီကွ၊ ငါလွတ်ပြီ”

သူငယ်ချင်းတွေက အားပါးတရ ပွေ့ဖက်သည်။

“မြင့်ဦး . . . အမေရော၊ ငါ့အမေရော”

သူ့မျက်နှာကို မြင့်ဦးကြည့်သည်။

“ထောင်ကထွက်လာတဲ့ သားဖြစ်သူကို အပြုံးတွေ ဝေဝေဆာဆာနဲ့ ဟိုးနေရာကရပ်ပြီး ကြည့်နေတာ မင်းအမေ ဟုတ်လို့ ဘယ်သူ့အမေလည်း ခိုင်ထွန်းရဲ့”

မြင့်ဦးစကားအဆုံး သူငယ်ချင်းတွေ ရယ်သည်။ မြင့်ဦး လက်ညှိုးညွှန်ရာသို့ သူကြည့်လိုက်သည်။ ခပ်လှမ်းလှမ်း၌ အမေနှင့် ဦးသက်တို့ သူ့ကို ပြုံး၍ ကြည့်နေကြ၏။ ကာလနှင့်အမျှ ကြည်နူးဝမ်းသာခြင်းတွေ ရင်ထဲမှာ ပြည့်ကျပ်သွားသည်။

“အမေ”



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်စွာ အော်ခေါ်ရင်း အမေ့ထံသို့ တစ်ဟုန်ထိုး ပြေး၏။

"သား . . . သားလေး"

မိခင်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝှေ၍ ခိုလှုံလိုက်သည်။

"အမေရယ် . . . အမေ့ကို သား သိပ်သတိရတာပဲ၊ သား လိမ္မာပါတော့မယ် အမေရယ်"

မျက်ရည်တွေနှင့် အမေပြုံးသည်။ အေးမြသော မျက်ရည်တွေ၊ နွေးထွေးသော အပြုံးတွေကို တွေ့ခွင့်ရ၏။

"သား၊ အမေ့သားက လိမ္မာပြီးသားပါကွယ်၊ သားလေး ကိုလေ အမေက . . ."

စကားတစ်ဝက်တစ်ပျက်ဖြင့် အမေ ရှိုက်ငိုလေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်စတွေ ဝေ့၏။ ရင်ထဲ စိတ်ထဲမှ အမေ့ကို ရှိခိုးတောင်းပန်နေမိသည်။

"ကဲ . . . မမ ပြန်ကြစို့" ဟုပြောရင်း သူ့ပခုံးပေါ်သို့ ဦးသက်က လက်တစ်ဖက်တင်သည်။

"အထွန်း! ဦးသက်တို့နဲ့ ပြန်မှာလား၊ သားသူငယ်ချင်း တွေနဲ့ ပြန်မှာလား"

အနားသို့ သူငယ်ချင်းတွေ ရောက်လာကြသည်။

"သူငယ်ချင်းတွေနဲ့ပဲ ပြန်မယ် ဦးသက်"

ဦးသက်တင်က ပိုက်ဆံအချို့ကို ထုတ်ယူပြီး သူ့အကျႌ အိတ်ထဲသို့ ထည့်ပေးသည်။ ပြီး . . . နံဘေးတွင်ရပ်ထားသော





ကိုယ်ပိုင်ကားပေါ်သို့ ဝင်ထိုင်လိုက်၏။ ကားမောင်းသူနေရာတွင် ဒရိုင်ဘာတစ်ဦး။

"သား အိမ်ပြန် မိုးမချုပ်စေနဲ့နော်၊ သားအဖေနဲ့ ညီမ လေးက သားကို တွေ့ချင်လှပြီ၊ ညီမလေးက သားကို လာကြိုရ မှာ ကြောက်လို့တဲ့"

"ညီမလေးက သားကို ဘာဖြစ်လို့ ကြောက်ရတာလဲ"

အမေပြုံးလျက် . . .

"အိမ်ရောက်တော့ မေးကြည့်ပေါ့ သားရယ်" ဟု ပြောပြီး ဦးသက်နံဘေးတွင် ဝင်ထိုင်သည်။ အမေ့ တုံ့ပြန်စကားကို နားမရှင်း။

"အပြန်ကျရင် မောင်မြင့်ဦးတို့လည်း အိမ်ကို လိုက်လာ ခဲ့ကြဦးနော် သားတို့" ကားထဲမှ အမေ ပြောသည်။

"ဟုတ်ကဲ့ အဒေါ်" ဟု မြင့်ဦး ပြန်ပြောသည်။

ဦးသက်က . . .

"သား . . . အိမ်ကို မနက်ဖြန်မှပဲ ဦးသက်လာတော့မယ် နော်၊ ဒီနေ့ ဦးသက် ဂျူတီရှိလို့" ဟုပြောပြီး ကားထွက်သွားသည်။ ဦးသက်၏ကားလေး တဖြည်းဖြည်း ဝေးသွား၏။

သူငယ်ချင်းတွေနှင့်အတူ မြင့်ဦး၏ ဂျစ်ကားဆီသို့ လျှောက်လာခဲ့ကြသည်။ ကားမောင်းသူနေရာတွင် မြင့်ဦးက ထိုင် သည်။ သူက မြင့်ဦးနံဘေးတွင် ထိုင်၏။ သန်းထိုက်၊ တင်မောင် နိုင်နှင့် အောင်ဝင်းတို့က နောက်ခန်းမှာ ထိုင်သည်။ တင်မောင်နိုင်က စေတက္ကသိုလ် ပထမနှစ်သင်တန်းပြီးပြီဖြစ်ကြောင်း မြင့်ဦး ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခွင့်ဖြင့် ပြန်လာကြောင်း တင်မောင်နိုင် ပြော၏။

ခပ်လှမ်းလှမ်းရှိ ပိတောက်ပင်တစ်ပင်၏ ပင်ခြေတွင် အပွင့်မပါသော ပိတောက်ကိုင်းတွေ စုပုံနေသည်ကို တွေ့သည်။ ပိတောက်ပွင့်ပြီးပြီဖြစ်ကြောင်း သိသည်။ မြင့်ဦးက ကားစက်နှိုး၏ သူ့ဘက်ကို ငဲ့ကြည့်ရင်း . . .

"ခိုင်ထွန်း ငါတို့ ဘယ်သွားကြမလဲ"

မြင့်ဦးအမေးကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"ခွေးကောင် မြင့်ဦး၊ ဘယ်ကို သွားရမယ်ဆိုတာ တကယ် မသိလို့မေးတာလား၊ ဒီနေ့ ငါထောင်က လွတ်တဲ့နေ့လေကွာ နွယ်မိုး ငါ့ကို စောင့်နေမှာပေါ့၊ နွယ်မိုး စောင့်နေမယ့်နေရာကို သွားမှာပေါ့"

မြင့်ဦး ပြုံးသည်။ ပြီး . . .

"မသိပါဘူးကွာ၊ ငါက မင်း ဘုရားလေး ဘာလေး အရင်တက်ဦးမလားလို့" ဟု ပြောသည်။

"နွယ်မိုးနဲ့မှ အတူတူတက်မယ်" ဟု သူ ပြော၏။

ကားကို ပြည်လမ်းအတိုင်း မောင်းခဲ့သည်။ သူ့ကို မြင့်ဦးက စီးကရက်ဘူး တစ်ဘူးပေးသည်။ ဘောင်းဘီရှည် နောက်အိတ်ထဲမှ မီးခြစ်ကို ထုတ်သည်။ စီးကရက်တစ်လိပ်ကို မီးညှိပြီး ကား မောင်းနေသော မြင့်ဦးနှုတ်ခမ်းတွင် တပ်ပေးလိုက်သည်။ သူ နောက်ထပ်တစ်လိပ် ညှိသောက်သည်။ နောက်မှာ ထိုင်နေကြသော အောင်ဝင်းတို့ကို စီးကရက်ဘူးနှင့် မီးခြစ်ပေးလိုက်သည်။ ကားက





ဘရွေ့ရွေ့။

စကားသံတွေ တိတ်လှချည်လားဟု သူထင်သည်။ ကား နောက်ခန်းသို့ သူကြည့်လိုက်၏။ အစွန်ဆုံးတွင် ထိုင်နေသော အောင်ဝင်းက ဆေးလိပ်မီးခိုးငွေ့ကို မှုတ်ထုတ်ရင်း နောက်တွင် ကျန်ရစ်သော ကားလမ်းကို တငေးတည်း ငေးကြည့်နေသည်။ အောင်ဝင်း၏ တူရူတွင်ရှိသော တင်မောင်နိုင်ဘေးတွင် ထိုင်နေသော သန်းထိုက်က ကားအောက်ခင်းကို စိုက်ကြည့်နေသည်။

ရုပ်ရှင်ရုံတစ်ရုံကို ကျော်လာခဲ့၏။ မြင့်ဦးနှင့် အကြည့်ဆုံသည်။ မြင့်ဦး ပြုံးပြသည်။ မပြုံးချင် ပြုံးချင်။ စိတ်ထဲတွင် တစ်မျိုး ခံစားရသည်။ သူ့ကို သူငယ်ချင်းတွေ စကားမပြောချင်ကြတော့ ဘူးလား။ တွေးသည်။ ကားစထွက်ကတည်းက သူ့ကို စကားမပြော ကြသည်ကို သတိပြုမိသည်။ ဝမ်းနည်းရသည်။ လှည်းတန်းအနီး သို့ ရောက်လုလုတွင် . . .

"မြင့်ဦး ကားကို ရပ်ကွာ၊ ရပ် . . . ရပ်"

"ဘာဖြစ်လို့လဲ" ဟုပြောရင်း မြင့်ဦးက ကားကို လမ်းဘေးသို့ ထိုးရပ်သည်။ သူ ကားပေါ်မှ ခုန်ဆင်းရန် ခြေလှမ်းပြင်လိုက်၏။

"ခိုင်ထွန်း၊ ဒါဘာလုပ်တာလဲ၊ ဘယ်သွားမလို့လဲ"

သူ့လက်ကို မြင့်ဦးဆွဲထားသည်။ ကားနောက်ခန်းမှ တင်မောင်နိုင်တို့ အနားသို့ ရောက်လာကြသည်။

"မြင့်ဦး ငါ့လက်ကိုလွှတ်၊ ငါ့ဘာသာ လမ်းလျှောက်သွား မယ်၊ နွယ်မိုး ဘယ်မှာရှိတယ်ဆိုတာသာ ငါ့ကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်ထွန်း မင်းဘာဖြစ်တာလဲ၊ ကားပါရဲ့သားနဲ့ ဘာဖြ လို့ လမ်းလျှောက်သွားရမှာလဲ" ဟု တင်မောင်နိုင်မေးသည်။

သူ အံကြိတ်လိုက်သည်။

"မင်းတို့က ငါ့ကို ထောင်ထွက်မို့လို့ စကားမပြောချင်ကြ ဘူးလား၊ အရောမဝင်ချင်ကြဘူးလား၊ ဟင် . . . မြင့်ဦး"

မြင့်ဦးမျက်နှာ ရှုံ့မဲ့သွားသည်။

"အာ . . . ခိုင်ထွန်း၊ မင်းဘာတွေလျှောက်ပြောနေတာလဲ"

"ငါ ဘာပြောရမလဲကွ၊ ငါ တစ်လမ်းလုံးကြည့်နေတာ ဘယ်သူမှ စကားမပြောဘူး၊ ငါ့ကို"

"မင်းထင်တာ တစ်ခုမှ မဟုတ်ဘူး ခိုင်ထွန်း၊ မင်းအတွေး မင်းပျော်နေတယ်လို့ အောက်မေ့လို့ ငါ ငြိမ်နေတာကွ" ဟု မြင့်ဦး ပြောသည်။

"ဟုတ်ပါတယ် ခိုင်ထွန်းရာ၊ သူငယ်ချင်းတွေအပေါ် မင်း ဒီလိုမတွေးကောင်းပါဘူး၊ မင်း ပြန်မလာခင် ရက်တွေက သင်္ကြ အပါအဝင် ဘယ်ပွဲတော်ကိုမှ မလည်ပတ်ခဲ့ကြဘူး၊

အဲဒါတွေကို ပြန်တွေးနေမိကြတာပါ၊ အခု မင်းပြန်လာ ဆိုတော့ မပျော်ရွှင်ခဲ့ကြရတဲ့ နေ့ရက်တွေအကြောင်း အတွေး ရောက်နေကြတယ်ဆိုတာ မင်း သိသင့်တယ် သူငယ်ချင်းရာ"

အောင်ဝင်းစကားဆုံးသည်နှင့် မြင့်ဦးက သူ့ကို ကားပေ သို့ ဆွဲတင်၏။ တင်မောင်နိုင်က နေကျဲကျဲအောက်မှ ဆံပင်တို အပေါ်ကို လက်တင်ရင်း . . .





"ခိုင်ထွန်း ငါတို့ဟာ မင်းရဲ့ ထာဝရ သူငယ်ချင်းတွေပါ ကွာ" ဟု ပြောပြီး သူ့ဘေးတွင် ဝင်ထိုင်သည်။ သန်းထိုက်နှင့် အောင်ဝင်းက ကားနောက်ခန်းတွင် ပြန်ထိုင်သည်။

မြင့်ဦးက ကားကို တစ်ရှိန်ထိုး မောင်းထွက်သည်။ သူ ဘာမျှ မပြောဖြစ်တော့ပေ။

လှည်းတန်းကို ကျော်လာခဲ့သည်။ မြင့်ဦးက လီဗာကို ဖိ၍ နင်း၏။ ကား၏အပြေးနှုန်းသည် မိုင်ကုန်နီးပါး။ ကားလမ်း တစ်ဖက်တစ်ချက် ရိပ်ခနဲ ရိပ်ခနဲသာ မြင်ရသည်။

ဆေးတက္ကသိုလ်ကျောင်းဝင်း၊ မြန်မာ့အသံ အဆောက် အအုံတွေကို ကျော်လာခဲ့သည်။ ဟံသာဝတီအဝိုင်းသို့ ရောက် သောအခါ မြင့်ဦးက ကားကို လမ်းဖြောင့်အတိုင်း မမောင်းဘဲ လက်ယာဘက်သို့ ချိုးကွေ့သည်။ ညင်သာသော အကွေ့။

"မြင့်ဦး . . . ဒီလမ်းဘက် ဘာလို့ ကွေ့ရတာလဲ၊ နိမိတ် မရှိ နမာမရှိ" စိတ်ပျက်စွာ ညည်းတွားသည်။ ကိုယ်စိတ်နှစ်ပါးပင် နွမ်းစရာဖြစ်ရ၏။ ချိုးကွေ့သည့် လမ်းအဆုံးတွင် ကြံတောသုသာန် ရှိ၏။

"ပြည်လမ်းအတိုင်းမောင်းရင် ကားရှုပ်တယ်၊ ပြီးတော့" စကားစဖြတ်လျက် မြင့်ဦး သူ့ကို ကြည့်သည်။ ကားက ဖြည်းဖြည်းညင်းညင်း တရွေ့ရွေ့။

"ပြီးတော့ ဘာဖြစ်လဲ၊ ပြောလေကွာ မြင့်ဦး"

"နွယ်မိုးက အဲဒီဘက်မှာ စောင့်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



ပီသစွာ ကြားသော်လည်း နားမရှင်း။

"နွယ်မိုးက ဒီနေရာကြီးက စောင့်နေတယ်၊ ဟုတ်လား"

ရင်တွင် တစ်မျိုးဖြစ်သည်။ အမည်ကို မဖော်ညွှန်းတတ်။

"ကဲပါကွာ၊ မြင့်ဦးကလည်း စကားတွေ ဖောင်ဖွဲ့မနေနဲ့၊ မြန်မြန်မောင်း"

ဖြတ်ဝင်လာသော တင်မောင်နိုင့်အသံကြောင့် စကားပြတ်သွားသည်။ အတွေးစကမပြတ်။

* * *



## အခန်း(၁၈)

ဦးနှောက်အတွင်း တွေးဆစရာတွေ တစ်သီတစ်တန်း။

နွယ်မိုး စောင့်မျှော်နေမည့် နေရာဒေသသည် တစ်စပြင်။

ရင်တွင် ထိတ်ခနဲ ဖြစ်သည်။

"မတွေးကောင်းပါဘူး" ဟု ယူဆသဖြင့် စဉ်းငယ်ဖြေသာသည်။ တွေးကြည့်စရာ နောက်တစ်မျိုးရှိသေးသည်။ သူနှင့်နွယ်မိုး တွေ့နေကျ နေရာဒေသတွေမှာ နွယ်မိုး သူ့ကို ရပ်စောင့်နေမည်ဆိုလျှင် နွယ်မိုး၏ အသိုင်းအဝိုင်းဝင်းကျင်မှ တစ်ဦးဦးကတွေ့မြင်နိုင်လေသည်။ နွယ်မိုးမိသားစုက ခြေလှမ်းခပ်ကျဲကျဲ။ အသိအကျွမ်းက အများသား။

ထို့ကြောင့် ဒီလိုနေရာမျိုးက လာစောင့်နေခြင်းဖြစ်မည်ထင်သည်။ လူသူရှင်းသည်။ ငြိမ်းချမ်းသည်။ မည်သည့်အသိအကျွမ်းမှ မမြင်မတွေ့နိုင်သော နေရာဒေသ။ နွယ်မိုးကို ကျိတ်၍ချီးကျူးမိလေသည်။ တတ်လည်း တတ်နိုင်သည့် ချစ်သူ နွယ်မိုး။

တွေ့လျှင် တွေ့ခြင်း၊ မြင်လျှင် မြင်ခြင်း တစ်ခါတစ်ရံမှ မနမ်းဘူးသော ပါးပြင်လေးကို အနမ်းတွေနှင့် အလွမ်းဖြေမည်။ သူငယ်ချင်းတွေ မြင်ချင်လည်း မြင်ပေ့စေ။ နွယ်မိုး ရှက်နေမှာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ စိုးသည်။ ဒီကြားထဲ စိတ်ဆိုးသွားလျှင် ဒုက္ခ၊ စသည်ဖြင့် သူတွေး၏။

နွယ်မိုးနှင့် လိုက်ဖက်လွန်းသည့် ပန်းနုရောင်အဝတ်အစားကို ဆင်မြန်းထားလျှင် သူ အရမ်းသဘောကျမိမည်။ တွေ့မြင်သည့်အခါတိုင်း ပြုံး၍ ကြိုတတ်သော နှစ်ယောက်ဝတ္တရားကို သူ့နည်းတူ နွယ်မိုးလည်း သတိတရ ရှိနေမည်မှာ အမှန်။

အဖော်မပါဘဲ တစ်ယောက်တည်း စောင့်နေရသဖြင့် အားငယ်နေပြီလားမသိ။ သူ့ကို တွေ့လျှင်တွေ့ချင်း ဝမ်းပမ်းတသာဖြင့် နွယ်မိုး ပြေးဖက်လိမ့်မည်။ သူကလည်း နွယ်မိုးထံသို့ အပြေးလှမ်းပြီး လမ်းခုလပ်မှာ ပြန်လည်၍ ထွေးပွေ့ထားလိမ့်မည်။

"မြင့်ဦး မရောက်သေးဘူးလား"

"ရောက်ပါပြီကွာ"

ညာဘက်ကို ကွေ့သည်။ ပြီးနောက် ဘယ်ဘက်ကို ပြန်ကွေ့သည်။ စိန်ပန်းပင်တစ်ပင်၏ တစ်ခေါ်လောက်အကွာတွင် ကားကို တုံ့ခနဲ ရပ်သည်။

တင်မောင်နိုင်ကို ကျော်၍ သူ ကားပေါ်မှ ခုန်ဆင်း၏။ အရပ်ရှစ်မျက်နှာသို့ ကြည့်ပြီး "နွယ်မိုး ဘယ်မှာလဲ မြင့်ဦး၊ တွေ့လည်း မတွေ့ပါလား၊ ဘာလဲ သူနောက်ကျမယ်လို့ ပြောထားလား" ဟုမေးလေသည်။

သူ့အသံတွေ တုန်နေသည်။ ရင်တွေခုန်နေမှန်း ကိုယ့်ကိုယ်ကို သိသည်။ သူ့ကို မြင့်ဦးက စူးစိုက်စွာ ကြည့်သည်။ မြင့်ဦး





၏ မေးကြောတွေ တင်း၏။

အားလုံး၏ မျက်နှာတွေကို သူကြည့်သည်။ ရီဝေသော မျက်လုံးတွေ၊ ညှိုးနွမ်းသော မျက်နှာတွေကို တွေ့ရ၏။ ဝန်းကျင်၏ အခြေအထားကို ကြည့်၍ သူနားလည်လိုက်လေပြီ။

စိတ်ကို အတတ်နိုင်ဆုံး တင်းသည်။ တုန်ခါနေသော အသံကို အတတ်နိုင်ဆုံး ထိန်းသည်။ ဆို့တက်လာသော ဝေဒနာကို အံကြိတ်လျက် ခံစား၏။ အတွေးဖြင့် ရေးခြယ်ခဲ့သော အနာဂတ်ပန်းချီကားတွင် အက်ကြောင်းတွေများစွာ။

"မြင့်ဦး . . . နွယ်မိုး ဘယ်မှာလဲ"

တိုးညင်းစွာ မေးလိုက်သည်။ မြင့်ဦးမျက်နှာမူရာဘက်သို့ သူကြည့်၏။ ခပ်လှမ်းလှမ်းတွင် သစ်လွင်သော အဖြူရောင်အုတ်ဂူလေးတစ်လုံး၊ ရင်တွင် နင့်ခနဲ။

"မြင့်ဦး . . . ဒါနွယ်မိုးလားဟင်"

"ဟုတ်တယ် ခိုင်ထွန်း"

တုန်ယင်သော စကားပဲ့တင်သံ။ ကမ္ဘာကြီးကွဲအက်သွားသည်ဟု ခံစားရသည်။ ကောင်းကင်တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ပြိုကျသွားပြီဟု ထင်၏။ မျှော်လင့်ခြင်း တောင်တန်းလေး တစ်စစီ တစ်ဖွဲ့စီ။

ချစ်သူကို တွေ့လျှင် အားရဝမ်းသာ ပြေးသွားမည်ဟု ရည်သန်ခဲ့သော်လည်း ချစ်သူရှိရာသို့ တစ်လှမ်းချင်းသာ ရွေ့လျားမိခဲ့၏။ မျက်လုံးအိမ်မှ မျက်ရည်တွေကို တားဆီးနိုင်စွမ်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



မနွယ်နွယ်မိုး

အသက်(၂၂)နှစ်

ကောင်းမှု။

အုတ်ဂူနံဘေးတွင် ဒူးထောက်၍ ထိုင်လိုက်သည်။ နှင်းဆီပန်းခြောက်တွေကို အုတ်ဂူပေါ်တွင် တွေ့သည်။ မညီမညာ။ စိန်ပန်းပွင့် တချို့လည်း တင်နေသည်။

"နွယ်မိုး မောင်ပြန်လာပြီလေ၊ မောင်ပြန်လာမယ့်လမ်းက ကြိုနေမယ်ဆို၊ မောင့်ကို စကားမပြောတော့ဘူးလား၊ နှုတ်မဆက်တော့ဘူးလား၊ မောင့်ကို မြင်တွေ့ခွင့်တောင် မပေးတော့ဘူးလား၊ နွယ်မိုးရယ် . . . "

အုတ်ဂူမျက်နှာပြင်ပေါ်သို့ ခေါင်းတင်၍ သူငိုသည်။ နွယ်မိုးကြားနိုင်မည့်အရပ်ကို သိချင်သည်။ နွယ်မိုးရေဟု အော်ခေါ်ချင်သည်။

"မောင် နေခဲ့မယ်ထင်လား နွယ်မိုး၊ မောင်မနေခဲ့ဘူး၊ နွယ်မိုး မရှိတဲ့အရပ်မှာ မောင် မနေခဲ့ဘူး၊ မောင် . . . မောင် . . . လိုက်ခဲ့မယ်နော်၊ မောင်ရေလို့ အော်ခေါ်လိုက်ပါလား နွယ်မိုးရယ်၊ နွယ်မိုးအသံကို နားစွင့်ပြီး မောင် လိုက်လာခဲ့မယ်နော် နွယ်မိုး၊ နော် . . . နော်လို့။

"ခွပ်"

ခေါင်းကို အုတ်ဂူနှင့် ဆောင့်ပစ်လိုက်သည်။ သွေးတွေ ဖြာခနဲ။ နောက်ကျောမှ ခြေသံတွေ ကြားရ၏။





"ခိုင်ထွန်း . . . သူငယ်ချင်း အဲဒီလို မလုပ်ပါနဲ့ကွာ"

မြင့်ဦးနှင့် တင်မောင်နိုင်တို့ သူ့ကို ချုပ်ကိုင်ကြသည်။ သန်းထိုက်က သူ့နဖူးကို လက်ကိုင်ပုဝါဖြင့် ဖိသည်။

"သူငယ်ချင်းတို့ ငါ့ကို ခွင့်လွှတ်ကြပါကွာ၊ ငါ နွယ်မိုး နောက်ကို လွတ်လွတ်လပ်လပ် လိုက်သွားပါရစေ"

"သူငယ်ချင်း ခိုင်ထွန်း၊ စိတ်ကို ဖြေပါကွာ"

မြင့်ဦး အသံကို ကြားသည်။

"နွယ်မိုးရေ . . . သူငယ်ချင်းတွေက မောင့်ကို တားနေကြတယ်၊ မောင်ရေလို့ အော်ခေါ်လိုက်စမ်းပါ နွယ်မိုးရယ်"

ကိုယ့်ကိုယ်ကို သူရူးတစ်ယောက်ဖြစ်သွားပြီ ထင်၏။

"ငါ့ကို လွှတ်ကြပါကွာ၊ ငါ့ကို လွှတ်ကြကွာ"

အော်ဟစ်ရုန်းကန်ရင်း လက်သီးတွေ မြေကြီးပေါ်သို့ တရစပ် ကျသည်။ ပိုမို တင်းကျပ်စွာ ချုပ်ကိုင်ကြ၏။

"ခိုင်ထွန်းရာ . . . စိတ်ကို ဖြေမှပေါ့ကွာ"

အောင်ဝင်းကို သူမော့ကြည့်သည်။ မျက်ရည်တွေ ဝဲနေသော အောင်ဝင်း။

"ငါ ဘယ်လို ဖြေမလဲ အောင်ဝင်း၊ ဘယ်လို ဖြေရမလဲ၊ မင်း စဉ်းစားကြည့်ကွာ၊ နွယ်မိုးက ငါ့နှလုံးသားလေ၊ ငါ့နှလုံးသား တမလွန်ကို ရောက်သွားတာ ငါ ဘယ်လို ဖြေရမလဲ"

မြင့်ဦးက သူ့လက်ဖဝါးကို ဆုပ်ကိုင်သည်။

"သူငယ်ချင်းရာ . . . မင်းတို့နှစ်ယောက် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြတယ်ဆိုတာ ငါတို့တွေ အကုန်သိပါတယ်ကွာ၊ ဒါပေမဲ့ အဓိပ္ပာယ်မရှိတဲ့ ကိစ္စမျိုးကို မင်း မတွေးစေချင်ဘူး၊ မင်း ငါ တို့ကို ချစ်တယ်ဆို၊ မင်းကပါ ငါတို့ကို ခွဲသွားချင်လို့လား”

မြင့်ဦးအသံ တုန်ခါလွန်းသည်။ သူငယ်ချင်းတွေ၏ မျက်လုံးတိုင်းမှာ မျက်ရည်စတွေ။

“နွယ်မိုး ဘယ်လိုဖြစ်ရတယ်ဆိုတာ ငါ့ကို ပြောပြပါလား မြင့်ဦး”

“နောက်တော့ သိရမှာပေါ့ သူငယ်ချင်းရာ . . .”

သူ ခေါင်းယမ်းသည်။

“မဟုတ်ဘူး မြင့်ဦး၊ ငါအခု သိချင်တယ်၊ နွယ်မိုးအကြောင်းကို နွယ်မိုးဘေးမှာထိုင်ပြီး ငါ နားထောင်ချင်တယ်”

တင်မောင်နိုင်၏ သက်ပြင်းချသံကို ကြားရသည်။ ပြီး . . .

“ပြောပြလိုက်ပါ မြင့်ဦးရာ . . . သိချင်တာကို သိရတော့ ခိုင်ထွန်းရင်ထဲမှာ နည်းနည်းတော့ ပေါ့သွားမှာပေါ့” ဟုပြောသည်။

သူ့နံဘေးတွင် မြင့်ဦးက တင်ပျဉ်ခွေလျက် ထိုင်သည်။

မြင့်ဦး၏ စကားသံကို နားစွင့်သည်။ ချစ်ရလွန်းသူ နွယ်မိုး၏ မျက်နှာလေးကို မြင်ယောင်လာသည်။ ရင်တွင် တနင့်နင့်။

* * *





မင်း မလွတ်ခင် နှစ်ပတ်တိတိအလိုမှာ နွယ်မိုး မင်္ဂလာဆောင်တယ်။ မင်္ဂလာ အခမ်း [illegible] သူတို့ အိမ်ဝင်းထဲမှာ။ မင်္ဂလာအချိန်က ညနေ ငါးနာရီက [illegible]နာရီထိ။ ငါတို့ကို မဖိတ်ဘူးလို့ ထင်ပေမယ့် အခမ်းအနား စခါနီးကျမှ မအေးအေးမြတ်က ဖိတ်စာလာပေးတယ်။ ဘာတတ်နိုင်ကြသေးလဲဆိုတဲ့ သဘော။ သူ မဖိတ်လည်း ငါတို့က ရောက်အောင်သွားဖို့ စီစဉ်ထားပြီးသား။

“အဲဒီကို ငါရယ်၊ သန်းထိုက်ရယ်၊ အောင်ဝင်းရယ် သုံးယောက် ညနေခြောက်နာရီလောက်မှာ ရောက်သွားကြတယ်၊ ဒေါ်မြမြနဲ့ အေးအေးမြတ်တို့က ငါတို့ကို ကွက်ကြည့်ကွက်ကြည့်နဲ့၊ နွယ်မိုးကတော့ ငါတို့ရှိရာကို လာတောင် မလာဘူး၊ တခြား မိတ်သင်္ဂဟတွေနဲ့ သူ့ သတို့သား ဇော်မင်းထင်နဲ့ ရယ်ရယ်မောမော၊ ပြုံးပြုံးရွှင်ရွှင်၊ မမြင်ချင်ယောင်ဆောင်ထားမှန်း ငါသိတယ်၊

ငါတို့ပြန်ကာနီး ညခြောက်နာရီခွဲလောက်မှာ မထွေးထွေးက စာတစ်စောင်ကို လက်ကိုင်ပုဝါနဲ့ ထုပ်ပြီး စာပွဲပေါ်မှာတင်သွားတယ်၊ ငါတို့ အဲဒီစာကိုယူပြီး ပြန်လာကြတယ်၊

စာအိတ်မှာ ‘မောင်’ဆိုပြီးရေးထားတော့ မင်းအတွက်ဆိုတာ ငါတို့ သိတယ်လေ၊

အိမ်ပြန် ရေမိုးချိုး၊ ထမင်းစားပြီးတော့ ငါတို့ သုံးယောက် ညခုနစ်နာရီခွဲလောက်မှာ ပြန်ဆုံကြတယ်၊ မင်းနဲ့ နွယ်မိုးကိစ္စကို ဘယ်လိုလုပ်ရမလဲဆိုတာ ဆွေးနွေးကြတယ်၊

ဒီလိုနဲ့ ညရှစ်နာရီကျော်လောက်မှာ သန်းထိုက်က မင်း



www.burmeseclassic.com

www.burmeseclassic.com



နာမည်နဲ့ရေးထားတဲ့ စာကို အခြေအနေသိရအောင် ဖွင့်ကြည့်ဖို့ အကြံပေးတယ်၊

ငါတို့သုံးယောက် ဖွင့်ဖတ်ဖို့ မဖတ်ဖို့ ဆယ်မိနစ်လောက် စဉ်းစားပြီး ဖွင့်ဖတ်ဖြစ်ကြတယ်”

မြင့်ဦးက ပြောလက်စစကားကိုရပ်သည်။ နံ့သာရောင် တိုက်ပုံအင်္ကျီ၏ ဘယ်ဘက်အပေါ်အိတ်အတွင်းမှ စာရွက်ဖြူ တစ်ရွက်ကို ထုတ်သည်။

“ရော့ . . . သူငယ်ချင်း၊ သူ မင်းအတွက် ရေးထားတဲ့စာ”

ချစ်သူ၏ နောက်ဆုံးစကားတွေကို ကြားချင်လွန်းသော ဆန္ဒဖြင့် စာခေါက်ကို သူ လှမ်းယူသည်။ အရာအားလုံး ပြိုကွဲခဲ့လေပြီ။

မောင်

ပြန်မလာသေးဘူးလား မောင်ရယ်။

နွယ်မိုးလေ မောင်သိပ်နှစ်သက်တဲ့ ပန်းနုရောင် ဝတ်စုံလေးကို ဝတ်ထားတယ်။

ဆံပင်ရှည်ရှည်ကိုလည်း ထုံးထားတယ် မောင်။

မောင် မြင်စေချင်လိုက်တာ။ မောင့်ကို မြင်စေချင်လိုက်တာ။ မျက်ရည်တွေကို ခဏခဏ သုတ်ပစ်နေရတယ် မောင်ရယ်။ ဟန်ဆောင်နေရတဲ့ အလုပ်ကို ဒီနေ့ နွယ်မိုး နောက်ဆုံးလုပ်ရမှာ။

နွယ်မိုးဘဝ မနစ်မွန်းခင် မောင် ရောက်လာမှာ





မဟုတ်တော့ပါဘူး။ အခု ညနေ လေးနာရီ ထိုးပြီ မောင်။

မောင် ရောက်လာလို ရောက်လာငြား မောင့်ကို နွယ်မိုး ရှစ်နာရီအထိ စောင့်မယ် မောင်။ အဲဒီအချိန်ထိ မောင် မလာဘူးဆိုရင် မောင့်သူငယ်ချင်းတွေဆီကို နွယ်မိုး ထွက်ပြေးခဲ့မယ်။ သူတို့နဲ့အတူ မောင့်ကို စောင့်နေမယ်။ တစ်နေ့ရာရာကပေါ့။

အားလုံးကို ချိုးဖျက်ပြီး

ရုန်းထွက်ခဲ့မယ် မောင်။

တစ်သက်မက ချစ်မယ့်

နွယ်မိုး

မြင့်ဦးက သူ့ကို ငေးလျက် . . .

“ငါ ထင်တာက မင်းအတွက် ရေးတဲ့စာထဲမှာ ခွင့်လွှတ်ဖို့တောင်းပန်တဲ့ စကားပဲ ပါမယ်လို့ ထင်ထားတာ၊ ဒါပေမဲ့ မဟုတ်ဘူးဖြစ်နေတယ်၊

ဒါနဲ့ပဲ ငါတို့ နွယ်မိုးအိမ်ဘက်ကို ကမန်းကတန်း ထွက်သွားကြတယ်၊ တစ်နေရာကနေ မယောင်မလည် စောင့်နေကြဖို့ပေါ့ . . .

နွယ်မိုး ကံဆိုးတယ်ကွာ၊ ငါတို့ဆီကို ပြေးထွက်လာတာ သူ့အိမ်က ကားနှစ်စီးနဲ့ လိုက်တယ်၊ ငါတို့အနားကို မရောက်ခင်ဘဲ နောက်က ကားက အရှိန်လွန်ပြီး နွယ်မိုးကို ကြိတ်မိသွားတယ်။ ပြီးချင်းပြီးပဲကွာ၊ ပြီးတော့ အဲဒီကားက သူ့အဖေကိုယ်တိုင် မောင်းလာတဲ့ကား”



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦးစကားသံ တိမ်ဝင်သွား၏။

"တောက်"

"ရက်စက်တယ်ကွာ၊ ရက်စက်တယ်၊ ရက်စက်တယ်"

မြေကြီးပေါ်သို့ သူ့လက်သီးတွေ တဖုန်းဖုန်း။ ဒေါ်မြင့် မျက်နှာ၊ ဦးမျိုးတင့်မျက်နှာ၊ မအေးအေးမြတ်မျက်နှာတွေကို မြင်၏။

"နွယ်မိုးရေ . . . နွယ်မိုး"

အသံကုန် အော်ဟစ်မိသည်။ လက်ထဲမှ နွယ်မိုး၏ စ ရွက်ဖြူလေး မျက်ရည်တွေ စိုကုန်ပြီ။

"မောင် . . . မောင်ရေ၊ နွယ်မိုး ဒီမှာ"

ချစ်သူအသံကို ကြားသည်။ စိန်ပန်းပင်ပေါ်မှာ၊ ဂျစ်ကာ ဖြူလေး နံဘေးမှာ၊ ရွှေ့တူရူက အုတ်ဂူဖြူလေး အတွင်းမှာ ပြီးတော့ မိုးပေါ်မှာ။

"နွယ်မိုးရေ . . . နွယ်မိုး"

ပဲ့တင်ထပ်မျှ အော်ခေါ်မိလေသည်။ တုံ့ပြန်သံ‌ေ ကင်းဝေး၏။

"ခိုင်ထွန်း . . . ပြန်ကြစို့ကွာ"

"မပြန်ဘူး မြင့်ဦး၊ ငါ နွယ်မိုးနဲ့ နေခဲ့တော့မယ်၊ ငါ့ကြော နွယ်မိုး သေရတာ၊ ငါ့ကိုချစ်လို့ သေရတာ၊ နွယ်မိုးကို တစ်ယော တည်း ထားခဲ့လို့ ငါ တရားပါ့မလား မြင့်ဦးရယ်၊ နွယ်မိုးနဲ့အ ငါပါ လိုက်သေမယ်"

နွယ်မိုး အုတ်ဂူလေးကို တင်းကျပ်စွာ ဖက်လျက် ငိုး





လိုက်သည်။ သူ့ပခုံးပေါ်သို့ မြင့်ဦး၏ လက်တစ်ဖက်ရောက်လာ၏။

"ခိုင်ထွန်း ငါပြောမယ့်စကားကို မင်း သေသေချာချာ နားထောင်ပါ သူငယ်ချင်းရာ"

မြင့်ဦးစကားသံကို ကြားသော်လည်း အုတ်ဂူလေးကိုသာ တွေတွေကြည့်၏။

"မင်းတို့နှစ်ယောက်ရဲ့ အချစ်ထုထည်ကို ငါ အသိဆုံးပါ၊ ဒါပေမဲ့ နွယ်မိုးနဲ့ မင်းနဲ့ကို မကွဲကွဲအောင်ခွဲတဲ့ နွယ်မိုး အသိုင်း အဝိုင်းဟို မင်း ဒီအတိုင်းပဲ လျစ်လျူရှုထားမှာလား၊

နွယ်မိုး အရှုံးပေးလိုက်သလို မင်းကပါ သေခြင်းတရားနဲ့ အရှုံးပေးဦးမလို့လား၊ မင်းတို့ နှစ်ယောက်လုံးရဲ့ ရင်ခွင်ထဲကို ဆူး ခက်တွေ ထည့်ပေးကြတဲ့ အဲဒီ အသိုင်းအဝိုင်းကို နိုင်အောင် မကြိုးစားတော့ဘူးလား၊ ပြောစမ်းပါ သူငယ်ချင်း"

နှလုံးအသည်းသို့ စူးနစ်စွာ ဝင်သောစကား။

"ဒီအသိုင်းအဝိုင်းက လူတွေကို သတ်ဖို့ ဖြတ်ဖို့ လက် တုံ့ပြန်ဖို့ ငါ ဆိုလိုတာ မဟုတ်ဘူး၊ သူတို့မှာ ဂုဏ်ဘယ်လောက် ရှိသလဲ၊ သူတို့ ဘယ်လို အဆင့်အတန်းမျိုး ရှိသလဲ၊ သူတို့ရှိတဲ့ဂုဏ် သူတို့ရှိတဲ့ အဆင့်အတန်းထက် အဆပေါင်းများစွာ သာလွန်အောင် မင်း ကြိုးစားစမ်းပါ၊ ဘဝဆိုတာ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်၊ အပေါ်စီးက ရတဲ့တစ်ချိန်မှာ ဟားတိုက်ရယ်မောပြီး လက်မထောင် နိုင်တဲ့ အရသာကို မင်းတွေးပြီး ခံစားကြည့်စမ်းပါ"

တင်မောင်နိုင် သူ့ကို ဆွဲထူသည်။ မြင့်ဦးမျက်နှာကို သူ



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်၏။

"မင်းဦးလေး ဦးသက်ကလည်း မင်းအတွက် ပုံနှိပ်တိုက် တစ်ခု ထောင်ပေးမယ်လို့ ပြောတယ်၊ အဲဒီပုံနှိပ်တိုက်ကို မင်းပဲ ဦးစီးရမှာ၊

စာမေးပွဲလည်း အလုပ်လုပ်ရင်းနဲ့ ဖြေရမယ်၊ မင်းပဲ ပြန် ဖြေမယ်ပြောထားတယ်လေ၊ ပြီးတော့ မင်းသိပ်ဖြစ်စေချင်တဲ့ စာပေသမားတစ်ယောက် ဖြစ်အောင် မင်း ကြိုးစားရဦးမယ် တစ်က စရမယ့် ဘဝအတွက် မင်း မကြိုးစားတော့ဘူးလား သူငယ်ချင်းရယ်"

လေပြည်တစ်ချက်သွေ့သည်။ ရင်အပူကို သယ်ဆောင် မသွားနိုင်သော နွေလေရူး၊ မျက်စိတစ်ဆုံး မြင်နေရသော အုတ်ဂူ တွေကို ငေးကြည့်လျက် လွန်စွာ ကြေကွဲရသည်။ တမလွန်သို့ ကူးလူးသွားလာသူတိုင်း၏ ခြေရာတွေဟု ထင်မြင်၏။

"မြင့်ဦး ငါ နွယ်မိုးကို သိပ်ချစ်တယ်ကွာ၊ ဘယ်လိုမှ မေ့ ဆည်လို့ ရမှာ မဟုတ်ဘူး"

မြင့်ဦး မျက်ရည်တွေ ဝဲသည်။ ပုတ်ခပ်ဖယ်ထုတ်နေ သည်ကို သိ၏။

"တစ်ဘဝလုံး မင်းရဲ့ရင်မှာ နွယ်မိုး ရှိနေမှာပါ ခိုင်ထွန်း မင်းချစ်တဲ့ နွယ်မိုးမျက်နှာကို မြင်ယောင်တိုင်း မင်း ကြေကွဲနေမယ့် အစား ဘဝအတွက် အင်အားတွေကိုသာ ဖန်တီးနေပါကွာ၊ ဘဝ နာထားတဲ့ မင်းအဖို့ အသိသာအောင် ကြိုးစားဖို့က လွယ်လွယ်





သေးပါ၊

အချစ်အတွက် သေကြတဲ့ အသက်တွေ လောကကြီးမှာ နည်းပါဘူး၊ ဒါပေမဲ့ အဓိပ္ပာယ်မရှိဘဲ သေတဲ့သူတွေ ပိုများတယ်၊ ဥမာ ချစ်သူသေလို့ နောက်ကလိုက်သေတာမျိုးပေါ့၊

နွယ်မိုး သေသွားပြီ၊ နွယ်မိုးနောက်ကို လိုက်သေမယ့်အစား ဘာဖြစ်လို့ သေဆုံးရတယ်ဆိုတာ မင်းတွေးသင့်တယ်၊ နွယ်မိုးက အချစ် သူ့မေတ္တာကို အသက်ပေးပြီးပြသွားတာ၊ ဒါကို မင်းလည်း သိတယ်၊ ငါတို့လည်း သိတယ်"

မြင့်ဦးက သူ့ဘေးတွင် တင်ပျဉ်ခွေထိုင်နေရာမှ ဒူးထောက် တ် သူ့ကို ညင်သာစွာ သိုင်းဖက်သည်။

"ငါ တစ်ခုမေးမယ် ခိုင်ထွန်း၊ နွယ်မိုးနောက်ကို မင်း လိုက်သေချင်တယ်ဆိုတာ ဘာရည်ရွယ်ချက်ကြောင့်လဲ"

အဖြေရှိသော်လည်း ရုတ်ချည်း ဖြေရန်ခက်၏။

"သိပ်ချစ်လို့ လိုက်သေဖြစ်တယ်ပဲထား၊ မင်း စဉ်းစား ကြည့်၊ မင်းရဲ့ အချစ်သက်သေကို နွယ်မိုး မမြင်နိုင်တော့ဘူးလေ၊

နွယ်မိုးကို မင်းမမေ့သလို ငါတို့လည်း ဘယ်တော့မှ မှာ မဟုတ်ပါဘူးကွာ၊ မချစ်မနှစ်သက်သူရဲ့ ရင်ခွင်ထဲက ရဲရဲ ရင့် ရုန်းထွက်ခဲ့တဲ့သူကို ဂုဏ်ယူစွာနဲ့ မင်း နှုတ်ဆက်လိုက်စမ်း မင်းဆီကို ဖြစ်တဲ့ နည်းနဲ့ သူ ရုန်းထွက်ခဲ့ပြီးပြီပဲ၊

ပြီးတော့ မင်းရင်ထဲမှာ နွယ်မိုး ရှိနေပြီလေ၊ ဒီအုတ်ဂူလေး မှာ မင်း ဘာလုပ်နေတော့မှာလဲ၊ အုတ်ဂူလေးကို နှုတ်ဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ သူငယ်ချင်း”

တင်မောင်နိုင်နှင့်အတူ မြင့်ဦးက သူ့ကို ဖေးမသည်။ ပြန့်ကျဲနေသော နှင်းဆီပန်းခြောက်တွေကို အုတ်ဂူလေးပေါ် ညီညာစွာ စီရီလိုက်ကြ၏။ စိန်ပန်းပွင့်တွေ ကြွေသည်။

နွယ်မိုး၏ အုတ်ဂူလေးဘေးတွင် သူရပ်သည်။ ညင်သာသော ခြေဖွဖွ။ ပြုံးနေသော နွယ်မိုး။ ကြေကွဲနေသော နွယ်မိုး။ ငိုနေသော နွယ်မိုး။ ဒေါသဖြစ်နေသော နွယ်မိုး။ ဦးငုံ့နေသော နွယ်မိုး။ နွယ်မိုးတွေကို သူ မြင်သည်။ နွယ်မိုး၏ တည်ငြိမ်သော အသံတွေကို ကြားနေသည်။ တီတာခွန်းသွဲ့ အပြုံးယဲ့ယဲ့လေးကို မြင်ယောင်သည်။

ယှဉ်တွဲ လျှောက်ခဲ့သောလမ်းတွေ၊ ပြေးလွှားပျော်မြူးခဲ့သော နေရာတွေ၊ အားလုံးကို သူမြင်နေသည်။ စိန်ပန်းပင်ကြီးသည် အဆက်မပြတ် ဝေ့တက်လာသော မျက်ရည်တွေကြောင့် ဝိုးတဝါး စီးကျသော မျက်ရည်တွေ ပါးပြင်ပေါ်မှတစ်ဆင့် အုတ်ဂူပေါ် ဆင်း၏။

ချစ်သူမရှိတော့ပြီကို သိသောအသိက ချစ်သူရှိခဲ့ ကာလတွေကို ပြန်လည် တွေးမြင်စေသည်။ ဆုံဆည်းခွင့် မရမည်ကို စိုးရိမ်နေသည့်ကြားက မည်သို့မျှ မဆုံဆည်းနိုင်တော့သော အရပ်သို့ ချစ်သူ ရောက်ရှိသွားခဲ့ပေပြီ။

ငြိမ်းအေးသောအရပ်၊ သာယာသောအရပ်၊ ရှင်းသန့်သော အရပ်၊ မည်သည့်အရပ်သို့ ရောက်ရှိသွားပြီ မသိ။

“မောင်တို့နှစ်ယောက် ကံဆိုးပါတယ် နွယ်မိုးရယ်”





မျက်ရည်တွေကြားက အုတ်ဂူလေးကို သူငုံ့ကြည့်သည်။ ကြည့်ရင်း . . .

“မောင်ပြန်တော့မယ် နွယ်မိုး၊ ဘဝဆက်တိုင်း နွယ်မိုးနဲ့ မောင် ပေါင်းခွင့်ရတဲ့ ချစ်သူတွေ ဖြစ်ကြပါစေလို့ မောင် ဆုတောင်းပါတယ် အချစ်ရယ်”

မျက်နှာကို လက်ဝါးနှင့် အုပ်၍ ငိုရှိုက်ပြန်လေသည်။ တင်မောင်နိုင်နှင့် မြင့်ဦး တွဲခေါ်ရာသို့ သူလိုက်ပါခဲ့ရ၏။ သန်းထိုက်နှင့် အောင်ဝင်းတို့လည်း ငိုထားကြသဖြင့် မျက်နှာတွေ နီနေသည်။

လမ်းခုလပ်အရောက်တွင် နွယ်မိုး၏ အုတ်ဂူကို လှည့်ပြန်ကြည့်သည်။ မျက်ရည်တွေ အဆက်မပြတ်စီးကျနေသော သူ့အဖြစ်ကို ချစ်သူနွယ်မိုး မမြင်တွေ့စေချင်ပါ။ တမလွန်က နွယ်မိုး သူ့ငိုသကဲ့သို့ မငိုစေချင်ပါ။ ဘယ်ဘဝ ရောက်ရောက် နွယ်မိုးကို မျက်ရည်တွေ၊ သောကတွေ၊ မီးတောက်တွေ၊ ဆူးခက်တွေ ကင်းဝေးစေချင်ပါသည်။

ကားပေါ်သို့ ရောက်သည်နှင့် တင်မောင်နိုင်က သူ့ပခုံးကို ကိုင်ထားသည်။ မြင့်ဦးက ကားစက်နှိုးသည်။ အားလုံး၏အကြည့်တွေ နွယ်မိုးအုတ်ဂူလေးရှိရာသို့ မျက်နှာမူနေကြသည်။

“နွယ်မိုး . . . ကျွန်တော်တို့ ပြန်မယ်”

သူမှ လွဲ၍ သူငယ်ချင်းတွေက သံပြိုင်အော်ဟစ် နှုတ်ဆက်ကြသည်။ တုန်ယင်ကြေကွဲသော နှုတ်ဆက်သံ။

နွယ်မိုး၏ကိုယ်စား စိန်ပန်းပင်ကြီးက လက်ပြနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



နေသယောင်ရှိ၏။ ကားကို လာလမ်းအတိုင်း ပြန်ကွေ့သည်။ သုသာန် တစပြင်ထဲမှ ကားမောင်းထွက်ခဲ့သည်။ မျက်ရည်တွေ စိုရွှဲနေသော စာရွက်ခေါက်ကလေးကို အကျီအိတ်အတွင်းသို့ တင်မောင်နိုင် ထည့်ပေးသည်။

နွယ်မိုး၏ အုတ်ဂူလေး စိန်ပန်းပင်အောက်တွင် ကျန်ရစ်ခဲ့သည်။

သို့သော် . . . နွယ်မိုး၏ ဝိညာဉ်က သူ့ရင်ထဲတွင် ရာသက်ပန် ဝင်ရောက်ခိုနားနေပြီကို စိန်ပန်းပင်ကြီး သိမည်မထင်။

နွယ်မိုးရှိမည် အထင်နှင့် စိန်ပန်းပင်ကြီးက အုတ်ဂူဖြူဖြူလေးကို ကာလများစွာ စောင့်ရှောက်နေပေလိမ့်မည်။

ဖော်ကွဲငှက်တစ်ကောင်၏ ကြေကွဲသံကို ကြားလိုက်ရလေ၏။

* * *



# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

အနှစ်နှစ်ဆယ်လောက်ကာလကို မနေ့ကဟု ကျွန်တော် ထင်သည်။ မေ့ဖျောက်၍ မရသော သမုဒယ နေ့ဆိုးတွေကို တစ်နေ့မှ မေ့မလွယ်ခဲ့။ ရေးလက်စ စာမူကို မည်သို့ ဆက်ရေးရမည် မသိ။ ဘောပင်ကို စာမူပေါ်တွင် တင်လိုက်သည်။ စီးကျခဲ့သော မျက်ရည်တွေကို တိုက်ပုံအင်္ကျီစဖြင့် တို့မိ၏။ ရင့်ကျက်တည်ငြိမ်ရမည့် အရွယ်အပိုင်းအခြားသို့ ရောက်ရှိခဲ့သည့်တိုင် အတိတ်ကာလကို ပြန်တွေးမိတိုင်း သောကလှိုင်းဒဏ် ခံရစမြဲ။

စာရေးစားပွဲမှ ထသည်။ အိမ်ပြတင်းပေါက်ဝမှနေ၍ အပြင်ဘက်ကို ငေးကြည့်မိသည်။ အကြောင်းမဲ့စွာ ငေးမောနေခြင်း။

လွန်ခဲ့သော တစ်လခန့်က စာပေသူငယ်ချင်းတစ်ဦးဖြစ်သူ မောင်မိုးခက်နှင့် အင်းစိန်ဘက်တွင် တွေ့သည်။

"လုံးချင်းဝတ္ထုတွေ ခင်ဗျားရေးခဲ့တာ အုပ်လေးငါးဆယ်၊ ခင်ဗျားဘဝ၊ ခင်ဗျား နှလုံးသား အတ္ထုပ္ပတ္တိကို ခင်ဗျားရေးပါလား၊ စာဖတ်ပရိသတ်အတွက်ရော၊ ခင်ဗျားအတွက်ပါ အမှတ်တရပေါ့" ဟု မောင်မိုးခက် ပြောသည်။ မောင်မိုးခက်က ပြုံးရွှင်စွာ ပြောလိုက်





သည့်တိုင် ကျွန်တော့်ရင်တွင် နင့်ခနဲ။

"ပြန်ရေးရင် ပြန်တွေးရမယ်၊ ပြန်တွေးမိတဲ့အခါတိုင်း ကျွန်တော် အရူးတစ်ယောက်လို ခံစားရတယ် ကိုမိုးခက်၊ ဒါပေမဲ့ ကျွန်တော် ရေးမှာပါ၊ အနှစ်နှစ်ဆယ်လောက် ခံစားခဲ့ရတဲ့ ဝေဒနာကို ထွက်ပေါက်ပေးတဲ့ အနေနဲ့ပေါ့၊ သက်သာလို သက်သာငြား။

စာမူအမည်ကို(စမရေးခင်ကတည်းက) 'ရွှေခြေကျဉ်း'ဟု နာမတပ်သည်။ ရေးသားနေစဉ် ကာလတိုင်း အနားတွင် နွယ်မိုး ရှိနေသည်သို့ ခံစားနေရ၏။

အပြင်ဘက်ကို ငေးမောနေရာမှ အကြည့်ရွှေ့သည်။ တိုက်ခန်းနံရံရှိ နွယ်မိုး၏ဓာတ်ပုံတွေ၊ ပုံတူပန်းချီကားတွေကို မြင်၏။ တစ်ခါတစ်ရံတွင် ထိုဓာတ်ပုံတွေကိုကြည့်ရင်း နွယ်မိုး ကျွန်တော့်ကို အမှန်တကယ် ပြုံးပြနေသည်ဟု ထင်မိ၏။ ကျွန်တော့်ဘဝ၏ အတိတ် သို့တည်းမဟုတ် ဘဝ၏ ကာလတိုင်းကို နွယ်မိုးပိုင်ဆိုင်ခဲ့လေသည်။ ချစ်သော နွယ်မိုးသည် ကျွန်တော့်အရိပ်။

စာဖတ်ခန်းကို သီးသန့်ထားသဖြင့် အခန်းထဲတွင် စာအုပ်တစ်အုပ်စ နှစ်အုပ်စ။ စာရေးစားပွဲနှင့် ခုတင်ကြားတွင် ကိုယ်လုံးပေါ်မှန်တင်ခုံကြီး တစ်ခုရှိ၏။ ကနုတ်ပန်းတွေ ဝေဆာစွာဖြင့် အနုပညာမြောက်လွန်းသော ရှေးဟောင်းလက်ရာ။ ထိုမှန်တင်ခုံပေါ်မှ ကာလပေါ် ဝတ္ထုစာအုပ်တစ်အုပ်ကို ကောက်ကိုင်ရင်း ကိုယ့်ကိုယ်ကို မှန်ထဲတွင် ကြည့်မိသည်။

နာကျင်စရာဘဝကို ဖြတ်သန်းလာခဲ့ရသောကြောင့်လား



www.burmeseclassic.com

www.burmeseclassic.com



မသိ မျက်နှာပေါ်တွင် ထိုအရိပ်တွေ ထင်နေသည်။

ပြတင်းဝမှ လေပြည်သွေ့သည်။ လေဆောင်သော်လည်း မအေးမြ။ စာရေးစားပွဲပေါ်မှ ပန်ကာကို ဖွင့်ဖို့ စဉ်းစားသေးသည်။ စီးကရက်သောက်ချင်သဖြင့် မဖွင့်ဖြစ်။ စားပွဲပေါ်ရှိ ပြည်ပဖြစ် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိသည်။

စီးကရက်ကို ဖွာရှိုက်ရင်း နံရံရှိ နွယ်မိုး၏ ဓာတ်ပုံတွေဆီသို့ ခြေရွှေ့သည်။ ဆီဆေး ပန်းချီကား၊ ရေဆေးပန်းချီကား၊ ရောင်စုံဓာတ်ပုံတွေကို အခန်းတစ်ခုလုံး ပြည့်လုလု။

"နွယ်မိုးနဲ့ မောင်တို့နှစ်ယောက်ရဲ့ အဖြစ်အပျက်ကို မောင် ဝတ္ထုရေးနေတယ်၊ နွယ်မိုး ဆုံးပါးတဲ့အခန်းအထိ ရေးပြီးပြီ နွယ်မိုး၊ နောက် ဘာဆက်ရေးရမလဲ၊ မောင့်ဘဝကို ဘယ်လိုဆက်ပြောရမလဲ၊ ပြောပါ နွယ်မိုးရယ်"

ချစ်သူ၏ ပုံတူကို ကြည့်လျက် ရေရွတ်မိသော နှုတ်စကား။

အိမ်အောက်ထပ် ဆင်ဝင်အောက်တွင် ကားရပ်သံကြားရသည်။ မီးဖိုဆောင်တွင် ထမင်းချက်နေသော ဦးအောင်ခင်က အိမ်တံခါးဖွင့်ပေးလိမ့်မည်ထင်၏။

အခန်းတွင်းမှထွက်လျက် တံခါးကို စေ့စေ့ပိတ်သည်။ လှေကားအလယ်တွင် သားနှင့်တွေ့သည်။ သားက ကျွန်တော့်ကို ပြုံးပြရင်း . . .

"ဖေဖေ ဘာလုပ်နေတာလဲ၊ စာရေးနေတာလား၊ ဒါမှမဟုတ် မေမေနွယ်မိုးရဲ့ ပုံတွေကြည့်ပြီး စကားပြောနေတာလား"ဟုမေး၏။





စက်မှုတက္ကသိုလ် တတိယနှစ်ကျောင်းသား ကျွန်တော့်သား၏ အမေးကို မည်သို့မျှ မဖြေမိ။ ပြုံးရုံသာ ပြုံးပြလိုက်၏။ ရင်အေးစေချင်သော အပြုံး။

"ဧည့်သည်ပါတယ် ဖေဖေ"

ပြောရင်း သားက ကျွန်တော့်လက်ကို ဆွဲခေါ်သည်။ လျော့ကျလုလုဖြစ်နေသော မျက်မှန်ကို ပင့်တင်ရင်း သားနှင့်အတူ ဧည့်ခန်းရှိရာသို့ လာခဲ့၏။ ဦးခင်အောင်က ကျွန်တော့်ရှေ့မှ ခေါင်းငုံ့လျက် မီးဖိုဆောင်ဘက်သို့ သွားသည်။

ဧည့်ခန်းအတွင်းရှိ ဆက်တီပေါ်တွင် မိန်းကလေးတစ်ဦး တင့်တယ်စွာ ထိုင်နေသည်။ ကျွန်တော့်သားနှင့် သက်တူရွယ်တူလောက် ရှိမည်ထင်၏။ လှပသော ဆက်တီစားပွဲပေါ်ရှိပန်းအိုးလေးထဲတွင် နူးညံ့သော သစ်ခွပန်းနုံ့သာရောင်လေးတွေကို တွေ့သည်။

တူရူသို့ရောက်သောအခါ မိန်းကလေးက ထိုင်ရာမှထ၏။

"ထိုင် ထိုင် သမီးထိုင်"ဟု ခွင့်ပြုသဖြင့် ပြန်ထိုင်လေသည်။ သားက မိန်းကလေး၏ နံဘေးတွင်ထိုင်သည်။ ကျွန်တော့်နံဘေးတွင် ဆက်တီကုလားထိုင်တွေ အလွတ်။

"ဖေဖေ ဒါ သားပြောဖူးတဲ့ ဇင်မာ၊ သားနဲ့တစ်ကျောင်းတည်းပဲ"

အပြုံးတွေဖလှယ်မိသည်။ တသခြင်းမကင်းစွာ ကျွန်တော် ပြုံးမိ၏။ မိန်းကလေးက ရှင်းသန့်စွာ ပြုံးသည်။

နုညက်သော အသားအရည်၊ ဝင်းဖန့်သော မျက်နှာကို သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြုမိသည်။ လှသော မျက်ဝန်းကို တစ်နေရာတွင် တွေ့ဖူးသယောင်။

“ဇင်မာ ဒါ တို့ဖေဖေ၊ နာမည်ရင်း ဦးရဲတင့်တဲ့၊ စာရေးဆရာ နွယ်ဝေး”

မိန်းကလေးက ခေါင်းညိတ်၍ ပြုံးရင်း . . .

“တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်”

“အေးကွာ၊ အန်ကယ်လည်း ဝမ်းသာပါတယ်”

ဦးခင်အောင်က အအေးသုံးခွက်ကို နေရာတကျ တင်၏။ သားက “ဇင်မာ အအေးသောက်ဦး” ဟု ပြောပြီး ညှေ့ဝတ်ပြုသည်။ ကျွန်တော်က သောက်လက်စ စီးကရက်ကို ပြာခွက်ပေါ်သို့ တင်ရင်း . . .

“သမီးက ဘယ်မှာနေတာလဲ၊ ရန်ကုန်ကပဲလား”

“ဟုတ်ပါတယ် အန်ကယ်၊ ရန်ကုန်ကပါ၊ စမ်းချောင်းမှာ နေပါတယ်”

“ဩော် . . .”

မိဘအမည်တွေ၊ မျိုးရိုးဇာတိတွေ၊ အလုပ်အကိုင်တွေကို စပ်စုရာ ကျမည်ထင်သဖြင့် မမေးမိ။

“နောင်လည်း လာလည်ပေါ့ကွယ်၊ အန်ကယ်တို့က သား အဖနှစ်ယောက်တည်း၊ ပြီးတော့ အန်ကယ်က အလုပ်များတယ် ကုန်ရောင်းကုန်ဝယ်အလုပ်ရော၊ စာရေးတဲ့အလုပ်ရော၊ ပုံနှိပ်စက် ရော အစုံပဲ”

ပြောပြီး စီးကရက်တစ်လိပ်ကို မီးညှိသည်။ ထိုင်ရာမှထ၍





“ကဲ အန်ကယ့်ကို ခွင့်ပြုဦး၊ အလုပ်လေးတွ ဆက်လုပ်လိုက်ဦးမယ်”

“ဟုတ်ကဲ့ . . . အန်ကယ်”

နေရာမှ ရွှေ့သည်။ သားကို ငဲ့ကြည့်လျက်။

“သား၊ ဖေဖေ စာသွားရေးလိုက်ဦးမယ်”

“ဟုတ်ကဲ့ . . . ဖေဖေ”

အပေါ်ထပ်သို့ လေးဖင့်စွာ တက်လှမ်းခဲ့သည်။ စိတ်တွေ လှုပ်ရှားနေမှန်း ကိုယ့်ကိုယ်ကို သိသည်။

ကျွန်တော်ချစ်သော သား၏နံဘေးတွင် သူစိမ်းမိန်းကလေး တစ်ယောက်ကို ဒီနေ့မြင်ရသည်မှာ ပထမဆုံးအကြိမ်။ သားအပေါ် စိတ်မဆိုခဲ့ရိုးမှန်သော်လည်း နှလုံးသည်းခြေတွင် မကျေမချမ်း။ တစ်စိတ်တစ်ဖဲ့၊ တစ်ဝက်တစ်ခြမ်းမျှ တစ်ပါးသူကို ဝေပေးလိုက်ရ တော့မည်ကဲ့သို့ ခံစားရ၏။ ဥစ္စာပစ္စည်း၊ ဂုဏ်သရေဘွဲ့ကို တစ် ဝက်မက တစ်ပါးသူတွေကို ကျွန်တော်ပေးစွမ်းဝံ့၏။ သို့သော် . . .

သားနှင့်ပတ်သက်လာလျှင် သား၏ခန္ဓာကိုယ်ပေါ်သို့ နေ ခြည်စစ ထိုးကျနေသည်ကိုပင် ကျွန်တော်မနှစ်မြို့။ စာဖတ်ခန်း အဝသို့ ရောက်သောအခါ ဦးခင်အောင်ကို လျှပ်စစ်ခေါင်းလောင်း တီး၍ လှမ်းခေါ်၏။ ဦးခင်အောင်ရောက်လာ၏။ အပြေးအလွှား။

“ကျွန်တော် နည်းနည်းသောက်ချင်တယ် ဦးခင်အောင်၊ စာဖတ်ခန်းထဲကို လာပို့ပါ”

“ဆရာ ဒီနေ့ မသောက်ဘူးဆို၊ မနက်က ပြောထား . . .”

“စကားမပိုနဲ့တော့ဗျာ၊ မနက်က မသောက်ချင်ဘူး၊ အခု



www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်တယ်၊ ဒါပဲ"

မည်သူ့ကိုမျှ မအော်မငေါက်ချင်သော်လည်း လေသံတွေ မာကျောသွားမှန်း ကိုယ့်ကိုယ်ကို သိသည်။ အပါးမှ ဦးခင်အောင် ပြေးထွက်သွားသည်။

စာဖတ်ခန်းအတွင်းသို့ အကြည့်ရောက်၏။ ရောင်စုံ ပန်းပွင့်တွေ၊ လျှပ်စစ်မီးတွေ ပူဇော်ထားသော ဘုရားကျောင်းဆောင်၊ ဘုရားကျောင်းဆောင်၏ တစ်ဖက်တစ်ချက်တွင် အဖေနှင့် အမေ ဓာတ်ပုံတွေကို ရင်ငြိမ်းစရာ တွေ့၏။ သားကိစ္စကြောင့် ရင်မငြိမ်း။

* * *

"ငါ့သား တေဇာထွန်းမှာ ရည်းစားရှိနေပြီ" ဟု ကျွန်တော် ဆို့နင့်စွာ ပြောသည်။ ကျွန်တော်က ဆို့နင့်စွာ ပြောနေသော်လည်း မြင့်ဦးက တမင်ပြုံး၏။ ဘာကြောင့်ဟု မသိရ။

"ရည်းစားထားရမယ့် အရွယ်ရောက်နေပြီပဲ၊ အဆန်းလား"

"မဆန်းတော့ မဆန်းဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်းသိအောင် ငါပြောပြတာ"

မြင့်ဦးက ဆေးတံကို မီးညှိရင်း . . .

"ခိုင်ထွန်း၊ မင်း တစ်ကိုယ်ကောင်း မဆန်ချင်ပါနဲ့ကွာ"

"ငါ ဘာကို တစ်ကိုယ်ကောင်း ဆန်လို့လဲ"

"တေဇာထွန်းက လူသားတစ်ယောက်၊ အဲဒီ လူသားတစ်





ယောက်ကို မင်းတစ်ယောက်တည်း ချစ်ဖို့ မကြိုးစားနဲ့၊ သူ့မှာ ချစ်ရမယ့်သူ၊ ခင်မယ့်သူတွေ ရှိနေလိမ့်မယ်ဆိုတာ မင်း နားလည်သင့်တယ်"

ရင်တွင်ပြောရန် စကားပါးလျသည်။

ဆို့နင့်ခြင်းတွေ ရင်မှာအပြည့်။

"မင်းတို့ ငါတို့လည်း ငယ်ရာက ကြီးလာကြတာပါကွ၊ ကိုယ့်သားသမီးရဲ့ ဘဝလမ်းကို တည့်မတ်ပေးရုံအပြင် ထိန်းချုပ်ဖို့ မကြိုးစားနဲ့၊ ဒီနေ့ခေတ် လူငယ်တွေက ငါတို့ ငယ်ငယ်တုန်းကထက် အတွေးအခေါ် ရင့်သန်တယ်၊ သူတို့ကို ချုပ်နှောင်လို့ မရဘူး၊ လမ်းကြောင်းပေးရုံနဲ့ လုံလောက်တယ်"

"ငါ သိပါတယ်ကွာ"

"သိသာသိတယ်၊ မင်းက ကြက်မကြီးလို ဝပ်ထားချင်တဲ့ပုံ"

"ဒါကတော့ကွာ၊ နှယ်မိုးမရှိတဲ့နောက် သားဟာ ငါ့ဘဝပဲ"

ဟု ကျွန်တော်ပြောလိုက်သည်။ မြင့်ဦး မျက်နှာညှိုးသွား၏။

* * *

ကော့သောင်းမှာ အနေများပေမယ့် ရန်ကုန်ကို ခဏခဏ စိတ်ရောက်နေကြောင်း၊ ငယ်စဉ်တုန်းကလို သူငယ်ချင်းတွေနှင့် ပျော်ပျော်ရွှင်ရွှင် မခွဲမခွာ နေထိုင်လိုကြောင်း၊ စီးပွားရေးကြောင့်သာ သွားလာနေရသော်လည်း အနားမှာ သူငယ်ချင်းတွေ မရှိသဖြင့် ပျော်ရွှင်ကြောင်း၊ ကျွန်တော့်ကိုလည်း စာရေးဆရာဟု အကြောင်း

www.burmeseclassic.com



ပြပြီး အရက်တွေ ခဏခဏ မသောက်စေလိုကြောင်း သန်းထိုက်က စာထဲမှာ ထည့်ရေးသည်။

ကျွန်တော့်ပြန်စာထဲတွင် ကလေးနှစ်ယောက်အဖေ အောင်ဝင်းလည်း စီးပွားရေးအဆင်ပြေကြောင်း၊ သူ့သား အကြီးကောင်ကို ကျွန်တော့်အလုပ်တွင် အလုပ်သွင်းပေးထားကြောင်း၊ ကျူရှင်ဆရာ လူပျိုကြီး မြင့်ဦးလည်း အိမ်ထောင်သက် လေးငါးနှစ်အတွင်း သမီးဦးလေး ဖွားမြင်ပြီးကြောင်း၊ ရန်ကုန်မှာရှိတဲ့ သူငယ်ချင်းတွေ မကြာခဏ ဆုံဖြစ်ကြောင်းတွေ ထည့်ရေးလိုက်သည်။

"ဖေဖေ၊ သားသူငယ်ချင်းတွေနဲ့ ဂစ်တာသွားတီးဦးမယ်"

"ဂစ်တာတီးမလို့ . . . ဟုတ်လား၊ သား"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဘာဖြစ်လို့လဲ"

"ဩော် . . . ဘာမှတော့ မဖြစ်ပါဘူး၊ သား ဂစ်တာတီးရင် ဖေဖေ့အိမ်ဝင်းထဲမှာတီး၊ သူငယ်ချင်းတွေဆီမှာ တီးရင်လည်း သူတို့ အိမ်ဝင်းထဲမှာတီး၊ လမ်းမမှာတို့ အုတ်ခုံပေါ်တို့မှာ မတီးနဲ့နော် သား . . . လူအထင်သေးမယ်"

သားက ကျွန်တော့်ကို ကြည့်လျက် ပြုံးသည်။ မလုံမလဲ စိတ်ဖြင့် အကြည့်လွှဲလိုက်ရ၏။

"ဦးမြင့်ဦးက ပြောတယ်၊ ဖေဖေတို့ ငယ်ငယ်တုန်းက လမ်းဘေးအုတ်ခုံပေါ်မှာ သူငယ်ချင်းတွေစုပြီး ဂစ်တာတီးကြတာ ပျော်ဖို့ ကောင်းတယ်ဆို"

တုံ့ပြန်စကားကို ချက်ချင်းရှာမရ။ စာရေးစားပွဲမှ ထပြီး





နှယ်မိုး၏ ပုံတူပန်းချီကားကို လှစ်ခနဲ ကြည့်မိသည်။ သက်ပြင်းချလျက် "ဖေဖေတို့ ငယ်ငယ်တုန်းက မြင့်ဦးပြောခဲ့သလို လမ်းဘေးအုတ်ခုံမှာတီးခဲ့ကြလို့ လူအထင်သေးခံခဲ့ရဖူးတယ် သား"

ကြေကွဲစွာ ပြောမိသော်လည်း မထိရောက်နိုင်မည့် စကား။ သားက ကားသော့ကို လက်ဖြင့် ဆော့ကစားရင်း . . .

"စိတ်ချပါ ဖေဖေ၊ သားကလည်း လမ်းမမှာ တီးရမှာ ရှက်ပါတယ်၊ တီးရင်းတီး စတိတ်ပေါ်မှာ တီးမှာပေါ့နော် ဖေဖေ"

ကျွန်တော် ခေါင်းညိတ်ရသည်။ သားက ပြေးထွက်သွားပြီး လှေကားရင်းသို့ အရောက် . . .

"ဩော် ဖေဖေ၊ သားအိမ်ပြန်နောက်ကျမယ်နော်၊ ဇင်မာတို့အိမ် ဝင်ဦးမလို့"

"စောစောပြန်ခဲ့၊ ဟိုဝင် ဒီဝင် ဝင်မနေနဲ့ဦး" ဟု ပြောမည့်စကာ နှုတ်ဖျားတွင် ဒီအတိုင်းထားလိုက်ရ၏။

ကာစက်နိုးသံ သဲ့သဲ့ကြားသည်။ ကားဘီး ရွေ့စကို ပြတင်းပေါက်မှ မြင်ရ၏။ သားနှင့် ကျွန်တော် နှစ်ယောက်တည်းစီးဖို့ မကြာခင်က ဝယ်ထားသည့် နောက်ဆုံးပေါ် အက်စ်အီးကား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

"မေမေက ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားတယ်၊ သမီးတို့က သားအမိနှစ်ယောက်တည်း၊ မေမေနဲ့ တေဇာနဲ့ကတော့ အရမ်းခင်တာ၊ မေမေက တေဇာ့ကို သမီးထက်တောင် ပိုချစ်သေးတယ်" ဟု ဇင်မာက သိမ်မွေ့စွာပြောသည်။ ကျွန်တော်က ပြုံးလျက်ခေါင်းညိတ်၏။

ရှည်လျားနက်မှောင်သော ကေသာရှည်က တန့်နွဲ့။ ပြုံးပုံ၊ ရယ်ပုံ၊ ပြောပုံ၊ ဆိုပုံ၊ သွားပုံလာပုံ စသည်တို့ကို သတိထားတွက်ဆမိသလောက် ဇင်မာသည် သားနှင့်အလိုက်ဖက်ဆုံး မိန်းမချောငယ်။

သို့သော် . . .

အချိန်ကာလတွေ စောစီးနေသေးကြောင်း တစ်ကိုယ်တည်း သတ်မှတ်နေ၏။

သားက သူ့လက်ျာဘက်တွင် ပတ်ထားသော ရွှေလက်ပတ်ကြိုးလေးကို ဖွဖွကိုင်ရင်း . . .

"ဟုတ်တယ် ဖေဖေရဲ့၊ ကြီးမေက သားကို သိပ်ချစ်တာ ဖေဖေက ခွင့်ပြုရင် မွေးစားဖို့တောင် လာတောင်းမယ်တဲ့၊ မနေ့





ကတောင် သားကို ဟမ်းချိမ်းတစ်ခု ပေးလိုက်သေးတယ်၊ ဒီမှာလေ ဇင်မာနဲ့ သားနဲ့ တစ်ယောက်တစ်ခု"

ပြောပြီး သားက ဇင်မာ့မျက်နှာကို တစ်ချက်ကြည့်သည်။ စီးကရက်ပြာကို ပြာခွက်ထဲသို့ ခြွေထည့်ရင်း ခြေခုံဖွေးနုလေးတစ်စုံကို အမှတ်တမဲ့ကြည့်မိသည်။ သားချစ်သူ ဇင်မာ၏ ခြေဖမိုး။

ငွေခြေချင်းတစ်ခုကို လှစ်ခနဲ တွေ့လိုက်ရသည်။ ရင်တွင်လှစ်ခနဲ။ နွယ်မိုးကို သတိရသည်။

"သားရယ်၊ သားလိုချင်ရင် ဖေဖေ ဝယ်ပေးမှာပေါ့၊ သူများပေးတာ ဘာဖြစ်လို့ယူရတာလဲ"

စကားကို ဖြတ်သည်။ ဇင်မာရှိနေသဖြင့် . . .

"အားနာစရာ"ဟု စကားကိုဖြည့်ရ၏။

"အန်ကယ်ကလည်း ဘာလို့အားနာရမှာလည်း၊ သူစိမ်းတွေမှ မဟုတ်တာ"

"အန်ကယ်အဖို့တော့ လက်ရှိဘဝမှာ သားကလွဲရင် အားလုံး သူစိမ်းတွေချည်းပဲ"ဟု အသံမဲ့စွာ ပြောမိသည်။

"သူစိမ်းတော့ မဟုတ်ဘူးပေါ့ သမီးရယ်၊ ဒါပေမဲ့ သားရဲ့ လိုအပ်သမျှကို အန်ကယ် တစ်ယောက်တည်းပဲ ဖြည့်ဆည်းပေးချင်တယ်"

အားနာစွာ ပြောမိသော ရင်တွင်းစကား။

"ဖေဖေ တစ်ရက်လောက် ဇင်မာတို့အိမ် လိုက်လည်



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ကြီးမေကိုလည်း မြင်ဘူးတာပေါ့”

“ဟုတ်ပါတယ် အန်ကယ်၊ သမီးတို့ အိမ်ကိုလိုက်လည်ပါ လားဟင်”

ကျွန်တော် ပြုံးလျက် ခေါင်းယမ်းသည်။

“ဖေဖေမှ မအားတာပဲ သားရယ်၊ အခုတောင် သမီးလာလည်လို့ အန်ကယ် စာဖတ်ခန်းထဲက ထွက်လာတာ”

နှစ်ဦးစလုံးကို တစ်လှည့်စီကြည့်ရင်း ပြောရသည်။

စကားသံတွေ ဆိတ်သွားသည်။

“ဒါဆို နောက်တစ်ခါ သမီးလာလည်ရင် မေမေ့ကိုပါ ခေါ်ခဲ့မယ်နော်၊ မေမေကလည်း တေဇာ့အိမ်ကို ရောက်ဖူးချင်တာ”

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

“ကဲ သားနဲ့သမီး ဗွီဒီယိုကြည့်ချင် ကြည့်ကြ၊ မကြည့်ချင်လည်း စကားပြောကြဦး၊ ဖေဖေ အပေါ်ထပ် တက်လိုက်ဦးမယ် သမီး အန်ကယ်ကို ခွင့်ပြုပါဦး”

ဇင်မာ ခေါင်းညိတ်၏။ ညင်သာနွဲ့သွဲ့သော ခေါင်းအညိတ်၊

* * *

ဓာတ်ပုံတွေကို မြင့်ဦး တစ်ပုံချင်းကြည့်သည်။ ပန်းခြံ နောက်ခံပုံတွေ၊ ဘုရား၏နောက်ခံပုံတွေ၊ တိရစ္ဆာန်ရုံ၏နောက်ခံပုံတွေ၊

“ရည်းစားနဲ့ တွဲရိုက်ထားတဲ့ ပုံတွေကို ငါ့သားက ကြည်ကြည် နူးနူးနဲ့ ထုတ်ကြွားတာ၊ ငါမှာတော့ ဖီလင်ပဲ” ဟု ကျွန်တော်ပြောသည်၊





မြင့်ဦးက ဓာတ်ပုံတွေကို စားရေးစားပွဲပေါ်တင်ရင်း . . .

“မင်းသားနဲ့ ဒီကောင်မလေးရဲ့ ဓာတ်ပုံတွေကိုကြည့်ပြီး နှယ်မိုးကို သတိရတယ်ကွာ၊ မင်းသားက မင်းနဲ့ မျက်ခုံးမျက်လုံး တစ်ပုံစံတည်း”

ရင်တွင် နင့်ခနဲဖြစ်စေသော သတိတရစကား။

“ငါ့သားကို ငါ ကလေး တစ်ယောက်လိုပဲမြင်တယ်၊ ရည်းစားသနာ မထားဖို့ ငါ တားချင်တာအမှန်ပဲ၊ ဒါပေမဲ့ ချုပ်လည်း မချုပ်ချယ်ချင်ဘူးကွာ၊ ကိုယ်ချင်းလည်း စာမိတယ်”

“ဒါပေါ့၊ မိဘက သားသမီးကို နားလည်ပေးရမှာပေါ့၊ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုခုကို မထိခိုက်အောင်တော့ ဖေး[illegible]ပေး ရမှာပဲ”

“ဇင်မာဆိုတဲ့ ကလေးမကို ငါကိုယ်တိုင်လည်း ခင်မိပါ တယ်၊ ဒါပေမဲ့ သားနဲ့ပတ်သတ်နေပြီဆိုတော့ ဘယ်လိုအသိုင်းအဝိုင်း မျိုးကလည်းဆိုတာ စုံစမ်းချင်တယ်၊ ကလေးမလေးက မွန်မွန် ရည်ရည် သိမ်သိမ်မွေ့မွေ့ပါပဲ၊ မိဘမျိုးရိုးကို သိရရင် ကောင်းမယ်”

ကျွန်တော့်စကားကြောင့် မြင့်ဦးက ဆေးတံကို နှုတ်ခမ်းမှ ခွာလျက် ဟက်ဟက်ပက်ပက် ရယ်လေသည်။ အရယ်ရပ်ပြီး. . .

“မိဘမျိုးရိုးကောင်းမှ မင်းက ချွေးမအဖြစ် အသိအမှတ် ပြုမယ်ပေါ့ ဟုတ်လား ခိုင်ထွန်း၊ ဟားဟား ရယ်ရတယ်၊ မင်းက သားရှင်ပါကွ၊ မိန်းကလေးရှင်ဘက်က ဆန်းစစ်ဖို့လည်း ချန်ထားပါဦး”

“ဒါတော့ ဒါပေါ့ . . .၊ သို့ပေမဲ ငါ့ဘဝ ငါ့နှလုံးသားလို



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားရဲ့ဘဝ ငါ့သားရဲ့နှလုံးသား မထိခိုက် မနာကျင်အောင်တော့ ကြိုတင်ကာကွယ်ရမှာပဲ"

"တကယ်လို့ ကောင်မလေးက ဆင်းရဲတယ်ဆိုရင်ကော"

"ငါလည်း ဆင်းရဲခဲ့တာပဲ"

"ထားပါတော့ တကယ်လို့များ ကောင်မလေးရဲ့ အမေက ဥစ္စာပစ္စည်းတစ်ခုတည်းကို ကြည့်ပြီး မင်းသားကို အပိုင်ကြံမယ်ဆိုရင်ကော"

"ဟုတ် မဟုတ် ခိုင်လုံအောင် စုံစမ်းမယ်၊ ဟုတ်ပြီ ကျိမ်းသေပြီဆိုရင် ငါသားကို ကြိုးရှည်ရှည်နဲ့ လှန်ထားမယ်၊ ပြီးတော့မှ တံ့ခနဲ့ ဆွဲထားလိုက်မယ်"

"ရပ့်ါမလား၊ မင်းသား ကိုယ်တိုင်က တန်းတန်းစွဲ ဖြစ်နေရင်လေ"

မြင့်ဦး အမေးစကားကြောင့် ချက်ချင်း တွေးကြည့်သည်။

မတွေးဝံ့။ မတွေးရဲ။

"မတွေးပါနဲ့တော့ သူငယ်ချင်းရယ်၊ တွေးနေရင် မင်းပဲ ခံစားရလိမ့်မယ်၊ ငါ့မှာ သမီးလေး မွေးထားတယ်၊ ဆုံးမဖို့ လမ်းညွှန်ဖို့ စကားတွေ စေတနာတွေက အရန်သင့်၊

အဲ . . . မိဘဆိုတဲ့ ပါဝါနဲ့တော့ ကိုယ်လိုချင်တဲ့ ပုံစံကို မရမက မသွင်းဘူး၊ မကောင်းတာကို တားမယ်၊ တားလို့မရချင် ခပ်လှမ်းလှမ်းက ကြည့်နေမယ်။

ဥပမာ- မီးဟာပူတယ်လို့ ဆုံးမထားမယ်၊ ဒါကို သား





သမီးက နားမဝင်ဘဲ ကိုယ်တိုင် သူ တို့ကြည့်မယ်၊ အဲဒီအခါ မီးပူတယ်ဆိုတာ မိဘပြောတာထက် သူတို့ ပိုသိသွားလိမ့်မယ်၊

ဘယ်အရာမဆို လိုတာထက်ပိုပြီး ချုပ်ချယ်လို့ မရဘူး၊ မင်းလည်း စာရေးဆရာတစ်ယောက်ပါကွာ၊ ငါ့ထက်မင်းပိုသိမှာပါ"

ရင်ထဲရှိသမျှစကားတွေ ဝေဒနာတွေကို သွန်ထုတ်ပစ်လိုက်ချင်သည်။ သို့သော် ဝေဒနာသည် ခံစားလွန်းအားကြီးနေလျှင် ထုတ်နှုတ်ပြသဖို့ ဝေါဟာရပင် မရှိတတ်။

* * *

ပုံနှိပ်တိုက်သို့ ခဏသွားသည်။ ရေးလက်စဝတ္ထုစာမူတွေကို လက်နှိပ်စက်ရိုက်ဖို့။ ပြီးလျှင် စာပေစိစစ်ရေးရုံးသို့ ပို့ရန် ပုံနှိပ်တိုက်မန်နေဂျာကို မှာသည်။ ကိုယ်ပိုင် ပုံနှိပ်တိုက်ဖြစ်သော်လည်း အချိန်ပြည့် မဦးစီးနိုင်ချေ။ သည်ကြားထဲ သားက အော့ဖ်စက်တစ်ခု ထောင်ချင်သည် ပြောသဖြင့် တားထားရ၏။

စာရေးခြင်းမှလွဲ၍ ကျန်စာပေနှင့် သက်ဆိုင်သော လုပ်ငန်းအဝဝကို သားက ကျွန်တော့်ထက်ပင် ကျွမ်းကျင်နေပေပြီ။

ပုံနှိပ်တိုက်အလုပ်၊ စာရေးခြင်းအလုပ်တွေဖြင့် ကျွန်တော် ရှုပ်ထွေးနေသကဲ့သို့ သားကလည်း ကျောင်းစာတစ်ဖက်၊ ပုံနှိပ်တိုက်တစ်ဖက်ဖြင့် အရွယ်နှင့် မလိုက်အောင် ပင်ပန်းရှာလေသည်။ ဒီကြားထဲ ဖြန့်ချိရေးကိစ္စတွေ ရှိသေး၏။ သား ပင်ပန်းသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မကြည့်ရက်သကဲ့သို့ သားကလည်း ကျွန်တော် ပင်ပန်းသည်ကို မကြည့်ရက်သဖြင့် အပြင်စီးပွားရေးမှ အနားယူရန် ပြောဖူးသည်။ အနားယူနိုင်ပြီဖြစ်သော်လည်း အရွယ်ရှိသေးသဖြင့် လုပ်ကိုင်နေဆဲဖြစ်၏။

ကျွန်တော် ဘွဲ့ရသည့်နှစ်က ယခုလက်ရှိ စီးပွားရေး လုပ်ငန်းကိုလုပ်ရန် ဦးသက်က ဖေးမသည်။ ဘွဲ့မရခင်ကာလ တစ်လျှောက်လုံး ပုံနှိပ်တိုက်ကို ဦးဆောင်လုပ်ကိုင်နေသူမှာ ကျွန်တော် တစ်ယောက်တည်း။

ဘွဲ့ရပြီးသည်နှင့် ဦးသက်က ပုံနှိပ်တိုက်အတွက် မန်နေဂျာတစ်ယောက် ခန့်ထားပေးသည်။ စီးပွားရေးလုပ်ငန်းနှင့် ဆိုင်သော လေ့လာမှုအတွက် ကျွန်တော် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့စဉ်အတွင်း အဖေနှင့် အမေ ရုတ်တရက် ဆုံးပါးသည်။ ဦးသက် ဆုံးပါးခဲ့သည်မှာ လေးငါးနှစ်မျှသာ ရှိသေး၏။

ကျွန်တော့်ဘဝ စတင်ခါစတွင် မိဘနှစ်ပါး တိမ်းပါးခဲ့ကြသဖြင့် ရင့်နင့်စွာ ခံစားရ၏။ ကျွန်တော့်ဘဝကို ထိန်းမတ်ပေးသော ဦးသက်ကိုလည်း ထိရောက်သော ကျေးဇူးတုံ့ပြန်ခွင့်မရ။ အထီးကျန်ဟု ကိုယ့်ကိုယ်ကို ယူဆခဲ့သည့်နောက်ပိုင်း သားသည် ကျွန်တော့်နှလုံးအသည်း။

"ကလင်"

ဖုန်းခေါ်သံကြားရသည်။ စာပြင်ဆရာက "ဆရာရေ . . . ဖုန်းလာတယ်" ဟု လှမ်းပြောသည်။ စက်ခန်းအတွင်းမှ ထွက်ပြီး





စားပွဲပေါ်ရှိ ဖုန်းကိုကိုင်သည်။

"ဟယ်လို၊ ဩော် . . . သားလား"

" . . . . . . . . . . . "

"အေး . . . အေး . . . ဖေဖေ လာခဲ့မယ်၊ အခုချက်ချင်း လာမှာပါ သားရဲ့ . . . ဒါပဲနော်"

"ကဲ ကျွန်တော် ပြန်တော့မယ်" ဟု မန်နေဂျာကို ပြောလိုက်သည်။ ပုံနှိပ်တိုက်ရှေ့ရှိ လင့်ရိုဗာကားပေါ်သို့ တက်လိုက်၏။ ကားစက်နှိုးရင်း ပုံနှိပ်တိုက်အမည် ဆိုင်းဘုတ်ကို မော့ကြည့်လိုက်မိသည်။ ကာလတွေ ကြာညောင်းခဲ့သော်လည်း စဉ်းငယ်မျှ အရောင်မပြောင်း။

**"နွယ်ဝေး ပုံနှိပ်တိုက်"**

* * *

ဇင်မာနှင့် သူ့မိခင် အလည်လာကြောင်း သားက ဖုန်းဆက်သည်။ သားရေး သမီးရေး ဆွေးနွေးဖို့များလားဟု တွေးမိ၏။ မိန်းကလေးဘက်က စတင်ဆွေးနွေးမှာလားဟု တွေးမိလေသဖြင့် တစ်ကိုယ်တည်း ပြုံးမိ၏။

သားက အမြန်ပြန်လာနော်ဟု ပြောသဖြင့် ကားကိုအရှိန်ဖြင့် မောင်းရသည်။ မည်သို့သော စကားဖြင့် ဧည့်ဝတ်ပြုရမည်မသိ။

အိမ်ဝင်းရှေ့သို့ ရောက်သောအခါ ကားကို အရှိန်လျှော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ဝင်းတံခါးသည် နေ့လယ်ခင်းတွင် အစဉ်သဖြင့် ပွင့်လျက်။

အိမ်အဝင်လမ်းတစ်လျှောက်တွင် ပုဏ္ဏရိုက်ပင်တန်းတွေ တစ်ဖက်တစ်ချက်။ ဝဲဘက် မြက်ခင်းပြင်၏ အစွန်းတစ်လျှောက် သစ်ခွပန်းမျိုးစုံရှိ၏။ လက်ျာဘက် မြက်ခင်းပြင်၏ အလယ်တွင် ဆက်တီတစ်စုံ၊ ဆက်တီခုံတွေ၏ ခပ်လှမ်းလှမ်းတွင် ပင်လယ်ကဗွီး ပင်တန်းလေး တစ်တန်းရှိ၏။ သားနှင့် ကျွန်တော် ညနေစောင်းတိုင်း စကားပြောနေကျ နေရာ။

ကားကို ဆင်ဝင်အောက်တွင် ရပ်သည်။ ကားတံခါးကို ဖွင့်၍ အဆင်း အိမ်က အက်စ်အီးကားနှင့် ယှဉ်လျက် ပတ်ပလေ ကာ ကားလေး တစ်စီးကိုတွေ့သည်။ ကားက အနီရင့်ရင့်။

အကြည့်လွှဲလျက် အိမ်တံခါးဝသို့ ရပ်သည်။ ဦးခင် အောင်က တံခါးလာဖွင့်ပေး၏။ ဧည့်ခန်းရှိရာသို့အရောက် သားက ဇင်မာနံဘေးမှ ထလျက် ကျွန်တော့်ကို ဆီးကြို၏။

"လာ . . . ဖေဖေ၊ ထိုင်"

စီးကရက်တစ်လိပ်ကို ထုတ်ရင်း သား၏ ခပ်လှမ်းလှမ်းတွင် ထိုင်သည်။ စီးကရက် မီးညှိရင်း ဇင်မာ့ကို ကြည့်လျက် ကျွန်တော် ပြုံးပြလိုက်၏။ စီးကရက်ကို ဖွာသည်။

"အန်ကယ် . . . ဒါသမီးရဲ့မေမေ ဒေါ်အေးအေးမြတ်"

အကြည့်ဆုံသည်။

"မေမေ ဒါ တေဇာတို့အဖေ ဦးရဲတင့်၊ စာရေးဆရာ နွယ်ဝေး"





ဇင်မာ့မိခင်ကို ကျွန်တော် မရှေ့တမ်း ကြည့်ပစ်လိုက်၏။ စက္ကန့်ပိုင်းအတွင်း သွေးမျက်လုံး ဝိုင်းသွားသည်ကို ကျွန်တော်သိ သည်။ သားနှင့် ဇင်မာက ပြုံးလျက်ရှိသေး၏။ ကျွန်တော် ထိုင်ရာမှ ဆက်ခနဲ ထလိုက်၏။ သားက နားမလည်စွာ ကြည့်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်လို့ ပြောချင်လိုက်တာ ဒေါ် အေးအေးမြတ်ရယ် . . ."

"ရှင်"

ဇင်မာ့နှုတ်ခမ်းမှ "ရှင်"ဟု တအံ့တသြ အသံထွက်၏။ ဒေါ်အေးအေးမြတ်၏ အကြည့်တွေကလည်း တအံ့တသြ။

"မှတ်မိတယ်မို့လား ဒေါ်အေးအေးမြတ်၊ ခိုင်ထွန်းလေ၊ ခိုင်ထွန်း . . . ခိုင်ထွန်း"

ပြောရင်း ကျွန်တော်အသံတွေ တုန်ယင်လာသည်။ ကျွန်တော့်အပြုအမူသည် ဇင်မာနှင့်သားတို့ နှစ်ယောက်အတွက် ပဟေဠိ။

"နွယ်မိုးနှင့် မတူဘူး မတန်ဘူးလို့ အပြောခံခဲ့ရတဲ့ ခိုင်ထွန်းပါ"

ဒေါသနှင့် သောက ရောနှောသောအသံ။

"အပေါ်စီးကရတဲ့ တစ်ချိန်မှာ ဟားတိုက်ရယ်မောပြီး လက်မ,ထောင်နိုင်တဲ့ အရသာကို မင်း တွေးပြီး ခံစားကြည့်စမ်းပါ"

ဟိုစဉ်က ပြောခဲ့သော မြင့်ဦး၏ စကားသံ နားထဲတွင် ကြားယောင်သည်။ သို့သော် ကျွန်တော် လက်မ မထောင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ရှုံ့မှုန်းသူအား ရုတ်ချည်း မြင်တွေ့လိုက်ရသော အခါ ရှိရင်းစွဲ ဝေဒနာကြောင့် မည်သို့ တုံ့ပြန်ရမည်ကို မသိ။

“ခင်ဗျားတို့ မတူမတန်ဘူးလို့ သတ်မှတ်ထားခဲ့ကြတဲ့ ခိုင်ထွန်းရဲ့သား တေဇာထွန်းကိုလည်း ခုချိန်ကစပြီးတော့ မတူမတန်ဘူးလို့ သတ်မှတ်လိုက်ပါလား ဒေါ်အေးအေးမြတ်”

သား၏မျက်နှာပေါ်တွင် အားနာရိပ်တွေ ဝေ့နေသည်။ သား၏ နံဘေးရှိ ဇင်မာ၏မျက်နှာမှာ ပြိုတော့မည့် မိုး။

“ကိုယ့်အိမ်ကို တကူးတက အလည်လာတဲ့ ဧည့်သည်ကို နှင်ထုတ်တဲ့စကားနဲ့ ဧည့်ဝတ်ပြုရမှာ ကျွန်တော် ဝန်လေးတယ်၊ ဒီတော့ဗျာ . . . အခြေအနေကို သဘောပေါက် နားလည်တဲ့အနေနဲ့ ခင်ဗျား ဘာလုပ်သင့်သလဲဆိုတာကို ခင်ဗျား သိမှာပါ”

ဒေါ်အေးအေးမြတ်၏ မျက်နှာထား တင်းလာသည်။

“အန်ကယ် . . .”

ရင်နင့်စေသော ခေါ်သံ။

“သမီး . . . သမီးကို အန်ကယ် ခင်ပါတယ်၊ အန်ကယ့် ဘဝရဲ့ သူစိမ်းတွေထဲမှာ သမီးကို အခင်ဆုံး၊

ဒါပေမဲ့ သမီးရယ်၊ အန်ကယ်တို့ လူကြီးချင်းမှာ ကျောင်းတော်က ရာဇဝင် ကြီးကြီးမားမား ရှိခဲ့တယ် သမီး၊ ပြည့်ပြည့်စုံစုံ သိချင်ရင်တော့ သမီး မေမေကိုပဲ အိမ်ပြန်ရောက်မှ မေးကြည့်ပေါ့၊ အမှန်အတိုင်း ဖြေလိမ့်မယ်လို့ ထင်ပါရဲ့”

“ဖေဖေ . . .”





“သား တေဇာထွန်း၊ မင်းပါးစပ်ကို ခဏ ပိတ်ထား”

သားက ကျွန်တော့်ကို နားမလည်စွာကြည့်သည်။

“ဖေဖေ့ကို နားလည်ပါ သားရယ်”ဟု ရင်တွင်းမှ ပြောမိ၏။

“ဒီမယ် . . . ဦးရဲတင့်”

“ဟား ဟား ဟား ဟား ကျွန်တော့်နာမည် ရဲတင့် မဟုတ်ဘူး၊ ခိုင်ထွန်း၊ တစ်ပါးသူတွေအတွက် ခိုင်ထွန်းဆိုတဲ့နာမည်ကို မြုပ်နှံထားပေမဲ့ ခင်ဗျားတို့အတွက် ခိုင်ထွန်းရှိသေးတယ်”

ပြောရင်း စီးကရက်ကို ဟာရစပ် ဖွာမိသည်။

“ကျွန်မ သမီး ဇင်မာနဲ့ ရှင့်သား တေဇာထွန်း ကိစ္စကို ထည့်မစဉ်းစားသင့်ဘူးလား”

အော်ဟစ် ရယ်မောလိုက်ချင်သည်။ သို့သော် မရယ်ဖြစ်။ ပြုံးရုံသာ ပြုံးလိုက်မိသည်။ မဲ့ပြုံး။

“ဘာစဉ်းစားစရာလိုသလဲ၊ မပတ်သက်တော့ရင် ပြီးတာပဲ”

“စကားကို ဆင်ခြင်ပြောပါ၊ ကျွန်မက သမီးရှင်”

“သမီးရှင် ဟုတ်လား၊ ဩော် သမီးရှင်ဆိုတော့ နစ်နာတယ်ဆိုတဲ့ သဘောပေါ့”

စကားကိုဖြတ်လျက် ထမင်းစားခန်းဘက်သို့ လှည့်ပြီး . . .

“ဦးခင်အောင် . . . ဦးခင်အောင်”

ခေါ်သံကြောင့် ဦးခင်အောင် အပြေးအလွှား ရောက်လာသည်။

“ရော့ . . . မီးခံသေတ္တာသော့၊ ခဏရပ်ဦး”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးအေးမြတ်ဘက်သို့ လှည့်လျက် . . .

"ကဲ . . . ဒေါ်အေးအေးမြတ်၊ ခင်ဗျားနစ်နာမှုအတွက် ဘယ်လောက် လိုချင်သလဲပြော၊ ကျုပ်မှာ ရှိတဲ့ စည်းစိမ်တွေ ကုန်သွားပါစေ၊ ကျုပ် လျော်မယ်"

"မေမေ . . ."

ဇင်မာ ထိုင်ရာမှ ထသည်။ မျက်နှာကို လက်ဖြင့်အုပ်လျက် အပြင်ဘက်သို့ ပြေးထွက်သွားလေ၏။

ဒေါ်အေးအေးမြတ်ကလည်း ကျွန်တော့်ကို စူးရဲစွာကြည့်ပြီး ထိုင်ရာမှ ထသည်။ အံကြိတ်လျက် လှည့်ထွက်သွား၏။

"ကြီးမေ . . ."

သားကပါ ရောယောင်၍ ထဖို့ ပြင်သည်။

"ဟော့ တေဇာထွန်း၊ မင်း အဲဒီနေရာက တစ်စက်မှ မရွှေ့နဲ့"

သားက ကျွန်တော့်ကို ကြည့်လျက် ပြန်ထိုင်ရှာသည်။ အသနားခံသော သား၏မျက်လုံးတွေကို ရင်ဆိုင်ရသဖြင့် ရင်နာ၏။

ကားစက်နှိုးသံ ကြားသည်။ သားက အိမ်ရှေ့ဘက်သို့ မျက်နှာငဲ့၏။ ကားမောင်းထွက်သံ၊ တဖြည်းဖြည်းဝေးသွားသံတွေ ကြားသည်။

သားက ကျွန်တော့်ဘက်သို့ လှည့်သည်။

"ဘာတွေ ဖြစ်ကုန်ပြီလဲ ဖေဖေရယ် . . ."

"သား . . ."

"ဗျာ . . . ဖေဖေ"





"သားကို ဖေဖေ အလေးအနက်ထားပြီး ပြောစရာတစ်ခုရှိတယ်၊ ရေချိုး ထမင်းစားပြီးရင် အိမ်ရှေ့က ဆက်တီကို လာခဲ့၊ ဖေဖေ စောင့်နေမယ်"

သားက ခေါင်းညိတ်သည်။

ရင်တွင် ဆို့နင့်နေသဖြင့် သက်ပြင်းချရန် ခက်ခဲ၏။ ဧည့်ခန်းထဲမှ လှမ်းထွက်ရင်း ဧည့်ခန်းနံရံတွင်ရှိသော ကိန္နရီမောင်နှံဆီဆေးပန်းချီကားကို မော့ကြည့်မိသည်။ ကိန္နရီမောင်နှံက ကြွရွစွာ ထပျံတော့မည့်ဟန်။

ပန်းချီကားထဲမှ ချောင်းရေ၏ စီးဆင်းသံကို ကျွန်တော့်နားထဲ၌ ဆူညံစွာ ကြားရလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

"ဗျာ" ဟု သား၏ နှုတ်ဖျားမှ တအံ့တသြ ထွက်သည်။

မပြောချင်သော်လည်း ပြောမှ ဖြစ်တော့မည့် အခြေအနေမို့ ပြောလိုက်ရသည့်တိုင် ရင်မချို။

"ဒါ . . . ဒါဆိုရင် သားက ဖေဖေ့သားအရင်း မဟုတ်ဘူးပေါ့။ ဟုတ်လား ဖေဖေ"

ကြေကွဲစွာမေးသော သားကို ခေါင်းညိတ်ပြဖို့ပင် ခက်ခဲ၏။

မေးကြောတွေကို တင်းထားသော်လည်း သောကတွေ မပြတ်တောက် . . .

နွယ်မိုးနှင့် ချစ်ခဲ့သမျှ ဖြစ်ခဲ့သမျှ အကြောင်းတွေ၊ အေးအေးမြတ် အပါအဝင် နွယ်မိုး၏ အသိုင်းအဝိုင်းမှ တုံ့ပြန်မှုတွေ၊ ရက်စက်မှုတွေ၊ ခွဲခြားမှုတွေကို မချွင်းချန်ဘဲ သားကို ကျွန်တော် ပြောပြသည်။

သား၏စိတ်ထဲတွင် နွယ်မိုးကို သူ့မိခင်ဟုပင် ထင်မှတ်ခဲ့သည်။

တစ်သက်တာအဖို့ ထိုသို့ သတ်မှတ်စေချင်သည်မှာ ကျွန်တော့်ဆန္ဒ၊ ဘဝတွင် ဆန္ဒအာသီသသည် မတိကျသော မျှော်





ဆင့်ခြင်းဟု နားလည်ခဲ့ရပေပြီ၏။

"ဟုတ်တယ် သား၊ ဖေဖေ ထောင်ကျတဲ့နှစ်မှာ ဖေဖေ့ညီမလေး အိမ်ထောင်ကျတယ်၊ သားက ဖေဖေ့ညီမရဲ့ သား၊ ဖေဖေ့ရဲ့ တူအရင်း၊ သားရဲ့မေမေ ဖေဖေ့ညီမလေးက သားကို မွေးပြီးပြီးချင်း မီးတွင်းထဲမှာ ဆုံးပါးခဲ့ရတယ်၊ သားရဲ့ ဖေဖေကလည်း ရှေ့တန်းမှာ တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့တယ်၊ သားရဲ့ဖေဖေ က တပ်မတော်သား အရာရှိတစ်ဦးပေါ့၊ သားရဲ့ ဘိုးဘိုးဘွားဘွား တွေလည်း သားအရွယ်မရောက်ခင်မှာ ဘုရားဖူးအသွား ကားမှောက်ပြီး ဆုံးပါးခဲ့တယ်၊ အဲဒါတွေရဲ့ နောက်ပိုင်း ဖေဖေ့ဘဝက ည်း အခြေကျစဖြစ်နေပြီမို့ သားကို ဖေဖေ မွေးစားခဲ့တယ်"

မည်သည့်စကားကို ဆက်ပြောရမည်မသိ။ ပြောမိသမျှ ားလုံးတိုင်းသည် ပြေလျော့သွားမည့် သား၏ သံယောဇဉ် တိုင်းအဆဟု ခံစားမိ၏။

"သား . . ."

"ပြောပါ ဖေဖေ"

"ဖေဖေ သားကို ဘယ်လောက်ချစ်တယ်ဆိုတာ သား သိဆုံးပါကွာ၊ သားအရင်း မဟုတ်ဘူးဆိုတာ သိပြီး သား ဖေဖေ့ ပေါ် အချစ်လျော့မှာ စိုးတယ်"

ဝေ့လာမည့် မျက်ရည်တွေကို မာန်တင်းလျက် တားဆီး ၏၊ ပင်လယ်ကဗွီးပင်တွေက လေသွေ့သဖြင့် နွဲ့သည်။ အိမ်ကို င်းခပ်ထားသော သံတိုင်စိမ်းတွေပေါ်တွင် စာပုတီးနှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



နားနေသည်ကို တွေ့၏။ ဝိုးတဝါး . . .။

"ဖေဖေ့အပေါ် သား ဘယ်တော့မှ အချစ်မလျော့ပါဘူ
ဖေဖေရယ် . . .၊ ဖေဖေက သားရဲ့ ထာဝရ ဖေဖေပါ"

ရင်ငြိမ်းစေသော စကား။

"ဝမ်းသာလိုက်တာ သားရယ်၊ အခုလိုစကားမျိုး သားဆီ
ကြားရတာ ဖေဖေ အရမ်းဝမ်းသာပါတယ်"

ဦးခင်အောင်က ဘီယာနှစ်ဘူး လာချပေးသည်။ သား
ကျွန်တော့်ရှေ့သို့ တစ်ဘူးချ၏။

"ဒီတော့ သားရယ် . . . ဖေဖေ မုန်းတီးနာကျင်ခဲ့
အသိုင်းအဝိုင်းကို သားလည်း မပတ်သက်စေချင်ဘူး"

"ဖေဖေရယ်"

"ဖေဖေ မုန်းတီးခဲ့လို့ သားလည်း မုန်းတီးဖို့ လက်စား
ဖို့ စစ်ကူတောင်းတာ မဟုတ်ဘူး သား၊ မပတ်သက်စေချင်
တစ်ခုတည်းပဲ"

"ဖြစ်နိုင်မယ် မထင်ဘူး ဖေဖေ၊ သားနဲ့ ဇင်မာက သိပ်
ကြတာ"

"ဘာပြောတယ် သား"

သားခေါင်းငုံ့သွားသည်။ ကျွန်တော် ထိုင်ရာမှ ထ
မြက်ခင်းစိမ်းစိမ်းတွေကို စိန်းစိန်းကြည့်လျက် . . .

"စဉ်းစားပါဦး သားရယ်၊ သားကို ဖေဖေ စဉ်းစား
ပေးပါ့မယ်၊ ဖေဖေ့ဆန္ဒကို လိုက်လျောဖို့လည်း ဖေဖေ တောင်း





ပါတယ်ကွာ"

ဆက်တီစားပွဲပေါ်ရှိ စာရွက်ငယ်တစ်ရွက်ကို ကျွန်တော်
ကောက်ယူပြီး သားကို ပေးသည်။ သားက လှမ်းယူ၏။

"အဲဒါ သုံးသိန်းတန် ချက်လက်မှတ်၊ သား ယူထား၊
ပြီးတော့ သားကို ဖေဖေ စဉ်းစားချိန် တစ်ပတ်တိတိပေးမယ်၊

ဒီတစ်ပတ်အတွင်း သားလည်း ဘယ်မှ မသွားနဲ့၊ ဖေဖေ
လည်း ဘယ်မှ မသွားဘူး၊ အိမ်မှာနေရင်း စဉ်းစားပေါ့၊ ပြီးတော့
အဖြေပေး၊

ဖေဖေလိုချင်တဲ့အဖြေကို မပေးနိုင်ဘူး ဆိုရင်တော့ အဲဒီ
ချက်လက်မှတ်ကိုယူပြီး သား သွားချင်တဲ့နေရာကို သွားလို့ရတယ်၊

ဖေဖေ့ဆန္ဒကို လိုက်လျောမယ်ဆိုရင်တော့ ဖေဖေ့ဘဝမှာ
ကြုံခဲ့သမျှ သောကတွေ ကင်းဝေးသွားမှာ အမှန်ပဲ သား"

ပြောမထွက်ချင်သော်လည်း အပြောခက်စွာဖြင့် ထိုစကား
တွေကို ကျွန်တော် ပြောရသည်။ တသမှုတွေ ရင်နှင့်အမျှ။

"ကဲ နေဝင်လုပြီ၊ ဖေဖေတို့ အိမ်ထဲဝင်ကြရအောင်"

သား၏ ပခုံးကိုဖက်လျက် မြက်ခင်းတွေပေါ်မှ လျှောက်ခဲ့
ကြသည်။ စားပွဲပေါ်တွင် ဘီယာနှစ်ဘူးက ဒီအတိုင်း။

ဦးခင်အောင်က အိမ်သုံးကားနှစ်စီးကို ရေဆေးနေသည်။
သာရောင် တိုက်အိမ်ကြီးကို ကြည့်လျက် နွယ်မိုးကို သတိရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အပါးတွင် နွယ်မိုးနှင့် သားတို့နှစ်ယော ယှဉ်တွဲလျက် ရှိနေလျှင် ကောင်းမည်ဟု တွေးနေကျအတိုင်း တွေးမိပြန်၏။ နွယ်မိုးထွက်ခွာသွားသည့် လမ်းကိုသိသော်လည်း သူရှိရာအရပ်ကို ယနေ့အထိ ကျွန်တော် မသိခဲ့။

ကျွန်တော့်ဘဝတွင် ခင်မင်တွယ်တာသူတွေနှင့် များသော အားဖြင့် ကွဲကွာခဲ့ရသည်ချည်း။ မိဘမောင်ဖွား၊ ဆွေမျိုးသားချင်း ဟူ၍လည်း ကျွန်တော့်မှာ မရှိတော့။ ချစ်သူနွယ်မိုးနှင့်လည်း ကြေကွဲစွာ ဝေးခဲ့ကြပြီးပြီ။

ခင်မင်စရာ သူငယ်ချင်းတွေရှိသည်။ တွယ်တာစ ဟူ၍ သားဖြစ်သူ တေဇာထွန်း တစ်ယောက်တည်း။

လေ့လာစရာ စာအုပ်ပုံတွေ ရေးသားစရာ စာမူပုံ ကြားမှာသာ ဘဝကို မြှုပ်နှံချင်သော်လည်း လက်တွေ့တွင် ခေ အရက်ကိုသာ အဖော်ပြုမည်ဟု တွေးလျက် အစဉ်အပြတ် သော ခဲ့သည်။ မူးရစ်ဝေရီရုံမှတစ်ပါး ဝေဒနာဟူသမျှကို မေ့ဖျောက် နိုင်စွမ်း မရှိချေ။

ငယ်စဉ်ကတည်းက ထားရှိခဲ့သည့်ဘဝ၏ ရည်ရွယ်ချ မှာ ကဗျာဆရာ၊ စာရေးဆရာဖြစ်ဖို့ တစ်ခုတည်း။ ဦးသက် တကွ သူငယ်ချင်းတွေ၏ လမ်းကြောင်းမှုကြောင့်သာ ဘဝ တည်မှုအတွက် မပူမပင်ရသည့် ကုံလုံမှုတွေ ကျွန်တော့် ရှိလာခဲ့ရသည်။ အရာရာပြည့်စုံပြီဟု ပြောချင်သော်လည်း ပြော ခြေမရှိ။





နှလုံးအသည်းသည် ကြေကြေမွမွ။ ဘဝသည် တစ်ကိုယ်တည်း။ ဝေဒနာ သင်္ကာရာဇ်တွေကို ဖြိုဖျက်၍ ဘဝကို တစ် ကပင် ပြန်စချင်သည်။

ချစ်သူ၏ အရုဏ်ဦးမျက်နှာကို စတင်မြင်တွေ့ရသော ကာလသို့ ပြန်ကြုံချင်သည်။ ချစ်သူ၏ တုံ့ပြန်ချစ်စကား ကြားရသည့်နေ့သို့ ပြန်သွားချင်သည်။

မိုက်မှားမှုတွေကို ချေဖျက်လျက် မိခင်၏ ဝမ်းဗိုက်အတွင်းသို့ တံခါးခေါက်၍ ပြန်ဝင်ချင်သည်။ ဘဝသည် စာအုပ်ဖြစ်ခဲ့လျှင် စာမျက်နှာ တစ်သို့ ပြန်လှန်ချင်၏။

ဘဝသည် ဗွီဒီယိုတိပ်ခွေ တစ်ခွေဖြစ်ခဲ့လျှင် ဇာတ်လမ်း၏အစကို လှပစွာ ပြန်ရစ်ချင်သည်။ သို့သော် အရာအားလုံး အချည်းနှီး။

လက်ရှိကာလတွင် တစ်နေဝင် တစ်နေထွက်သည်ကိုပင် ရင်ခုန်စိုးထိတ်နေရ၏။ မျှော်လင့်ခြင်းဟူသည်ကို ယုံကြည်စွာ မထားဝံ့ချေ။

တစ်နေ ဝင်သွားတိုင်း သား၏ဆုံးဖြတ်ချက်နှင့် နီးလာပြီဟု သိသည်။ အချိန်နာရီတွေကို နောက်သို့သာ ပြန်သွားစေချင်မိ၏။ ကျွန်တော့်မှာ သားဖြစ်သူ၏ စီရင်ချက်ကို စိုးရွံ့စွာ စောင့်မျှော်နေရသည့် အယူခံဝင်ထားသူ တစ်ဦးပမာ ဖြစ်ရသည်။

ထမင်းစားချိန်၊ လမ်းလျှောက်ချိန်၊ အိပ်ရာနိုးချိန်တွေ တိုင်း၊ သားကို ရဲရဲရင်မဆိုင်ဝံ့။ သား၏ အမုန်းစကားကို ကြားရမှာ

www.burmeseclassic.com



စိုးသည်။

သားက ရှုတ်တရက် နှုတ်ဆက်သွားမှာ စိုးသည်။ အရာရာတွင် ပြတ်သားစွာဆုံးဖြတ်ခဲ့သော်လည်း ပစ္စက္ခတွင် ကျွန်တော့်မှာ မပြတ်သားဝံ့။

သားကိုယ်တိုင် စဉ်းစားဆုံးဖြတ်ရန် ပြတ်သားသယောင် စီမံခဲ့သော်လည်း ကျွန်တော် ကိုယ့်ကိုယ်ကို သိနေ၏။ သမုဒယမီးသည် ရင်တွင် တစ်စစ ကြီးထွားလာလေသည်။

"ကလင် . . ."

ရုပ်မြင်သံကြားစက်၏ နံဘေးမှ တယ်လီဖုန်းသံမြည်သည်။ စာဖတ်ပရိသတ် တစ်ဦးဦးဆီကလားဟု တွေးရင်း ကောက်ကိုင်လိုက်သည်။

"ဟလို၊ အမိန့်ရှိပါ" ဟု ကျွန်တော် ပြောသည်။

"အန်ကယ်"

ဇင်မာ့အသံကို ကြားရ၏။ စကားပြောခွက်ကို ပုခက်ပေါ်သို့ ပြန်တင်လိုက်ချင်သည်။ မတင်ဖြစ်။

"သမီး ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ"

တုန်ယင် ဝမ်းနည်းစွာ ပြောမိသည်။

"သမီး တောင်းပန်မလို့ပါ အန်ကယ်ရယ်၊ သမီးတို့နှစ်ယောက်ကို မခွဲပါနဲ့နော်၊ တေဇာနဲ့ဝေးရရင် သမီးသေမှာ၊ အန်ကယ်ရယ် . . .၊ လူကြီးတွေရဲ့ နာကြည်းမှုတွေကြောင့် သမီးတို့နှစ်ယောက် မဝေးပါရစေနဲ့နော်"





ခက်ထန်သော စကားတွေဖြင့် တုံ့ပြန်ချင်သော်လည်း စာနာသနားစိတ်က ဟန့်တားနေလေ၏။ ပြန်ပြောရမည့်စကားကို စဉ်းစားနေစဉ် ဇင်မာ့အသံကို ထပ်မံ ကြားရသည်။

"သမီးမှာ ဘာအပြစ်မှ မရှိပါဘူး အန်ကယ်ရယ် . . .၊ သမီးကိုသနားပါနော်"

ငိုနေမှန်းသိ၏။

"အန်ကယ်ကို ခွင့်လွှတ်နားလည်ပါ သမီး" ဟု ပြောပြီး ကျွန်တော် ဖုန်းကို ညင်သာစွာ ချလိုက်သည်။

စာနာသနားတတ်သူတိုင်းသည် တုံ့ပြန်ခြင်းနှင့်ညီသော ဝေဒနာကို ဆို့နင့်စွာ ခံစားရလေ၏။

* * *

မနက်စာ ထမင်းစားပြီးစတွင် သားနှင့်အတူ ဧည့်ခန်းတွင်ထိုင်ရင်း သတင်းစာ ဖတ်နေမိသည်။

ဇင်မာ့ဆီက ဖုန်းလာကြောင်းကို မပြောသင့်ဟု ယူဆသဖြင့် သားကို ကျွန်တော် အသိမပေးခဲ့။

"ထမင်းစားလို့ မြိန်ရဲ့လား ဖေဖေ"

ပြောရန်စကား ပါးလျားသောကြောင့်သာ ပြောရသော စကားဟု ကျွန်တော် နားလည်သည်။

"မြိန်ပါတယ်ကွာ၊ သားကော စားဝင် အိပ်ပျော်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



တမင်ပြုံး၍ မေးသော အမေး။

"စားလို့တော့ ဝင်ပါတယ် ဖေဖေ၊ အိပ်လို့တော့ မပျော်ဘူး"

ကျွန်တော် သက်ပြင်း ခိုးချမိသည်။

အင်္ကျီအိတ်အတွင်းရှိ ပြည်ပဖြစ် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ပြီး ကျွန်တော် မီးညှိသည်။

ထိုစဉ် . . .

"ကလင်"

ဖုန်းမြည်သံ ကြားသည်။

"သား နားထောင်လိုက်မယ်" ဟု ပြောပြီး သားက ဧည့်ခန်းမှ ထွက်သွားသည်။ စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်ကို မြင်နေရ၏။

မည်သူဆက်သည်ကို မသိ။ သား၏ တုံ့ပြန်စကားသံကိုလည်း သဲကွဲစွာ မကြားရချေ။ သို့သော် သား၏ အမူအရာက စိုးရိမ်တကြီး။

သားက စကားပြောခွက်ကို ကမန်းကတန်း ချသည်။ ပြီး . . . အိမ်ပေါ်ထပ်သို့ တစ်ဟုန်ထိုး ပြေးတက်သွား၏။ ခဏအကြာ လှေကားအတိုင်း ပြန်ဆင်းလာသည်။

အိမ်တံခါးသို့ လှမ်းနေသည်အထိ ကျွန်တော့်ကို တစ်ချက်မျှ ငဲ့မကြည့်။ ပခုံးပေါ်တွင် နိုင်ငံခြားဖြစ် သားရေကျောပိုးအိတ် တစ်လုံးကို တွေ့၏။ အိမ်တံခါးဖွင့်နေသော သားကို ကြည့်မြင်လျက် ရင်နင့်ရသည်။





ထိုင်ရာမှ ထလျက် . . .

"သား"

ကျွန်တော့် ခေါ်သံကြောင့် သားလှည့်ကြည့်သည်။ သားရှိရာသို့ တစ်လှမ်းချင်း လှမ်းမိ၏။ အနားသို့ ရောက်သောအခါ သားက ခေါင်းငုံ့ထား၏။ သွားမည့်နေရာကို ရိပ်မိသော်လည်း အကြောင်းအကျိုးကို ပြည့်စုံစွာ သိချင်သဖြင့် မေးလိုက်ခြင်းဖြစ်၏။

"ဇင်မာ အနောက်ပိုင်းဆေးရုံကို ရောက်နေတယ် ဖေဖေ၊ သူ့သူငယ်ချင်းတွေ ဆေးရုံကနေ ဖုန်းဆက်တယ်"

ကျွန်တော် တုန်လှုပ်သွားရသည်။ ချစ်ခြင်းတရား၏ ဝေဒနာဒဏ်တွေကို ခံနိုင်စွမ်း မရှိတော့ဟု စာနာတွေးမိ၏။

"ဆေးရုံတင်ထားရတယ်၊ ဟုတ်လား . . . သား"

အသက်အန္တရာယ် မထိခိုက်ပါစေနဲ့ဟု ဆုတောင်းလိုက်မိလေသည်။

"ဟုတ်တယ် ဖေဖေ၊ စိုးရိမ်စရာ မရှိတော့ဘူးလို့တော့ ပြောတယ်၊ အစာတွေကို စုတ်ထုတ်ပြီးပြီ၊ ဒါပေမဲ့ သားသွားမှ ဖြစ်မယ်"

ကျွန်တော် ခေါင်းငိုက်ထားမိသည်။ သားက ကျွန်တော့်ရှေ့တွင် ဒူးထောက်လျက် ထိုင်၏။

"သား တောင်းပန်ပါတယ် ဖေဖေ၊ သားကို သွားခွင့်ပြုပါ၊ ဇင်မာကို သားဘယ်လိုမှ ခွဲလို့ရမှာ မဟုတ်ဘူး"

"ဖေဖေ ကိုယ်ချင်းစာပါတယ် သားရယ်" ဟု ရင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ သားက ချက်လက်မှတ်ကို ကျွန်တော်အား လှမ်းပေးရင်း . . .

"သားကို ခွင့်လွှတ်ပါ ဖေဖေ၊ ဖေဖေ့ဆန္ဒကို မလိုက်လျောတာ ဖေဖေ့ကို မချစ်လို့ မဟုတ်ပါဘူး၊ ဇင်မာ့ကို မခွဲနိုင်လို့ပါ ဖေဖေရယ် . . ."

သားနဲ့ ဇင်မာအတွက် ဘာမှ မလိုအပ်ပါဘူး ဖေဖေ၊ အရာရာကို သား ရင်ဆိုင်ရဲပါတယ်၊ ဖေဖေ့ချက်လက်မှတ်ကို ဖေဖေ ပြန်ယူပါ၊ သား ဇင်မာ့ဆီ သွားမှဖြစ်မယ်၊ သားမိုက်ကို ခွင့်လွှတ်ပါတော့ ဖေဖေရယ် . . ."

သားက ကျွန်တော့်ကို ဦးချသည်။ ကျွန်တော့် မျက်ဝန်းတွင် မျက်ရည်တွေ ဝေ့ဝဲလာ၏။

"သား . . . မသွားပါနဲ့လား သားရယ်"

သား ခေါင်းမော့ကြည့်သည်။ မျက်ရည်တွေကို တွေ့၏။

"ဖေဖေရယ် . . . သားနဲ့ ဇင်မာတို့နှစ်ယောက် ဖေဖေ ခိုင်ထွန်းနဲ့ မေမေ နွယ်မိုးတို့လို မဖြစ်ပါရစေနဲ့"

ရင်သို့ စူးနစ်စေသော စကား။ သားက ညင်သာစွာ ရပ်သည်။ အငိုမျက်နှာဖြင့် ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော့် နှုတ်ခမ်းတွေ တုန်ယင်နေသည်မှတစ်ပါး မည်သည့်စကားမျှ မထွက်။

သား ကျွန်တော့်ကို ကျောခိုင်းသည်။ အိမ်တံခါးအဝသို့ အရောက်တွင် "သား" ဟု လှမ်းခေါ်ချင်၏။ ခြေလှမ်းတို့ရှိအပြင် မည်သို့မျှ ထူးခြားလိမ့်မည် မဟုတ်သဖြင့် မခေါ်ဖြစ်ချေ။





မျက်ဝန်းတွင် မျက်ရည်တွေ စီးကျသည်။ သားက မမက်မောသဖြင့် ပြန်ပေးခဲ့သော ချက်လက်မှတ်နှင့် ကားသော့ပေါ်သို့ မျက်ရည်စတွေ ကျ၏။ ဝန်းကျင်တစ်ခုလုံး ခြောက်သွေ့သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

မြင့်ဦးက စားပွဲပေါ်သို့ သတင်းစာကို ဘုတ်ခနဲ ပစ်ချသည်။ ကျွန်တော် ဒေါသမကင်းစွာ ကြည့်၏။

"မင်း ရက်စက်လှချည်လား ခိုင်ထွန်း"

"မင်းလုပ်သမျှတွေ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး၊ သားအဖြစ်က အမွေပြတ် စွန့်လွှတ်ရအောင် တေဇာထွန်းမှာ ဘာအပြစ်ရှိလို့လဲ၊ မင်းက မိဘဆိုတဲ့ ပါဝါကို အပြည့်အဝ သုံးလိုက်တာပေါ့ ဟုတ်လား၊ မင်း ကိုယ်ချင်းစာစိတ် မရှိဘူး၊ တစ်ကိုယ်ကောင်းသမား၊ တစ်ယူသန်"

လက်သီးကို ကျစ်ကျစ်ဆုပ်ထားမိသည်။ မျက်ရည်ဝဲလျက် ဝမ်းနည်းကြေကွဲနေသည်ကို မြင့်ဦး သိလိမ့်မည်ထင်၏။

"သားက ငါ့ကိုမှ မချစ်တော့ဘဲ"

"မင်းကရော အဓိပ္ပာယ်ရှိရှိ ချစ်လို့လား၊ အချစ်ကြီးလို့ အမျက်ကြီးတာပါလို့ ပြောဦးမလား၊ မိဘဆိုတာ သားသမီး ဘယ်လောက်မိုက်မိုက် မခေါ်ချင်ရင်သာ နေရမယ်၊ မပတ်သက်မဆက်နွှယ်ဘူးဆိုတဲ့ အကြောင်းကို တရားဝင် ကြေညာစရာ မလိုဘူး၊ သားသမီးရဲ့ မှီတွယ်ရာဟာ မိဘပဲ၊





မိဘရင်ခွင်ထဲက ခွဲထွက်သွားတာတောင် လောကထဲမှာ မိဘရှိသေးတယ်လို့ သိထားတဲ့အသိဟာ သူတို့လေးတွေရဲ့ အင်အားပဲကွ၊ ဒီလို အချိန်အခါမှာ မိဘက မပတ်သက်တော့ပါဘူး၊ စွန့်လွှတ်လိုက်ပါတယ်လို့ ကြေညာတာဟာ ယုတ်မာရက်စက်တာပဲ၊

အင်းလေ . . . .ဒါတွေကို မင်း ဘယ်သိပ့်ါမလဲ၊ မင်းက အဖေရင်းမှ မဟုတ်တာ"

ကျွန်တော် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

"မြင့်ဦး မင်း ငါ့ကို အဲဒီစကား မပြောနဲ့၊ အဖေအရင်း မဟုတ်ဘူးဆိုတဲ့ စကားကို မသုံးပါနဲ့ကွာ၊ ငါ့ကို အဲဒီစကားနဲ့ မခနဲ့ပါနဲ့၊ ငါ့သားကို ငါ သိပ်ချစ်တယ်၊ ငါ သိပ်ချစ်သလို မချစ်ဘဲ ငါ့ကို ထားရစ်ခဲ့လို့ ပြန်လာအောင် ငါ လုပ်တာ၊ ငါ မချစ်လို့ မဟုတ်ဘူး၊ ငါ့သားကို ငါ သိပ်ချစ်တယ်၊ အသက်ထက် ချစ်တယ်'

ကျွန်တော့်စကား ငိုသံပါသွားသည်။ ဆောက်တည်ရာမဲ့နေသော ကိုယ့်ကိုယ်ကို မည်သို့ ဖြေသိမ့်ရမည် မသိ။

"အမွေဖြတ်လိုက်တိုင်း ပြန်လာလိမ့်မယ်လို့ မင်းကို ဘယ်သူက အာမခံသလဲ ခိုင်ထွန်း၊ သတင်းစာမှာ အမွေဖြတ် စွန့်လွှတ်ခြင်းတွေ နေ့တိုင်းလိုလို ပါနေတယ်၊ ဒါကို တချို့က သားမိုက် သမီးမိုက်ကို ငါတို့ တကယ်ဖြတ်နိုင်တယ်လို့ ဂုဏ်ယူဝင့်ကြွားချင်ကြသေးတယ်၊

အိမ်မှာ မွေးထားတဲ့ ခွေးတစ်ကောင် ညှော်သည်တွေကို ကိုက်လို့ဆိုပြီး တခြားမှာ သွားလွှတ်ဖို့တောင် တကယ်တမ်း သွား



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ရက်သလားလို့ အဲဒီလူတွေကို ငါမေးလိုက်ချင်တယ်၊

အေး . . . လွှတ်ရက်တယ်ဆိုရင်တော့ အဲဒီမိဘမျိုးဟာ ဘုရားဟောခဲ့တဲ့ အစဉ်အလာကြီးမားတဲ့ မိဘမေတ္တာဆိုတာကို အမွေဖြတ် စွန့်လွှတ်ခြင်းဆိုတဲ့ သတင်းစာ ဖြတ်ပိုင်းလေးတစ်ခုနဲ့ မထီမဲ့မြင် ပြုလိုက်တာပဲ"

ရင်သို့ ညင်သာစွာ ခိုဝင်သော စကား။

"ငါ အဲဒီလို မိဘမျိုး မဟုတ်ပါဘူးကွာ"

"ဟုတ်တယ်လို့ ငါ မဆိုလိုပါဘူး၊ ဟုတ်သယောင် အထင်ခံရမှာသာ စိုးတာပါ၊ တေဇာထွန်းကို အမွေဖြတ်ရအောင် တေဇာထွန်းက မင်းအမွေကို မက်မောမယ့်သူမှ မဟုတ်ဘဲ၊ မင်းဆီက မိဘမေတ္တာ အမွေကိုတော့ မက်မောလိမ့်မယ်"

သားကို သတိရ၏။

သောကကို မည်သို့ ဖောက်ထုတ်ရမည်မသိသဖြင့် ပြုမိခဲ့သောကိစ္စကို အမှားတစ်ခုအဖြစ် ရုတ်ချည်း သိလိုက်ရ၏။

"ငါ ပြန်မယ် ခိုင်ထွန်း၊ ဒီလေးငါးရက်အတွင်း သန်းထိုက်ရန်ကုန်တက်လာလိမ့်မယ်၊ အဲဒီကောင် ပြန်လာမှ မင်းကို ဆွဲထိုးခိုင်းဦးမယ်၊ ငါ ကိုယ်တိုင်တော့ မင်းကို ဘယ်တော့မှ မထိုးဘူး"

ပြောပြီး မြင့်ဦး ထိုင်ရာမှ ထလိုက်သည်။

ရပ်လျက် ဆေးတံကို မီးညှိသည်။

မြင့်ဦးကို အိမ်တံခါးဝအထိ ကျွန်တော် လိုက်ပို့သည်။ ဆင်ဝင်အောက်ရှိ အပြာရောင် ဖယ်မလီယာကားလေး အတွင်းသို့





ဝင်၏။ ကားကို သူကိုယ်တိုင်မောင်းထွက်သွားသည်။

လွန်ဆွဲသော အတွေးတွေဖြင့် ရီဝေညတွေကို တစ်ကိုယ်တည်း ဖြတ်သန်းရဦးမည်ဟု ကျွန်တော် ကိုယ့်ကိုယ်ကို သိသည်။

* * *

"ကျွန်တော် ဒီညနေ မသောက်တော့ဘူး ဦးခင်အောင်၊ သောက်ချင်စိတ် မရှိဘူး" ဟုပြောလိုက်သဖြင့် ဦးခင်အောင်က ဒန်ခွက်တွေ ပုလင်းတွေ ရေခဲတုံးတွေ စားသောက်စရာတွေကို ပြန်ယူသွားသည်။ ရင်တွင် ဆို့နင့်စွာ ခံစားနေရသည့် ဝေဒနာက ပြေပျောက်။ ကျွန်တော့်ကို ခွဲထွက်ထားရစ်ခဲ့သော သား၏ ကျောပြင်ကို ပြန်မြင်ယောင်လေ့ရှိ၏။

သားဖြစ်သူ တေဇာထွန်းက ဇင်မာနှင့်အတူ ကျွန်တော် ငယ်စဉ်က နေထိုင်ခဲ့သော ရပ်ကွက်လေးတွင် နေထိုင်ကြောင်း၊ ည်သူ့အကူအညီမှ မယူဘဲ အိမ်ထောင်သည်ဘဝကို နှစ်ယောက်တည်း တည်ဖွဲ့နေကြောင်း မြင့်ဦး ပြောပြသဖြင့် သိခဲ့ရသည်။ ပင်ပန်းဆင်းရဲစွာ ရုန်းကန်နေရလိမ့်မည်ဟု မှန်းဆသိဖြင့် သိသည်။ သားနှင့်ပတ်သက်၍ ကြားသိသမျှ သတင်းစကားတိုင်းသည် ကျွန်တော့်အဖို့ ဝေဒနာ အနန္တ။

လှေကားအတိုင်း တက်နေရင်းက မူးနောက်နောက်ဖြစ်သည်။ လှေကားလက်တန်းကို အမိအရ ဆုပ်ကိုင်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အမြင်အားလုံး ယိမ်းခါသွားလေ၏။

"ဒုန်း . . . ဒုန်း"

လှေကား သုံးလေးထစ်မျှအထိ လိမ့်ကျကြောင်း ကျွန်တော့်ကိုယ် ကျွန်တော် သိသည်။ လှေကားပွတ်လုံးတွေကို မလွှတ်တမ်းသာ ကိုင်ထား၏။

ဦးခင်အောင် ပြေးတက်လာသည်ကို သိသည်။ ဖေး[illegible] သည်ကို သိသည်။ စာရေးစားပွဲအနီးရှိ အိပ်ရာပေါ်အထိ ဦးခင် အောင် တွဲပို့သည်။ အိပ်ရာပေါ်သို့ ညင်သာစွာ လှဲလိုက်သည်။

"ဒေါက်တာသန့်စင်ဆီ ဖုန်းဆက်ရမလား ဆရာ"

ကျွန်တော် လက်ကာပြလိုက်သည်။

"ကိုမြင့်ဦးဆီကိုရော"

"ဘယ်သူ့ဆီကိုမှ မဆက်နဲ့၊ မြင့်ဦးလည်း အခုမှ ပြန်သွား တာ၊ ကိစ္စမရှိဘူး၊ ပရက်ရှာ တက်ရုံပါ၊ ဆေးဗီရိုထဲက သွေးကျဆေး နှစ်လုံးနဲ့ ရေတစ်ခွက်သာ ပေးပါ၊ ဖြည်းဖြည်းပဲလုပ်၊ စိုးရိမ်စရာ မရှိပါဘူး"

ပြောပြီး မျက်လုံးကို ဖိလျက် မှိတ်ထားလိုက်၏။ အနား[illegible] ထွက်သွားသော ဦးခင်အောင်၏ ခြေသံကို ဖွဖွကြားရသည်။

နံရံရှိ နာရီမှ ညနေ ခြောက်နာရီထိုးသံ ကြားရ၏။

* * *



## အခန်း(၂၃)

ဦးခင်အောင်က ဖန်ခွက်တွေအားလုံးသို့ ရေခဲတုံးတွေ ထည့်ပေးသည်။

"ရတယ် ဦးခင်အောင်၊ ကျွန်တော်တို့ ဘာသာပဲ ထည့် သောက်မယ်၊ သူငယ်ချင်းတွေ ဆုံတုန်း ကိုယ့်လက်ကိုယ့်ခြေ သောက်ပစ်လိုက်မယ်၊ ဦးခင်အောင် နားချင်နားတော့" ဟု ကျွန် တော် ပြောလိုက်သည်။ ဦးခင်အောင်က ခေါင်းညိတ်ပြီး ဧည့်ခန်း အတွင်းမှ ထွက်သွားသည်။ မြင့်ဦးက ဖန်ခွက်တွေအတွင်းသို့ အရက်ဖြည့်ရင်း . . .

"နွယ်မိုးတို့ နေခဲ့တဲ့ အင်းနစ်လမ်းက အခု ပန်းလှိုင်လမ်း ဖြစ်သွားပြီဆို" ဟု ပြောသည်။

ကျွန်တော် ခေါင်းညိတ်သည်။ ပိုမို မှုးဝေစွာ ခံစားလိုက် ရသော ခေါင်းအညိတ်။

"ငါတို့အားလုံး သက်တူရွယ်တူတွေ၊ ဘာကြောင့် ခိုင်ထွန်းခေါင်းမှာ ဆံပင်ဖြူတွေ ပိုပြီး တိုးထွက်နေတာလဲ" ဟု သန်းထိုက် စကားစလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာသူ ဖြူချင်လို့ ဖြူတာပေါ့ကွ" ဟု ကျွန်တော် ပြောသည်။

"နိုး . . . နိုး အဲဒီစကားကို လက်မခံဘူး၊ သောကများတဲ့ သူက ဆံပင်များများဖြူတယ်"

ဂျော်နီဝေါ့ကား ပုလင်းကို မလုံမလဲ ကြည့်မိသည်။ အကြည့်လွှဲသည့်ဘက်တွင် မြင့်ဦးနှင့် အကြည့်ဆုံပြန်၏။

မြင့်ဦးက . . .

"သောကဆိုတာ လူကဖန်တီးတာပါကွာ" ဟု ပြော၏။

ကျွန်တော့်တူရူရှိ ကိန္နရီမောင်နှံကို ကြည့်မိ၏။

"လုပ်ငန်းအဆင်ပြေရဲ့လား၊ ဟိုမှာ အစားအသောက် ဈေးကြီးတယ်ဆို၊ ရနောင်းဘက်ကိုတော့ မင်း ခဏခဏ ကူးမှာပေါ့၊ လူပျိုကြီးဆိုတဲ့ ဂုဏ်ကိုပိုက်ပြီး ရေချိုးခန်းတွေ လျှောက်ဝင်မနေနဲ့"

စသော စကားတွေဖြင့် သန်းထိုက်ကို နောက်ပြောင်မည်ဟု ရည်ရွယ်ထားသမျှ စကားလမ်းစတွေ ပြတ်ရသည်။

ဖန်ခွက်ထဲရှိ အရက်ကို တစ်ငုံ ငုံရင်း အောင်ဝင်းက . . .

"ခိုင်ထွန်းက စာရေးဆရာပဲ၊ သောကတွေ၊ ဝေဒနာတွေဆိုတာ သူ့မှာ မရှိရင်တောင် ရှိအောင် တမင်ဖန်တီးနေရမှာ ဟုတ်တယ်မို့လား ခိုင်ထွန်း"

ကျွန်တော် ခေါင်းကိုသာ ယမ်းသည်။

တမင် ဖန်တီးခဲ့သည့် သောကဝေဒနာဟူသည် ကျွန်တော့်တွင် မရှိဘူးခဲ့၊ မဖန်တီးဘဲ ဖွံ့တည်ပေါက်ဖွားခဲ့သည့် သော





ဝေဒနာ ဟူသမျှ ရင်တွင် . . . နွေတစ်ရာ။ သံယောဇဉ်ကြောင့် ဖြစ်တည်ခဲ့ရသော ထိုဝေဒနာသည် သတ္တဝါတိုင်းအတွက် ဖြေဆေးရှိလျက် ကုဖို့ခက်၏။

"ဘယ်သူပဲဖြစ်ဖြစ် သောက ဒုက္ခဆိုတာတွေကို ကင်းဝေးချင်တဲ့ သူတွေချည်းပဲပေါ့ အောင်ဝင်းရာ၊ ဘယ်သူက တမင် မွေးထားချင်ပါ့မလဲ"

ဆို့နင့်စွာ ပြောသောစကား။

"မင်းကို ကြည့်ရတာ တမင် မွေးထားသလိုပဲ၊ ပြီးတော့ ကိုယ့်ကိုယ်ကို ညာနေတယ်"

ငြင်းပယ်ရန် ခက်ရသည်။

"အမွေပြတ်စွန့်လွှတ်ခြင်းကို သတင်းစာထဲက ထည့်တိုင်း သံယောဇဉ်ပြတ်မယ်ဆိုရင် ငါလည်း ငါ့လုပ်ဖော်ကိုင်ဖက်တွေကို အမွေဖြတ်လိုက်ချင်တယ်၊ ဒါမှ အားလုံးနဲ့ဆိုင်တဲ့ငွေတွေ ငါ တစ်ယောက်တည်း ရမှာ"

သန်းထိုက်က အရွှမ်းဖောက်သည်။ စသော ပြုံးမိ၏။

"သံယောဇဉ်ဆိုတာ တိခနဲဖြတ်ဖို့ ခက်တယ်" ဟု အောင်ဝင်း ပြောသည်။

"ငါဆိုတဲ့ကောင်ကတော့ တိခနဲပဲ" ဟု သန်းထိုက်ပြော၏။

အရက်ခွက်ကို မော့သောက်ပြီး စကားဆက်သည်။

"သံယောဇဉ်ကို တိခနဲ ဖြတ်တဲ့နေရာမှာ ငါ့ကို ဘယ်သူမှ မမီဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦးက ပြုံးလျက် . . .

"မင်းက ဘယ်သူ့ကိုများ သံသယဇဉ်ထားဖူးလို့လဲ၊ ရည်းစားတောင် တစ်ယောက်တည်းကို တစ်လတည်း ထားဖူးခဲ့တဲ့ ကောင်ကများ"

"အေး . . . အဲဒီတစ်ယောက်တည်း ထားဖူးခဲ့တဲ့ ရည်းစားကို ငါ တိခနဲ ဖြတ်ခဲ့တယ်မို့လား၊ ဘာကြောင့် ဖြတ်ရတယ်ဆိုတာကိုတော့ မင်းတို့ကောင်တွေ တစ်ယောက်မှ မသိသေးဘူး"

ရန်ကုန်တက္ကသိုလ် ပထမနှစ် တက်ရောက်ခဲ့စဉ်က သန်းထိုက်တွင် ရည်းစား တစ်ယောက်ရှိကြောင်း၊ နာမည်မှာ ကြည်ကြည်မိုး ဖြစ်ကြောင်း၊ တစ်လခန့်အကြာတွင် အဆက်ပြတ်သွားကြောင်း ကျွန်တော် သိဖူးသည်။ ဘာကြောင့် အဆက်ပြတ်ရသည်ကို မသိသေး။

"ဘာကြောင့် ပြတ်ရတာလဲ" ဟု ကျွန်တော် စကားထောက်၏။

"ပြောပြမယ်လေ"

အစိမ်းကြော်ပန်းကန်ထဲမှ မုန်လာဥအနီဖတ်ကို ခက်ရင်းနှင့် ယူစားပြီးနောက် . . .

"ကြည်ကြည်မိုးနဲ့ ရည်းစားသက်တမ်း နှစ်ဆယ့်တစ်ရက်မြောက်တဲ့နေ့မှာ သူ့ကို စမ်းသပ်စစ်ဆေးဖို့ ဆုံးဖြတ်လိုက်တယ်"

"ဘာစမ်းသပ်တာလဲ"

အောင်ဝင်းစကားကို လက်ကာရင်း . . .





"လမ်းလျှောက်ပုံ လမ်းလျှောက်နည်းကို စမ်းသပ်တာ၊ အင်းလျားဘက်ကို လမ်းလျှောက်မယ်ဆိုပြီး ငါ သူ့ကို ခေါ်ခဲ့တယ်၊ ကိုယ့်ရည်းစားဆိုတော့ လမ်းလျှောက်ရင် နွဲ့နွဲ့နှောင်းနှောင်း ကျော့ကျော့ယဉ်ယဉ်လေး လျှောက်လိမ့်မယ်လို့ ထင်ခဲ့တာကိုး၊ ထင်ခဲ့သမျှ အချည်းနှီးပဲ၊ လျှောက်လိုက်တဲ့ ခြေလှမ်း၊ အင်းလျားလမ်းတစ်ခုလုံး ပွန်းပဲ့မတတ်၊ ဘယ့်နှယ့်ကွာ ခြေထောက်က ဘဲသွားသွားတဲ့အပြင် ရှပ်ပလုပ် ရှပ်ပလုပ်နဲ့ လျှောက်တာ"

အားလုံး ပြုံးမိ၏။ မြင့်ဦးက ဆေးတံကို ဖွာလျက်ပြုံး၏။

"အဲဒီလို လျှောက်နေတုန်း ငါတို့ရှေ့တည့်တည့် နှစ်လံအကွာလောက်မှာ ခွေးချေးပုံ နှစ်ပုံကို ငါလှမ်းတွေ့တယ်၊ တွေ့တွေ့ချင်း ကြည်ကြည်မိုးသာ နင်းမိလို့ကတော့ မဟာ အရှက်ပဲလို့ ငါတွေးမိတယ်၊ ရှေ့မှာ ချေးပုံတွေလို့ ပြောဖို့ကျပြန်တော့လည်း ငါလည်း ရှက်တာပေါ့ကွာ၊ ရည်းစားဖြစ်တာ သီပ်မှ မကြာသေးတာဘဲ၊ ဘယ်ပြောထွက်ပါ့မလဲ၊

မနင်းမိပါစေနဲ့လို့ ဆုတောင်းရင်း ဆက်လျှောက်တယ်၊ ထင်တဲ့အတိုင်းပဲ၊ သူတက်နင်းမိပါလေရော၊ ဗြိခနဲပဲ၊ ငါက သူ့ကို မြင်လိမ့်မယ်ထင်တာ၊ ကဇာန်းမ . . .၊ နင်းပြီးတဲ့အထိ မသိဘူး၊ ငါ့မှာ နှာခေါင်းတရှုံ့ရှုံ့နဲ့ကွာ၊ စိတ်ကိုညစ်ရော၊

နင်းမိသမျှတွေက သူ့ဖိနပ်ကတစ်ဆင့် ထဘီတွေရော၊ သွယ်အိတ်တွေရော စင်နေတာ သူမသိဘူး၊ အဲဒီနေ့ကစပြီး ငါ သူ့ဆီကို မသွားတော့ဘူး၊ ရှောင်လိုက်တိမ်းလိုက်နဲ့ပဲ စခန်းပြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ တွေးကြည့်လိုက်တိုင်း ငါ ရှုံးတယ်ကွာ . . . ထို"

သန်းထိုက်စကားဆုံးသည်နှင့် ကျွန်တော်တို့တစ်တွေ တဟားဟား ရယ်ကြလေသည်။ အမြဲတမ်း ထိုသို့ ရယ်မောနေချင်၏။

အရယ်ရပ်လျက် မြင့်ဦးက . . .

"ခိုင်ထွန်း . . . မင်း သား တေဇာထွန်း ဘာအလုပ်တွေ လုပ်နေသလဲ၊ မင်းသိလား"

ကျွန်တော် ခေါင်းယမ်းသည်။

"မီးသွေး ရောင်းနေတယ်"

"ဘာ . . . မီးသွေးရောင်းနေတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ မီးသွေးအိတ်တွေ တွန်းလှည်းပေါ်တင်ပြီး လျှောက်ရောင်းနေတယ်၊ ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ သူက ပျော်နေပုံရတယ်"

မြင့်ဦး၏ ခနဲ့စကား။ ကျွန်တော့်ရင်ထဲတွင် မပျော်ပိုက်။

အရက်ခွက်ကို အပြည့်ဖြည့်ပြီး တရစပ် သောက်ချလိုက်သည်။ ရင်တွင် ပူ၏။

"ခိုင်ထွန်း"

မြင့်ဦးကို ရီဝေစွာ ကြည့်မိသည်။

"မင်း သားလေးကို သိပ်ချစ်တာပဲလား"

"ငါ ပြောပြီးပြီပဲကွာ၊ အသက်ထက် ချစ်ပါတယ်လို့. . ."

မြင့်ဦး ထိုင်ရာမှ ထသည်။ သန်းထိုက်၏ အနောက်တွင် ရပ်၏။





"အေး. . . နွယ်မိုးကိုလည်း သူ့မိဘက သိပ်ချစ်ခဲ့မှာပဲ ပေါ့နော်"

လေပြင်းတိုက်သံကြားရသည်။ လွင့်ပြေးနေသော တိမ်လိပ်တွေ ဟိုတစ်စ ဒီတစ်စ၊ ရင်ထဲတွင် နင့်ခနဲ။

"နွယ်မိုးကို သူ့မိဘက သိပ်ချစ်လွန်းလို့ ခွဲထွက်သွားမှာ စိုးလို့ နည်းအမျိုးမျိုးသုံးပြီး ပိတ်ပင်ခဲ့ပေမယ့် သူချစ်တဲ့ ခိုင်ထွန်း နောက်ကို ရတဲ့နည်းနဲ့ ရုန်းထွက်ခဲ့တာပဲမဟုတ်လား၊

ဒီလိုပဲပေါ့ သူငယ်ချင်းရယ်၊ မင်းရဲ့သားလေးကို မင်းက သိပ်ချစ်လို့ မင်း ရွံမုန်းခဲ့တဲ့ သူတွေနဲ့ မပတ်သက်စေချင်ဘူး၊ ဇင်မာ့ နောက်ကို ပါမသွားစေချင်ဘူး၊ ဒါပေမဲ့ မင်းဆန္ဒအတိုင်း ဖြစ်မှ မလာဘဲ"

သား၏ရုပ်လွှာတွေကို အရပ်ဘက်တိုင်းတွင် မြင်သည်။

"ဖေဖေရယ်၊ သားနဲ့ ဇင်မာတို့နှစ်ယောက် ဖေဖေခိုင်ထွန်းနဲ့ မေမေ နွယ်မိုးတို့လို မဖြစ်ပါရစေနဲ့" သား၏ စကားသံတွေကို ပဲ့တင်ထပ်မျှ ကြားယောင်နေသည်။

"ဘယ်သူပဲဖြစ်ဖြစ် ဘယ်မိဘပဲဖြစ်ဖြစ် သားသမီးကို ချစ်ကြတာချည်းပဲ၊ အေး . . . ချစ်တတ်ဖို့တော့ လိုတာပေါ့ကွာ၊

သိပ်ချစ်တယ်ဆိုပြီး ရွှေငွေတိုက်တာ ရတနာအပြည့်အဝနဲ့ ပုံပေးထားတိုင်းလည်း မရဘူးကွ၊ မိဘရင်ခွင်ထဲက ခွဲထွက်သွားမှာ စိုးရိမ်လို့ ရွှေအတိနဲ့ လုပ်ထားတဲ့ ရွှေလှောင်ချိုင့်ထဲ ထည့်ထားလို့ မရဘူး၊ ရွှေအတိနဲ့ လုပ်ထားတဲ့ ရွှေခြေချင်းနဲ့ သော့ခပ်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊

ရွှေဆိုတာ တန်ဖိုးရှိပေမဲ့ ဒီရွှေက သားသမီးကို ချုပ်နှောင်ထားတဲ့ လှောင်ချိုင့်၊ ခြေချင်းတွေ ဖြစ်နေလေတော့ ဘယ်သားသမီးက ကိုယ့်မေတ္တာထုထည်ကို မြင်နိုင်ပါတော့မလဲ၊

အချစ်နဲ့တွေ့ရင် မိဘရင်အစုံကို စုံကန်ကြစမြဲပါ၊ ဒါကိုအပြစ်ယူလို့လည်း မရဘူး၊ ဖြစ်ရလေခြင်းဆိုပြီး ကြေကွဲခံစားနေလို့လည်း မရဘူး၊ နားလည်ခွင့်လွှတ်တတ်ဖို့ပဲ ကြိုးစားရမှာပေါ့ကွာ"

ကျွန်တော့် မျက်ဝန်းတွင် မျက်ရည်တွေ ဝေ့လေသည်။ မြင့်ဦးက ကျွန်တော့်အနားတွင် လာထိုင်သည်။

"ငါ မှားတယ်ကွာ"

ငိုသံနှင့် ပြောမိသော စကား။

"သားကို သိပ်ချစ်တဲ့ အဖေတစ်ယောက်အနေနဲ့ မင်း မမှားပါဘူးကွာ၊ ခိုင်ထွန်းဆိုတဲ့ သာမန်လူတစ်ယောက် အနေနဲ့သာ မင်း မှားခဲ့တာပါ"

သန်းထိုက်က . . .

"ကဲပါ . . . သူငယ်ချင်းရာ၊ သားနဲ့ သမီးကို ပြန်ခေါ်လိုက်ပါ၊ ကလေးမလေးကလည်း မင်း သားကို သိပ်ချစ်ပုံရတယ်၊

ကလေးမလေး ဆေးရုံတင်ရသေးတယ်ဆို၊ တော်ပါသေးတယ်ကွာ၊ ဘာမှ မဖြစ်လို့၊ နို့မို့ဖြင့် မင်း လူသတ်သမားဖြစ်ဦးမယ်၊ မျှော်လင့်ချက်ဆိုတာ အသက်ရှိနေသရွေ့ ဘယ်တော့မှ မပျောက်ကွယ်ဘူးဆိုတာ ကလေးမလေးကို တွေ့မှ သင်ပေးရဦးမယ်၊ ပြန်





ခေါ်လိုက်ပါ ခိုင်ထွန်းရာ၊ တေဇာထွန်းကို ငါလည်း မတွေ့ရတာ အတော်ကြာပြီ"

ကျွန်တော် ခေါင်းတဆတ်ဆတ် ညိတ်သည်။ ခေါင်းငုံ့ထားဆဲတွင် . . .

"ဟာ ခိုင်ထွန်း"

အောင်ဝင်း၏ ရုတ်တရက် ခေါ်သံကြောင့် ကျွန်တော် မော့ကြည့်၏။

"မင်းရေးနေတဲ့ ရွှေခြေကျဉ်း ဆိုတဲ့ ဝတ္ထုဇာတ်သိမ်းပိုင်း ရေးလို့ရနေပြီပဲ"

အောင်ဝင်းစကားကို အသေအချာ နားထောင်သည်။

"ဘယ်အထိ ရေးပြီးနေပြီလဲ" ဟု သန်းထိုက်မေးသည်။

"ထောင်က ထွက်ထွက်ချင်း နွယ်မိုးအုတ်ဂူကို သွားကြည့်တဲ့အထိပဲ ပြီးသေးတယ်"

အောင်ဝင်းက လက်ဖျောက်တီးပြီး . . .

"မင်းသား တေဇာထွန်း အိမ်က ထွက်သွားတဲ့အခန်းကို ဇာတ်သိမ်းပိုင်းအဖြစ် ရေးလိုက်ပေါ့ကွာ"

မြင့်ဦးက . . .

"ဘယ်မှာမှ မသိမ်းနဲ့၊ သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းခြင်းဆိုတဲ့ ကြော်ငြာ သတင်းစာမှာ ပါတဲ့နေ့ဟာ ဇာတ်သိမ်းခန်းပဲ"

"အေး . . . ဟုတ်တယ်ကွ၊ ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သန်းထိုက်က ဝမ်းသာအားရနှင့် လက်ခုပ်တီးရင်း ပြော၏။

မျက်ရည်တွေနှင့် ကျွန်တော် ကြည်နူးသည်။

"သမုဒယတွေ၊ ဒုက္ခတွေ၊ သောကတွေ အားလုံးဟာ အပူမီးတွေချည်းပဲ၊ အဲဒီမီးတွေကို ငါတို့ ငြိမ်းကြရအောင်၊ အသက်တွေလည်း မငယ်ကြတော့ပါဘူး" ဟု မြင့်ဦးက တည်တံ့မှန်ကန်စွာ ပြောသည်။

သို့သော် . . . သန်းထိုက်က . . .

"အေး ငြိမ်းမယ် . . . ငြိမ်းမယ်" ဟု ပြောပြီး အရက်ဖန်ခွက်ထဲသို့ အပြည့်ဖြည့်လိုက်သည်။

"ကဲ . . . ငြိမ်းကြရအောင်"

အောင်ဝင်း၊ မြင့်ဦးနှင့် ကျွန်တော့်လက်ထဲသို့ ဖန်ခွက်တွေကို လိုက်ထည့်သည်။

"ခွေးကောင်" ဟု မြင့်ဦး ပြော၏။

ဖန်ခွက်တွေ ပြိုင်တူ ထိသည်။

"ချီးယား . . ."

ပြိုင်တူ မော့သောက်ကြ၏။

လည်ချောင်းမှတစ်ဆင့် ရင်တွင်းသို့ စီးဝင်သည်။

အပူပြင်းသည်ဟု မထင်မိတော့။

* * *



## အခန်း(၂၄)

စိန်ပန်းပင်ကြီးက ကျွန်တော့်ကို မှတ်မိနေသည်။

နွယ်မိုး၏ အုတ်ဂူလေးက သစ်လွင်လျက်ရှိ၏။

ရွက်ခြောက်တွေကို ဖွဖွနင်းလျက် နွယ်မိုးရှိရာသို့ လာမိသည်။ သားနှင့် သမီးက နွယ်မိုးကို ကန်တော့အပြီး ကျွန်တော့်ကို လှည့်ကြည့်၏။

သားက . . .

"ဖေဖေ . . . ဖေဖေနဲ့ မေမေ နွယ်မိုးက သိပ်ချစ်ခဲ့ကြတာပေါ့နော် . . ."

ခေါင်းညိတ်ရုံသာ ညိတ်ပြမိ၏။

မျက်ဝန်းတွင် ပူခနဲ ဖြစ်သည်။ မျက်ရည်တွေဟု သိ၏။ ။

* * *

လေးစားခင်မင်လျက်

**မောင်လှမျိုး(ချင်းချောင်းခြံ)**

1990.Oct:11

4:00(P.M)



www.burmeseclassic.com